

# တက်ကြွကြိုးပမ်း အမှုတော်ထမ်း



ရူဟီအင်စတီကျူ





Book 2

# Arising to Serve

# တက်ကြွကြိုးပမ်း အမှုတော်ထမ်း

Ruhi Institute
ရူဟီအင်စတီကျူ

Books in the Series:

Below are the current titles in the series designed by the Ruhi Institute. The books are intended to be used as the main sequence of courses in a systematic effort to enhance the capacity of youth and adults to serve their communities. The Ruhi Institute is also developing a set of courses that branch out from the third book in the series for training teachers of Bahá'í children's classes, as well as another set from Book 5 for raising up animators of junior youth groups. These, too, are indicated in the list below. It should be noted that the list may undergo change as experience in the field advances, and additional titles will be added as a number of curricular elements under development reach the stage where they can be made widely available.

| | |
|---|---|
| Book 1 | *Reflections on the Life of the Spirit* |
| Book 2 | *Arising to Serve* |
| Book 3 | *Teaching Children's Classes, Grade 1* |
| | *Teaching Children's Classes, Grade 2* (branch course) |
| | *Teaching Children's Classes, Grade 3* (branch course) |
| | *Teaching Children's Classes, Grade 4* (branch course) |
| Book 4 | *The Twin Manifestations* |
| Book 5 | *Releasing the Powers of Junior Youth* |
| | *Initial Impulse: The first branch course of Book 5* |
| | *Widening Circle: The second branch course of Book 5* |
| Book 6 | *Teaching the Cause* |
| Book 7 | *Walking Together on a Path of Service* |
| Book 8 | *The Covenant of Bahá'u'lláh* |
| Book 9 | *Gaining an Historical Perspective* |
| Book 10 | *Building Vibrant Communities* |
| Book 11 | *Material Means* |
| Book 12 | (forthcoming) |
| Book 13 | *Engaging in Social Action* |
| Book 14 | (forthcoming) |

Copyright © 2009, 2021 by the Ruhi Foundation, Colombia
All rights reserved. Edition 2.1.2.PE published in Burmese September 2021
Printed in Myanmar

Originally published in Spanish as *Levantémonos a servir*
Copyright © 1987, 1996, 2020 by the Ruhi Foundation, Colombia
ISBN 978-958-52941-0-3

Permission for a limited printing of this book in Burmese has been granted by the Ruhi Institute.

Ruhi Institute
Cali, Colombia
Email: instituto@ruhi.org
Website: www.ruhi.org

# မာတိကာ


နည်းပြအတွက် စဉ်းစားချက် ........................................................................................ v
A Few Thoughts for the Tutor

သင်ကြားဖြန့်ဝေရခြင်း၏ ပျော်ရွှင်မှု ........................................................................... ၁
The Joy of Teaching

စိတ်အားတက်စေသည့် စကားပြောဆိုမှုများ ....................................................................... ၁၉
Uplifting Conversations

အသိနက်ရှိုင်းရေး အနှစ်သာရများ ............................................................................... ၄၅
Deepening Themes

# နည်းပြအတွက် စဉ်းစားချက်

ရှုပါဳအင်စတီကျူက ပို့ချသည့် ပင်မသင်ခန်းစာအစီအစဉ်ထဲရှိ ဒုတိယဖြစ်သည့် ဤစာအုပ်သည် အဓိပ္ပါယ်ရှိ၍ စိတ်အားတက်စေသည့်စကားပြောဆိုမှုကို ကျွန်ုပ်တို့အားလုပ်နိုင်စေမည့် စွမ်းဆောင်နိုင်ရည်များ (capabilities)နှင့် သက်ဆိုင်သည်။ ဤစာအုပ်က အဓိကအလေးထားသည့် သက်ဆိုင်ရာအမှုထမ်းအလုပ်ကို တတိယအပိုင်းတွင် ဖော်ပြထားသည်။ စွမ်းအား(ပါဝါ)ကောင်းလှသော အင်အားများက ရပ်ရွာနှင့်ဆိုင်သည့် နှောင်ကြိုးများကို တစ်စစီ ချိုးဖဲ့ပစ်နေသည့် ကမ္ဘာထဲတွင် မိတ်ဆွေသူငယ်ချင်းများနှင့် အိမ်နီးချင်းများဆီ လူမှုအသိုက်အဝန်း၏ ရှင်သန်ရပ်တည်မှုအတွက် အဓိကကျသည့် အကြောင်းအရာများကို ဆန်းစစ်ရန် သူတို့ အိမ်များသို့ အလည်သွားသည့် အလေ့အကျင့်သည် ၎င်းက ယဉ်ကျေးမှု၏ အရေးပါသော လက္ခဏာရပ် ဖြစ်လာလျှင် တိုးလာသည့်သီးခြားဆန်မှုကြောင့် ဖြစ်ပေါ်စေသော အန္တရာယ်ဆိုးကျိုးများ(ills)ထဲမှ အချို့ကို ကုသပေးသည်။ ဤအပိုင်းက အကြံပြုထားသည်မှာ ဤနည်းဖြင့် ဖန်တီးဖြစ်ပေါ်လာသည့် ရောင်းရင်းစိတ် နှောင်ကြိုးများက သက်ဝင်ရှင်သန်၍ သဟဇာတဖြစ်သော ရပ်ရွာများ ထူထောင်သည့် လုပ်ငန်းစဉ်ကို အင်အားကောင်းစေသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာတစ်ခုရှိ အိမ်များသို့ စဉ်ဆက်မပြတ် အိမ်လည်ပတ်သည့် အစီအစဉ်က နှစ်မြှုပ်လုပ်သူ နယူကလီးယပ်စ်အဖွဲ့ကို လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းများနှင့် အေဂျင်စီများက ပံ့ပိုးပေးမှုအပါအဝင် စီစဉ်မှုဒီဂရီအတိုင်းအတာကို တောင်းဆိုထားသည်။ အဖွဲ့တစ်ဖွဲ့အား စာအုပ်တစ်အုပ်လုံးကို လမ်းပြရာတွင် ပါဝင်သူများအား ထိုကဲ့သို့ ဆက်တိုက်ကြိုးပမ်းမှုထဲ၌ ပါဝင်ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်ပေးနေသည်ဟု နည်းပြက မှတ်ယူထားရမည်။ သူတို့ လေ့လာမှု၏ အစိတ်အပိုင်းတစ်ခု အနေနှင့် သူတို့အတွက် စီစဉ်သည့် အိမ်လည်ပတ်မှုများက ဘဝတစ်ခုလုံး အမှုထမ်းရွက်ခြင်း၏ အရေးကြီးသော အစိတ်အပိုင်းအဖြစ် တစ်နှစ်ပြီးတစ်နှစ် ဤကြိုးပမ်းမှုထဲတွင် ပါဝင်လာသည့် နှစ်မြှုပ်မှုဘက်ဆီ ရောက်စေရမည်။

ဝိညာဏဆိုင်ရာနှင့် လူမှုရေးရာ ထူးခြားမှုရှိသည့် အကြောင်းအရာများကို လေ့လာဆန်းစစ်ရန် ရှင်းလင်းသော ရည်ရွယ်ချက်ဖြင့် အိမ်များဆီ လည်ပတ်သည့် အလေ့အကျင့်သည် ရပ်ရွာတစ်ခု၏ ယဉ်ကျေးမှုကို အားကောင်းစေသည်။ ဤကဏ္ဍတွင် အလားတူ မရှိမဖြစ် အရေးပါသည်မှာ နေအိမ်၊ အလုပ်ခွင်၊ ကျောင်းနှင့် ဈေးများတွင် ကြုံရသည့် တကူးတကမဆန်သော(တရင်းတနှီး) ဆွေးနွေးမှုများ ဖြစ်သည်။ ဝိညာဏစည်းမျဉ်းများကို နေ့စဉ် စကားပြောဆိုမှုထဲတွင် သူ့အချိန်နှင့်သူ မိတ်ဆက်ပြောဆိုရန်မှာ အာရုံစိုက်ပေးထိုက်သည့် နောက်ထပ် စွမ်းဆောင်ရည်တစ်မျိုး ဖြစ်သည်။ ၎င်းက ဒုတိယအပိုင်း၏ အဓိက အချက်ဖြစ်ရာ ဤနည်းဖြင့် တတိယပိုင်းတွင်လုပ်မည့် လေ့လာမှုအတွက် အုတ်မြစ်ကို ချပေးထားသည်။

မိတ်ဆွေသူငယ်ချင်းများ၊ အိမ်နီးချင်းများနှင့် မိမိတို့၏ စကားပြောဆိုမှုများက စိတ်အားတက်စေလိုပါလျှင် သူတို့နှင့် မိမိတို့၏ အပြန်အလှန်ဆက်ဆံမှုများဆီ ပျော်ရွှင်မှုရအောင် ဆောင်ယူပေးနိုင်ရမည်။ ဤသည်က “သင်ကြားဖြန့်ဝေရသည့် ပျော်ရွှင်မှု” ဆိုသည့် ပထမပိုင်းတွင် ဖော်ပြထားသည့် အကြောင်း ဖြစ်သည်။ ရှုပါဳအင်စတီကျူက ထောက်ခံထားသည့် အမှုထမ်းအလုပ်အားလုံးသည် အနှစ်သာရအားဖြင့် ဘဟာအွလ္လာဘုရားရှင်၏ ဖွင့်ပြတော်ချက်၏ သမုဒ္ဒရာထဲတွင် မိမိတို့ ရှာဖွေတွေ့ရှိသည့် ထွတ်မြတ်သော ဉာဏ်ပညာပုလဲများကို အခြားသူများအား ဝေမျှပေးဖို့ ပါဝင်သည်။ ပထမပိုင်းကို လေ့လာခြင်းဖြင့် ဤလုပ်ဆောင်မှုထဲမှ ရရှိသည့် ပျော်ရွှင်မှုအပေါ် သတိထားမိမှုကို မြှင့်တင်ပေးရန် ရည်ရွယ်ထားသည်။ ထာဝရဘုရားရှင်၏ နှုတ်ကပါဌ်တော် အကြောင်းနှင့် ၎င်းကို အခြားသူများအား မျှဝေပေးရသည့်

ကောင်းကျိုးမင်္ဂလာရှိပုံတို့ကို စဉ်းစားတွေးခေါ်ရန် လေ့လာသူများအား အခန်းများစွာအထိ တောင်းဆိုထားသည်။ ဤအပိုင်းက အကြံပြုထားသည်မှာ ဤလုပ်ရပ်မှနေ၍ အမှုထမ်းလမ်းကြောင်းပေါ် ကျွန်ုပ်တို့လျှောက်လှမ်းသည့်အခါ မိမိတို့၏ ခြေလှမ်းများကို သွက်လာစေသည့် ပျော်ရွှင်မှုမှာ ပေါ်ထွက်လာသည်။ သို့ရာတွင် ဤနက်နဲသော ဝိညာဏအမှန်တရားကို အပြည့်အဝ ကျွန်ုပ်တို့ သဘောပေါက်လျှင်ပင် အကယ်၍ အမှုထမ်းရွက်မှုကို ထူးခြားစေရမည့် အရည်အသွေးများနှင့် စိတ်နေစိတ်ထားများကို ထည့်၍မတွေးဖြစ်ပါလျှင် သင်ကြားဖြန့်ဝေရခြင်း၏ ပျော်ရွှင်မှုကို ဆုံးရှုံးနိုင်(သေး)သည်။ ဤသည်တို့မှာ အစီအစဉ်ထဲရှိ နောက်ထပ်စာအုပ်များစွာတွင် ဆွေးနွေးထားသည့် အကြောင်းအရာဖြစ်ပြီး ဤနေရာတွင် အနည်းအကျဉ်းကိုသာ ဆန်းစစ်ပြထား၍ အခန်း ၇ တွင် သံယောဇဉ် ပြတ်ကင်းမှုဖြင့် စတင်ထားသည်။ ဘဟာအီကျမ်းဓမ္မခန်းများထဲမှ ရွေးထားသည့် ကောက်နုတ်ချက်များက ဤအရည်အသွေးအပေါ် စဉ်းစားသုံးသပ်ရန်အတွက် အခြေခံကိုဖွဲ့ပေးထားသည်။ ဤအရည်အသွေးသည် အကယ်၍ ပြင်ပ အကြောင်းခံများက အမှုထမ်းရွက်ခြင်း၏ ပျော်ရွှင်မှုကို မမှေးမှိန်စေပါလျှင် မရှိမဖြစ် အရေးပါလှသည်။ လေ့လာသူများအနေဖြင့် သံယောဇဉ်ပြတ်ကင်းမှုဆိုသည်မှာ တသီးတခြားဖြစ်ခြင်း သို့မဟုတ် အလေးထားမှု လျော့နည်းခြင်းဟု သက်ရောက်သည့် မှားယွင်းသည့် ယူဆချက်များဖြင့် သူတို့၏ လေ့လာမှုမှနေ၍ ပါမသွားရန်မှာ အရေးကြီးလှသည်။ ကျွန်ုပ်တို့အနေနှင့် ပို၍ ပို၍ ကောင်းသောရလဒ်များကို ဆွတ်ခူးရရှိရန် ကြိုးပမ်းသည့်အခါ မိမိတို့၏ အားစိုက်ထုတ်မှုများကို အရှိန်ကောင်းရန်နှင့် မိမိတို့ အမှုထမ်းရွက်မှု၏ ထိရောက်ကာမိမှုကို တိုးမြှင့်ရန် အဆက်မပြတ်ကြိုးစားနေကြသည်။ ဤသို့ဖြစ်ရန်မှာ အားထုတ်မှု၏ အသွင်လက္ခဏာရပ်ကို အလုံအလောက် နားလည်ရန်လိုအပ်သည်။ ၎င်းမှာ အခန်း ၈ တွင် စဉ်းစားထားသည့် အကြောင်းဖြစ်သည်။ အမှုထမ်းလမ်းကြောင်းတွင် အခြေခံကျသည့် စိတ်နေစိတ်ထားနှစ်မျိုးဖြစ်သော အကောင်းမြင်ခြင်းနှင့် ကျေးဇူးတင်ရှိခြင်း အကြောင်းကို နောက်အခန်းနှင့် နောက်ဆုံးအခန်းတွင် အတိုချုပ် ဆွေးနွေးထားသည်။

ဤစာအုပ်၏ ဒုတိယပိုင်းဖြစ်သည့် "စိတ်အားတက်စေသည့် စကားပြောဆိုမှုများ"သည် အခါအခွင့်ပေးသည့်အခါ ဝိညာဏစည်းမျဉ်းများကို ထည့်သွင်းပြောဆိုခြင်းဖြင့် တကူးတကမဆန်သော စကားပြောဆိုမှုအဆင့်ကို မြှင့်တင်သည့် စွမ်းဆောင်ရည်အပေါ်တွင် အဓိက အလေးပေးထားသည်။ ၎င်းတွင် အကြောင်းအရာအမျိုးမျိုးနှင့်ဆိုင်သည့် ပြောဟောချက်အတိုများစွာ ပါရှိရာ တစ်ထပ်တည်းကျသည့် ကိုးကားချက်များမဟုတ်သော်လည်း အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ မြွက်ဟပြောဆိုချက်များကို အခြေခံထားပြီး အရှင်အသုံးပြုခဲ့သည့် စကားလုံးနှင့်စကားစု များစွာပါရှိသည်။ အားလုံးနှင့်ဆိုင်သည့် တောင်းဆိုချက်များဖြစ်သည့်အလျောက် ၎င်းတို့က ဘက်ဂရောင်းအားလုံးမှ လူအများ၏ စိတ်ဆန္ဒများနှင့် စိတ်ပူမှုများကို ပြောပြထားသည်။ ဘဟာအွလ္လာဘုရားရှင်၏ ဖွင့်ပြတော်မူချက် သမုဒ္ဒရာထဲရှိ ပုလဲများကို ရှာဖွေတွေ့ရှိရန်၊ အရှင့်ဖခမည်းတော်၏ တရားဒေသနာတော်များ၏ အဓိပ္ပါယ်နှင့် ဆက်စပ်အကျုံးဝင်ချက်များကို နားလည်စေရန်နှင့် ၎င်းတို့ကို အခြားသူများအား ဝေမျှပေးရန် စသည်တို့အတွက် အားထုတ်ကြိုးပမ်းသည့်အခါ သူတို့သည် ဤပြောဟောချက်များကို လေ့လာခြင်းဖြင့် ဝိညာဏစည်းမျဉ်းများကို အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ ရှင်းလင်းပြသပုံမှနေ၍ စေ့ဆော်မှုကို ရယူကြ၍ အရှင့်ကို ကြည့်ရှုသည့် အလေ့အကျင့်ကို ရရှိလိမ့်မည်ဟု မျှော်လင့်ထားသည်။

ဤအပိုင်း၏ ရည်ရွယ်ချက်ကို အောင်မြင်စေရန် လေ့လာသူများအား ဟောပြောချက်တစ်ခုစီကို အကြိမ်များစွာ လေ့လာရန်၊ အတွေးအခေါ် အစီအစဉ်ကို ခွဲခြားကြည့်ရန်နှင့် သူတို့က အယူအဆများကို ရင်ထဲစွဲသွားလိုက်သည်(internalize)မှာ ၎င်းတို့ကို သဘာဝကျကျပင် ပြောဆိုလာနိုင်သည်အထိ အပြောလေ့ကျင့်ရန် စသည်တို့အတွက် အခွင့်အရေးပေးသင့်သည်။ အချို့သူများက ပထမတွင် ပြောဟောချက်များကို အခြေခံအားဖြင့် အလွတ်ကျက်မှတ်ကြ၍ ဤအပိုင်းထဲတွင် ပါသည့်နည်းအတိုင်း အနည်းနှင့်အများ ထပ်၍ပြောကြလိမ့်မည်။ ဤသည်ကိုလည်း တွက်ဆထားရမည်။ သူတို့၏သာသနာ့အသိပညာက အားကောင်းလာ၍

အတွေ့အကြုံ များလာသည့်အခါ များစွာ ပို၍ ကျယ်ပြန့်သည့် အကြောင်းအရာမျိုးစုံနှင့် များစွာ ပို၍ ကြွယ်ဝသည့် ဝေါဟာရအသုံးအနှုန်းတို့ကို အသုံးပြုလာကြလိမ့်မည်။ ၎င်းတို့ကို အခြားသူများနှင့် သူတို့၏ အပြန်အလှန် ဆက်ဆံမှုများတွင် ထင်ဟပ်လိမ့်မည်။ ဤအဆင့်တွင် နည်းပြက ကြိုးပမ်းနေသည်မှာ နှစ်မျိုးအတွက် ဖြစ်သည်ကို အသိအမှတ်ပြုသင့်သည်- ၎င်းမှာ တရားဒေသနာတော်များကို ရှင်းလင်းပြသရာတွင် ထိုက်သင့်စွာ သက်တောင့်သက်သာရှိရေးနှင့် အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ အတွေးအခေါ်နှင့် အံဝင်ခွင်ကျဖြစ်ရေးပင်ဖြစ်သည်။

အဖွဲ့ထဲမှ အဖွဲ့ဝင်များက ဟောပြောချက်တစ်ခုစီ၏ အကြောင်းအရာကို ချပြရန် သင်ယူပြီးသည့်အခါ သူတို့သည် နောက်ထပ်ဆောင်ရွက်ချက်တစ်ခုကို ဆက်ကြရသည်။ ၎င်းတွင် သူတို့ လေ့လာထားပြီးသည့် အယူအဆများကို သူတို့ မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၏ စိတ်ပူသည့် အကြောင်းတို့နှင့် အပြန်အလှန် ချိတ်ဆက်ရန် တိုက်တွန်းထားသည်။ ဤသည်ကို အပြီးသတ်ရန် စကားပြောဆိုရမည့် ခေါင်းစဉ်အချို့နှင့် ပြောရာတွင် ပေါ်ပေါက်လာသည့် မေးခွန်းတို့ကို စဉ်းစားရန် တောင်းဆိုထားပြီး မည်သည်တို့က ဆွေးနွေးမှုထဲတွင် အယူအဆများကို မိတ်ဆက်နိုင်မည့် အခွင့်အရေးပေးသည်ကို စဉ်းစားခိုင်းထားသည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ် ရှင်းပြခဲ့သည့် ဝိညာဏစည်းမျဉ်းများက နေရာတိုင်းရှိ လူတို့ စိတ်ပူကြသည့် ကိစ္စရပ်များအပေါ်တွင် မည်သို့ အမြင်ရစေသည်ကို ပြသရန် ဟောပြောချက် အနည်းစုအတွက် နမူနာ တစ်ခု၊ နှစ်ခု ဖော်ပြထားသည်။ စာအုပ်လေ့လာမှုက ဆက်လက်တိုးတက်နေချိန်မှာပင် အကယ်၍ နည်းပြက အဖွဲ့ဝင်တစ်ဦးစီအား ဟောပြောချက်တစ်ခုကိုရွေး၍ ပါရှိသည့် အယူအဆများကို သူနှင့် ပြောမည့်နှစ်ယောက်ကို ရွေးရာတွင် ကူညီပေးနိုင်ပါလျှင် ဤလေ့ကျင့်ခန်းက ပို၍ကောင်းကောင်း အကျိုးရှိလိမ့်မည်။ ဤနည်းဖြင့် အတူတကွ စုဆုံချိန်တွင် သူတို့ဆောင်ရွက်နေသည့် စကားပြောဆိုမှုများ၏ သက်ဝင်မှုများကို တစ်ယောက်နှင့်တစ်ယောက် ပြောပြဖို့ လေ့လာသူများအတွက် အချိန်ကို ဖယ်ထားနိုင်ပါသည်။

ဤအပိုင်းရှိ ဟောပြောချက်တိုင်းအတွက် ဘဟာအွလ္လာဘုရားရှင်၏ ကျမ်းဓမ္မခန်များထဲမှ စာပိုဒ်အနည်းငယ်ကို အလွတ်ကျက်မှတ်ရန်အတွက် ထည့်သွင်းထားသည်။ ရူဟီအင်စတီကျူက အလွတ်ကျက်မှတ်ခြင်းအပေါ် အလေးအနက်ထားမှုမှာ အစီအစဉ်ရှိ ပထမဆုံး စာအုပ်ထဲတွင် မြင်သာသည့်အတိုင်း စာအုပ် ၂ ထဲတွင် ပို၍ ခိုင်မာလာသည်။ ယခုတွင်မူ လေ့လာသူများသည် ကျမ်းဓမ္မခန်များထဲမှ စာပိုဒ်များကို မကြာမကြာ စိတ်ထဲ သတိရခြင်းဖြင့် သူတို့ ရရှိထားသည့် ဝိညာဏအာဟာရဓာတ်ကို သတိပြုမိကြသည်ဟု ယူဆထားသည်။ ထို့နောက် ဤစာအုပ်တွင် လူ့နှလုံးသားများအပေါ် ထာဝရဘုရားသခင့် နှုတ်ကပါဌ်တော်၏ သက်ရောက်မှုများကို စဉ်းစားသုံးသပ်ကြမည်ဖြစ်ပြီး တတိယပိုင်းတွင်လည်း ဒုတိယပိုင်းအတိုင်းပင် ကျမ်းဓမ္မခန်များထဲတွင် တွေ့ရသော စည်းမျဉ်းများနှင့် အယူအဆများကို သူတို့၏ ပြောဟောချက်များထဲတွင် ချပြရန် သင်ယူမည်ဖြစ်၍ သင့်တော်ပါက စာပိုဒ်များကို တိုက်ရိုက် ကိုးကားလိမ့်မည်။ အခြားသူများအား တရားဒေသနာတော်များကို ၎င်းတို့၏ ဖြူစင်သည့်ပုံစံဖြင့် ပေး၍ တိတိကျကျ ရှင်းလင်းပြရန်မှာ အမှုထမ်းလမ်းကြောင်းကို လျှောက်လှမ်းသည့်အခါ ကျွန်ုပ်တို့အားလုံး ဖွံ့ဖြိုးဖို့ ကြိုးပမ်းနေသည့် စွမ်းဆောင်နိုင်ရည်များထဲတွင် ပါသည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ ရှင်းလင်းချက်များကို လေ့လာ၍ အရှင် ပြောဟောသည့် နည်းအတိုင်း ၎င်းတို့ကို ပြောပြဖို့ ကြိုးစားခြင်းဖြင့် စတင်ဖို့ အကောင်းတကာ့ အကောင်းဆုံး နေရာမှာ ဒုတိယပိုင်းကို ပြင်ဆင်ထားပုံထဲတွင်ရှိသည့် အကြောင်းအရာ(premise)ပင် ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း "အသိနက်ရှိုင်းရေး အနှစ်သာရများ"ဆိုသည့် တတိယအပိုင်းသည် ဤစာအုပ်တွင် ဖော်ပြထားသည့် အမှုထမ်းရွက်သည့် အလုပ်ဘက်ကို ပြထားသည်- ၎င်းမှာ ရပ်ရွာလူထု၏ ရှင်သန်နေထိုင်မှုအတွက် မရှိမဖြစ်အဓိကကျသည့် ဆွေးနွေးမှုများထဲ ပါဝင်စေမည့် ရည်ရွယ်ချက် ရှင်းရှင်း

လင်းလင်းဖြင့် မိတ်ဆွေသူငယ်ချင်းများနှင့် အိမ်နီးချင်းများဆီ သွားလည်ရန် ဖြစ်သည်။ ဤအပိုင်းတွင် စကားပြောဆိုသည့် ပုံစံသုံးမျိုးကို ပေးထားပြီး ပုံစံတစ်ခုစီအတွက် သီးသန့်အကြောင်းအရာကို အကြံပြုထားသည်။ ပထမပုံစံမှာ စနစ်တကျ လည်ပတ်သည့် အစီအစဉ်ဖြင့် ကျေးရွာ သို့မဟုတ် ရပ်ကွက်တစ်ခုတွင် နေထိုင်သူများနှင့်အတူ လေ့လာဆန်းစစ်မည့် အကြောင်းအရာအစဉ်လိုက်ပင် ဖြစ်သည်။ ပေးထားသည့် အကြောင်းရာကို စိတ်ဝင်စားသည့် ပရိသတ်များနှင့်အတူ နည်းလမ်းမျိုးစုံဖြင့် ဝေမျှပေးနိုင်သော်လည်း အိမ်တစ်အိမ်ရှိ မိသားစုဝင်များအား သာသနာတော်နှင့်ဆိုင်သည့် သူတို့၏ အသိပညာကို မြှင့်တင်ပေးရန် ဆိုသည့် အနှစ်သာရများ (themes)၏ မူလရည်ရွယ်ချက်မှာ ဆက်၍ အများဆုံး ဆက်နွယ်နေသည်။ ထို့နောက် ဤအပိုင်း၏ ပိုများသည့် အစိတ်အပိုင်းကို ဤစကားပြောဆိုသည့် ပုံစံအတွက် ပေးထားသည်။

သို့ရာတွင် အိမ်လည်ပတ်သည့်အလေ့အကျင့်သည် လတ်တလောနှစ်များတွင် အတိုင်းအတာသစ်များ ရှိထားရာ အထူးသဖြင့် နယ်မြေ ပို၍ ပို၍ သေးငယ်သည့် နေရာများဖြစ်သည့် ကျေးရွာများနှင့် မြို့ပြရှိ ရပ်ကွက်အဆင့်ထဲတွင် နည်းပြများ၊ တက်လူငယ်အဖွဲ့များ၏ ရှေ့ဆောင်လူငယ်များနှင့် ကလေးသင်တန်း ဆရာများအဖြစ် ဆောင်ရွက်ကြသူဦးရေ မြင့်မားလာသည်ကို မြင်ထားရသည်။ မြင်သာသည်မှာ ဤ အလေ့အကျင့်သည် သာသနာ့အသိပညာ တိုးမြှင့်ပေးသည့် ရည်ရွယ်ချက်အတွက်သာ မရှိမဖြစ် အရေးပါ သည်ကို ပြသရုံမကဘဲ တက်လူငယ်တို့၏ ဝိညာဏစွမ်းအား မြှင့်တင်ပေးရေးနှင့် ကလေးများ၏ ဝိညာဏ ပညာရေးနှင့်ဆိုင်သည့် အစီအစဉ်များ အောင်မြင်စွာ တိုးတက်လာရေးအတွက်လည်း အရေးပါလှသည်။ ဤအခြေတွင် ရှင်းလင်းလာသည်မှာ ရှေ့ဆောင်လူငယ်များနှင့် ဆရာများက ဤအစီအစဉ်နှစ်ခုထဲတွင် ပါဝင်သည့် ငယ်ရွယ်သူများ၏ မိဘများထံ သူတို့အား ပုံဖော်ပေးမည့် အနှစ်သာရများနှင့် ချဉ်းကပ်မှုများကို ဆွေးနွေးရန်အတွက် ပုံမှန်လည်ပတ်ဖို့ လိုအပ်သည်။ ထိုဆွေးနွေးမှုများသည် ဒုတိယ စကားပြောဆိုမှုပုံစံဖြစ်၍ ၎င်းကို အခန်း ၁၄ နှင့် ၁၅ တို့တွင် လေ့လာဆန်းစစ်ထားသည်။ ဤအခန်းများတွင်ပါသည့် အကြောင်းအရာမှာ ကျယ်ကျယ်ပြန့်ပြန့် မဟုတ်ပေ။ အကြောင်းမှာ လေ့လာသူများသည် အနာဂတ်သင်ခန်းစာများတွင် ပညာရေး အစီအစဉ်နှစ်ခုဖြင့် များစွာ ပို၍ အကျွမ်းတဝင်ရှိလာမည် ဖြစ်သောကြောင့် ဖြစ်သည်။ သို့သော် သူတို့အတွက် ဤစကားပြောဆိုမှုပုံစံ၏ ထူးခြားမှုကို သတိထားမိစေရန်နှင့် ကလေးသင်တန်းဆရာများနှင့် တက်လူငယ် အဖွဲ့၏ ရှေ့ဆောင်လူငယ်များကို မိဘများထံ သူတို့၏ လည်ပတ်မှုများတွင် လက်တွဲကူညီပေးရန်မှာ ဤအစောပိုင်းအဆင့်တွင် များစွာ အကျိုးရှိသည်ကို သက်သေပြနိုင်သည်။

ဤအပိုင်းတွင် မျှော်မှန်းထားသည့် တတိယ စကားပြောဆိုမှုပုံစံမှာ တကယ့် အထူးရည်ရွယ်ချက် ရှိသည်။ လူငယ်အမျိုးသား၊ အမျိုးသမီးများစွာတို့က ကမ္ဘာလောက ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် လုပ်ပေးလိုသည့် သူတို့၏ ပြင်းပြသောဆန္ဒကို ပြသနိုင်မည့် လမ်းကြောင်းများကို ရှာဖွေနေကြသည်။ သူတို့က လူမှုအသိုက်အဝန်းကို ပြောင်းလဲပေးရန် စောင့်နေသည့် ထို့ထက် ဖွင့်ထုတ်ပေးရန် တောင့်တနေသည့် အလွန့်အလွန်ကြီးမားသော စွမ်းရည်သိုလှောင်ရုံကို ကိုယ်စားပြုသည်။ သက်တူရွယ်တူများအကြား စကား ပြောဆိုသည့်အခါ သူတို့သည် လူငယ်ဘဝရှိ တစ်မူထူးသော အခွင့်အလမ်းများနှင့် တာဝန်ဝတ္တရားကို ၎င်း၏ စွမ်းအင်ဟူသမျှနှင့် သာမန်မဟုတ်သည့် အလားအလာဟူသမျှကို စဉ်းစားသုံးသပ်ခြင်းဖြင့် အမှုထမ်းရွက်ခြင်း အကြောင်း ဆွေးနွေးသည့်ဘက်ကို မကြာမကြာ ရောက်စေ၍ ကမ္ဘာတစ်လွှားရှိ ကျေးရွာများနှင့် ရပ်ကွက် များတွင် ဆောင်ရွက်နေသော အလုပ်ထဲတွင် စိတ်ပါဝင်စားမှုကို နှိုးဆွပေးသည်။ အပြန်အလှန်အားဖြင့် ကလေးသင်တန်းဆရာများနှင့် တက်လူငယ်အဖွဲ့များ၏ ရှေ့ဆောင်လူငယ်များဖြစ်ရန် ဆင့်ကဲပေါ်ပေါက် လာသည့် မျိုးဆက်များအတွက် ဝိညာဏပညာရေး ပေးရမည့် စွမ်းရည်ကို ရရှိစေသည့် နည်းလမ်းအဖြစ် အင်စတီကျူသင်ခန်းစာများကို လေ့လာမည့် ဖိတ်ခေါ်မှုများစွာဖြင့် လက်ကမ်းကြိုဆိုလိမ့်မည်။ ဤ စကားပြောဆိုမှုပုံစံမျိုးကို လေ့လာဆန်းစစ်နိုင်မည့် အယူအဆအချို့ကို အခန်း ၉ နှင့် ၁၀ တွင် ချပြထားသည်။

လူတို့အား အဓိပ္ပါယ်ရှိသည့် စကားပြောဆိုမှုများကို စတင်စေ၍ ဆက်တိုက်မြဲစေသည့် စွမ်းဆောင်နိုင်ရည်များကို ခိုင်မာအားကောင်းစေရန် ဤအပိုင်းက ကျယ်ပြန့်သည့် အနှစ်သာရများ(themes)နှင့် တွဲပါသည့် အကြောင်းအရာ(content)တို့ထက် ပိုမို၍ သွားသင့်သည်မှာ မှန်သည်။ အယူအဆများကို ရှင်းရှင်းလင်းလင်းဖြင့် ပြောပြနိုင်သည့် စွမ်းဆောင်ရည်(ability)အပြင် ပါဝင်သူများသည် လိုအပ်သော စိတ်နေစိတ်ထားများနှင့် ဝိညာဏအရည်အသွေးများ ဖွံ့ဖြိုးရန် လိုအပ်သည်။ ဤသည်တို့က ဤအပိုင်းတွင် ပါရှိသော အကြောင်းအရာတို့တွင် အခြေတကျ ရှိထားသည်။ သို့သော် အဆိုပါ စွမ်းဆောင်နိုင်ရည်များအတွက် ၎င်းတို့၏ အရေးပါမှုကို အခန်း ၄ တွင် ရှင်းလင်းစွာ လုပ်ပေးထားပြီး ၎င်းတွင် လေ့လာသူများက အလည်အပတ်တစ်ခုကို ကြိုတင်ပြင်ဆင်သည့်အခါ မည်သည့် သဘောထားများ(sentiments)နှင့် အတွေးအဆများကို မိမိတို့ နှလုံးသားများနှင့် စိတ်များထဲ ဖြည့်ထားသင့်သည်ကို စဉ်းစားရ၍ အခန်း ၅ တွင် နှိမ့်ချမှုဆိုသည့် အရည်အသွေးအပေါ် စဉ်းစားသုံးသပ်ကြသည်။ နည်းပြသည် လေ့လာသူများကို ဤအခန်းများအပေါ် အလုံအလောက် အာရုံစိုက်စေဖို့ သေချာအောင် လုပ်ပေးချင်လိမ့်မည်။ အကြောင်းမှာ အသိပညာမည်မျှများများကို ကျွန်ုပ်တို့ ရစေကာမူ၊ အယူအဆများကို မည်မျှ ကောင်းစွာ ရှင်းရှင်းလင်းလင်း ပြောနိုင်စေကာမူ ကျွန်ုပ်တို့ စကားပြောဆိုမှုများ၏ ထိရောက်မှုမှာ ပြောသည့်အခါ ထားသည့် အရည်အသွေးများနှင့် စိတ်နေစိတ်ထားများအပေါ်တွင် မူတည်သည်။

ဤစာအုပ်အတွဲများတွင် ဖော်ပြထားသော အမှုထမ်းအလုပ်များသည် ရပ်ရွာတစ်ခု၏ ကြီးထွားဖွံ့ဖြိုးမှုနှင့် တိုးတက်မှုအတွက် အဓိကကျသော်လည်း လေ့လာခြင်းနှင့် လက်တွေ့လုပ်ခြင်းတို့ဖြင့် လူတစ်ဦးချင်း၏ စွမ်းရည်ကို မြင့်တက်လာစေဖို့ ကြိုးပမ်းသည့်လုပ်ငန်းစဉ်၏ (ပါဝင်သည့်)အရာအားလုံး အထက်တွင် ရှိသည်ကို မှတ်ထားသင့်သည်။ ဤအလုပ်များက တစ်ခုအပေါ်တစ်ခု အခြေတည်၍ စာအုပ်တစ်အုပ်မှ နောက်တစ်အုပ်တွင် များမြောင်ရှုပ်ထွေးမှုလည်း တိုးလာသည်ကို နည်းပြတိုင်းက သဘောပေါက်ထားသင့်သည်။ အမှုထမ်းအလုပ်တစ်ခုစီကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဖို့ သင်ယူခြင်းသည် ၎င်းနောက်ပါလာမည့် အလုပ်တို့ကို ဆောင်ရွက်ရန် လိုအပ်သည့် စွမ်းရည်အတွက် မဖြစ်မနေ အရေးပါသည်။ အိမ်တစ်အိမ်ကို အကြိမ်များစွာ လည်ပတ်သည့် လမ်းတစ်လျှောက်တွင် ဆက်တိုက် စကားပြောဆိုမှုကို ထိန်းသိမ်းထားရန်မှာ ဤစာအုပ်တွင် အကြံပြုထားသည့်အတိုင်း စာအုပ် ၁ တွင် အကြံပြုထားသည့် မိမိကိုယ်တိုင်အားဖြင့်ဖြစ်စေ သို့မဟုတ် အခြားသူအနည်းငယ်နှင့် ပူးပေါင်း၍ဖြစ်စေ ပုံမှန်စုပေါင်းဆုတောင်းပွဲကို အိမ်ရှင်အဖြစ် ဆောင်ရွက်သည့် လုပ်ဆောင်ချက်ထက် ပိုမို၍ ရှင်းလင်းစွာ တောင်းဆိုနေသည်။ ထို့ပြင် ရှေ့တွင်ရှိသည့် ပို၍များမြောင်ရှုပ်ထွေးသော အမှုထမ်းအလုပ်များကို ဆောင်ရွက်ရန် ပါဝင်သူများအတွက် ဤနေရာတွင် ဖော်ပြထားသော စွမ်းဆောင်နိုင်ရည်များတွင် တိုးတက်မြင့်မားလာဖို့ မည်မျှအရေးကြီးမည်ကို ကြည့်ရှုဖို့ ခက်ခဲမည်မဟုတ်ပေ။

စာအုပ် ၁ ရှိ နိဒါန်းမှတ်ချက်များတွင် ဖော်ပြထားသကဲ့သို့ ကမ္ဘာတစ်လွှားရှိ အင်စတီကျူ သင်ခန်းစာများတွင် ပါဝင်သူများသည် ဘက်ဂရောင်းမျိုးစုံမှ လာကြပြီး ကနဦးတွင် ဘဟာအီတရားဒေသနာများနှင့် အကျွမ်းတဝင်ဖြစ်သည့် ဒီဂရီမျိုးစုံ ရှိကြသည်။ ဤဒုတိယစာအုပ်ကို သူတို့ စတင်သည့်အချိန်တွင် သူတို့ တစ်ဦးချင်းနှင့် အားလုံးတို့သည် သင်ခန်းစာများက ဖွင့်ပေးထားသည့် အမှုထမ်းလမ်းကြောင်းပေါ်တွင် စတင်လျှောက်လှမ်းပြီးသား ဖြစ်လိမ့်မည်။ သို့သော် ခြားနားချက်အချို့ ဆက်၍ရှိသေးသည်။ ဥပမာ လူငယ်များနှင့် ပတ်သက်၍ သူတို့က ကလေးများနှင့် တက်လူငယ်များအတွက် ပညာရေးအစီအစဉ်များကို မလေ့လာရသေးလျှင် ဤစာအုပ်တွင် ပေးထားသည့် ဟောပြောချက်များနှင့် အနှစ်သာရများစွာမှာ သူတို့အတွက် စိမ်းနေလိမ့်မည်။ ဤစာအုပ်ကို လေ့လာခြင်းမှာလည်း သူတို့ကိုယ်တိုင်၏ သာသနာ့အသိပညာ မြင့်မားရေးအတွက် နည်းလမ်းအဖြစ်သာ ရှိလိမ့်မည်။ ထို့ကြောင့် နည်းပြအနေဖြင့် ဤအကြောင်းနှင့် ပတ်သက်ပြီး သင်ခန်းစာ၏ အဓိက ရည်ရွယ်ချက်ဖြစ်သော ပါဝင်သူများအား အဓိပ္ပါယ်ရှိ၍ စိတ်အား

တက်စေသော စကားပြောဆိုမှုကို ဆောင်ရွက်နိုင်စေရမည့် ရည်ရွယ်ချက်ကို အောင်မြင်ဖို့ သေချာစေချိန်မှာပင် အဖွဲ့ဝင်တိုင်းတွင် နားလည်မှုကို ပြုစုပျိုးထောင်ပေးရန် လိုအပ်သော ညင်သာမှု(flexibility)နှင့် ထိုးထွင်းတီထွင်မှု(creativity)တို့ကို ပြသရန် အဆင်သင့်ရှိရမည်။ ထို့ထက် ပိုသည်မှာ ဤစာအုပ်ကို အသုံးပြုနေသည့် ဒေသ ထောင်ပေါင်းများစွာတွင် ဤအပိုင်းသုံးပိုင်းက အားစိုက်ကြိုးပမ်းထားသည့် ရပ်ရွာထူထောင်ရေးလုပ်ငန်းစဉ်မှာ ဖွံ့ဖြိုးမှုအမှတ် မတူညီကြပေ။ ထို့ကြောင့် သင်ယူထားသမျှကို လက်တွေ့အသုံးချခြင်းသည် တစ်နေရာမှ နောက်တစ်နေရာ ပုံသဏ္ဍာန် အနည်းငယ် ကွဲပြားနိုင်ပြီး ဤသည်မှာလည်း နည်းပြအနေနှင့် အဖွဲ့တစ်ဖွဲ့ကို ဤစာမျက်နှာများတစ်လျှောက် ခေါ်ဆောင်ရာတွင် အဖွဲ့ဝင်တိုင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးဖို့လုပ်သည့် ဂရုစိုက်မှုနှင့် စေ့စပ်သေချာမှုတို့ကို ညွှန်ပြနေသည်။



# The Joy of Teaching
# သင်ကြားဖြန့်ဝေရခြင်း၏ ပျော်ရွှင်မှု

ရည်ရွယ်ချက်

သင်ကြားဖြန့်ဝေရခြင်း၏ ပျော်ရွှင်မှုမှာ ဘုရားသခင်၏ နှုတ်ကပါဌ်တော်ကို အခြားသူများအား
ဝေမျှပေးရသည့် အလုပ်ထဲတွင် ရှိသည်ကို နှစ်သက်သဘောကျရန်

# အခန်း (၁)

*တက်ကြွကြိုးပမ်း အမှုတော်ထမ်း* စာအုပ်သည် လေ့လာမှုနှင့် လက်တွေ့ဆောင်ရွက်မှုကို ပေါင်းစပ်ရန် ကြိုးပမ်းလျက်ရှိသည့် ရူဟီအင်စတီကျုက ပို့ချသည့် သင်ခန်းစာအစီအစဉ်ထဲတွင် ဒုတိယ စာအုပ်ဖြစ်သည်။ ၎င်း၏ ရည်ရွယ်ချက်မှာ ရည်ရွယ်ချက်နှစ်မျိုးဖြစ်သော သင်တို့ကိုယ်တိုင်၏ ဝိညာဏပိုင်းနှင့် အသိဉာဏ်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်နှင့် လူမှုအသိုက်အဝန်း အသွင်ပြောင်းလဲရေးအတွက် ဆောင်ရွက်ပေးရန်ဆိုသည်ကို ဖြည့်ဆည်းရန် သင်တို့ကြိုးပမ်းခြင်းဖြင့် ဝင်ရောက်ထားပြီးဖြစ်သည့် အမှုထမ်း လမ်းကြောင်းတစ်လျှောက် ထပ်ဆင့်တိုးတက်ရေးကို ကူညီပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့ ပြောဆိုသည့် လမ်းကြောင်းကို အမှုထမ်းအလုပ် အတွဲစဉ်များဖြင့် အဓိပ္ပါယ်ဖွင့်ထားသည်ကို ပထမစာအုပ်တွင် ပါဝင်ခြင်းမှနေ၍ သင်တို့နားလည်ပြီးသား ဖြစ်ရပေမည်။ ထိုအမှုထမ်းအလုပ်များမှာ ဘဟာအွလ္လာဘုရားရှင်၏ ကျွန်မ်းဓမ္မခန်များတွင် ကြိုတင်မျှော်မှန်းထားသည့် ကမ္ဘာသစ်အစီအစဉ်၏ ပန်းတိုင်အပေါ် အစဉ်ကြည့်ရှု၍ အကောင်အထည်ဖော်ကြသည့် အလုပ်များဖြစ်သည်။ ထို့ကြောင့်ပင် "အမှုထမ်း လမ်းကြောင်းပေါ် လျှောက်လှမ်းရေး"ဟု ခေါ်သည့်အထဲတွင် အရှင်၏ တရားဒေသနာတော်များကို မိမိတို့ကိုယ်တိုင်၏ ဘဝများတွင် ကျင့်သုံးရန်နှင့် လူ့လောက၏ ရှင်သန်မှုထဲတွင် ကျင့်သုံးရန်ဆိုသည့် မိမိတို့၏ အားထုတ်မှုများ ပါရှိသည်။ ဘဟာအွလ္လာဘုရားရှင်က အရှင်၏ ဖွင့်ပြတော်မူချက်အကြောင်းကို ဤသို့သော အသုံးအနှုန်း များဖြင့် ကိုယ်တော်တိုင် မိန့်မြွက်ထားသည်မှာ–

> **မူထားသည့် ဖွင့်ပြတော်မူချက်(သာသနာတော်)သည် သမုဒ္ဒရာနှင့် အလားတူပေ၏။ ၎င်း၏ အနက်စူးစူးများတွင် တန်ဖိုးကြီးမားၡ၍ သာလွန်ထူးကဲတောက်ပသော ပုလဲရတနာများ မရေမတွက် နိုင်အောင် ဖုံးကွယ်နစ်မြုပ်နေပေ၏။ ရှာဖွေသူတိုင်း၏ တာဝန်မှာ ကိုယ်တိုင် ကြိုးပမ်းအားထုတ်၍ ဤသမုဒ္ဒရာ၏ ကမ်းခြေများဆီသို့ ရောက်ရှိရန် အားစိုက်ရမည်။ သို့မှသာ သူ ရှာဖွေသည့် စိတ်အား ထက်သန်မှုနှင့် သူ လုပ်သည့် ကြိုးပမ်းအားထုတ်မှုတို့နှင့် အချိုးညီစွာပင် ထာဝရဘုရားရှင်၏ မပြောင်းလဲသော၊ လျှို့ဝှက်ဖုံးကွယ်နေသော စာသဝဏ်လွှာများတွင် ကြိုတင်ပြဋ္ဌာန်းထားပြီး ဖြစ်သည့် ယင်းသို့သော အကျိုးကျေးဇူးများကို ရရှိတုံအံ့။"[၁]**

ဤပထမပိုင်းတွင် ဘဟာအွလ္လာဘုရားရှင်၏ ဖွင့်ပြတော်မူချက်၏ သမုဒ္ဒရာထဲရှိ ဉာဏ်ပညာ ပုလဲရတနာများကို ရှာဖွေတွေ့ရှိ၍ ၎င်းတို့ကို အခြားသူများအား ဝေမျှပေးသည့်အခါ မိမိတို့၏ နှလုံးသား များထဲ ပြည့်လာသည့် ပျော်ရွှင်မှုအကြောင်းဘက်သို့ စဉ်းစားကြည့်ကြမည်။ စာအုပ် ၁ ကို လေ့လာရာမှနေ၍ သင်တို့သည် အရှင်၏ ကျွန်မ်းဓမ္မခန်များထဲတွင် တွေ့ရသော ထွတ်မြတ်သည့် လမ်းညွှန်မှု ပုလဲရတနာများမှာ မည်မျှ အသဲစွဲ(exquisitely)ဖွယ် လှပသည်ကို တွေ့ခဲ့ကြပြီးပြီ။ ထုတ်နုတ်ချက် အနည်းငယ်ကို ထပ်၍ လေ့လာကြည့်ကြပါစို့။

> **"ထာဝရဘုရားရှင်၏ မြွက်ဟချက်ကား မီးအိမ်ပင်ဖြစ်၏။ ယင်း၏ အလင်းရောင်မှာ ဤသို့သော စကားလုံးများဖြစ်ပေ၏– သင်တို့သည် သစ်တစ်ပင်တည်းမှ အသီးများဖြစ်၍ သစ်ကိုင်းတစ်ခုတည်းမှ အရွက်များ ဖြစ်ကြကုန်၏။"[၂]**

“ငါအရှင်၏ ရှေ့တော်မှောက်တွင် ငါအရှင် အချစ်မြတ်နိုးဆုံးသော အရာကား တရားမျှတမှုဖြစ်သည်။ ငါအရှင်အား အလိုရှိပါက တရားမျှတမှုမှ သွေဖည်မသွားလေနှင့်။ အသင့်အား ငါအရှင် ယုံမှတ်ရန် တရားမျှတမှုကို လျစ်လျူမပြုလေနှင့်။”[၃]

“သင်တို့ နေထိုင်လျက်ရှိသော ခေတ်ကာလ၏ လိုအပ်ချက်များနှင့်ပတ်သက်၍ စိုးရိမ်တကြီး ပူပန်ကြကုန်လော့။ အရေးပေါ် ကိစ္စရပ်များနှင့် လိုအပ်ချက်များအပေါ်တွင် သင်တို့၏ ပြောဆိုဆွေးနွေးမှုကို အလေးထားကြကုန်လော့။”[၄]

“အစဉ်အမြဲ တိုးတက်မြင့်မားလျက်ရှိသော ယဉ်ကျေးမှု ရှေ့သို့ တိုးတက်မြင့်မားရေးကို ဖော်ဆောင်သွားကြရန်အလို့ငှါ လူအားလုံးတို့ကို ဖြစ်တည်ပေးထားပေ၏။”[၅]

“ကမ္ဘာလောကသည် ဆိတ်သုဉ်းတတ်၏။ အစဉ်ထာဝရမြဲသည်ကား ထာဝရဘုရားရှင်၏ ချစ်ခြင်းမေတ္တာပင် ဖြစ်ပေတော့၏။”[၆]

“အသင်ကား ငါအရှင်၏ ဆီမီးခွက်ဖြစ်၏။ ငါ၏ အလင်းသည် အသင့်(အတွင်းသန္တာန်)တွင် ရှိ၏။ ၎င်းမှ အသင်၏ လင်းဝင်းထွန်းတောက်ပခြင်းကို ယူလော့။ ငါအရှင်မှတစ်ပါး အခြားသောအရာကို ရှာဖွေဆည်းပူးခြင်း မပြုလေနှင့်။ အကြောင်းသော်ကား ငါအရှင်သည် အသင့်အား ကြွယ်ဝချမ်းသာသောအဖြစ်၌ ဖြစ်ထွန်းစေ၏။ အသင့်အပေါ်သို့ ကျေးဇူးများကို ရက်ရောစွာ သွန်းချပေးတော်မူ၏။”[၇]

သင်တို့အနေဖြင့် ဤကောက်နုတ်ချက်အတိုများကို အချိန်ရသမျှ အလွတ်ကျက်မှတ်ချင်ပါလိမ့်မည်။

## အခန်း (၂)

ဤအပိုင်း၏ အဓိကအကြောင်းအရာအပေါ် ပြောဆိုဆွေးနွေးမှု စတင်ရန် ယခင် အခန်းတွင် ကောက်နုတ်ထားသော ပထမဆုံးစာပိုဒ်ကို ပြန်၍ဖတ်ပြီး အောက်ပါ လေ့ကျင့်ခန်းများကို လုပ်ပါ –

၁ ။ အောက်ပါ စာကြောင်းများကို ကွက်လပ်ဖြည့်ပါ။

(က) ကျွန်ုပ်တို့၏ တာဝန်မှာ ______________________ ဘဟာအွလ္လာဘုရားရှင့် ဖွင့်ပြတော်မူချက် သမုဒ္ဒရာ၏ ________________ ဆီသို့ ရောက်ရှိရန် ________ ____________________________ ။

(ခ) ကျွန်ုပ်တို့သည် ဘဟာအွလ္လာဘုရားရှင့် ဖွင့်ပြတော်မူချက် သမုဒ္ဒရာ၏ ကမ်းခြေများဆီသို့ ရောက်ရှိရန် အားစိုက်ရမည်။ သို့မှသာ ထာဝရဘုရားရှင်၏ မပြောင်းလဲသော၊ လျှို့ဝှက်

ဖုံးကွယ်နေသော စာသဝဏ်လွှာများတွင် ကြိုတင်ပြဋ္ဌာန်းထားပြီးဖြစ်သည့် ယင်းသို့သော ______________________ ကို ရရှိနိုင်ကြမည်။

(ဂ) ဘဟာအွလ္လာဘုရားရှင့် ဖွင့်ပြတော်မူချက်၏ သမုဒ္ဒရာထဲမှရရှိသည့် အကျိုးကျေးဇူးများသည် ကျွန်ုပ်တို့ ____________________________________ နှင့် ကျွန်ုပ်တို့ ______________ ________________________________________ တို့နှင့် အချိုးညီလိမ့်မည်။

၂။ ကိုယ်တိုင် "ကြိုးပမ်းအားထုတ်သည်" ဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်း။

______________________________________________________________________________

၃။ တစ်ခုခုဆီ "ရောက်ရှိရန် အားစိုက်သည်" ဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်း။

______________________________________________________________________________

၄။ ရှာဖွေသူတိုင်းက မည်သည့်အရာဆီ ရောက်ရှိရန် အားစိုက်သင့်သနည်း။

______________________________________________________________________________

၅။ တစ်ခုက နောက်ထပ် တစ်ခုခုနှင့် "အချိုးညီသည်" ဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်း။

______________________________________________________________________________

၆။ ဘဟာအွလ္လာဘုရားရှင်က ကျွန်ုပ်တို့လုပ်သည့် ကြိုးစားအားထုတ်မှုနှင့် အချိုးညီစွာ အရှင့် ဖွင့်ပြတော်မူချက် သမုဒ္ဒရာထဲမှ အကျိုးကျေးဇူးများကို ရရှိလိမ့်မည်ဟု မိန့်မှာထားသည်။

(က) ဤအကျိုးကျေးဇူးများကို လက်ခံရရှိသူများဖြစ်အောင် ကျွန်ုပ်တို့ လုပ်သည့် ကြိုးစားအားထုတ်မှု နမူနာအချို့ကို ဖော်ပြပါ။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

(ခ) ကျွန်ုပ်တို့ လက်ခံရရှိသည့် အကျိုးကျေးဇူးများထဲမှ နမူနာအချို့ကို ဖော်ပြပါ။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

## အခန်း (၃)

ဘဟာအွလ္လာဘုရားရှင်၏ ဖွင့်ပြတော်မူချက်သည် သမုဒ္ဒရာနှင့် တူပြီး ၎င်း၏ အနက်များထဲတွင် တန်ဖိုးဖြတ်မရသည့် ပုလဲများ ရှိသည်ကို သိရှိထားသဖြင့် မိမိတို့ တစ်ဦးစီက ၎င်း၏ အကျိုးကျေးဇူးများကို ရရှိရန်နှင့် အခြားသူများအား ၎င်း၏ ကမ်းခြေများဆီသို့ ရောက်ရှိဖို့ကူညီပေးရန် အစွမ်းကုန် ကြိုးစား အားထုတ်ကြသည်။ သို့သော် ကိုယ့်ကိုယ်ကို မေးနိုင်သည်မှာ ဤသမုဒ္ဒရာ၏ ကမ်းခြေများသည် မိမိတို့ဆီမှ မည်မျှဝေးပါသနည်း။ ဘဟာအွလ္လာဘုရားရှင်က မြွက်ဟကြေညာထားသည်မှာ–

> **"အို ငါအရှင်၏ အမှုတော်ထမ်းများ! စစ်မှန်သည့်တစ်ဆူတည်းသော ထာဝရဘုရားသခင် သည် ငါအရှင်၏ သက်သေပင်ဖြစ်၏! ဤအကြီးမားဆုံးသော၊ တိုင်းတာထောက်လှမ်း၍ မမှီနိုင်သော၊ လှိုင်းတံပိုးထလျှက်ရှိသော သမုဒ္ဒရာသည် အသင်တို့ အနီးတွင် ရှိ၏။ သင်တို့ အနီးအနားတွင် အံ့သြလောက်ဖွယ် နီးကပ်၏။ ယင်းသည် အသင်တို့၏ အသက်သွေးကြောများထက်ပင် ပိုမိုနီးကပ်သည်ကို ရှုကြည့်ကြကုန်လော့! အကယ်၍ အသင်တို့သာ အလိုရှိပါက ဤမပျက်စီးနိုင်သော ကူညီမစမှု၊ ဤထာဝရဘုရားသခင် ချပေးသော ကျေးဇူးတော်၊ ဤမဖောက်ပြန်နိုင်သော ဆုလာဘ်တော်၊ ဤစွမ်းအားအကြီးဆုံးနှင့် ပြောမပြနိုင်လောက်အောင် ဘုန်းတန်ခိုးကြီးလှသော ပေးသနားမှုကို မျက်စေ့တစ်မှိတ်အတွင်း တမဟုတ်ချင်း အသင်တို့ ရောက်ရှိ၍ ရယူနိုင်ကြပေအံ့။"**[၈]

၁။ "ဤအကြီးမားဆုံးသော၊ တိုင်းတာထောက်လှမ်း၍ မမှီနိုင်သော လှိုင်းတံပိုးများထလျှက် ရှိသော သမုဒ္ဒရာ"သည် မည်သည်ကို ရည်ညွှန်းပါသနည်း။

____________________________________________

၂။ ဤသမုဒ္ဒရာသည် ကျွန်ုပ်တို့နှင့် မည်မျှ နီးကပ်ပါသနည်း။ ______________________

____________________________________________

၃။ ဤသမုဒ္ဒရာဆီသို့ ကျွန်ုပ်တို့ မည်မျှ လျင်မြန်စွာ ရောက်ရှိနိုင်ပါသနည်း။ ______________

____________________________________________

၄။ အောက်ပါ စာကြောင်းများကို ကွက်လပ်ဖြည့်ပါ။

(က) ဘဟာအွလ္လာဘုရားရှင့် ဖွင့်ပြတော်မူချက်၏ အကြီးမားဆုံးသော သမုဒ္ဒရာသည် ကျွန်ုပ်တို့ အနီးတွင် ရှိ၏။ ကျွန်ုပ်တို့နှင့် ____________________ နီးကပ်နေ၏။

(ခ) ဘဟာအွလ္လာဘုရားရှင့် ဖွင့်ပြတော်မူချက်၏ သမုဒ္ဒရာသည် ကျွန်ုပ်တို့၏ အသက် သွေးကြောများထက်____________________ ။

(ဂ) ကျွန်ုပ်တို့သာ အလိုရှိပါက အရှင့် ဖွင့်ပြတော်မူချက်၏ သမုဒ္ဒရာဆီသို့ ____________ ____________ အတွင်း ____________ ၍ ____________ ။

(ဃ) ____________________ အရှင့် ဖွင့်ပြတော်မူချက်၏ သမုဒ္ဒရာဆီသို့ မျက်စိတစ်မှိတ်အတွင်း ရောက်ရှိ၍ ရယူနိုင်ကြသည်။

## အခန်း (၄)

ဘဟာအွလ္လာဘုရားရှင့် ဖွင့်ပြတော်မူချက် သမုဒ္ဒရာ၏ ကမ်းခြေများဆီသို့ ရောက်ရှိထားသဖြင့် ကျွန်ုပ်တို့ ကိုယ်တိုင်၏ လေ့လာမှု၊ ဆုတောင်းပတ္ထနာပြုမှုနှင့် နှလုံးသွင်းမှု၊ အရှင်၏ အကြောင်းရင်းတော်နှင့် လူ့လောကကို အမှုထမ်းသည့် မိမိတို့၏ ကြိုးပမ်းမှုများဖြင့် ဆက်တိုက် ရှာဖွေတွေ့ရှိထားသော ၎င်း၏ ဘဏ္ဍာ ရတနာများကို ရယူ၍ ထွတ်မြတ်သော လမ်းညွှန်မှု ပုလဲရတနာများကို အခြားသူများအား လွတ်လပ်စွာနှင့် ခြွင်းချက်မရှိ ဝေမျှပေးကြသည်။ သင်တို့အနေဖြင့် ဤတာဝန်ဝတ္တရား၏ မြင့်မြတ်မှုကို အမြဲသတိပေးမှုအဖြစ် အောက်ပါ စာပိုဒ်ကို အလွတ်ကျက်မှတ်ရန် အချိန်အချို့ ယူချင်ပါလိမ့်မည်–

**"အို ဘုရားရှင်၏ လမ်းကြောင်းမှ ခရီးသည်! အရှင်၏ ကျေးဇူးကရုဏာတော် သမုဒ္ဒရာမှ အသင်၏ ဝေစုကို ရယူလော့။ ၎င်း၏ အနက်များတွင် ကွယ်ဝှက်နေသည့် အရာများမှ သင်ကိုယ်တိုင်အတွက် လက်လွတ်မဆုံးရှုံးစေနှင့်။ ယင်း၏ ဘဏ္ဍာရတနာများကို ရယူသူများထဲတွင် ပါဝင်လော့။ ဤသမုဒ္ဒရာမှ ရေတစ်ပေါက်သည် ကမ္ဘာမြေကြီးနှင့် ကောင်းကင်ဘုံရှိ အရာအားလုံးအပေါ်သို့ ဆွတ်ဖျန်းလိုက်လျှင် အသိပညာအပေါင်းနှင့် ပြည့်စုံတော်မူသောအရှင်၊ ကြီးကျယ်မြင့်မြတ်ဆုံး ဖြစ်တော်မူသောအရှင်၊ ဉာဏ်ပညာအပေါင်းနှင့် ပြည့်စုံတော်မူသော ထာဝရဘုရားရှင်၏ ဆုကျေးဇူးတော်တို့ဖြင့် ၎င်းတို့အား ပြည့်စုံကြွယ်ဝရန် လုံလောက်ပေ၏။ စွန့်လွှတ်ခြင်း၏ လက်များဖြင့် အသက်ရေစင်တို့ကို ယူ၍ ဖန်ဆင်းထားသမျှ အရာအားလုံးကို ပက်ဖျန်းပေးလိုက်လျှင် ၎င်းတို့သည် လူသားတို့လုပ်ထားသည့် အကန့်အသတ်များမှ သန့်ရှင်းစင်ကြယ်နိုင်၍ ဤသန့်ရှင်း ထွတ်မြတ်ပြီး ထွန်းလင်းတောက်ပသော နေရာမြတ်ဖြစ်သည့် ထာဝရဘုရားရှင်၏ တန်ခိုး ကြီးမားလှသော ပလ္လင်ဆီသို့ ချဉ်းကပ်နိုင်ပေအံ့။"**[၆]

## အခန်း (၅)

အင်စတီကျူသင်ခန်းစာများကို ရှေ့ဆက်တက်လှမ်းကြသည့်အခါ ၎င်းတို့က လိုအပ်သည့် လေ့လာမှုနှင့် လက်တွေ့အလုပ်တို့ကို အကောင်အထည်ဖော်ရင်း အမှုထမ်းရွက်သည့် မိမိတို့၏ စွမ်းရည်မှာ တိုးတက်ဖွံ့ဖြိုးလာ၍၊ မိမိတို့နှလုံးသားများကို များစွာ ပျော်ရွှင်မှုဖြစ်စေပြီး ကျွန်ုပ်တို့၏ ရည်ရွယ်ချက်နှစ်မျိုးကို ဖြည့်ဆည်းရာတွင် အကူအညီဖြစ်စေသည့် အမှုထမ်းအလုပ်များကို ဆောင်ရွက်နိုင်စေလိမ့်မည်– ထိုအလုပ်များမှာ ကလေးများ၏ ဝိညာဏပညာရေးအတွက် သင်တန်းများ သင်ကြားပေးခြင်း၊ တက်လူငယ်များ၏ ဝိညာဏစွမ်းအားမြှင့်တင်ပေးရေးအတွက် အစီအစဉ်ဖြင့် လူငယ်များနှင့်ဆောင်ရွက်ခြင်း၊ မိတ်ဆွေသူငယ်ချင်း တစ်ဖွဲ့အား ပင်မသင်ခန်းစာအစီအစဉ်ရှိ စာအုပ်များကို လေ့လာဖို့ကူညီပေးခြင်း စသည့် အလုပ်များပင် ဖြစ်သည်။ ဤခရီးစဉ်တစ်လျှောက်လုံးတွင် ငယ်ငယ်၊ ကြီးကြီး အခြားသူများကိုလည်း ဝေမျှပေးမည့် ဘုရားသခင်၏ နှုတ်ကပါဋ်ဌတော်သည် မိမိတို့အတွက် ဆက်တိုက် စေ့ဆော်မှု၏ အရင်းခံဖြစ်လိမ့်မည်။

ထို့နောက် ကျွန်ုပ်တို့အနေနှင့် ၎င်း၏ စွမ်းအားနှင့် လူ့နှလုံးသားအပေါ် ၎င်း၏ သက်ရောက်မှုတို့ကို မကြာခဏ နှလုံးသွင်းကြမှသာလျှင်တည့်မတ်ပေလိမ့်မည်။ အောက်ပါကောက်နုတ်ချက်ထဲတွင် ဘဟာအွလ္လာဘုရားရှင်က ဤစွမ်းအားအကြောင်းကို မိန့်မှာထားသည်–

> **“ထာဝရဘုရားသခင်၏ နှုတ်ကပါဌ်တော်သည် လူသားတို့၏ နှလုံးသားများထဲတွင် အမြစ်တွယ်ခိုင်မာနေသည့် အပင်ငယ်တစ်ပင်နှင့် တူလေသည်။ ၎င်းအား အသိဉာဏ်ပညာ၏ အသက်ရေစင်များဖြင့်လည်းကောင်း၊ သန့်ရှင်းစင်ကြယ်၍ မြင့်မြတ်သော စကားလုံးများ၏ အသက်ရေစင်များအားဖြင့်လည်းကောင်း ကြီးထွားဖွံ့ဖြိုးရန်အတွက် ယင်းကို ပြုစုပျိုးထောင်ပေးရန် သင်တို့အား တာဝန်အပ်နှင်းထားပေ၏။ သို့မှသာ ယင်း၏ အမြစ်များသည် မြဲမြံစွာ စွဲမြဲ၍ ယင်း၏အကိုင်းအခက်များသည် ကောင်းကင်ဘုံများနှင့် ထို့ထက် မြင့်မားသထက် မြင့်မားစွာ ထိုးတက်ဝေဖြာသွားပေလိမ့်မည်။”[၁၀]**

၁။ ဘုရားသခင်၏ နှုတ်ကပါဌ်တော်ကို မည်သည့်အရာနှင့် နှိုင်းယှဉ်နိုင်ပါသနည်း။

________________________________________

________________________________________

၂။ ဘုရားသခင့် နှုတ်ကပါဌ်တော် အပင်၏ အမြစ်များသည် မည်သည့်နေရာတွင် တွယ်ထားပါသနည်း။

________________________________________

________________________________________

၃။ ဤအပင် ရှင်သန်ကြီးထွားအောင် မည်သို့ ကျွန်ုပ်တို့ ပြုစုပျိုးထောင်မည်နည်း။

________________________________________

________________________________________

၄။ ဤအပင်မှာ မည်သည့် အမြင့်များထက်ထိ ရှင်သန်ကြီးထွားနိုင်သနည်း။

________________________________________

________________________________________

၅။ ဘုရားသခင်၏ နှုတ်ကပါဌ်တော်ကို အခြားသူများအား ဝေမျှပေးခြင်းမှာ အဘယ့်ကြောင့် အရေးအကြီးဆုံးဖြစ်သည်ကို စာကြောင်းအနည်းငယ်ဖြင့် ရှင်းပြပါ။

________________________________________

________________________________________

________________________________________

________________________________________

________________________________________

## အခန်း (၆)

ကျွန်ုပ်တို့၏ နေ့စဉ်ဘဝများတွင် နေရာယူထားသည့် လုပ်ဆောင်ချက်မျိုးစုံကို စဉ်းစားကြည့်ပါစို့။ မိမိတို့၏ ခန္ဓာကိုယ်များကို အာဟာရဖြည့်သည်။ အသိပညာသစ်များ ရရှိရန်နှင့် မိမိတို့၏ စိတ်ပိုင်းဆိုင်ရာ စွမ်းရည်ကို ကျယ်ပြန့်စေရန် လေ့လာဆည်းပူးကြသည်။ လူမှုအသိုက်အဝန်းကို အကျိုးပြုသည့် အဖွဲ့ဝင်များ အဖြစ် ရှင်သန်နေထိုင်နိုင်စေရန် အလုပ်လုပ်ကြ၍ ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးအောင် လုပ်ကြသည်။ အားကစားနှင့် အပန်းဖြေမှုတို့ကိုလည်း လုပ်ကြသည်။ ဤသို့သော လုပ်ဆောင်ချက်များစွာဖြစ်သည့် မိမိတို့၏ အသိဉာဏ်တိုးတက်ရေးနှင့် ရုပ်ပိုင်း သာယာရေးတို့အတွက် အရေးကြီးသမျှအားလုံးက မိမိတို့ အချိန်ထဲမှ အပိုင်းများစွာကို ယူထားသည်။ သို့သော် တစ်နေ့စီတွင် မိမိတို့ ဆုတောင်းပတ္ထနာပြုချိန်၊ တစ်ဦးတည်းဖြစ်စေ အများနှင့်ဖြစ်စေ ထွတ်မြတ်သော တရားဒေသနာတော်များအပေါ် အသိနက်ရှိုင်းအောင် ဆောင်ရွက်ချိန် တို့သည် ဝိညာဏဓာတ်(spirituality)ဖြင့် အားသွင်းပေးသည့် အထူး အခိုက်အတန့်များ ဖြစ်ကြသည်။ သို့မဟုတ် မည်သည့် နည်းလမ်းဖြင့်ပင်ဖြစ်စေ မိမိတို့ ပတ်ဝန်းကျင်မှ လူများအား ဘဟာအွလ္လာဘုရားရှင့် ဖွင့်ပြတော်မူချက်၏ သမုဒ္ဒရာထဲတွင် ဖုံးကွယ်နေသည့် ပုလဲရတနာများကို ရှာဖွေတွေ့ရှိအောင် ကူညီပေးသည့် အချိန်အခါတို့ဖြစ်သည်။ ဤအချိန်အခါများမှာ တိုင်းတာမှုထက် ပိုပြီး တန်ဖိုးမရှိဘူးလား။ ဤကောင်းကင်ဘုံ ဆိုင်ရာ ကောင်းကျိုးမင်္ဂလာများကို ရယူနိုင်သည်ထက် ပိုပြီး ကြီးသည့် ပျော်ရွှင်မှုမှာ ရှိပါသေးသလား။

အဗ္ဒုလ်ဘဟာအရှင်မြတ်က လူ့လောက တိုးတက်မြင့်မားရေးအတွက် ကျွန်ုပ်တို့ကိုယ်တိုင်ကို ပုံအပ်ထားရန် မည်သို့ တိုက်တွန်းအားပေးခဲ့သည်ကို အမြဲသတိရသင့်သည်–

> **“ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏ ရည်ရွယ်တော်မူချက် တစ်ခုတည်းတွင် စည်းလုံးညီညွတ်ကြလျက် မည်သည့် ရုပ်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်မျှ မိမိတို့တွင် မရှိပေ။ ကျွန်ုပ်တို့၏ အထက်သန်ဆုံးသော စိတ်ဆန္ဒမှာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်ကို ကမ္ဘာတစ်လွှားတွင် ဖြန့်ကျဲပေးရန်ပင် ဖြစ်ပေသည်။”**[၁၁]

သင်တို့အနေဖြင့် အခန်း ၁ တွင် အလွတ်ကျက်မှတ်ခဲ့သော ကောက်နုတ်ချက်များထဲမှ တစ်ခုကို သူငယ်ချင်းတစ်ယောက်အား ဝေမျှပေးရန် အခွင့်အလမ်း ပေါ်လာသည်ဆိုပါစို့။ သင်တို့ နှလုံးသားထဲ ခံစားရသည့် ပျော်ရွှင်မှုမှာ မည်သည့်နေရာမှ လာပါသနည်း။ ပင်ကိုယ်အားဖြင့် သင်တို့၏ သူငယ်ချင်းသည် ဘဟာအွလ္လာဘုရားရှင့် မိန့်ခွန်းစကားများအားဖြင့် စိတ်အားတက်လိမ့်မည်ဟု မျှော်လင့်ထားသည်။ သို့သော် အကယ်၍ သူက မျှော်လင့်ထားသလို စိတ်အားထက်သန်မှုမပြပါက မည်သို့ ဖြစ်မည်နည်း။ သင်တို့၏ နှလုံးသားထဲက ပျော်ရွှင်မှုမှာ ရိုးရိုးပင် ပျောက်သွားသလား။ အဘယ့်ကြောင့် မဟုတ်သနည်း။

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

## အခန်း (၇)

ကျွန်ုပ်တို့ ဘဝများတွင် လုပ်သမျှအားလုံးထဲ၌ ဘုရားသခင်၏ နှုတ်ကပါဋ္ဌတော်ကို အခြားသူများအား ဝေမျှပေးရာတွင် အသုံးပြုသည့် အချိန်အခါများသည် ထူးခြားသည့် ကောင်းကျိုးမင်္ဂလာဖြင့် ချပေးထားသည်ဟု သဘောပေါက်ကြသည့်အခါ အသိသာဆုံးသော နိဂုံးဆွဲချက်ဖြစ်သည့် အမှုထမ်းရွက်ရာမှ ရရှိသည့် ပျော်ရွှင်မှုသည် အမှုထမ်းသည့် အလုပ်ထဲမှာပင် ရှိသည်ဆိုသည့်ဆီ ရောက်ရှိသည်။ မိမိတို့ ဆောင်ရွက်သော အမှုထမ်းအလုပ်များက ထိုက်တန်သည့် အကျိုးများရှိမည်မှာ မှန်သည်။ သို့သော် ကျွန်ုပ်တို့က ရလဒ်များကို တွယ်တာလွန်းပါက၊ ချီးကျူးခြင်း သို့မဟုတ် ဝေဖန်ခြင်းဖြင့် လွန်စွာ သက်ရောက်ပါက သင်ကြားဖြန့်ဝေရခြင်း၏ ပျော်ရွှင်မှုကို ဆုံးရှုံးလိမ့်မည်။ အမှုထမ်းရွက်ဖို့ စေ့ဆော်ပေးသည့် အရာမှာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာပင် ဖြစ်သင့်ပြီး အောင်မြင်မှုရရန်၊ အကျိုးကျေးဇူး ရရှိခံစားရန် သို့မဟုတ် အသိအမှတ်ပြုခံရရန်ဆိုသည့် ဆန္ဒဖြင့် မဟုတ်ပေ။ ဤအရာအားလုံးမှ သံယောဇဉ် ပြတ်ကင်းခြင်းမှာ ပျော်ရွှင်စွာ အမှုထမ်းရွက်ခြင်း၏ လိုအပ်ချက်တစ်ခုဖြစ်သည်။ အောက်ပါ ကောက်နုတ်ချက်များကို လေ့လာခြင်းဖြင့် ဤအကြောင်းအရာအပေါ် သင်တို့အား စဉ်းစားသုံးသပ်ရာတွင် အကူအညီဖြစ်စေလိမ့်မည်–

**“အို နှစ်မျိုးသော စက္ခုအာရုံ၏သား! တစ်ဖက်သော မျက်လုံးကို ပိတ်၍ အခြားတစ်ဖက် ကိုဖွင့်လော့၊ တစ်ဖက်သောမျက်လုံးကို ကမ္ဘာလောကနှင့် ၎င်းတွင်ရှိသမျှအရာတို့ကို မမြင်အောင်ပိတ်ထားလော့၊ အခြားတစ်ဖက်ကိုကား ချီးမြှင့်ထောမနာပြုခြင်းခံထိုက်သော ဘုရားသခင်၏ ကျက်သရေတော်ကို ရှုကြည့်ရန် ဖွင့်ထားလော့။”[၁၂]**

**“အို အဆွေတို့၊ သေပျောက်ရအံ့သော ကျက်သရေအစား အစဉ်တည်မြဲသော ကျက်သရေကို မစွန့်ပယ်လေနှင့်။ အနိစ္စမမြဲသော မြေမှုန့်ကမ္ဘာအားလည်း ချစ်ခင်တွယ်တာမှုများ မရှိလေနှင့်။”[၁၃]**

**“အို မိန့်မြွက်ခြင်း၏ သား! အသင်၏မျက်နှာကို ငါအရှင့်ဘက်သို့လှည့်လော့။ ငါအရှင်မှလွဲ၍ အားလုံးသောအရာတို့ကို စွန့်ပစ်လော့၊ အကြောင်းကားငါအရှင်၏ စိုးမိုးခြင်းအာဏာသည် ထာဝစဉ် ခိုင်မြဲ၏။ ငါအရှင်၏စိုးမိုးခြင်းသည် မပျက်မစီးနိုင် အကယ်၍ အသင်သည် ငါအရှင်မှတစ်ပါး အခြားတစ်ပါးသောသူအား ရှာဖွေဆည်းပူး လျှင်သော်လည်းကောင်း၊ အကယ်၍ အသင်သည် စကြာဝဠာ တစ်ခွင်တွင် ထာဝစဉ်ရှာဖွေသော်ငြားလည်း အသင်၏ရှာဖွေမှုသည် အချီးနှီး ဖြစ်ရလတ္တံ့။”[၁၄]**

**“အို အဆွေခင်ပွန်းအဖြစ် သဘောထားခံရသူ သူစိမ်း! အသင့်စိတ်နှလုံး၏ ဖယောင်းတိုင်ကို ငါအရှင့် တန်ခိုးတော်လက်ဖြင့် ထွန်းညှိထား၏။ အတ္တနှင့်တဏှာ၏ ဆန့်ကျင်ဘက်လေကြမ်းတို့ဖြင့် ၎င်းအား ငြိမ်းသတ်ခြင်း မပြုလေနှင့်၊ အသင့် ရောဂါဘယအားလုံးကို ကုသသူကား ငါအရှင့်အား အမှတ်ရ တသခြင်းဖြစ်သည်ကို မမေ့လေနှင့်။ ငါအရှင့်မေတ္တာကို အဖိုးထိုက်ရတနာပမာ အမြတ်တနိုးပြုလော့၊ ၎င်းကို အသင့်စက္ခုအာရုံနှင့် အသက်ပမာ နှလုံးသွင်းလော့။”[၁၅]**

**“သံယောဇဉ်ပြတ်ကင်းခြင်းသည် နေကဲ့သို့ဖြစ်၏။ ၎င်းသည် မည်သည့်နှလုံးသား၌ပင် ထွန်းလင်း တောက်ပသည်ဖြစ်စေ၊ အတ္တနှင့် လိုချင်တပ်မက်ခြင်း၏မီးကို ငြိမ်းသတ် ပေးလေသည်။ သိနားလည်ခြင်းအလင်းဖြင့် ထွန်းတောက်နေသော အမြင်ရှိသူသည် သူ့ကိုယ်သူ ကမ္ဘာလောကနှင့်**

**ၝင်းအတွင်းရှိ အချည်းအနှီးအရာတို့မှ အသေအချာပင် ပြတ်ကင်းပေလိမ့်မည်။ . . . ကမ္ဘာလောကနှင့် ၎င်း၏ အချည်းအနှီးအရာများက သင့်အား ပူဆွေးဝမ်းမနည်းပါစေနှင့်။ ပျော်ရွှင်ချမ်းမြေ့သူကား ချမ်းသာကြွယ်ဝသည့်အခါ မောက်မာ မဝါကြွားဘဲ ဆင်းရဲနွမ်းပါးသည့်အခါတွင်လည်း ပူဆွေး ဝမ်းမနည်းသူပင် ဖြစ်ပေ၏။”[၁၆]**

၁ ။ ဤလောကမှ သံယောဇဉ်ပြတ်ကင်းခြင်းဆိုသည်မှာ ရသေ့တစ်ပါးကဲ့သို့ ကျင့်ကြံခြင်းကို ဆိုလို ပါသလား။

____________________________________________________________________________

၂ ။ ပစ္စည်းဥစ္စာများကို ပိုင်ဆိုင်ခြင်းနှင့် ဤလောကမှ သံယောဇဉ်ပြတ်ကင်းခြင်းတို့မှာ တစ်ချိန်တည်း ဖြစ်နိုင်ပါသလား။

____________________________________________________________________________

၃ ။ သူ့အလုပ်ကို ဘဝတစ်လျှောက်လုံး နာရီမလပ် လက်တွေ့ကျကျ လုပ်နေသူသည် ဤလောက အရာများမှ ပြတ်ကင်းသောသူ ဖြစ်ပါသလား။

____________________________________________________________________________

၄ ။ သူ၏ အခြေခံလိုအပ်ချက်များ လုံလောက်ရုံသာ အလုပ်လုပ်ပြီး၊ ကျန်သည့် အချိန်များတွင် ဘာမျှ မလုပ်ဘဲနေသူမှာ ဤလောကမှ သံယောဇဉ်ပြတ်ကင်းသူ ဖြစ်ပါသလား။

____________________________________________________________________________

၅ ။ အမှုထမ်းနယ်ပယ်တွင် ရုပ်ပိုင်း သက်သောင့်သက်သာ မရှိမှုကို သည်းညည်းမခံနိုင်သည့် လူတစ်ယောက်သည် ဤလောကမှ ပြတ်ကင်းပါသလား။

____________________________________________________________________________

၆ ။ ရုပ်ပစ္စည်းပိုင်ဆိုင်မှုများအပြင် ကျွန်ုပ်တို့ တွယ်တာနိုင်သည့် အရာများစွာရှိသည်။ အောက်ပါ အခြေအနေတို့တွင် သင်သည် မည်သည့်အရာကို တွယ်တာသူ ဖြစ်မည်နည်း။ အကယ်၍ သင်သည် –

— အမှုထမ်း အလုပ်တစ်ခုကိုလုပ်ရာတွင် ၎င်းကို မည်သူကမျှ အသိအမှတ်မပြုသည့်အခါ လက်လျှော့ချင်လျှင်။ __________________________________________________

— မိမိ ဝေမျှပေးသည့် အယူအဆများကို တစ်ယောက်ယောက်က လက်မခံသည့်အခါ စိတ်ခုတ် ကျလျှင်။ ____________________________________________________________

— အခြားသူများက ငြင်းပယ်မှာကို ကြောက်၍ မိမိ၏ ယုံကြည်မှုများကို ဖုံးဖိထားလျှင်။

______________________________________________________________________

၇ ။ သံယောဇဉ်ပြတ်ကင်းခြင်းဆိုသည်မှာ တသီးတခြားနေခြင်း သို့မဟုတ် ဂရုစိုက်မှု လျော့နည်းခြင်းဟု မသက်ရောက်ပေ။ အောက်ပါတို့အနက် မည်သည်တို့က သံယောဇဉ် မပြတ်ကင်းသည့် လက္ခဏာ ဖြစ်ပါသနည်း။

____ အခြားသူများ၏ တိုးတက်မှုကို မြင်ရခြင်းမှ ပျော်ရွှင်မှု ရလာသည်

____ ကလေးအနည်းငယ်က အပြုအမူဆိုးသည့်အခါ ကလေးသင်တန်းသင်ကြားမှုကို ရပ်တန့်သည်

____ မိမိ၏ အောင်မြင်မှုများကို ကြွားလုံးထုတ်သည်

____ ကြိုးကြိုးစားစား လေ့လာ၍ မိမိ ရလာသည့် တိုးတက်မှုကို ရောင့်ရဲကျေနပ်သည်

____ အများကောင်းစားရေးအတွက် အမှုထမ်းရွက်ပေးရန် မိမိ၏ စွမ်းရည်ကို ဖွံ့ဖြိုးစေဖို့ ကြိုးစားပမ်းစားလုပ်သည်

____ မိမိ၏ အလုပ်အကိုင်တွင် အကောင်းတကာ့ အကောင်းဆုံးဖြစ်အောင် ကြိုးစားသည်

____ သန့်ရှင်းမှုရှိအောင် အလေ့အထလုပ်၍ သန့်ရှင်းသပ်ရပ်သည့် နေအိမ်ဖြစ်အောင် လုပ်သည်

____ မိမိ၏ ပိုင်ဆိုင်မှုများကို ဂရုစိုက်သည်

____ အခြားသူများ၏ သာယာချမ်းမြေ့ရေးကို ဂရုစိုက်သည်

____ မိမိ၏ အားထုတ်မှုများအတွက် ချီးကျူးမခံရသည့်အခါ စိတ်ပျက်သည်

၈။ သံယောဇဉ်ပြတ်ကင်းမှုမှာ ကျွန်ုပ်တို့ တစ်ဦးစီအတွက် အရေးကြီးသောကြောင့် ဤအခန်းရှိ ကောက်နုတ်ချက်များအားလုံးကို အလွတ်ကျက်မှတ်ရန် အကြံပြုပါသည်။

## အခန်း (၈)

လူ့လောကကို အမှုထမ်းရွက်ရာတွင် ပျော်ရွှင်ဝမ်းမြောက်ဖွယ် ဘဝရှင်သန်မှု၏ ပေးသနားမှုကို ရရှိရန် ကျွန်ုပ်တို့ အားထုတ်ကြိုးပမ်းလိုစိတ် ရှိရမည်ဖြစ်ပြီး မိမိတို့ ကြိုးပမ်းမှုများမှာလည်း စွန့်လွှတ်မှု ဒီဂရီ အတိုင်းအတာကို လိုအပ်နိုင်သည်။ မိမိတို့၏ နေ့စဉ်ဘဝများတွင် "စွန့်လွှတ်မှု"ဆိုသည့် စကားလုံးကို မကြာခဏ အသုံးပြုကြသည်။ သူငယ်ချင်းတစ်ယောက် မနက်စောစောတွင် ခရီးမှ ပြန်ရောက်ပါက သူ့ကို သွားကြိုဖို့ အိပ်ယာမှ စောစောထရနိုင်သည်။ ထို့ကြောင့် အိပ်ချိန်နာရီအနည်းအကျဉ်းကို စွန့်လွှတ်လိုက်သည်ဟု ပြောကြသည်။ ကျွန်ုပ်တို့ ချစ်ခင်ရသူ တစ်ယောက်ယောက် ဖြစ်သည်ဆိုလျှင် သူ့ကို စောင့်ရှောက်ဖို့ မိမိတို့ နှစ်သက်သည့် အနားယူချိန် အနည်းငယ်ကို စွန့်ရသည်။ မိမိတို့ ဘဝတွင် အလုပ်ကို အလွန်တပင်တပန်း လုပ်ရသည့်အခါ ရည်မှန်းချက် ပေါက်ရောက်ဖို့ သက်သောင့်သက်သာရှိမှုကို စွန့်လွှတ်နေကြသည်ဟု ထင်ကြသည်။

ကျွန်ုပ်တို့၏ အချိန်၊ စွမ်းအင်နှင့် ဖြစ်နိုင်သမျှ အတိုင်းအတာအထိ မိမိတို့၏ ရုပ်ပစ္စည်းရင်းမြစ်များ ထဲမှ တစ်စိတ်တစ်ပိုင်းကို ရက်ရက်ရောရောပေးအပ်၍ အကြောင်းရင်းတော်ကို အမှုထမ်းရွက်လိုသည့် အကြီးမားဆုံးဆန္ဒမှာ အားလုံးတွင်ရှိကြသည်။ ထိုသို့ လုပ်သည့်အခါ အမှုထမ်းလမ်းကြောင်းပေါ်တွင် ဤကမ္ဘာလောက၏ အရာများကို ပေးအပ်ရနိုင်သည်။ သို့သော် မိမိတို့ ရရှိသည့်အရာမှာ ဝိညာဏပိုင်း ကြီးထွားဖွံ့ဖြိုးလာသဖြင့် စစ်မှန်သည့် ပျော်ရွှင်မှုဖြစ်သည်ကို သတိရသင့်သည်။ စွန့်လွှတ်မှု၏ သဘော သဘာဝကို အနာဂတ်သင်ခန်းစာများတွင် ပို၍ စဉ်းစားသုံးသပ်ခွင့် ရလာကြလိမ့်မည်။ အစကတည်းက အသိအမှတ် ပြုထားသင့်သည်မှာ သစ်စေ့သည် သစ်တစ်ပင်အဖြစ် ပေါက်လာရန် သူ့ကိုယ်သူ စွန့်လွှတ် သကဲ့သို့ပင် စွန့်လွှတ်မှုသည် မြင့်မားသည့်အရာအတွက် နိမ့်ကျသည့်အရာကို စွန့်ပယ်မှု ပါဝင်သည်။

စွန့်လွှတ်မှုသည် ပျော်ရွှင်မှုကို ယူဆောင်လာသူ ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့က စွဲစွဲမြဲမြဲ ကြိုးစားအားထုတ်ချင်စိတ် မရှိလျှင် ဤပျော်ရွှင်မှုမှာ ကျွန်ုပ်တို့ အရာမဟုတ်ပေ။

ဘဟာအွလ္လာဘုရားရှင်က ဖော်ပြထားသည်မှာ –

**“ကျွန်ုပ်တို့သည် ဘုရားရှင်အား ရှာဖွေကြမည်ဆိုပါက (ကြိုးပမ်းမှု)လုပ်အား လိုပေသည်။ အရှင်နှင့် ပြန်လည်ပေါင်းစည်းခြင်း၏ ပျားရည်ကို သောက်သုံးလိုပါက စိတ်ဇောအဟုန် လိုအပ်ပေသည်။ အကယ်၍ ဤခွက်ဖလား၏ အရသာကို သောက်သုံးမိကြပါက ကျွန်ုပ်တို့သည် ကမ္ဘာလောကကို စွန့်ပစ်ကြကုန်အံ့။”**[၁၇]

အဗ္ဗဒွလ်ဘဟာအရှင် အကြံပြုထားသည်မှာ –

**“ . . . အသင်တို့ အနားမယူကြလေနှင့်၊ စိတ်အေးလက်အေးဖြင့် ငြိမ်သက်နေခြင်းမျိုးကိုလည်း မရှာဖွေလေနှင့်၊ ဤတိုတောင်းလှသော ကမ္ဘာလောက၏ စည်းစိမ်များကို သင်တို့ကိုယ်တိုင် တွယ်တာတပ်မက်ခြင်း မရှိလေနှင့်။ တွယ်တာတပ်မက်မှုအပေါင်းမှ ကင်းလွတ်ကြကုန်လော့။ ထာဝရဘုရားသခင်၏ နိုင်ငံတော်တွင် အခြေချနိုင်ရန် ကိုယ်ရောစိတ်ပါ ကြိုးပမ်းအားထုတ်ကြလော့။ ကောင်းကင်ဘုံဆိုင်ရာ ရတနာများကို အသင်တို့ ရယူကြကုန်လော့။ တစ်နေ့ထက်တစ်နေ့ အသင့်ကိုယ်ကို ပို၍လင်းဝင်းထွန်း တောက်လာပါစေ။ တစ်ဆူတစ်ပါးတည်းဖြစ်တော်မူသော အရှင်၏ တံခါးဝခြေနင်းခုံနှင့် နီးကပ်သထက် နီးကပ်စေရန် သင်တို့ ကြိုးပမ်းအားထုတ်ကြလော့”**[၁၈]

မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စေရန်အတွက် အားစိုက်၍ ကြိုးစားအားထုတ်ရမည်ကို အားလုံးက ယုံကြည်လက်ခံထားသည်။ သို့သော် ဤရိုးရှင်းသည့် ယုံကြည်မှုတွင် လက်တွေ့အားဖြင့် မမေ့သင့်သည့် အကျိုးဝင်မှုအချို့ ရှိသေးသည်။ တစ်ခုမှာ လိုအပ်သည့် စွမ်းအင်ပမာဏနှင့် လုပ်ရသည့် ပန်းတိုင် သို့မဟုတ် တာဝန်၏ ခက်ခဲမှုအဆင့်တို့ အကြားတွင် ဆက်စပ်မှုရှိသည်ကို သတိရဖို့ လိုသည်။ အကယ်၍ ကျွန်ုပ်တို့က နည်းနည်းလုပ်ရုံဖြင့် ၎င်းကို အောင်မြင်နိုင်သည်ဟု ထင်လျှင် ကိုယ့်ကိုယ်ကို လှည့်ဖျားနေကြသည်။ သို့သော်လည်း ကြိုးစားအားထုတ်သည့် အတိုင်းအတာမှာ ထည့်သွင်းစဉ်းစားရသည့် အကြောင်းအချက်မျှသာ မဟုတ်သေးပေ။ ထို့ပြင် စွဲစွဲမြဲမြဲရှိမှု(consistency)နှင့် ဇွဲရှိမှု(perseverance)တို့ လိုအပ်သည်။ အာရုံစိုက်မှုလည်း လိုအပ်သည်။ တာဝန်များကို ပြီးပြတ်အောင်လုပ်သည့် အလေ့အကျင့်၊ တစ်ခုမှ နောက်တစ်ခုကို ခုန်ကျော်၍ လုပ်လက်စကို မပြီးမပြတ် မထားခဲ့ခြင်းတို့မှာလည်း မဖြစ်မနေ လိုအပ်သည်။ စိတ်မပါ့တပါ အားထုတ်မှုများက အကျိုးရလဒ် မထွက်ပေ။ ကလေးများ၏ ဝိညာဏပညာရေးအတွက်လုပ်သည့် အပတ်စဉ်သင်တန်းကို စဉ်းစားကြည့်ပါ။ ဆရာဖြစ်သူက သင်တန်းအတွက် ကြိုတင်ပြင်ဆင်ဖို့ အချိန်နာရီအချို့ ပေးရပြီး ကလေးများအား သင်ခန်းစာပါ အကြောင်းအရာကို နားလည်မှုရအောင် ကူညီပေးဖို့ တစ်ချိန်လုံး အပြည့်အဝ ဆက်တိုက် အာရုံစိုက်ပေးထား၍ ကလေးငယ်များ၏ မိဘများဆီ ပုံမှန်လည်ပတ်ရင်း သီတင်းပတ်တစ်ခုပြီးတစ်ခုတွင် သူတို့တစ်ဦးစီ၏ တိုးတက်မှုကို လိုက်ကြသည်။ အကယ်၍ ဆရာက ရံဖန်ရံခါသာ ကြိုတင်ပြင်ဆင်ပြီး ပင်ပန်းလာသည့်အခါ သင်တန်းချိန်ကို စောစောနှင့် ရုတ်တရက် သိမ်း၍ ကလေးတစ်ဦးစီအကြောင်း စဉ်းစားပြီး သူ၏ တိုးတက်မှုကို မိဘများနှင့် ဆွေးနွေးဖို့ လိုအပ်သည့် အချိန်ကို မယူဘူးဆိုလျှင် ထိုသင်တန်း၏ ကံကြမ္မာ(အခြေအနေ)က မည်သို့ ဖြစ်သနည်း။ ဆရာက တစ်နေရာမှ လာလည်သည့် သူငယ်ချင်းတစ်ယောက်နှင့် အတူရှိနေရသကဲ့သို့ အခြား တာဝန်ဝတ္တရားအချို့ကို လုပ်ချင်သည့်အခါတိုင်း သင်တန်းကို ရိုးရိုး ဖျက်လိုက်လျှင် မည်သို့ ဖြစ်သနည်း။

ဤမှတ်ချက်အနည်းစုသည် ကျွန်ုပ်တို့ ဆောင်ရွက်သည့် အားထုတ်မှုတိုင်းက တောင်းဆိုသည့် အားထုတ်မှု ပမာဏနှင့် အားထုတ်မှု အရည်အသွေးဆိုသည့် နှစ်မျိုးစလုံးအပေါ် အာရုံစိုက်ထားရမည်ကို သဘောပေါက်စေရန်ဖြစ်သည်။ ဤအချက်က မိမိတို့လုပ်သည့် အမှုထမ်းအလုပ်များအတွက်သာ မှန်ကန်ရုံ မဟုတ်ပေ။ ကျွန်ုပ်တို့ကိုယ်တိုင်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလားတူ အကျိုးဝင်သည်။ ဤအတွဲ၏ ပထမစာအုပ်တွင် စဉ်းစားခဲ့သော ပုံမှန် ဆုတောင်းပတ္ထနာပြုရန်၊ ကျွန်မ်းဓမ္မခန်များကို နေ့စဉ် ဖတ်ရှုရန်၊ မိမိတို့ ဘဝများကို တရားဒေသနာတော်များနှင့် မည်သို့ အံဝင်ခွင်ကျဖြစ်ရမည်ကို စဉ်းစားရန်၊ စုပေါင်းဆုတောင်းပွဲ များတွင် အားတက်သရောပါဝင်ကြရန် စသည့် ဝိညာဏအလေ့အကျင့်များသည်ပင် အဆက်မပြတ် ကြိုးစား အားထုတ်မှုအပေါ်တွင် မူတည်သည်။ အောက်ပါတို့မှာ ကြိုးစားအားထုတ်မှုနှင့်ဆိုင်သည့် ဖော်ပြချက်များ ဖြစ်သည်။ မည်သည်တို့မှာ မှန်သည်ကို ဆုံးဖြတ်ခြင်းဖြင့် ဤကိစ္စရပ်အပေါ် ထပ်ဆင့်စဉ်းစားသုံးသပ်ရာတွင် သင်တို့အား အကူအညီဖြစ်စေပါလိမ့်မည်။

____ သင်က စမတ်ကျလျှင် ပင်ပင်ပန်းပန်း အလုပ်လုပ်ဖို့ မလိုပါ။

____ ဘာလို့ အရှည်ကြီး သွားနေမှာလဲ။ ဖြတ်လမ်းကို အမြဲကြည့်ပါ။

____ အနာမခံတော့ အသာမစံရဘူးပေါ့။

____ ကြီးကြီးမားမား စိတ်ကူးစမ်းပါ၊ မင့် ဆန္ဒတွေ ဖြစ်လာလိမ့်မယ်။

____ ဆုက ကြီးလေ အားထုတ်ရတာ ကြီးလေပဲ။

____ အားထုတ်ရတာ များလေ ဆုလာဘ်က ပိုချိုလေပါ။

____ တကယ်လို့ ပထမအကြိမ် မအောင်မြင်ဘူးဆိုရင် ထပ်ခါ ထပ်ခါ ကြိုးစားစမ်းပါ။

____ ကိုယ့်အတွက် လုပ်ပေးမဲ့ အခြားသူတွေ ရနိုင်တာကို ဘာကြောင့် အလုပ်လုပ်နေမှာလဲ။

____ အဲဒါက အရမ်း အားထုတ်ရတယ်ဆိုရင်တော့ အဓိပ္ပါယ်တော့ မရှိဘူး။

____ မကြာမကြာ စွဲစွဲမြဲမြဲနဲ့ လုပ်တဲ့ ခြေလှမ်းလေးတွေနဲ့ ခရီးရှည် သွားနိုင်တာပါ။

____ လွယ်လွယ်ကူကူနဲ့ရတာ ဘယ်ဟာမှ တန်ဖိုးမရှိဘူး။

____ အကောင်းတကာ့ အကောင်းဆုံးဖြစ်ဖို့ဆိုတာ စိတ်နှစ်ကိုယ်နှစ်လုပ်ဖို့ တောင်းဆိုထားတာ။

____ မိုင်ထောင်ချီတဲ့ ခရီးရှည်က ခြေတစ်လှမ်းနဲ့ စတာပါ။

____ ရရုံလေးကတော့ သိပ်မကောင်းလှဘူး။

____ ဖြစ်လာအောင် စောင့်မနေနဲ့။ ဖြစ်အောင်သာ လုပ်လိုက်ပါ။

____ အောင်မြင်မှုဆိုတာ ကံတရားပါ။

____ ဒို့ရဲ့ ရည်ရွယ်ချက်နှစ်မျိုးကို မျက်လှည့်ဆန်ဆန်နဲ့ မအောင်မြင်နိုင်ဘူး။

____ ဒို့တွေ ကိုယ့်ကိုယ်ကို နေ့စဉ်နေ့တိုင်း စစ်ဆေးရမယ်။

ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်၏ ဝိညာဏပိုင်းနှင့် အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်ရန်နှင့် လူမှုအသိုက်အဝန်း အသွင်ပြောင်းလဲရေးအတွက် လုပ်ဆောင်ပေးရန် အားထုတ်ကြိုးပမ်းလျက် အမှုထမ်းလမ်းကြောင်းကို လျှောက်ကြသည်။ ဤရည်ရွယ်ချက်နှစ်မျိုးကို ဆောင်ရွက်ခြင်းက မိမိတို့ဘက်တွင် အားထုတ်မှု အမြောက်အမြားကို တောင်းဆိုထားသည်မှာ ရှင်းသည်။ ဘဟာအွလ္လာဘုရားရှင်က မိန့်မြွက်ထားသည်မှာ–

**"နိုင်းယှဉ်ဘက်ကင်းတော်မူသော ဖြစ်တည်ပေးသူဘုရားရှင်သည် လူသားတို့ကို တစ်မျိုးတစ်စား တည်းသောအရာမှ ဖြစ်တည်ပေးခဲ့ပေ၏။ လူအားလုံးတို့၏ အစစ်အမှန်ကို ဖြစ်တည်ထားသမျှ အရာအားလုံးတို့၏ အထက်တွင် မြှင့်တင်ပေးထားပေ၏။ သို့ဖြစ်သောကြောင့် အောင်မြင်မှု သို့မဟုတ် ရှုံးနိမ့်မှုဖြစ်စေ၊ ရရှိပိုင်ဆိုင်မှု သို့မဟုတ် ဆုံးရှုံးမှုဖြစ်စေ ၎င်းတို့သည်ကား သူကိုယ်တိုင်၏ ကြိုးစားအားထုတ်မှုအပေါ်တွင် တည်မှီနေပေတော့၏။ သူသည် ပို၍ ကြိုးစားအားထုတ်လေလေ သူ၏ တိုးတက်မှုသည်လည်း ပို၍ ကြီးမားလေလေဖြစ်ပေအံ့။"[၁၉]**

အထက်ပါ စာပိုဒ်ကို အလွတ်မကျက်မှတ်ရသေးလျှင် သင်တို့ အလွတ်ကျက်မှတ်ချင်ပါလိမ့်မည်။

## အခန်း ၉

အမှုထမ်းရွက်ရာမှနေ၍ ပျော်ရွှင်မှုရနိုင်ရန်အတွက် ကျွန်ုပ်တို့တွင် အချို့သောစိတ်နေစိတ်ထားများကို ပျိုးထောင်ထားသင့်သည်။ ဥပမာ ဘုရားသခင်က ကျွန်ုပ်တို့အပေါ် ချပေးထားသော အမှုထမ်းရွက်ခြင်း ဆိုသည့် ပေးသနားမှုအတွက် ကျေးဇူးတင်ကြရမည်။ အရှင်၏ အကြောင်းအရင်းတော်ကို အမှုထမ်းရွက် သည့်အခါ ဘုရားသခင်အတွက် အလုပ်အကျွေးပြုနေသည်ဟု စဉ်းစားရန်မှာ မဆီလျော်ပေ။ အဆိုးမြင်စိတ်ကို ဖယ်ရှားရန် သင်ယူ၍ ကမ္ဘာလောကအပေါ် အကောင်းမြင်သည့်အမြင်ဖြင့် ဘဝကို ချဉ်းကပ်နေထိုင်ရမည်။ အမှုထမ်းလမ်းကြောင်းပေါ်ရှိ အတားအဆီးများကို ထပ်ဆင့်တိုးတက်မှုအတွက် လှေကားထစ်များအဖြစ် ပြောင်းပစ်နိုင်သည်။ အခက်အခဲများကြားမှာပင် အနာဂတ်ဆီ ယုံကြည်ခြင်း၏ မျက်လုံးများဖြင့် ကျွန်ုပ်တို့ ကြည့်ရှုကြသည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ အောက်ပါ စကားလုံးများက မိမိတို့၏ ကြိုးစားအားထုတ်မှု များကို ပုံဖော်ထားသင့်သည့် မျှော်လင့်ချက်နှင့် အကောင်းမြင်စိတ်တို့ကို ညွှန်ပြထားသည်–

**"အစကနဦးတွင် သစ်စေ့သည် မည်မျှသေးပါဘိသနည်း။ သို့ငြားလည်း အဆုံးတွင် ယင်းမှာ ကြီးမားလှသည့် သစ်ပင်ဖြစ်လာ၏။ သစ်စေ့အပေါ်တွင် အသင်တို့ မကြည့်ကြကုန်လင့်။ သစ်ပင်ကို ကြည့်ကြပါကုန်၊ ယင်း၏ အဖူးအပွင့်၊ အရွက်အခက်နှင့် အသီးအနှံတို့ကို ကြည့်ရှုကြပါကုန်။"[၂၀]**

**"ထို့နောက် ဤသေးငယ်လှသော သစ်စေ့၏ အရေးပါသည့် ထူးခြားချက်ကို သိရှိလော့။ ၎င်းမှာ စစ်မှန်သော မျိုးစေ့ပျိုးသူ(ဘုရားရှင်)သည် အရှင့် သနားကရုဏာလက်များဖြင့် ဘုရားရှင်၏ ထွန်ယက်ထားသော လယ်ကွင်းများထဲတွင် စိုက်ပျိုး၍ ပေးအပ်မှုများနှင့် အမအစများ၏ မိုးရေတို့ဖြင့် ရေလောင်းပေးပြီး ယခုတွင်မူ အမှန်တရား(သစ္စာဓမ္မ)နေမင်း၏ အပူနှင့် အလင်းဓာတ်တို့ဖြင့် ပြုစုပျိုးထောင်ပေးလျက် ရှိချေတော့၏။"[၂၁]**

**"သစ်တစ်ပင်သည် ကြီးထွားရှင်သန်၍ ဖွံ့ဖြိုးလျက်ရှိသည်ကို အသင် မြင်ရချိန်တွင် ယင်း၏ ရလဒ်ကို မျှော်လင့်ချက်ရှိပါလေ။ ယင်းသည် အဆုံးတွင် အဖူးအပွင့်တို့ ဝေဆာ၍ အသီးတို့ လှိုင်ပေလိမ့်မည်။**

ခြောက်သွေ့သော သစ်တော သို့မဟုတ် ပင်အိုများကို မြင်ရလျှင် မည်သည့် အသီးအနှံကိုမျှ မျှော်လင့်၍ မရတော့ပေ။”[၂၂]

“သို့ဖြစ်သောကြောင့် ဘုရားသခင်၏ အချစ်တော်သားတို့သည် သူတို့ လုံ့လထုတ်ကြိုးပမ်းမှုများ၏ ရေတို့ဖြင့် ဤမျှော်လင့်ခြင်းဟူသည့် သစ်ပင်ကို တပင်တပန်း(ဝါယမစိုက်လျက်) ဂရုတစိုက်ရှိ၍၊ မြေဆီမြေဩဇာဖြည့်ပေးပြီး ပြုစုပျိုးထောင်ပေးကြရမည်။”[၂၃]

**“နှလုံးသားသည် ဘုရားသခင် ချပေးထားသော ကောင်းချီးမင်္ဂလာများမှ ကျောခိုင်းသွားလျှင် ၎င်းသည် ပျော်ရွှင်မှုကို မည်ကဲ့သို့ မျှော်လင့်နိုင်ပါအံ့နည်း။ ၎င်း၏ မျှော်လင့်ချက်နှင့် ယုံကြည်စိတ်ချမှုတို့ကို ဘုရားသခင်၏ သနားကရုဏာတော်ထဲတွင် မထားရှိပါက မည်သည့်နေရာ၌ အေးချမ်းမှုကို ရနိုင်ပါအံ့နည်း။”[၂၄]**

အထက်ပါ စာပိုဒ်များကို စဉ်းစားသုံးသပ်ရန် အောက်ပါ စာကြောင်းများကို ကွက်လပ်ဖြည့်ပါ။

၁ ။ အစကနဦးတွင် သစ်စေ့သည် မည်မျှသေးပါဘိသနည်း။ သို့ငြားလည်း အဆုံးတွင် ________________
________________________________________________________________________ ။

၂ ။ သစ်စေ့အပေါ်တွင် အသင်တို့ မကြည့်ကြကုန်လင့်။ ________________________________
____________________________________________________ ကြည့်ရှုကြပါကုန်။

၃ ။ ထို့နောက် ဤသေးငယ်လှသော သစ်စေ့၏ အရေးပါသည့် ထူးခြားချက်ကို ကျွန်ုပ်တို့ အသိအမှတ်ပြုသင့်သည်မှာ၊ ၎င်းမှာ စစ်မှန်သော မျိုးစေ့ပျိုးသူ(ဘုရားရှင်)သည် အရှင့် သနားကရုဏာလက်များဖြင့်
________________________________________________________________________
________________________________________________________________________
________________________________________________________________________
____________________________________________ ရှိချေတော့၏။

၄ ။ သစ်တစ်ပင်သည် ကြီးထွားရှင်သန်၍ ဖွံ့ဖြိုးလျက်ရှိသည်ကို ကျွန်ုပ်တို့ မြင်ရချိန်တွင် ကျွန်ုပ်တို့သည် ____________________________________________ ရှိသင့်သည်။

၅ ။ သစ်တစ်ပင်သည် ကြီးထွားရှင်သန်၍ ဖွံ့ဖြိုးလျက်ရှိသည်ကို ကျွန်ုပ်တို့ မြင်ရချိန်တွင် ကျွန်ုပ်တို့သည် ယင်း၏ရလဒ်ကို မျှော်လင့်ချက်ရှိသင့်ပြီး ယင်းသည် ________________________________
____________________________________________ လိမ့်မည်။

၆ ။ ကျွန်ုပ်တို့၏ **လုံ့လထုတ်ကြိုးပမ်းမှု ရေတို့ဖြင့်** ကျွန်ုပ်တို့သည် ____________________________
________________________________________________________ သင့်ကြပေသည်။

၇ ။ **နှလုံးသားသည် ဘုရားသခင်ချပေးထားသော ကောင်းချီးမင်္ဂလာများမှ ကျောခိုင်းသွားလျှင် ၎င်းသည် ____________________________________________________________ အံ့နည်း။**

၈ ။ နှလုံးသားသည် ၎င်း၏မျှော်လင့်ချက်နှင့် ယုံကြည်စိတ်ချမှုတို့ကို ဘုရားသခင်၏ သနားကရုဏာတော်ထဲတွင် မထားရှိပါက ________________________________________ အံ့နည်း။

ယခု ခေတ္တ သုံးသပ်ပါ– နှိမ့်ချထားသည့် ကျေးဇူးတင်စိတ်ဖြင့် ပေါင်းစပ်ထားသည့် ကျွန်ုပ်တို့၏ ပျော်ရွှင်၍ မျှော်လင့်ချက်ရှိသည့် စိတ်ဓာတ်က အခြားသူများကို ပျော်ရွှင်စေသည့် ရင်းမြစ်တစ်ခု ဖြစ်သည်ကို သင်တို့ သဘောတူပါသလား။ ထို့ပြင် အကြောင်းရင်းတော်ကို အမှုထမ်းရွက်ရန် နိုးထကြသည့်အခါ ကျွန်ုပ်တို့သည် လူ့သားတို့ကို ပေါင်းစည်းမည့် နေ့ရက်တော်၊ နေ့သစ်တော်၏ အရုဏ်ဦးဆိုင်ရာ ဝမ်းမြောက်ဘွယ် သတင်းစကားများကို သယ်ဆောင်ကြသည်ဟု စိတ်ထဲ အမြဲမှတ်ထားကြပါစို့။ ဘဟာအွလ္လာဘုရားရှင်၏ ဩဝါဒစကားများက ကျွန်ုပ်တို့၏ နှလုံးသားများထဲတွင် ပဲ့တင်ထပ်နိုင်ပါစေ–

**“လက်တွေ့ဆောင်ရွက်သူတို့ကား ပျော်ရွှင်ချမ်းမြေ့၏။ သိနားလည်ကြသူတို့ကား ပျော်ရွှင်ချမ်းမြေ့၏။ အမှန်တရားကို ဖက်တွယ်ထားလျက် ကောင်းကင်ဘုံများနှင့် ကမ္ဘာမြေပေါ်ရှိ အရာခပ်သိမ်းကုန်တို့မှ သံယောဇဉ်ပြတ်ကင်းသူကား ပျော်ရွှင်ချမ်းမြေ့၏။”**[၂၅]

## REFERENCES


1. *Gleanings from the Writings of Bahá'u'lláh* (Wilmette: Bahá'í Publishing Trust, 1983, 2017 printing), CLIII, par. 5, p. 369.
2. Ibid., CXXXII, par. 3, p. 326.
3. Bahá'u'lláh, *The Hidden Words* (Wilmette: Bahá'í Publishing Trust, 2003, 2012 printing), Arabic no. 2, p. 3.
4. *Gleanings from the Writings of Bahá'u'lláh*, CVI, par. 1, p. 241.
5. Ibid., CIX, par. 2, p. 243.
6. Bahá'u'lláh, in *Women: Extracts from the Writings of Bahá'u'lláh, 'Abdu'l-Bahá, Shoghi Effendi and the Universal House of Justice*, compiled by the Research Department of the Universal House of Justice (Wilmette: Bahá'í Publishing Trust, 1986, 1997 printing), no. 53, p. 26.
7. *The Hidden Words,* Arabic no. 11, p. 6.
8. *Gleanings from the Writings of Bahá'u'lláh*, CLIII, par. 5, p. 370.
9. Ibid., CXXIX, par. 1, p. 316.
10. Ibid., XLIII, par. 9, p. 109.
11. From a talk given on 19 November 1911, published in *Paris Talks*: *Addresses Given by 'Abdu'l-Bahá in 1911* (Wilmette: Bahá'í Publishing, 2006, 2016 printing), no. 32.2, p. 121.
12. *The Hidden Words*, Persian no. 12, p. 26.
13. Ibid., Persian no. 14, p. 26.
14. Ibid., Arabic no. 15, p. 7.
15. Ibid., Persian no. 32, p. 33.
16. Bahá'u'lláh, in *The Bahá'í World: Volume One, 1925–1926* (Wilmette: Bahá'í Publishing Trust, 1926, 1980 printing), p. 42.
17. *The Call of the Divine Beloved: Selected Mystical Works of Bahá'u'lláh* (Haifa: Bahá'í World Centre, 2018), no. 2.12, p. 17.
18. *Tablets of the Divine Plan: Revealed by 'Abdu'l-Bahá to the North American Bahá'ís* (Wilmette: Bahá'í Publishing Trust, 1993, 2006 printing), no. 13.6, pp. 95–96.
19. *Gleanings from the Writings of Bahá'u'lláh*, XXXIV, par. 8, p. 91.
20. *Selections from the Writings of 'Abdu'l-Bahá* (Wilmette: Bahá'í Publishing, 2010, 2015 printing), no. 40.3, pp. 118–19.
21. Ibid., no. 40.3, p. 119.
22. From a talk given on 11 May 1912, published in *The Promulgation of Universal Peace: Talks Delivered by 'Abdu'l-Bahá during His Visit to the United States and Canada in 1912* (Wilmette: Bahá'í Publishing, 2012), par. 2, p. 153.
23. *Selections from the Writings of 'Abdu'l-Bahá*, no. 206.13, pp. 356–57.
24. From a talk given by 'Abdu'l-Bahá on 21 November 1911, published in *Paris Talks*,no.34.8,p.133.
25. Bahá'u'lláh, *Epistle to the Son of the Wolf* (Wilmette: Bahá'í Publishing Trust, 1988, 2016 printing), p. 139.



# Uplifting Conversations

# စိတ်အားတက်စေသော စကားပြောဆိုမှုများ

## ရည်ရွယ်ချက်

ဝိညာဏစည်းမျဉ်းများကို စကားပြောဆိုမှုထဲတွင်
ထည့်သွင်းပြောဆိုသည့် စွမ်းဆောင်ရည်ကို ရရှိစေရန်

## အခန်း (၁)

ဤစာအုပ် ပထမပိုင်းတွင် ကျွန်ုပ်တို့သည် ဘုရားရှင်၏ နှုတ်ကပါဌ်တော်ကို အခြားသူများနှင့် ဝေမျှပေးရသည့် အလုပ်မှနေ၍ အတိုင်းမသိ ပျော်ရွှင်မှုရသည့်အကြောင်းကို ပြောခဲ့သည်။ အမှုထမ်းလမ်းကို လျှောက်လှမ်းသည့်အခါ ဘဟာအွလ္လာဘုရားရှင်၏ ဖွင့်ပြတော်မူချက်ထဲမှ ထုတ်ယူရရှိသော ထိုးထွင်းအမြင်များကို သူငယ်ချင်းများ၊ အသိအကျွမ်းများနှင့် ဆွေးနွေးရသည့် အခွင့်အလမ်းများစွာ ရလာသည်။ ထို့နောက် ကျွန်ုပ်တို့အားလုံးတွင် ဖွံ့ဖြိုးရန်လိုအပ်သည့် မရှိမဖြစ် အရေးအကြီးဆုံး စွမ်းဆောင်နိုင်ရည်များထဲတွင် အဓိပ္ပါယ်ရှိပြီး စိတ်အားတက်စေသည့် စကားပြောဆိုမှု လုပ်နိုင်စေမည့် စွမ်းဆောင်နိုင်ရည်များကို ဖွံ့ဖြိုးရန် လိုအပ်သည်။ ဤအပိုင်းနှင့် နောက်လာမည့် အပိုင်း၏ ရည်ရွယ်ချက်မှာ ဤကဏ္ဍတွင် သင်တို့အား ကူညီပေးရန်ဖြစ်သည်။ အခွင့်အခါပေးသည့် အချိန်၌ သင်တို့သည် ဝိညာဏစည်းမျဉ်းများကို ရည်ညွှန်းအသုံးပြု၍ စကားပြောဆိုမှုအဆင့်အား မည်သို့ မြှင့်တင်ရမည်ကို ဤနေရာ၌ အဓိကသက်ဆိုင်သည်။ နောက်လာမည့် အပိုင်းတွင် သင်တို့၏ ကျေးရွာ သို့မဟုတ် ရပ်ကွက်ထဲ၌ သက်ဝင်လှုပ်ရှားသည့် ရပ်ရွာလူထုကို ထူထောင်ရန် စနစ်တကျကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အချို့သော အကြောင်းအရာများအပေါ်တွင် စကားပြောဆိုမှု အတွဲစဉ်(series)ကို မည်သို့ စတင်၍ ဆက်တိုက်မြဲစေရမည်ကို စဉ်းစားတွေးခေါ်ရလိမ့်မည်။

လာမည့် အခန်းများတွင် ကျွန်ုပ်တို့ ဆောင်ရွက်မည်မှာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ ဟောပြောချက်များနှင့် စာသဝဏ်လွှာများကို အတိအကျတိုက်ရိုက် ထုတ်နုတ်မထားသော်လည်း ၎င်းတို့အပေါ်တွင် အခြေခံထား၍ အရှင် အသုံးပြုခဲ့သည့် စကားစုများစွာ ပါဝင်သော အကြောင်းအရာမျိုးစုံနှင့်ဆိုင်သည့် ဟောပြောချက်များစွာကို ကြည့်ကြမည်။ သင်တို့သည် ဟောပြောချက်တစ်ခုစီကို အကြိမ်များစွာ ဖတ်၍ အယူအဆများ၏ အစီအစဉ်ကို ခွဲခြားကြည့်ပြီး ၎င်းတို့ကို သဘာဝကျကျ ပြောနိုင်သည်အထိ သင်တို့၏ အခြားအဖွဲ့ဝင်များနှင့် အလှည့်ကျ အသံထွက်၍ ပြောဆိုသင့်ကြသည်။ ဤလေ့ကျင့်မှုအားဖြင့် ဆွေးနွေးမှုတစ်ခုကို လမ်းပွင့်စေ၍ သာသနာ့တရားဒေသနာများကို အသုံးပြုရန် သင့်တော်သည့်အချိန်တွင် သက်တောင့်သက်သာဖြင့် ပြောဆိုဖို့ ကြိုတင်ပြင်ဆင်ရာတွင် အကူအညီဖြစ်စေလိမ့်မည်။

ဤအပိုင်းတွင် ကျွန်မ်းစမ္မခန်များထဲမှ စာပိုဒ်များ အလွတ်ကျက်မှတ်ခြင်းကို ဆက်၍လုပ်ရလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့က လူ့နှလုံးသားကို ထိုးဖောက်စေ၍ သင်တို့၏ စကားပြောဆိုမှုထဲတွင် ပေါင်းဖွဲ့သည့်အခါ နားထောင်သူအပေါ်တွင် နက်နဲသည့် သက်ရောက်မှု ရှိလိမ့်မည်။ သို့သော် စကားပြောဆိုမှုထဲတွင် ကျွန်မ်းစမ္မခန်များထဲမှ ထုတ်နုတ်ပြောဆိုခြင်းမှာ ဉာဏ်အမြော်အမြင် လိုအပ်သည်။ ထို့ပြင် အလယ်အလတ်ကျွန်မှု၊ ကျွန်မ်းစမ္မခန်များထဲမှ တိုက်ရိုက်ထုတ်နုတ်ပြခြင်းနှင့် သာသနာ့တရားဒေသနာများကို ရှင်းပြရန် မိမိကိုယ်တိုင်၏ စကားလုံးများကို အသုံးပြုခြင်းတို့အကြားတွင် ဟန်ချက်ညီမှုတို့လည်း လိုအပ်သည်။ ဤဟန်ချက်ညီမှုကို ရရှိအောင်မြင်ရန်မှာ သင်တို့သည် ကျွန်မ်းစမ္မခန်များကို လေ့လာရန်အတွက် အချိန်နှင့် စွမ်းအင်များစွာ ပေးရန် လိုအပ်ပြီး ၎င်းတို့ဖြင့် သင်တို့၏ အတွေးအခေါ်များနှင့် ခံစားမှုများကို ပုံပေါ်ခွင့်ရရှိရန် လိုအပ်သည်။

## အခန်း (၂)

သင်တို့ကို လေ့လာဖို့ တောင်းဆိုထားသည့် ပထမဆုံး ဟောပြောချက်မှာ လူ့လောကအတွက် ပညာပေးသူ လိုအပ်ပုံနှင့် သက်ဆိုင်သည်။

> ဖြစ်တည်မှုကို ကျွန်တော်တို့ စဉ်းစားကြည့်တဲ့အခါ ဓာတ်သတ္တုလောက၊ သစ်ပင်ဝါးပင်လောက၊ တိရစ္ဆာန်လောကနဲ့ လူ့လောကတွေမှာ တစ်ခုစီနဲ့ အားလုံးအတွက် ပညာပေးသူ လိုအပ်တယ်ဆိုတာကို တွေ့ရတယ်။ ဥယျာဉ်ဟာ ဥယျာဉ်မှူး လိုတယ်။ အထွက်နှုန်းကောင်းတဲ့ အသီးအနှံတွေ ရိတ်သိမ်းဖို့ဆိုတာ အဲ့ဒီ လယ်မြေအတွက် လယ်သမား လိုတယ်။ လူကိုလည်း တောနက်ထဲ တစ်ယောက်တည်း ပစ်ထားလိုက်မယ်ဆိုရင် သူလည်း တိရစ္ဆာန်တွေရဲ့ နည်းအတိုင်း ဖြစ်လိမ့်မယ်။ သူ့ကို ပညာပေးလိုက်ပြီဆိုရင်တော့ အောင်မြင်မှု အမြင့်ဆုံးတွေဆီ ရောက်သွားတော့တာပဲ။ ပညာပေးသူတွေသာ မရှိခဲ့ဘူးဆိုရင် ယဉ်ကျေးမှုဆိုတာလည်း ရှိခဲ့မှာ မဟုတ်ဘူး။
>
> ပညာရေးမှာ သုံးမျိုးရှိတယ်။ ရုပ်ပိုင်းပညာရေး၊ လူနဲ့ဆိုင်တဲ့ပညာရေး၊ ဝိညာဏပညာရေး ဆိုတာတွေပါ။ ရုပ်ပိုင်းပညာရေးကတော့ ခန္ဓာကိုယ် ဖွံ့ဖြိုးမှုနဲ့ဆိုင်တယ်။ လူနဲ့ဆိုင်တဲ့ ပညာရေးကတော့ ယဉ်ကျေးမှုနဲ့ တိုးတက်မှု အကြောင်းတွေပါ။ အဲ့ဒီမှာ အုပ်ချုပ်ရေး၊ လူမှုအစီအစဉ်၊ လူသားကောင်းကျိုး၊ ကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်း၊ အနုပညာနဲ့ သိပ္ပံပညာ၊ အရေးပါတဲ့ ရှာဖွေတွေ့ရှိမှုတွေနဲ့ ကြီးမားတဲ့ဆောင်ရွက်ချက်တွေပါတယ်။ ဝိညာဏပညာရေးမှာတော့ ထွတ်မြတ်တဲ့ ပြီးပြည့်စုံမှုတွေရရှိဖို့ ပါဝင်တယ်။ ဒါက တကယ့်ပညာရေးအစစ်ပါ။ ဘာကြောင့်လဲဆိုရင် ဒါရဲ့ အကူအညီနဲ့ပဲ လူရဲ့ ဝိညာဏသဘာဝ၊ ပိုမြင့်မားတဲ့သဘာဝတွေဟာ ဖွံ့ဖြိုးလာတာ။
>
> တိုးတက်မှုရှိဖို့ဆိုရင် လူ့လောကဟာ ပညာပေးပုဂ္ဂိုလ်လိုအပ်တယ်။ သူက ရုပ်ပိုင်း၊ လူနဲ့ ဝိညာဏပိုင်းတွေကို ပညာပေးသူအဖြစ် အခွင့်အာဏာ ရှင်းရှင်းလင်းလင်း ရှိတယ်။ တစ်ယောက်ယောက်က "ငါ့မှာ အသိဉာဏ်ပြည့်ပြည့်စုံစုံ ရှိတယ်။ အဲလို ပညာပေးမဲ့သူ မလိုဘူး"လို့ ပြောလာရင် သူက မြင်သာနေတာကို ငြင်းနေတာပဲ။ ဒါဟာ ကလေးတစ်ယောက်က "ကျွန်တော့်အတွက် ပညာရေး မလိုဘူး။ ကျွန်တော်ကိုယ်တိုင် စဉ်းစားမှု၊ ဉာဏ်ပညာတွေနဲ့ လုပ်နိုင်တယ်။ နောက်ပြီး ကိုယ့်ဟာနဲ့ကိုယ် အကောင်းဆုံးကို အောင်မြင်နိုင်တယ်"လို့ ပြောသလို ဖြစ်နေလိမ့်မယ်။
>
> လူ့လောကဟာ အဲလို ပြီးပြည့်စုံတဲ့ ပညာပေးသူ အမြဲလိုအပ်တယ်။ သူက ခန္ဓာကိုယ်အတွက် အာဟာရဖြည့်တင်းရေး၊ ကျန်းမာရေးနဲ့ဆိုင်တဲ့ ကိစ္စတွေကို စီစဉ်ဖို့ ကူညီပေးနိုင်သူ၊ အသိပညာ၊ တီထွင်မှုနဲ့ ရှာဖွေတွေ့ရှိမှုတွေကို တိုးတက်အောင် စေ့ဆော်ပေးနိုင်သူ၊ အရေးအကြီးဆုံးကတော့ လူ့လောကထဲ အသက်ဓာတ်ရဲ့ ရှင်သန်မှုကို ထည့်သွင်းပေးနိုင်သူကို လိုအပ်တာပါ။ ဘယ်လို သာမန်လူကမှ ဒီလို ကြီးကျယ်လှတဲ့ တာဝန်တွေကို အောင်မြင်အောင် မလုပ်နိုင်ဘူး။ ဘုရားရှင်ရဲ့ အလင်းတော်ရအရှင်တွေကသာ အဲ့ဒါတွေကို အောင်မြင်အောင် လုပ်နိုင်တာ။ ဤပုဂ္ဂိုလ်ထူးတွေက လူ့လောကအတွက် အားလုံးနဲ့ဆိုင်တဲ့ ပညာပေးသူတွေဖြစ်ဖို့ သူ့အချိန်နဲ့သူ ဘုရားသခင်က စေလွှတ်လိုက်တဲ့ အရွေးချယ်ခံရတဲ့ ဝိညာဉ်တော်တွေ ဖြစ်ကြပါတယ်။

၁။ ဟောပြောချက်ကို သင်တို့အဖွဲ့ထဲတွင် အကြိမ်များစွာ ဖတ်၍ ၎င်း၏ အကြောင်းအရာကို ကောင်းကောင်း သင်ယူရရှိအောင် အချင်းချင်း ကူညီပေးပါ။ ချပြထားသည့် အယူအဆများနှင့် ဆက်နွယ်သည့် မေးခွန်းများကို အချင်းချင်း မေး၍ ၎င်းတို့ကို သဘာဝကျကျနှင့် သက်တောင့်သက်သာဖြင့် ပြောပြရန် လေ့ကျင့်သင့်သည်။

၂။ ထို့နောက် ရှင်းလင်းစွာ ပြောပြရန် ဤနေရာတွင် သင်ယူပြီးသည့် အယူအဆများကို စကားဝိုင်းထဲတွင် မည်သို့ ထည့်သွင်းပြောနိုင်မည်ကို သင်တို့ အဖွဲ့အတွင်း ဆွေးနွေးပါ။ မြင်သာသည်မှာ သင်တို့အနေဖြင့် မိမိတို့ သူငယ်ချင်းများကို ပညာရေးမှာ သုံးမျိုးရှိသည်ဟု ရုတ်တရက်ကြီး ပြောမည် မဟုတ်ပါ။ ထို့ကြောင့် အထက်ပါ အယူအဆများက ဆက်စပ်မှုရှိသည်ဟု သေချာသော အပြန်အလှန် ပြောဆိုပုံ အမျိုးအစားများကို စဉ်းစားကြည့်ပါက အကျိုးရှိသည်။ ဆွေးနွေးနေသည့် အကြောင်းမှာ လူမှုအသိုက်အဝန်း၏ စာရိတ္တပိုင်း ကျဆင်းလာခြင်း သို့မဟုတ် ကမ္ဘာလောက ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် မည်သို့ လုပ်ရမည်ဆိုသည့် အကြောင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သူငယ်ချင်းများ၊ မိသားစုဝင်များ၊ အသိအကျွမ်းများနှင့် ပြောဖြစ်သည့် စကားပြောဆိုမှုမျိုးစုံကို ပြန်၍သုံးသပ်ကြည့်ပါ။ သင်တို့စိတ်ထဲတွင်ရှိသည့် အကြောင်းများထဲမှ မည်သည့်အကြောင်းက ဤဟောပြောချက်ထဲရှိ အယူအဆများပတ်လည်တွင် ဆွေးနွေးဖြစ်စေသည့် အကြောင်းတစ်ခုခု ရှိပါသလား။

________________________________________

________________________________________

________________________________________

________________________________________

________________________________________

၃။ သင်တို့ လေ့လာပြီးခဲ့သည့် အကြောင်းအရာကဲ့သို့ ထိုအကြောင်းများကို စကားပြောဆိုကြရာတွင် မကြာခဏ မေးခွန်းများ ပေါ်လာသည်။ အကယ်၍ တစ်ယောက်ယောက်က "ခင်ဗျား ပြောနေတဲ့ ဒီပညာပေးသူတွေဆိုတာက ဘယ်သူတွေတုန်း"ဟု မေးလာလျှင် မည်သို့ ပြန်ဖြေမည်နည်း။

________________________________________

________________________________________

________________________________________

၄။ အောက်ပါတို့မှာ လူ့လောကအတွက် ပညာပေးသူလိုအပ်ပုံနှင့်ဆက်နွယ်သည့် ဗဟာအွလ္လာဘုရားရှင်၏ ကျွန်မ်းဓမ္မခန်များထဲမှ ကောက်နုတ်ချက်အနည်းစု ဖြစ်သည်။ ၎င်းတို့ကို စဉ်းစားသုံးသပ်၍ အနည်းဆုံး တစ်ခုကို အလွတ်ကျက်မှတ်ပါ။ ဤနည်းဖြင့် သင့်တော်ချိန်တွင် ကျွန်မ်းဓမ္မခန်များထဲမှ စာပိုဒ်များကို သင်တို့၏ ပြောဆိုမှုထဲ ပေါင်းယှက်နိုင်လိမ့်မည်။

**"အစဉ်အမြဲတိုးတက်နေသော ယဉ်ကျေးမှုကို ဆက်လက်ဖော်ဆောင်သွားရန် လူအားလုံးတို့အား ဖြစ်တည်ပေးထားတော်မူ၏။"[၁]**

**"ထိုဘုရားရှင်၏ ဘုန်းတန်ခိုးတော်သည် မြင့်မားတော်မူလုပါပေ၏။ အစစ်အမှန် တစ်ဆူတည်း ဖြစ်တော်မူသော ဘုရားသခင်က လူသားတို့အား အရှင်ကိုယ်တော်တိုင်ကို ဖွင့်လှစ်ပြသခြင်း၏ ရည်ရွယ်တော်မူချက်ကား သူတို့၏ စစ်မှန်၍ အတွင်းအကျဆုံးသော ကိုယ်ထည်၏ ရတနာတွင်းများထဲတွင် ဖုံးကွယ်နေသော ထိုကျောက်မျက်ရတနာများကို ဖွင့်ချပေးရန်ပင် ဖြစ်ပေ၏။"[၂]**

"လူ့လောကသို့ ထာဝရဘုရားရှင်၏ တမန်တော်များကို စေလွှတ်ခြင်းတွင် ဘုရားရှင်၏ ရည်ရွယ်တော်မူချက်ကား နှစ်မျိုးရှိ၏။ ပထမတစ်မျိုးမှာ လူသား၏ သားသမီးတို့အား မသိနားမလည် ခြင်း၏ အမိုက်မှောင်မှ လွတ်မြောက်စေ၍ သူတို့အား စစ်မှန်သော သိနားလည်မှု၏ အလင်းရောင် ဆီသို့ လမ်းပြပေးရန် ဖြစ်ပေ၏။ ဒုတိယတစ်မျိုးကား လူ့လောက၏ ငြိမ်းချမ်းသာယာရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အသေအချာဖြစ်စေ၍ ယင်းတို့ကို တည်ဆောက်နိုင်စေမည့် နည်းလမ်းများ အားလုံးကို ချပေးရန်ပင် ဖြစ်ပေ၏။"[၃]

"လူတို့သည် သူတို့အား တိုက်တွန်းအားပေးရန်၊ လမ်းပြပေးရန်၊ ညွှန်ကြားပြသပေးရန်နှင့် သင်ကြား ပြသပေးမည့်သူကို အချိန်တိုင်းနှင့် အခြေအနေခပ်သိမ်းကုန်တို့တွင် လိုအပ်ချေ၏။"[၄]

## အခန်း (၃)

အောက်ပါ စာပိုဒ်များက ထာဝရဘုရားသခင်ကို ထိုဘုရားရှင်၏ အလင်းတော်ရအရှင်များအားဖြင့်သာ သိနိုင်သည်ကို ဖော်ပြထား၍ သူငယ်ချင်းများနှင့် စကားပြောဆိုသည့်အခါ သင်တို့အတွက် အထောက်အကူ ဖြစ်လိမ့်မည်–

အကန့်အသတ်မရှိတဲ့ စကြာဝဠာကို စဉ်းစားကြည့်ပါ။ ဒါဟာ ဖြစ်တည်ပေးသူမရှိဘဲနဲ့ ဖြစ်လာတာ ဖြစ်နိုင်ပါလား။ ဒါမှမဟုတ် ဖြစ်တည်ပေးသူရဲ့ တကယ့်အစစ်အမှန်ကို ဖြစ်တည်ပေးခံရတဲ့အရာက နားလည်ဖို့ ဖြစ်နိုင်ပါလား။ ဖြစ်တည်မှုတစ်ခုလုံးကို ကြည့်လိုက်ရင် နိမ့်ကျတဲ့အရာမှန်သမျှက ပိုမြင့်မားတဲ့ စွမ်းအားကို နားမလည်နိုင်ပါဘူး။ ကျောက်တုံးနဲ့ သစ်ပင်ဟာ ဘယ်လောက်ပဲ တိုးတက် ပါစေ အမြင်၊ အကြားဆိုတဲ့ စွမ်းအားတွေကို ဘယ်တော့မှ မစဉ်းစားနိုင်ပါဘူး။ တိရစ္ဆာန်ဟာ လူရဲ့ တကယ့်အစစ်အမှန်ကို နားလည်ဖို့ ဘယ်တော့မှ မဖြစ်နိုင်ဘဲ လူ့အသက်ဓာတ်ရဲ့ စွမ်းအားတွေကို သတိပြုမိဖို့ မဖြစ်နိုင်ပါဘူး။ ဒီလိုဆိုရင် ဖြစ်တည်ခံရတဲ့ ကျွန်တော်တို့က ကိုယ့်ကို ဖြစ်တည်ပေးသူရဲ့ တကယ့်အစစ်အမှန်ကို ဘယ်လိုလုပ် နားလည်နိုင်မှာလဲ။

မိမိတို့ရဲ့နားလည်မှုက ဘယ်တော့မှ ထာဝရဘုရားရှင်ဆီအထိ မရောက်နိုင်ပေမဲ့ အရှင့်ကို သိရှိဖို့တော့ အခွင့်အလမ်း မကင်းမဲ့ထားပါဘူး။ သူ့အချိန်နဲ့သူ အထူးပုဂ္ဂိုလ်မြတ်တစ်ပါးပါးက ကမ္ဘာမြေပေါ်မှာ ထာဝရဘုရားရှင်ရဲ့ အလင်းတော်ရအရှင်အနေနဲ့ ပွင့်လာပါတယ်။ ထာဝရဘုရားရှင်ဆီမှာရှိတဲ့ ပြီးပြည့်စုံမှုတွေ၊ ပေးသနားမှုတွေနဲ့ ကျက်သရေတော်ကို ဒီမြင့်မြတ်လှတဲ့ အလင်းတော်ရ အရှင်တွေ ဆီမှာ မြင်နိုင်ပါတယ်။ နေရဲ့ ရောင်ခြည်တွေက သန့်ရှင်းပြီးတော့ ပြောင်လက်အောင်တိုက်ထားတဲ့ မှန်ကြေးမုံမှာ ပေါ်သလိုပါပဲ။ မှန်က နေကို ရောင်ပြန်ဟပ်တယ်လို့ ပြောလိုက်လို့ နေဟာ သူ့ရဲ့ အမြင့်ထက်ကနေ ဆင်းလာပြီး မှန်ထဲကို ဝင်ပေါင်းသွားတယ်လို့ မဆိုလိုပါဘူး။ အဲဒီလိုပါပဲ ထာဝရဘုရားသခင်ဟာ မွန်မြတ်သန့်စင်တဲ့ ကောင်းကင်ထက်ကနေ ဒီဖြစ်တည်ရာ လောကကို ဆင်းမလာပါဘူး။ ဆိုလိုတာကတော့ လူတွေ သိထား၊ သင်ယူထား၊ နားလည်ထားတဲ့

ထာဝရဘုရားရှင်နဲ့ဆိုင်တဲ့ အမည်နာမတွေ၊ ဂုဏ်အင်္ဂါတွေနဲ့ ပြီးပြည့်စုံမှုတွေဟာ ထိုဘုရားရှင်ရဲ့ မြင့်မြတ်တဲ့ အလင်းတော်ရအရှင်တွေကို ရည်ညွှန်းတာကို ပြောတာပါ။

၁ ။ ဤဟောပြောချက်ကို သင်တို့အဖွဲ့ထဲ၌ အကြိမ်များစွာ ဖတ်ပြီး၍ ၎င်း၏ အကြောင်းအရာအပေါ် တစ်ယောက်နှင့်တစ်ယောက် မေးခွန်းများမေး၍ ဖြေပြီးနောက် ထိုအယူအဆများကို သက်သောင့် သက်သာနှင့် ပြောနိုင်စေရန် လေ့ကျင့်သင့်သည်။

၂ ။ ဤနေရာတွင် သင်ယူပြီးသည့် အယူအဆများကို စကားဝိုင်းထဲတွင် မည်သို့သဘာဝကျကျ ထည့်သွင်း ပြောနိုင်မည်ကို သင်တို့ အဖွဲ့အတွင်း ဆွေးနွေးပါ။ ဥပမာ ဤအကြောင်းကို ထာဝရဘုရားရှင် တည်ရှိခြင်းအကြောင်း သို့မဟုတ် အသက်ရှင်ခြင်း၏ ရည်ရွယ်ချက်အကြောင်း ဆွေးနွေးမှုထဲတွင် လွယ်လင့်တကူထည့်ပြောနိုင်မည်။ သင်တို့၏ မိသားစု၊ သူငယ်ချင်းများအကြား စကားပြောဆိုရာတွင် ဤအယူအဆများကို ဝေမျှပေးနိုင်မည့်ဖြစ်နိုင်ချေ သင်တို့အတွက် ရရှိစေရန် ပေါ်ထွက်လာသည့် အခြားအကြောင်းအရာများနှင့် မေးခွန်းများမှာ မည်သည်တို့ ဖြစ်သနည်း။

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

၃ ။ သင်တို့၏ သူငယ်ချင်းများနှင့် စကားပြောဆိုရာတွင် ယခု လေ့လာပြီးထားသည့် အယူအဆများကို ထည့်သွင်းပြောဆိုနိုင်သည့် အခွင့်အလမ်း ရရှိထားသည်ဆိုပါစို့။ အကယ်၍ သူတို့ထဲမှတစ်ယောက်က "ထာဝရဘုရားရှင်ကို သူ့ရဲ့အလင်းတော်ရအရှင်တွေကတစ်ဆင့် ကျွန်တော်တို့သိနိုင်မဲ့ အရာတွေ ထဲက အချို့က ဘာတွေလဲ"ဟု မေးလာလျှင် မည်သို့ ပြန်ဖြေမည်နည်း။

____________________________________________________________

____________________________________________________________

____________________________________________________________

၄ ။ သင်တို့သည် ဘဟာအွလ္လာဘုရားရှင်၏ ကျွန်မ်းဓမ္မခန်များထဲမှ အောက်ပါစာပိုဒ်များကို တစ်ပိုဒ် သို့မဟုတ် ထို့ထက်မက အလွတ်ကျက်မှတ်ချင်ပါလိမ့်မည်။ သို့မှသာ ဤအကြောင်းကို သူငယ်ချင်း များနှင့် စကားပြောသည့်အခါ ထုတ်နုတ်အသုံးပြုနိုင်ပါလိမ့်မည်။

**"အရာခပ်သိမ်းကုန်တို့၏ မူလဇစ်မြစ်ဖြစ်တော်မူသော ဘုရားရှင်၏ အသိပညာ(ရရှိရေး)နှင့် ထိုအရှင် ထံပါးသို့ ရောက်ရှိရေးမှာ သစ္စာဓမ္မ(အမှန်တရား) နေမင်းထံမှ ဆက်၍ ထွက်လာသော ဤအလင်းတရားပေးတော်မူသော အရှင်သူမြတ်များ၏ အသိပညာကို ရရှိ၍ ၎င်းတို့ဆီ ရောက်ရှိခြင်း မှတစ်ပါး မည်သို့မျှ မဖြစ်နိုင်ပေ။"**[၅]

**"အလင်းတော်ရအရှင် ကိုယ်တော်မြတ်သည် ထာဝရဘုရားရှင်၏ ကိုယ်စားတော်နှင့် တဆင့်ဖွင့်ပြသူ** (mouthpiece)ပင် **အစဉ်ဖြစ်ချေ၏။ ထိုအရှင်မြတ်သည် ကေန်အမှန် ထာဝရဘုရားရှင်၏**

အကောင်းမွန်ဆုံးသော ဘွဲ့ထူးတော်များ၏ အရဏ်ဦးဖြစ်၍ ထိုဘုရားရှင်၏ မြင့်မားတော်မူလှသော ဂုဏ်အင်လက္ခဏာများ၏ အရဏ်တက်ရာနေရာပင် ဖြစ်ပေ၏။”[၆]

“ထို့ပြင်တမူ ထာဝရဘုရားရှင်၏ ဤအလင်းတော်ရအရှင်မြတ်များ တစ်ပါးစီနှင့် အဆူဆူတိုင်း၏ အလုပ်များနှင့် လုပ်ရပ်များသည် မည်သည့်အရာပင်ဖြစ်၍ အနာဂတ်၌ မည်သည်တို့ကိုပင် ပွင့်လင်းစေကာမူ ယင်းခပ်သိမ်းကုန်တို့ကို ထာဝရဘုရားရှင်က ချပေးထား၍ ထိုဘုရားရှင်၏ အလိုဆန္ဒတော်နှင့် ရည်ရွယ်တော်မူချက်၏ ရောင်ပြန်ဟပ်မှုပင် ဖြစ်ချေ၏။”[၇]

## အခန်း (၄)

ဘာသာတရားသည် တစ်မျိုးတည်းဆိုသည့် အကြောင်းမှာ လူအများ စိတ်ဝင်စားမည့်အကြောင်း ဖြစ်၍ အောက်ပါ အယူအဆများက သင်တို့အား အချိန်အခါများစွာတွင် အကူအညီဖြစ်စေပါလိမ့်မည်–

ဘယ်မီးအိမ်ကနေ လင်းနေတာဖြစ်ဖြစ် ကျွန်တော်တို့က အလင်းရောင်ကို ချစ်မြတ်နိုးသူတွေ ဖြစ်ကြရမယ်။ ဘယ်ဥယျာဉ်ကနေ ပွင့်နေတာဖြစ်ဖြစ် နှင်းဆီပန်းကို ချစ်မြတ်နိုးသူတွေ ဖြစ်ကြရမယ်။ ဘာနေရာကနေ လာတဲ့အမှန်တရားဖြစ်ဖြစ် အမှန်တရားကို ချစ်မြတ်နိုးသူတွေ ဖြစ်ကြရမယ်။ မီးအိမ်တစ်ခုကို စွဲလမ်းနေတာက နောက်မီးအိမ်တစ်ခုမှာ လင်းနေတဲ့ အလင်းရောင်ကို သဘောကျနိုင်ဖို့ ကိုယ့်အတွက် အတားအဆီး ဖြစ်နိုင်တယ်။ အမှန်တရားကို ရှာဖွေရာမှာလည်း ကြိုတင်မှန်းဆထားတဲ့ အယူအဆတွေကနေ ကိုယ့်ကိုယ်ကို ရှင်းထားပြီး မိမိရဲ့ အယူသီးမှုတွေကိုလည်း စွန့်ပယ်ထားရမယ်။ ကျွန်တော်တို့ရဲ့ ခွက်တွေက အတ္တတွေနဲ့ ပြည့်နေပြီဆိုရင်တော့ အသက်ရေစင်ထည့်ဖို့အတွက် နေရာမရှိတော့ဘူးပေ့ါ။

ဘာသာတရားက ကမ္ဘာလောကအတွက် အလင်းရောင်ပါ။ ဒါက ကျွန်တော်တို့ရဲ့ ခြေလှမ်းတွေကို လမ်းပြပေးပြီး အဆုံးမရှိတဲ့ ပျော်ရွှင်ခြင်း တံခါးမတွေကို ဖွင့်ပေးပါတယ်။ ဘာသာတရားကြီးများ အားလုံးရဲ့ တရားဒေသနာတွေကို စူးစမ်းလေ့လာတဲ့အခါ တရားသေစွဲကိုင်ထားတဲ့ ယုံကြည်ချက်တွေနဲ့ မျက်စိမှိတ် တုပမှုတွေရဲ့ အကန့်အသတ်တွေကနေ လွတ်ကင်းပြီဆိုရင် ဒီဘာသာတရားတွေဟာ အခြေခံအုတ်မြစ် တစ်ခုတည်းအပေါ်မှာ တည်ထားတယ်ဆိုတာကို နားလည်လာကြလိမ့်မယ်။ ဒါတွေအားလုံးက ဘုရားရှင်ရဲ့ အသိပညာကိုပဲ ဖွင့်ပြကြတာပါ။ ဒီဘာသာတွေအားလုံးက လူ့ကမ္ဘာလောက တိုးတက်မြင့်မားရေးကိုပဲ ကြိုးပမ်းကြတာပါ။

အချိန်အခါနဲ့ နေရာဒေသတွေရဲ့ လိုအပ်ချက်အပေါ်မူတည်ပြီး ဘာသာတရားအသီးသီးက ဟောကြားတဲ့ လူမှုရေးရာ ဥပဒေတွေနဲ့ စည်းမျဉ်းသတ်မှတ်ချက်တွေက မတူတာမျိုးတော့ ရှိတာမှန်ပါတယ်။ ဒါပေမဲ့ အားလုံးတကယ့်အနှစ်သာရက ဘာသာတရားအားလုံးဟာ တစ်မျိုးတည်းဆိုတာပါပဲ။ ဒီဘာသာတရားတွေက ယုံကြည်မှု၊ အသိပညာ၊ တိကျသေချာမှု၊ တရားမှုတမှု၊ ကြည်ညိုကိုင်းရှိုင်းမှု၊ စိတ်ထားမြင့်မြတ်မှု၊ ယုံကြည်ခံထိုက်မှု၊ ဘုရားရှင်၏ ချစ်ခြင်းမေတ္တာနှင့်

ပေးကမ်းစွန့်ကြဲမှု ဆိုတာတွေကို ပျိုးထောင်ပေးပါတယ်။ ဒါတွေအပြင် ဖြူစင်မှု၊ သံယောဇဉ် ပြတ်ကင်းမှု၊ နှိမ့်ချမှု၊ သည်းညည်းခံမှု၊ စိတ်ရှည်မှုနှင့် သစ္စာမြဲမှု စတာတွေကိုလည်း သင်ကြားဆုံးမ ပေးတယ်။ လူ့ကိုယ်ကျင့်တရားတွေကို ဘာသာရေးစနစ်သစ်တိုင်းမှာ ပြန်ပြီး သစ်သစ်လွင်လွင် ဖြစ်စေပါတယ်။

အယူသီးမှုတွေနဲ့ မျက်စိမှိတ် တုပမှုတွေကြောင့်မို့ လူအများစုဟာ ဘာသာတစ်မျိုးတည်းဆိုတာကို မမြင်နိုင်ကြပါဘူး။ လူ့လောကအတွက် ဘုရားရှင်ရဲ့ လမ်းညွှန်မှုက အမှန်တရားပါ။ အမှန်တရားမှာ ကွဲပြားခွဲခြားမှုတွေ မရှိပါဘူး။ တစ်ခုတည်းပါပဲ။ ကျွန်တော်တို့ဟာ အမှန်တရားကို လွတ်လွတ် လပ်လပ် စူးစမ်းရှာဖွေမယ်ဆိုရင် ကြိုတင်မှန်းဆထားတဲ့ အယူအဆတွေကို ဘေးချထားလိုက်တာနဲ့ ကိုယ့်ရဲ့ရှာဖွေမှုက စည်းလုံးမှုဆီ ရောက်ရှိစေမှာပါ။ ဘာသာတရားက ကျွန်တော်တို့ကို စည်းလုံး စေရမှာ။ ဒီဟာက လူတွေကြားမှာ ချစ်ခြင်းမေတ္တာနှောင်ကြိုးကို စည်းနှောင်ပေးရမှာ။ ဒီလိုမဟုတ်ဘဲ ဒါက ရန်လိုမှုနဲ့ ပဋိပက္ခ ဖြစ်ရတဲ့ အရင်းခံဆိုရင်တော့ ဒါမရှိတာက ပိုကောင်းတယ်။

၁။ ရှေ့ဘက်အခန်းအတိုင်းပင် ဤဟောပြောချက်ကို သင်တို့ အဖွဲ့ထဲတွင် အကြိမ်များစွာ ဖတ်၍ ထိုအယူအဆများနှင့် ဆက်နွယ်သည့် မေးခွန်းများကို တစ်ယောက်နှင့် တစ်ယောက် မေးပြီးနောက် ၎င်းတို့ကို ကောင်းကောင်း ပြောဆိုနိုင်ရန် လေ့ကျင့်သင့်သည်။

၂။ သင်တို့ လေ့လာပြီးသည့် အယူအဆများကို စကားဝိုင်းတစ်ခုထဲ မည်သို့ ပေါင်းယှက်မည်ကို အဖွဲ့အတွင်း စဉ်းစားပါ။ ဆိုရလျှင် လူတို့၏ စိတ်ထဲ မကြာခဏ ရှိတတ်သည့် ဘာသာရေး ပဋိပက္ခအကြောင်း စကားဝိုင်းထဲတွင် ဖြစ်သည်။ သို့သော် အမှန်တရားကို စူးစမ်းရှာဖွေရန် အရေးကြီးပုံနှင့် ဝါဒဖြန့်မှုကြောင့် သိမ်းသွင်းမခံရခြင်း အကြောင်းကို ဆွေးနွေးနေသည့် သူငယ်ချင်း များစွာ အကြားတွင် ကိုယ်တိုင် ကြုံရသည်လည်း ရှိနိုင်သည်။ မိမိ သူငယ်ချင်းများနှင့် အိမ်နီးချင်းများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် အသိအကျွမ်းများနှင့်အတူ လတ်တလော စကားပြောဆိုမှုများကို ပြန်၍ စဉ်းစားကြည့်ပါ။ ဤအယူအဆများကို ဆွေးနွေးခြင်းမှနေ၍ အကျိုးဖြစ်နိုင်ရန် သူတို့စိတ်ထဲတွင် ရှိသည့် အကြောင်းအရာအချို့မှာ မည်သည်တို့ ဖြစ်သနည်း။

၃။ အထက်ပါ အယူအဆများကို စကားဝိုင်းထဲတွင် မျှဝေပြီးနောက် တစ်ယောက်ယောက်က “ဘာသာတရားအားလုံးမှာ ဘုံတူတဲ့ အမှန်တရားအချို့က ဘာတွေလဲ”ဟု မေးလာလျှင် မည်သို့ ပြန်ဖြေမည်နည်း။

၄။ ဘဟာအွလ္လာဘုရားရှင်၏ ကျွန်မ်းဓမ္မခန်များထဲရှိ အောက်ပါ စာပိုဒ်များထဲမှ စာတစ်ပိုဒ် သို့မဟုတ် နှစ်ပိုဒ်ကို အလွတ်ကျက်မှတ်ရန် အကြံပြုပါသည်–

**“ကမ္ဘာ့လူသားတို့သည် မည်သည့် လူမျိုးဖြစ်စေ သို့မဟုတ် မည်သည့်ဘာသာတရားကဖြစ်စေ သူတို့၏စေ့ဆော်မှုကို ကောင်းကင်ဘုံဆိုင်ရာ ရင်းမြစ်တစ်ခုတည်းမှ ရရှိကြကုန်၍ တစ်ဆူတည်းသော ဘုရားရှင်၏ အချင်းအရာများပင် ဖြစ်ကြသည်ကို သံသယဖြစ်ရာ မရှိပါပေ။”[၈]**

**“အားလုံးသော ဘာသာသာသနာများ၏ နောက်လိုက်များနှင့်အတူ မိတ်သင်္ဂဟဖြစ်ခြင်းနှင့် အပေါင်းအဖော်စိတ်တို့ဖြင့် နှီးနှောဆက်ဆံကြကုန်လော့။”[၉]**

**“ထာဝရဘုရားသခင်၏ သာသနာတော်နှင့် အရှင်၏ ဘာသာတရားကို ထွန်းလင်းပေးသည့် အခြေခံကျသော ရည်ရွယ်ချက်မှာ လူသားမျိုးနွယ်စုံ၏ အကျိုးတရားများကို ကာကွယ် စောင့်ရှောက်ရန်၊ ၎င်းတို့၏ စည်းလုံးညီညွတ်မှုကို တိုးမြှင့်ပေးရန်ပင် ဖြစ်ပေ၏ . . .”[၁၀]**

**“ထာဝရဘုရားသခင်၏ သာသနာတော်ကား မေတ္တာတရားနှင့် စည်းလုံးမှုအတွက် ဖြစ်ပေ၏။ ယင်းကို ရန်လိုခြင်းနှင့် သဘောထားကွဲလွဲခြင်း၏ အကြောင်းရင်း မဖြစ်ပါစေနှင့်။”[၁၁]**

## အခန်း (၅)

သိပ္ပံနှင့် ဘာသာတရားအကြား ဆက်နွယ်မှုမှာ သင်တို့ကို လေ့လာရန် တောင်းဆိုထားသည့် နောက်ထပ် အကြောင်းအရာဖြစ်သည်။

ဘာသာတရားဟာ သိပ္ပံပညာနဲ့ ကိုက်ညီရမယ်။ မှန်ကန်တဲ့အရာကို သိမြင်နိုင်ဖို့ ဘုရားသခင်က ကျနော်တို့အတွက် ဆင်ခြင်တုံတရားကို ချပေးထားတယ်။ သိပ္ပံနဲ့ ဘာသာတရား နှစ်ခုစလုံးကို ဆင်ခြင်တုံတရားရဲ့ စံနှုန်းတွေနဲ့ ကိုက်ညီဖို့ မျှော်မှန်းထားတယ်။ ဒါကြောင့်မို့ သူတို့ဟာ တစ်ခုနဲ့ တစ်ခု အပြန်အလှန် သဘောညီမျှသင့်တာ။ ဒီနှစ်ခုက အတောင်နှစ်ဖက်ပါပဲ။ ဒီတောင်ပံတွေနဲ့ပဲ လူ့အသိဉာဏ်ဟာ ကြီးမားတဲ့ အမြင့်တွေထက်ဆီ ပျံတက်နိုင်တာပါ။ အတောင်တစ်ဖက်တည်းနဲ့ မလုံလောက်ပါဘူး။

သိပ္ပံပညာဆိုတာ ဘုရားသခင်ရဲ့ ပေးကမ်းမှုတစ်ခုပါ။ သိပ္ပံနဲ့ပဲ ရုပ်လောကရဲ့ ဥပဒေတွေကို ရှာဖွေ တွေ့ရှိထားသလို သဘာဝက ကျနော်တို့အပေါ်ချထားတဲ့ အကန့်အသတ်တွေကို သူ့ကြောင့်မို့ ကျော်လွှားနိုင်စေတာ။ သိပ္ပံဆိုင်ရာ ကိရိယာတွေရဲ့ အကူအညီနဲ့ သဘာဝမျက်လုံးနဲ့ မမြင်နိုင်တဲ့ အရာတွေကို မြင်ရတယ်။ အလှမ်းဝေးတဲ့ နေရာတစ်ကြောကို တစ်ခဏအတွင်း ဆက်သွယ်နိုင် စေတယ်။ သိပ္ပံက ပစ္စုပ္ပန်နဲ့ အတိတ်ကို ပေါင်းစည်းပေးပြီး အနာဂတ်ရဲ့ လျှို့ဝှက်နက်နဲမှုတွေ

ကိုလည်း ထိုးဖောက်သွားတယ်။ ဒါကြောင့်မို့ လူမျိုးတစ်မျိုးရဲ့ တိုးတက်မှုဟာ သိပ္ပံပညာဆိုင်ရာ တိုးတက်ပေါက်ရောက်မှုတွေအပေါ်မှာ မူတည်တာပါ။

ဘုရားရှင်ရဲ့ ဘာသာတရားကတော့ အမှန်တရားကို မြှင့်တင်ပေးသူ၊ အသိပညာကို ပံ့ပိုးကူညီသူ၊ လူမျိုးနွယ်စုကို ယဉ်ကျေးစေသူ ဖြစ်ပါတယ်။ ဘာသာတရားမပါဘူးဆိုရင် သိပ္ပံဟာ ရုပ်ဝါဒကို မြင့်မားစေတဲ့ ကိရိယာတစ်ခု ဖြစ်လာပြီး နောက်ဆုံး စိတ်ပျက်မှုဆီ ဦးတည်သွားတော့တာ။ ဘာသာတရားက သိပ္ပံပညာကို ဆန့်ကျင်ပြီဆိုရင်လည်း ဒါက အယူသီးမှု ဖြစ်သွားတော့တာပဲ။ တကယ်လို့ ဘာသာတရားနဲ့ သိပ္ပံပညာဟာ သဟဇာတဖြစ်ဖြစ် တွဲပြီး လျှောက်လှမ်းပြီဆိုရင်တော့ လူ့လောကကို ယခု ကြေကွဲဝမ်းနည်းမှုဆီ ခေါ်ဆောင်နေတဲ့ မုန်းတီးမှုနဲ့ ခါးသီးမှုများစွာဟာ အဆုံးသတ်လာလိမ့်မယ်။

၁။ အခါတိုင်းကဲ့သို့ပင် ဟောပြောချက်ကို သင်တို့အဖွဲ့အတွင်း တစ်ပိုဒ်ချင်းစီ အကြိမ်များစွာ ဖတ်၍ အကြောင်းအရာကို သဘာဝကျကျ ကောင်းကောင်း ပြောနိုင်ရန် သင်ယူရရှိပြီးသည်အထိ တစ်ယောက်နှင့်တစ်ယောက် မေးခွန်းများ မေးပါ။

၂။ "ဘာသာတရားဆိုတာ အတိတ်ရဲ့ ပစ္စည်းတစ်ခုပါ။ သိပ္ပံပညာကပဲ လူ့လောကရဲ့ ပြဿနာအားလုံးကို ဖြေရှင်းပေးလိမ့်မယ်"ဟု တစ်ယောက်ယောက်က ပြောလာသည်ကို သင်တို့ မည်ကဲ့သို့ တုန့်ပြန်မည်နည်း။ ဘာသာတရားသည် အယူသီးမှုနှင့် မတူ၊ သို့သော် သိပ္ပံမပါသည့်အတွက် ထိုသို့ ဖြစ်လာသည်၊ ဘာသာတရား မပါသည့် သိပ္ပံပညာသည်လည်း ရုပ်ဝါဒက ပေါက်ဖွားလာသည့် စိတ်ပျက်မှုကို ဖြစ်စေသည်ဟု ရှင်းလင်းချက်ဖြင့် သင်တို့အတွက် အထောက်အကူဖြစ်ပါမည်လား။ ဤသည်အား မည်သို့ တွေ့ရသည်ကို နမူနာများ ပေးနိုင်ပါသလား။

__________________________________________________________

__________________________________________________________

__________________________________________________________

__________________________________________________________

__________________________________________________________

၃။ ဘဟာအွလ္လာဘုရားရှင်၏ ကျွန်မ်းစမွခန်များထဲမှ အောက်ပါတို့အနက် စာတစ်ပိုဒ် သို့မဟုတ် နှစ်ပိုဒ်ကို အလွတ်ကျက်မှတ်ရန် အကြံပြုပါသည်–

**"တန်ခိုးတော်အပေါင်းဖြင့် ပြည့်စုံတော်မူသောအရှင်က လူသားအပေါ်သို့ ချပေးတော်မူသည့် ဤအမအစများထဲမှ ပထမဆုံးနှင့် ကနဦးအရာမှာ သိနားလည်ခြင်းဟူသည့် လက်ဆောင်ပင် ဖြစ်သည်။ . . . ဤလက်ဆောင်သည် လူသားအား အကြောင်းအရာအားလုံးတွင် အမှန်တရားကို သိမြင်တတ်သည့် စွမ်းအားကို ပေးထား၍ မှန်ကန်သည့်အရာဆီသို့ သူ့ကို ဦးဆောင်လမ်းပြပေးပြီး ဖြစ်တည်မှု၏ လျှို့ဝှက်ချက်များကို ရှာဖွေတွေ့ရှိရန် သူ့အား ကူညီပေး၏။"**[၁၂]

**"ကမ္ဘာလောကကို ကြည့်၍ ၎င်း၏ အကြောင်းကို တစ်ခဏမျှ စဉ်းစားကြည့်ပါလေ။ ကမ္ဘာကြီးသည် အသင်တို့၏မျက်လုံးရှေ့တွင် ၎င်း(own)ကိုယ်တိုင်၏ ပင်ကိုယ်(self)ကို ဖွင့်လှစ်ပြနေပြီး အသင်တို့၏**

**အရှင်သခင်၊ အလှူဆင်ပေးတော်မူသောအရှင်၊ အရာခပ်သိမ်းကုန်တို့ကို သိကျွမ်းနားလည်တော်မူသောအရှင်၏ ကလောင်တော်အားဖြင့် ၎င်းအတွင်းတွင် ရေးသားထားသမျှတို့ကို အသင့်အားဖွင့်လှစ်ပြသနေပေ၏။”[၁၃]**

**“အသိပညာသည် လူ့အသက်တာအတွက် အတောင်ပံများကဲ့သို့ဖြစ်ပြီး သူ့အတွက် အထက်သို့တက်ရန် လှေကားနှင့်လည်း တူပေ၏။ အသိပညာကို ရရှိကြရန် လူတိုင်းအပေါ်တွင် တာဝန်ချမှတ်ထား၏။”[၁၄]**

## အခန်း (၆)

လူတစ်မျိုးတည်းဆိုသည့်အကြောင်းမှာ ယနေ့အချိန် နေရာတိုင်းရှိလူတို့၏ နှလုံးသားများထဲတွင် အသံဟိန်းသည့် အကြောင်းအရာဖြစ်ပြီး အောက်တွင်ချပြထားသည့် အယူအဆများကို သင်တို့နှင့်ဆွေးနွေးရန် လူများစွာက ကြိုဆိုလိမ့်မည်။

အရောင်အသွေးနဲ့ ရနံ့မျိုးစုံရှိတဲ့ ပန်းပင်တွေ သူ့ဘောင်နဲ့သူ စိုက်ပျိုးထားတဲ့ ဥယျာဉ်ဟာ မျက်လုံးကို သဘောကျစေပါတယ်။ ပန်းတွေဟာ မတူကြပေမဲ့ တစ်ပွင့်စီက ဒီမိုးရေနဲ့ နေတစ်ခုတည်းရဲ့ အနွေးဓာတ်ကြောင့် လန်းလန်းဆန်းဆန်း ရှိကြတာ။ ဒါဟာ လူ့လောကအတွက်လည်း ဒီလိုပါပဲ။ လူမျိုးစုံ၊ အရောင်အသွေးစုံနဲ့ ဖွဲ့စည်းထားတာ။ ဒါပေမဲ့ လူအားလုံးက ဘုရားတစ်ဆူတည်းဆီက လာကြပြီး ဇစ်မြစ်တူပါတယ်။ လူ့မိသားစုထဲမှာ မျိုးစုံရှိနေတာဟာ သဟဇာတဖြစ်ရမဲ့ အရင်းခံတစ်ခုပါ။ ဘာဖြစ်လို့လည်းဆိုတော့ တေးဂီတမှာ မတူတဲ့ သင်္ကေတ(notes)တွေ အတူပေါင်းစပ်လိုက်တဲ့အခါ ပြီးပြည့်စုံတဲ့ မိတ်ဖက်အသံတွဲ(chord)ဖြစ်လာတယ်။

ဖြစ်တည်မှုအတွက် စည်းလုံးညီညွတ်မှု လိုအပ်ပါတယ်။ မေတ္တာတရားဟာ အသက်ရှင်မှုရဲ့ တကယ့်အကြောင်းအရင်းပါ။ ရုပ်ကမ္ဘာမှာတော့ အရာအားလုံးရဲ့ ဒြပ်စင်တွေဟာ ဆွဲဆောင်ခြင်းဆိုတဲ့ (ဥပဒေသ)နိယာမကြောင့် အတူပေါင်းစပ်ထားတာ။ ဆွဲဆောင်ခြင်းနိယာမဟာ ပန်းလှလှတစ်ပွင့်ရဲ့ ပုံစံထဲမှာ အချို့သော ဒြပ်စင်တွေကို အတူတကွ ပေါင်းစုပေးထားတယ်။ ဒါပေမဲ့ အဲ့ဒီ ဆွဲဆောင်မှုက ပျောက်သွားပြီဆိုရင်တော့ ပန်းပွင့်က ပျက်စီးသွားပြီး (သူ့ရဲ့)ဖြစ်တည်မှုလည်း ရပ်သွားပြီ။ လူ့လောကအတွက်လည်း ဒီအတိုင်းပါပဲ။ ဆွဲဆောင်ခြင်း၊ သဟဇာတဖြစ်ခြင်းနဲ့ စည်းလုံးညီညွတ်မှုတွေဟာ လူ့လောကကို အတူတကွ စုပေါင်းပေးထားတဲ့ အင်အားရပ်တွေပါ။

ဘဟာအွလ္လာဘုရားရှင်က ကမ္ဘာ့လူအားလုံးကို ပေါင်းစည်းပေးဖို့အတွက် ဒီဇိုင်းကို ဆွဲပေးခဲ့ပါတယ်။ ဒါကြောင့် သူတို့တွေကို ဒီစည်းလုံးညီညွတ်ခြင်းဆိုတဲ့ အဝန်းအဝိုင်းထဲကို ခေါ်ယူဖို့ ကြိုးပမ်းမှုတိုင်းကို ကျနော်တို့ လုပ်ကြရမယ်။ နောက်ပြီး ကျနော်တို့နဲ့ လူမျိုးစု၊ နိုင်ငံသား၊ ဘာသာတရား၊ အယူအဆ မတူတဲ့ လူတွေကို တွေ့တဲ့အခါ ဒီမတူညီမှုတွေကြောင့် ကျနော်တို့အကြားမှာ အတားအဆီးတွေ မဖြစ်စေသင့်ဘူး။ ဒ့ါထက် သူတို့ကို လှပတဲ့ လူသားဥယျာဉ်ထဲမှာ ပေါက်နေတဲ့ အရောင်စုံနှင်းဆီပန်းတွေအဖြစ် တွေးမြင်ပြီး သူတို့နဲ့အတူ ရှိရတာကိုက ပျော်ရွှင်စရာအဖြစ် မြင်ကြရမယ်။

၁။ ရှေ့ဘက်အခန်းများတွင် သင်တို့ လုပ်ခဲ့သည့်အတိုင်း သင်တို့ ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်လာသည့် စကားပြောဆိုမှုများစွာကို စဉ်းစားကြည့်ပါ။ ဤအယူအဆများကို သူတို့အား ဝေမျှပေးရန်အတွက် ဖြစ်နိုင်ချေများကို ပွင့်သွားစေမည့် လူတို့၏ စိတ်ထဲရှိ အကြောင်းအရာအချို့မှာ မည်သည်တို့ ဖြစ်သနည်း။

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

၂။ လူတစ်မျိုးတည်းအကြောင်း စကားပြောဆိုမှုက သင်တို့ကိုယ်တိုင်၏ ရပ်ရွာဒေသတွင် စည်းလုံး ညီညွတ်ခြင်း၏ အရေးကြီးပုံကို ဆွေးနွေးသည့်ဘက်ဆီ ရောက်နိုင်သည်။ ကျွန်ုပ်တို့ တစ်ဦးစီက ၎င်းအတွက် မည်သို့ ပါဝင်ဆွေးနွေးနိုင်သည်ကို သင် စာအနည်းငယ် ရေးပြနိုင်ပါသလား။

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

၃။ သင်တို့အနေဖြင့် အောက်ပါ ကောက်နုတ်ချက် တစ်ခု သို့မဟုတ် ထို့ထက်ပို၍ အလွတ်ကျက်မှတ်ချင် ပါလိမ့်မည်။ သို့မှသာ ဤအကြောင်းကို သင်တို့၏ သူငယ်ချင်းများနှင့် စကားပြောသည့်အခါ အသုံးပြု နိုင်လိမ့်မည်။

**"စည်းလုံးညီညွတ်ခြင်း၏ တဲနန်းတော်ကို စိုက်ထူလေပြီ။ အသင်တို့သည် တစ်ဦးနှင့်တစ်ဦး သူစိမ်းတစ်ရံဆံကဲ့သို့ မမှတ်ယူကြလေနှင့်။ သင်တို့အားလုံးသည် သစ်တစ်ပင်တည်းမှ အသီးများနှင့် အကိုင်းတစ်ခုတည်းမှ အရွက်များ ဖြစ်ကြကုန်၏။"**[၁၅]

**"စည်းလုံးညီညွတ်ခြင်း၏ အလင်းရောင်သည် အလွန် စွမ်းအားကောင်းလှသဖြင့် ကမ္ဘာမြေကြီး တစ်ခုလုံးကို ထိန်လင်းသွားစေနိုင်၏။"**[၁၆]

**"အသင်တို့၏ မျက်နှာများကို စည်းလုံးညီညွတ်မှုဘက်သို့ လှည့်ထားကြကုန်၍ ယင်း၏ အလင်းရောင်ကို သင်တို့အပေါ်တွင် ထိန်လင်းပါစေလေ။ သင်တို့သည် အတူတကွ စုစည်းကြကုန်၍ ထာဝရဘုရားရှင်အားဖြင့် အသင်တို့ကြားရှိ အချေအတင်ငြင်းခုံခြင်း၏ အရင်းခံဖြစ်သည့်အရာ ဟူသမျှကို အမြစ်ဖြုတ်ရန် သန္နိဋ္ဌာန်ချကြပါလေ။"**[၁၇]

**"မိတ်သဟာဖြစ်ခြင်း၊ ကြင်နာခြင်းနှင့် စည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးမည့် အရာတို့ကို ဖွဲ့နပဲကြီးစွာဖြင့် လိုက်နာကြရန် လူတို့အား တာဝန်ပေးထား၏။"**[၁၈]

## အခန်း (၇)

အောက်ပါ ဟောပြောချက်က လူအများစုအတွက် များစွာစိတ်ပူသည့် ကိစ္စဖြစ်သည့် တရားမျှတမှု အကြောင်း ဆွေးနွေးမှုများကို ပြောဆိုရာတွင် အထောက်အကူပေးလိမ့်မည်–

> လူတွေမှာ စွမ်းရည်မတူညီခြင်းကိုက လူအဖြစ် တည်ရှိမှုအတွက် အခြေခံကျတာ။ ဒါကြောင့် လူအားလုံးအတွက် ကဏ္ဍတိုင်းမှာ တစ်ထပ်တည်း တူညီဖို့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ လူရဲ့ အမှုအရေး ကိစ္စတွေကိုတော့ တရားမျှတမှုဆိုတဲ့ စည်းမျဉ်းဥပဒေသနဲ့ လုံးလုံးအုပ်စိုးရမှာ။ တရားမျှတမှုဆိုတာက မြင့်မြတ်တယ်။ ဒါကြောင့် လူတိုင်းရဲ့ အခွင့်အရေးတွေကိုလည်း ထိန်းသိမ်းစောင့်ရှောက် ရမယ်။
>
> တရားမျှတမှုဟာ အကန့်အသတ် မရှိပါဘူး။ ဒါက အားလုံးနဲ့ဆိုင်တဲ့ အရည်အသွေးတစ်ရပ်ပါ။ လူ့အသက်ရှင်သန်မှုရဲ့ နေရာအစိတ်အပိုင်းအားလုံးမှာ တရားမျှတမှုနဲ့ လည်ပတ်ရမယ်။ လူမှု အသိုက်အဝန်းရဲ့ အဖွဲ့ဝင်လူတစ်ဦးစီနဲ့ လူတိုင်းဟာ ယဉ်ကျေးမှုရဲ့ အကျိုးကျေးဇူးတွေကို နှစ်သက် ခံစားသင့်တယ်။ ဘာလို့လဲဆိုတော့ ကျနော်တို့အားလုံးက လူလောကရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်း ဖြစ်လို့ပဲ။ ဒီကိုယ်ခန္ဓာရဲ့ အဖွဲ့ဝင်တစ်ဦးက သောကရောက်မယ်၊ စိတ်ပျက်နေတယ်ဆိုရင် အခြား အဖွဲ့ဝင်တွေလည်း မလွဲမသွေခံစားကြရတာ။ တစ်ယောက်က ဒုက္ခရောက်နေချိန်မှာ အခြားသူတွေက ဘယ်လိုလုပ် သက်သောင့်သက်သာ ဖြစ်နိုင်မလဲ။ ယနေ့ လူမှုအသိုက်အဝန်းမှာ လိုအပ်တဲ့ အပြန်အလှန် အကျိုးပြုခြင်းနဲ့ အချိုးညီမှုတွေ ကင်းမဲ့နေတာ။ အဲဒါကို ကောင်းကောင်းလည်း စီစဉ်မထားဘူး။ လူ့မိသားစုတစ်ခုလုံးရဲ့ ကောင်းစားရေးနဲ့ ပျော်ရွှင်ရေးကို သေချာစေမဲ့ ဥပဒေတွေနဲ့ စည်းမျဉ်းတွေ လိုအပ်တယ်။
>
> တရားမျှတမှုကို ဆုပေးခြင်းနှင့် အပြစ်ပေးခြင်းဆိုတဲ့ ဒေါက်တိုင်နှစ်ခုအပေါ်မှာ အခြေတည်ထားတာ။ ယုံကြည်မှုမရှိတဲ့၊ ဘုရားရှင်ရဲ့ ဒဏ်ခတ်ခြင်းကို မကြောက်တဲ့သူတွေ အုပ်ချုပ်တဲ့ အစိုးရတွေဟာ မတရားတဲ့ ဥပဒေတွေကို စီမံဆောင်ရွက်ကြတယ်။ ဖိနှိပ်မှုကို ဟန့်တားဖို့ဆိုရင် ဆုပေးခြင်းကို မျှော်လင့်တာနဲ့ အပြစ်ပေးမှာကို ကြောက်တာ နှစ်ခုစလုံး လိုအပ်တယ်။ ဥပဒေပြုသူတွေနဲ့ ဥပဒေတွေကို စီမံအုပ်ချုပ်ရသူတွေဟာ သူတို့ ဆုံးဖြတ်ချက်တွေရဲ့ ဝိညာဏအကျိုးဆက်တွေကို သတိပြုကြရမယ်။ သူတို့ လုပ်ရပ်တွေရဲ့ အကျိုးဆက်တွေက ဒီကမ္ဘာမြေပေါ်မှာ ရှင်သန်ပြီးတဲ့နောက် အထိ လိုက်နေမယ်ဆိုတာကို ယုံကြည်တဲ့သူတွေနဲ့ သူတို့ရဲ့ အမိန့်ချမှတ်မှုတွေကို ဘုရားရှင်ရဲ့ တရားမျှတမှု ချိန်ခွင်နဲ့ ချိန်တွယ်ခံရလိမ့်မယ်ဆိုတာကို သိတဲ့ အုပ်ချုပ်သူတွေဟာ ညှင်းပန်း နှိပ်စက်မှုနဲ့ ဖိနှိပ်ချုပ်ခြယ်မှုတွေကို အသေအချာ ရှောင်ရှားကြလိမ့်မယ်။

၁။ အထက်ပါ အယူအဆများကို သဘာဝကျကျ ပြောဆိုရန် သင်တို့ သင်ယူပြီးသည့်အခါ မည်သည့် အကြောင်းများက စကားပြောရာတွင် ဤဟောပြောချက်မှ ပေးသည့် ထိုးထွင်းအမြင်များမှနေ၍ အကျိုးဖြစ်မည်ကို စဉ်းစားပါ။

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

၂။ မတရားမှုမှာ ဘယ်အခါမှ အဆုံးသတ်မှာမဟုတ်ဟု ယုံကြည်နေသူ တစ်ယောက်ယောက်ကို မည်ကဲ့သို့ သင်တို့ တုံ့ပြန်မည်နည်း။

၃။ အောက်ပါတို့မှာ တရားမျှတမှုနှင့် ဆက်စပ်သော ဘဟာအွလ္လာဘုရားရှင်၏ ကျွန်မ်းဓမ္မခန်များမှ ကောက်နုတ်ချက်အနည်းစု ဖြစ်ပါသည်။ ၎င်းတို့ကို သင်တို့ အလွတ်ကျက်မှတ်ရန် တိုက်တွန်းပါသည်။

**"လူတို့၏ အလင်းရောင်ကား တရားမျှတမှု ဖြစ်ပေ၏။ ယင်းကို ဖိနှိပ်ခြင်း၊ နိုင့်ထက်စီးနင်းပြုခြင်း၏ ဆန့်ကျင်ဘက်လေကြမ်းတို့ဖြင့် ငြိမ်းသတ်ပစ်ခြင်း မပြုလေနှင့်။ တရားမျှတမှု၏ ရည်ရွယ်ချက်ကား လူသားတို့ကြားဝယ် စည်းလုံးမှုကို ပေါ်ပေါက်လာစေရန် ဖြစ်ပေ၏။"[၁၉]**

**"မည်သည့် ထွန်းလင်းတောက်ပမှုကမှ တရားမျှတမှု၏ ထွန်းလင်းတောက်ပမှုနှင့် မယှဉ်နိုင်ပေ။ ကမ္ဘာလောကို စုစည်းစီစဉ်ခြင်းနှင့် လူတို့၏ တည်ငြိမ်အေးချမ်းမှုမှာ ယင်းအပေါ်တွင် တည်မှီပေတော့၏။"[၂၀]**

**"ကမ္ဘာလောကကို လေ့ကျင့်ပေးသည့်အရာမှာ တရားမျှတမှုပင်ဖြစ်သည်။ အကြောင်းကား ယင်းကို ဆုလာဘ်နှင့် အပြစ်ဒဏ်တည်းဟူသော ဒေါက်တိုင်နှစ်ခုဖြင့် ထောက်မပေးထားပေ၏။ ဤဒေါက်တိုင်နှစ်ခုကား ကမ္ဘာလောက၏ အသက်ရှင်သန်မှုအတွက် ပင်မအရင်းခံများဖြစ်ပေ၏။"[၂၁]**

## အခန်း (၈)

ကုန်ဆုံးနေသည့် နေ့တိုင်းမှာပင် ချမ်းသာသူနှင့် ဆင်းရဲသားအကြား ကွာဟမှုမှာ ကျယ်လာ၍ အောက်ပါ ဟောပြောချက်က သင်တို့၏ သူငယ်ချင်းများနှင့် ဤအကြောင်း၊ ၎င်းနှင့်ဆက်နွယ်သည့် အကြောင်းအရာတို့ကို ပြောဆိုရာတွင် အကူအညီဖြစ်စေလိမ့်မည်။

ယနေ့အချိန်မှာ အပြန်အလှန်အကျိုးပြုတာနဲ့ သဟာဇာတဖြစ်တဲ့ ဆက်ဆံရေးတွေ လျော့ပါးတဲ့အတွက် အချို့လူတွေက အတော်သက်သက်သာသာနဲ့ ဇိမ်ကျကျနေပြီး ကျေနပ်နေချိန်မှာ အခြားသူတွေက စားစရာနဲ့ နေစရာတွေ လိုအပ်နေကြတယ်။ အချို့သူတွေက တအားချမ်းသာပြီး အခြားသူတွေက ဆင်းရဲတွင်းနက်ကြတယ်။

လူမှုအဖွဲ့အစည်းရဲ့ ဥပဒေတွေကို ဘယ်လိုမျိုး ပြဋ္ဌာန်းပြီး ကျင့်သုံးစေရမလဲဆိုရင် အနည်းစုက ချမ်းသာမှုတွေကို လွန်လွန်ကဲကဲ စုဆောင်းထားပြီး အခြားသူတွေအတွက် နေစရာ စားစရာ ခေါင်းပါးတဲ့ ကိန်းကို မဆိုက်တဲ့ နည်းမျိုးဖြစ်ရမယ်။ ဒါက အားလုံး တစ်ပြေးညီတူရမယ်လို့

မဆိုလိုဘူး။ ဒီဂရီနဲ့ စွမ်းရည်တွေမှာ အမျိုးမျိုးရှိတတ်တာကိုက ဖြစ်တည်မှုထဲမှာ ရှိနေပြီးသား။ ဒါပေမဲ့ အံ့သြယူရလောက်တဲ့ ချမ်းသာမှုတွေ များပြားလွန်းတာကို စိတ်ခံစားကျနေတဲ့ ဆင်းရဲတွင်းနက်မှုနဲ့ တွဲနေတာကို ဖယ်ရှားပစ်နိုင်တယ်။ အရင်းရှင်တစ်ယောက်က ငွေအမြောက်အမြားပိုင်ဆိုင်ထားတာက မှန်တယ်ဆိုရင် အလုပ်သမားက ရပ်တည်မှုအတွက် အလုံအလောက်ပစ္စည်းဥစ္စာရှိသင့်တာလည်း အလားတူ မျှတတာပါပဲ။ အလွန်အမင်း ဆင်းရဲမှုတွေကို ကျနော်တို့မြင်ရတဲ့အခါ တစ်နေရာရာမှာတော့ နိုင်ငံထက်စီးနင်းဖြစ်နေတာကို တွေ့ရလိမ့်မယ်။

ဒီကိစ္စရပ်ရဲ့ အဓိကကတော့ ဘုရားရှင်ရဲ့ တရားမျှတမှုဟာ လူတို့ရဲ့ အခြေအနေတွေမှာ ထင်ရှားမြင်သာလာရမယ်။ စီးပွါးရေးအခြေအနေတစ်ခုလုံးရဲ့ အခြေခံတွေကတော့ ပင်ကိုယ်အားဖြင့်ထွက်မြတ်ပြီး နှလုံးသားနဲ့ အသက်ခံတာဆိုတဲ့ ကမ္ဘာနဲ့ နှီးနွယ်နေတာ။ လူချမ်းသာတွေက သူတို့ရဲ့ ပစ္စည်းဥစ္စာအလျှံပယ်ကို ပေးရမယ်။ သူတို့ရဲ့ နှလုံးသားတွေကို နူးညံ့စေရမယ်။ သနားကြင်နာတတ်တဲ့ အသိဉာဏ်မျိုးကို ပျိုးထောင်ပေးရမယ်။ နှလုံးသားတွေကို အတူပေါင်းစည်းပေးပြီး မေတ္တာတရားက အုပ်စိုးသွားလိုက်တာ လူချမ်းသာတွေဟာ စီးပွါးရေးရာတွေမှာ အမြဲပဲ ပြင်ဆင်ဆောင်ရွက်မှုတွေ လုပ်ရမဲ့ အဆင့်တွေကို အများဆုံး လိုလိုလားလား လုပ်လာကြတဲ့အထိ ဖြစ်ရမှာ။ သူတို့က ချမ်းသာမှုတွေ များများစားစား ပိုင်ဆိုင်ထားချိန်မှာ လူထုထဲမှာ ချွတ်ခြုံကျ ဆင်းရဲတွင်းနက်နေတာဟာ တရားလည်း မမျှတသလို တရားလည်း မဝင်ဘူးဆိုတာကို သူတို့ကိုယ်တိုင် သဘောပေါက်ကြရမယ်။ ဒီနည်းနဲ့ပဲ သူတို့အတွက် သက်သောင့်သက်သာ နေနိုင်စေဖို့ များများစားစားကို ပိုင်ဆိုင်ထားရင်း သူတို့ရဲ့ ချမ်းသာမှုတွေကို လိုလိုလားလား ပေးကြလိမ့်မယ်။

၁ ။ ဟောပြောချက်တစ်ခုလုံးကို ဖတ်၍ ပုံမှန်နည်းအတိုင်း သင်တို့အဖွဲ့အတွင်း လေ့လာပါ။ ချမ်းသာမှု၊ ဆင်းရဲမှုနှင့်ဆက်နွယ်သည့် အလုပ်အကိုင်၊ လုပ်အားခ၊ နေစရာအိမ် စသဖြင့် လူအများ၏ စိတ်ထဲတွင် အကြောင်းအရာများစွာ ရှိထားသည်။ ဤဖော်ပြချက်ထဲရှိ အယူအဆများမှနေ၍ အကျိုးဖြစ်မည့် ဆွေးနွေးစရာ အခြားအကြောင်းများကို စဉ်းစားပေးပါ။

________________________________________________________

________________________________________________________

________________________________________________________

________________________________________________________

________________________________________________________

၂ ။ သင်တို့ ပြောပြသည့် အထက်ပါ အယူအဆများကို ကြားရသူ တစ်ယောက်ယောက်က "လူချမ်းသာတွေက တင်းကြပ်တဲ့ အခွန်အခ ဥပဒေတွေကို နားလည်လာပြီး အခွန်ဆောင်လာမယ်၊ သူတို့ တာကယ်ပေးသင့်တာကို လိုလိုချင်ချင် ပေးမယ်လို့ ပြောတာလား"ဟု မေးလာလျှင် မည်သည်ကို သင်တို့ ဖြေမည်နည်း။

________________________________________________________

________________________________________________________

________________________________________________________

၃။ ဘဟာအွလ္လာဘုရားရှင်၏ ကျွန်မ်းဓမ္မခန်များထဲရှိ အောက်ပါ ကောက်နုတ်ချက်များထဲမှ တစ်ခု၊ နှစ်ခုကို အလွတ်ကျက်မှတ်ရန် အကြံပြုပါသည်–

". . . အသင်တို့သည် ကောင်းမြတ်၍ အံ့မခန်းသော အသီးများကို သီးပေးကြရမည်။ သို့မှသာ အသင်တို့နှင့်တကွ အခြားသူများသည် ယင်းအသီးတို့မှ အကျိုးဖြစ်ထွန်းနိုင်မည်။ အသင်တို့အားလုံး လူတိုင်းလူတိုင်းတွင် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ရှိရန် အဓိကလိုအပ်သည်။ အကြောင်းမူကား အို အသိဉာဏ်ရှိသူလူတို့၊ ချမ်းသာကြွယ်ဝခြင်း၏ လျှို့ဝှက်ချက်သည် အလုပ်အကိုင်တွင် ရှိ၏။"[၂၂]

"အသင်၏ မျက်လုံးများသည် သနားကရုဏာဘက်သို့ လှည့်ထားပါမူ သင့်အား အကျိုးအမြတ် ရစေသည့်အရာများကို စွန့်ပယ်၍ လူသားတို့အား အကျိုးဖြစ်ထွန်းစေမည့် အရာတို့ကို ဖက်တွယ် ထားပါလေ။ ၎င်းပြင် အသင်၏ မျက်လုံးများသည် တရားမျှတမှုဘက်သို့ လှည့်ထားပါမူ အသင် ကိုယ်တိုင်အတွက် ရွေးချယ်ထားသမျှတို့ကို အသင့် အိမ်နီးနားချင်းအတွက် ရွေးချယ်ပေးပါလေ။"[၂၃]

"သူတစ်ပါးကို မိမိကိုယ်ထက် ပို၍ ဦးစားပေးသူအပေါ်သို့ ကောင်းချီးမင်္ဂလာ ကျရောက်ပေအံ့။"[၂၄]

"မည်သည့်ကောင်းမွန်သည့် လုပ်ရပ်မျှ အမြဲအစဉ်မပျောက်ပျက်ခဲ့ သို့တည်းမဟုတ် ပျောက်ပျက်မည် မဟုတ်ပေ။ အကြောင်းမှာမူ အကျိုးပြုသော လုပ်ရပ်တို့သည် ယင်းတို့ကို လုပ်ဆောင်သူတို့၏ အကျိုးတရားအတွက် ထာဝရဘုရားရှင်ထံတွင် သိမ်းဆည်းထားသည့် ဘဏ္ဍာရတနာများ ဖြစ်ပေ၏။"[၂၅]

". . . အလယ်အလတ်ကျခြင်းဟူသည့် နယ်နိမိတ်မျဉ်းများကို မကျော်ဖြတ်မိစေရန်နှင့် အလွန်အကျွံ ဖြစ်သူများထဲတွင် ရေတွက်ခြင်း မခံရစေရန် သတိချပ်ကြကုန်လော့။"[၂၆]

## အခန်း (၉)

အောက်ပါ အယူအဆများမှာ မျက်စိမှိတ်အယူစွဲခြင်း(prejudice)ဆိုသည့်အကြောင်း ဆွေးနွေးမှုထဲ ပါဝင်ရာတွင် သင်တို့အား ကူညီပေးလိမ့်မည်။

ဘာသာရေး၊ လူမျိုးရေး၊ ဖိုမ၊ လူမျိုးစု၊ စီးပွါးရေး အစရှိတဲ့ ပုံစံအားလုံးမှာ မျက်စိမှိတ်အယူစွဲတာဟာ လူ့လောကရဲ့ အဆောက်အအုံကို ဖျက်ဆီးပစ်ပြီး ဘုရားရှင်ရဲ့ အမိန့်တွေကို ဆန့်ကျင်ပစ်တယ်။ ဒီမျက်စိမှိတ်အယူစွဲမှုတွေကြောင့် တစ်ယောက်နဲ့တစ်ယောက် ဒေါသူပုန်ထကြရင်း စစ်မက်တွေနဲ့ သွေးချောင်းစီးမှုတွေကြောင့် လူ့လောကဟာ နှစ်ထောင်ပေါင်းများစွာ ဒုက္ခရောက်ခဲ့တယ်။ ဒါတွေက ကြာရှည်မြဲနေသမျှ လူ့လောကဟာ အနားရမှာ မဟုတ်ပါဘူး။

ဘုရားသခင်က အရှင်ရဲ့ အလင်းတော်ရအရှင်တွေကို ချစ်ခြင်းမေတ္တာနဲ့ စည်းလုံးမှုကို ဖန်တီးပံ့ဖော်ပေးဖို့ ရည်ရွယ်ချက်တစ်ခုတည်းနဲ့ စေလွှတ်ပေးခဲ့တာ။ ကောင်းကင်ဘုံဆိုင်ရာ ကျွန်မ်းစာအုပ်တွေမှာလည်း ချစ်ခြင်းမေတ္တာ စကားလုံးကိုပဲ ရေးထားတာပါ။ ဒါတွေကနေ သူစိမ်းဆန်ရတဲ့ အကြောင်းရင်းဖြစ်လာပြီဆိုရင် အကျိုးမဲ့ ဖြစ်လာတာပေါ့။ ဒါကြောင့် ဘာသာရေး မျက်စိမိုတ် အယူစွဲမှုတွေဟာ ဘုရားရှင်ရဲ့ အလိုဆန္ဒနဲ့ အမိန့်တော်တွေကို အထူးသဖြင့် ဆန့်ကျင်နေတာပေ့ါ။

(နိုင်ငံ)တိုင်းပြည်ဆိုင်ရာ မျက်စိမိုတ် အယူစွဲမှုဟာ လုံးလုံး မဆီလျော်ပါဘူး။ ကမ္ဘာမြေက မြေတစ်ခုတည်း၊ တိုင်းပြည်တစ်ခုတည်းပါ။ နိုင်ငံတွေကို ပိုင်းခြားထားတဲ့ မျဉ်းကြောင်းတွေ၊ နယ်နိမိတ်တွေက စိတ်ကူးယဉ်မှုတွေပါ။ ဒါတွေကို ဘုရားရှင်က မဖန်တီးထားခဲ့ဘူး။ လူတွေက နိုင်ငံနှစ်ခုကြားမှာရှိတဲ့ မြစ်တစ်စင်းကို တစ်ဖက်စီက နာမည်တစ်ခုစီ ပေးပြီး နယ်နိမိတ်မျဉ်းအဖြစ် ကြေညာကြတယ်။ တကယ်တော့ အဲ့ဒီမြစ်ကို နှစ်နိုင်ငံစလုံးအတွက် လုပ်ပေးထားပြီး အားလုံးအတွက် သဘာဝ အသက်သွေးကြောပဲလေ။ အသက်ရှင်သန်မှုရဲ့ နယ်ခြားမျဉ်းတွေကနေ စစ်နဲ့ ပျက်စီးမှုဖြစ်အောင် လူတွေကို လုပ်ခိုင်းတာက စိတ်ကူးယဉ်မှုနဲ့ မသိနားမလည်မှု မဟုတ်ဘူးလား။

လူမျိုးရေး မျက်စိမှတ်အယူစွဲခြင်းမှာ အယူသီးမှုသာဖြစ်ပြီး တခြားဘာမှမဟုတ်ပါ။ လူတစ်ယောက်ရဲ့ အရေပြားအရောင်ဟာ သူ့ ဘိုးဘေးဘီဘင်တို့က ရာသီဥတုနဲ့ ပတ်ဝန်းကျင်ကို အချိန်ကာလ တလျှောက် လိုက်ဖက်အောင် လုပ်တာတွေရဲ့ ရလဒ်လောက်ပါပဲ။ ကိုယ်ကျင့်စာရိတ္တကသာ လူ့လောကရဲ့ စစ်မှန်တဲ့ မှတ်ကျောက်ပါ။ အကောင်းတကာ့ အကောင်းဆုံးဆိုတာ လူမျိုးနဲ့ အရောင်အပေါ် မူမတည်ပါဘူး။ ယုံကြည်မှု၊ နှလုံးသားဖြူစင်မှု၊ လုပ်ရပ်ကောင်းများနဲ့ ချီးကျူးထိုက်တဲ့ အပြောအဆိုတွေဟာ ဘုရားရှင်ရဲ့ တံခါးဝမှာ လက်ခံနိုင်တဲ့ဟာတွေ ဖြစ်ပါတယ်။

အချိန်အတော်အကြာဆုံးအထိ အမျိုးသမီးတွေကို အမျိုးသားတွေထက် နိမ့်တယ်လို့ လုပ်ထားခဲ့ပြီး မှားယွင်းစွာ ဆက်ဆံခဲ့တယ်။ ဖိုနဲ့မ အကြားမှာရှိတဲ့ ထူးခြားမှုက ရုပ်ကမ္ဘာအတွက် လိုအပ်ချက်တစ်ခုပါ။ အသက်ဓာတ်ရဲ့ ကမ္ဘာမှာတော့ ဒီနှစ်ခုက အတူတူပါ။ ဘုရားရှင်ရဲ့ ရှေ့တော်မှောက်မှာလည်း ဖိုနဲ့မ အကြား ထူးခြားမှုမရှိပါဘူး။ လူ့မျိုးနွယ်အားလုံးကို အသိဉာဏ်၊ သိမြင်ခံစားမှုတွေနဲ့ ချပေးထားတာ။ အားလုံးမှာ ကိုယ်ကျင့်တရားတွေကို ရယူနိုင်တဲ့ စွမ်းရည်ရှိကြတယ်။ လူတစ်ယောက်ရဲ့ လိင်သဘာဝကြောင့် ခွဲခြားဆက်ဆံမှုကို ကျင့်သုံးဖို့အတွက် ဘာအခြေအမြစ်ကိုမှ ပေးထားတဲ့ အခြေအနေမျိုး ယနေ့အချိန်မှာ မရှိတော့ဘူး။

ဓမ္မဟောင်းကျွန်မ်းစာမှာပါတဲ့ စာသားတွေအရ ဘုရားသခင်က “ငါတို့ ပုံသဏ္ဍာန်နှင့်တညီ တသဏ္ဍာန်တည်း လူကို ဖန်ဆင်းကြစို့”ဟု ပြောဆိုထားတယ်။ ဒါက အမျိုးသမီးတွေအတွက်လည်း အကျုံးဝင်ပါတယ်။ လူကို ဘုရားသခင်ရဲ့ ရိပ်သွင်အတိုင်း ဖြစ်တည်ထားတာ။ ဆိုလိုတာက ထွတ်မြတ်တဲ့ အကျင့်သီလတွေကို လူရဲ့ ပကတိအစစ်အမှန်ထဲမှာ ထင်ဟပ်ပြီး ဖွင့်ပြထားတာကို ပြောတာပါ။ ဒီဟာက လူအားလုံးအတွက် အမှန်တရားပါ။ အရောင်အသွေးရှိသူ၊ လူမျိုးစု ဒါမှမဟုတ် နိုင်ငံသား တစ်ခုခုထဲက လူတွေကိုသာ ဘုရားသခင်ရဲ့ ရိပ်သွင်အတိုင်း ဖြစ်တည်ပေးထားတယ်ဆိုတဲ့ အရေးဆိုမှုမျိုးကို ဘယ်လောက် လုံးလုံး မကာကွယ်နိုင်ပါလဲ။ လူချမ်းသာတွေကိုသာ ဘုရားရှင်ရဲ့ ရိပ်သွင်အတိုင်း လုပ်ပေးထားတယ်လို့ သက်ရောက်စေတာ ဒါမှမဟုတ် ဘုရားရှင့်ထံ နီးကပ်ဖို့အတွက် မှတ်ကျောက်က လူမှုအသိုက်အဝန်းမှာ နေရာမြင့်မြင့်ကို ရထားမှလို့ တွေးခေါ်တာမျိုးတွေဟာ ဘယ်လောက် အဓိပ္ပါယ်မရှိလိုက်ပါလဲ။ လူ့လောကအနေနဲ့ မျက်စိမိုတ်အယူစွဲမှုတွေကို စွန့်ပယ်ပြီး ဘုရားရှင့်နိုင်ငံတော်ရဲ့ စာရိတ္တတရားတွေကို ရရှိရုံမှတစ်ပါး ထွန်းလင်းတောက်ပမှုကို မရနိုင်ပါဘူး။

၁။ ရှေ့ဘက်အခန်းများတွင် လုပ်ခဲ့သည့်အတိုင်း ဤဟောပြောချက်ကို လေ့လာပြီးနောက် မျက်စိမှိတ် အယူစွဲမှုကို ဖယ်ရှားပစ်ရေးအတွက် ဖိတ်ခေါ်သည့် စကားပြောဆိုမှုထဲသို့ သင်တို့၏ သူငယ်ချင်း များနှင့် အိမ်နီးချင်းများက ယူဆောင်လာခဲ့သည့် စိန်ခေါ်မှုများထဲမှ အချို့ကို စဉ်းစားကြည့်ပါ။

၂။ သင်တို့က အထက်ပါ အယူအဆများ ဝေမျှပေးသည်ကို ကြားသူ တစ်ယောက်ယောက်က "ကျနော် တို့မှာ မျက်စိမှိတ် အယူစွဲတာတွေ ရှိထားပြီး အဲဒါကို မသိနိုင်တာမျိုး ရှိနိုင်လား"ဟု မေးလာလျှင် မည်သည်ကို ဖြေမည်နည်း။

၃။ ဤအယူအဆများအပေါ် သင်တို့၏ ဆွေးနွေးမှုများထဲတွင် ဘဟာအွလ္လာဘုရားရှင်၏ ကျွန်မ်းဓမ္မခန် များထဲမှ အောက်ပါ ကောက်နုတ်ချက်တစ်ခု သို့မဟုတ် နောက်တစ်ခုကို ထည့်ပြောဖို့ အခွင့်အရေး ရနိုင်ပါသည်။

"ကမ္ဘာကြီးသည် တစ်ခုတည်းသော တိုင်းပြည်ဖြစ်၍ လူသားတို့သည် ယင်း၏ တိုင်းသူပြည်သားများ ဖြစ်ကြကုန်၏။"[၂၇]

"ကမ္ဘာ့ ပျိုးပင်ငယ်အားလုံးတို့သည် သစ်ပင်မြတ်တစ်ပင်တည်းမှ ပေါ်ထွက်လာခဲ့ကြကုန်၏။ ရေစက်ရေပေါက် အားလုံးသည် သမုဒ္ဒရာမြတ်တစ်စင်းတည်းမှ ဖြစ်လာ၏။ ဖြစ်တည်မှုအားလုံး တို့သည် ဖြစ်တည်သူအရှင်တစ်ပါးတည်းထံတွင် သူတို့၏ ဖြစ်တည်မှုကို အရင်းခံကြကုန်၏။"[၂၈]

"ယနေ့အချိန်၌ လူ့မျိုးနွယ်စုတစ်ခုလုံးအတွက် အမှုထမ်းရွက်ရန် မိမိကိုယ်ကို ပုံအပ်ထားသူသည် အမှန်တကယ် လူသားမည်ပေ၏။"[၂၉]

"ကောင်းမြတ်သော ကိုယ်ကျင့်စာရိတ္တ၏ အလင်းရောင်သည် နေ၏ အလင်းရောင်နှင့် ၎င်းမှ ထွက်သော ရောင်ခြည်တို့ထက် သာလွန်ကောင်းမြတ်လှပေ၏။"[၃၀]

"လူ၏ ထူးခြားထင်ရှားမှုသည် အဆင်တန်ဆာများ သို့မဟုတ် ချမ်းသာမှုထဲတွင် မရှိပေ။ သို့သော် ထို့ထက် မွန်မြတ်သော အပြုအမူနှင့် စစ်မှန်သော သိနားလည်မှုတို့တွင် ရှိပေ၏။"[၃၁]

"အသင်သည် အယူသီးခြင်း၏ ရုပ်ထုများကို အစိတ်စိတ်အမြွာမြွာ ကွဲလွင့်စေ၍ လူတို့၏ စိတ်ကူးယဉ်မှုများ၏ မျက်နှာဖုံးများကို ဆုတ်ဖြဲပစ်နိုင်စေရန် ဘုရားရှင်သည် အသင့်အား ကျေးဇူးကြွယ်စွာဖြင့် အခြေအနေ အခါခပ်သိမ်းအောက်တွင် ကူညီပေးပါစေသော်။"[၃၂]

**“အကြင်သူသည် သူတစ်ပါးတို့နှင့် အကျိုးမဖြစ်ထွန်းသောစကား ငြင်းခုန်ကာ အနိုင်ယူလိုလျှင် ထိုသူသည် လူအပေါင်းတို့အနက် အလွန်ပေ့ါလျော့၍ အညံ့ဖျင်းဆုံးဖြစ်၏။”**[၃၃]

## အခန်း (၁၀)

မိတ်ဆွေသူငယ်ချင်းများနှင့် စကားပြောသည့်အခါ အောက်ပါ အမျိုးသားနှင့် အမျိုးသမီးတို့၏ တန်းတူအခွင့်အရေးအကြောင်း ဟောပြောချက်ထဲရှိ အယူအဆများကို အသုံးပြုနိုင်ပါလိမ့်မည်–

ရုပ်ပိုင်းဆိုင်ရာ နေဟာ သူ့ရဲ့ အလင်းနဲ့ အပူဓာတ်အားဖြင့် ကမ္ဘာမြေပေါ်မှာရှိတဲ့ အရာအားလုံးရဲ့ ပကတိအစစ်အမှန်ကို ဖွင့်ပြတယ်။ သစ်ပင်မှာ ကိန်းအောင်းနေတဲ့ အသီးဟာ နေရဲ့ စွမ်းအားကို တုံ့ပြန်တဲ့အနေနဲ့ သူ့ရဲ့ ကိုင်းတွေပေါ်မှာ ပေါ်လာတယ်။ အဲ့ဒီလိုပဲ (အမှန်တရား)သစ္စာဓမ္မနေမင်းဟာလည်း ခံ့ညားထည်ဝါမှုအပြည့်နဲ့ တောက်ပပြီး အတိတ်မှာ မပေါ်လွင်ခဲ့တဲ့ ပကတိအစစ်အမှန်တွေကို ပေါ်လွင်သွားစေတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ခေတ်မှာ ယောကျ်ားနဲ့ မိန်းမ တန်းတူအခွင့်အရေးဆိုတဲ့ စည်းမျဉ်းဥပဒေသကို အပြည့်အဝ အသိအမှတ်ပြုကြပြီး အခု လက်ခံထားတဲ့ အမှန်တရားတစ်ခု ဖြစ်နေပြီ။

ဘဟာအွလ္လာဘုရားရှင်က ထာဝရဘုရားရှင်ရဲ့ ရှေ့တော်မှောက်မှာ ယောကျ်ားနဲ့ မိန်းမ အကြား ဘာခြားနားချက်မှ မရှိဘူးလို့ ရှင်းလင်းတဲ့ အသုံးအနှုန်းတွေနဲ့ ဖော်ပြတော်မူခဲ့တယ်။ ခေတ်ကာလတွေမှာဖြစ်ခဲ့တဲ့ မညီမျှတဲ့ အခြေအနေက အမျိုးသားတွေက သာလွန်လို့ ဖြစ်တဲ့ ရလဒ်ကြောင့် မဟုတ်ဘူး။ အမျိုးသမီးတွေရဲ့ စွမ်းရည်အလားအလာတွေအားလုံးကို ဖွံ့ဖြိုးအောင် လုပ်ဖို့ တန်းတူအခွင့်အလမ်း မပေးထားခဲ့တာကြောင့်ဆိုတာ ရှင်းလှပါတယ်။ ဒါပေမဲ့ သူတို့ကို ဆန့်ကျင်တဲ့ မျက်စိမှိတ် အယူစွဲမှုတွေ ရှိပေမဲ့လို့ အောင်မြင်မှုတွေထဲက အကြီးမားဆုံး အောင်မြင်မှု ရခဲ့တဲ့ အမျိုးသမီးများစွာရဲ့ အတ္ထုပ္ပတ္တိတွေကို သမိုင်းက မှတ်တမ်းတင်ထားပါတယ်။

အဲလို အမျိုးသမီးတစ်ယောက်ကတော့ ပါရှန်း ကဗျာဆရာမ တဟီရီ ဖြစ်ပါတယ်။ သူ့ကို ၁၈၀၀ ခုနှစ် အစောပိုင်းလောက်က အမျိုးသမီးတွေကို အမျိုးသားတွေအောက် လုံးလုံး နှိမ်ချထားတဲ့ နိုင်ငံမှာ မွေးဖွားခဲ့တယ်။ သူဟာ ဘုရားရှင်ရဲ့ ဖွင့်ပြတော်မူချက် အသစ်ရဲ့ အမှန်တရားကို လက်ခံခဲ့တဲ့ ပထမဆုံး အမျိုးသမီးပါ။ အသစ်သော နေ့ရက်တော်ရဲ့ အရုဏ်ဦးအချိန်ကို မြင်တွေ့တာကြောင့် ယောကျ်ားနဲ့ မိန်းမ တန်းတူအခွင့်အရေးရှိဖို့ ပကတိအစစ်အမှန်အတွက် အချိန်ရောက်ပြီဆိုတာကို အသိအမှတ်ပြုခဲ့တယ်။ သူက ဒီအမှန်တရားကို ကြေညာပြောဆိုဖို့အတွက်ပဲ သူ့ရဲ့စွမ်းအင်တွေကို ပုံအပ်ခဲ့တာ။ သူ့ရဲ့ အသိပညာနဲ့ အပြောပိုင်နိုင်မှုတွေကြောင့် အဲ့ဒီအချိန်ရဲ့ ပညာအကျော်အမော် အဖြစ်ဆုံးသူတွေကို ခေါင်းခြောက်စေခဲ့တာ။ ဖိနှိပ်ချုပ်ခြယ်တဲ့ ဘုရင်ရဲ့ တပ်အင်အားနဲ့ မသိနားမလည်ပဲ မောက်မာတဲ့ ဘာသာရေး ခေါင်းဆောင်တွေက သူ့ကို ဆန့်ကျင်ပေမဲ့ ဒီအမှန်တရားကို ပြောဖို့ တစ်ခဏတောင် မတုန့်ဆိုင်းခဲ့ဘူး။ နောက်ဆုံးမှာတော့ သူ စွဲစွဲမြဲမြဲ ယုံကြည်ထားတဲ့ အကြောင်းရင်းတော်အတွက် သူ့အသက်ကို ပေးအပ်သွားခဲ့တယ်။

ဘုရားသခင် ရည်ရွယ်မထားခဲ့တဲ့အရာဟာ မသိနားမလည်ခြင်းနဲ့ အယူသီးခြင်းဆိုတာကို ယုံကြည်ထားရလိမ့်မယ်။ ယနေ့အချိန်မှာ အမျိုးသမီးတွေကို ပညာသင်ကြားလာဖို့နဲ့ လူတွေရဲ့ ကြိုးပမ်းမှု

နယ်ပယ်မှန်သမျှမှာ အမျိုးသားတွေနဲ့အတူ တန်းတူအခွင့်အရေး ယူနိုင်မဲ့ အခွင့်အလမ်းမှန်သမျှကို ခွင့်ပြုပေးရမယ်။ ဒီကမ္ဘာမှာ အမျိုးသားနဲ့ အမျိုးသမီးရဲ့ တန်းတူအခွင့်အရေး ရမလာမချင်း ဝိညာဏနိုင်ငံတော်မှာလိုပဲ လူ့လောကရဲ့ တကယ့်တိုးတက်မှုဆိုတာ ဖြစ်လာမှာ မဟုတ်ပါဘူး။

၁ ။ အခါတိုင်းလိုပင် ဤဟောပြောချက်ကို သင်တို့အဖွဲ့အတွင်း လေ့လာပြီး ထိုအယူအဆများကို ပြောဆိုဖို့ လေ့ကျင့်သင့်သည်။ သင်တို့၏ သူငယ်ချင်းများနှင့် လတ်တလော စကားပြောဆိုမှုများ ထဲတွင် ဤဟောပြောချက်က ပေးသည့် ထိုးထွင်းအမြင်များမှနေ၍ အကျိုးဖြစ်နိုင်မည့် စကား ပြောဆိုမှုမျိုး ရှိထားပါသလား။

၂ ။ အကယ်၍ အမျိုးသမီးများသည် ကြိုးစားအားထုတ်မှု နယ်ပယ်မှန်သမျှတွင် အမျိုးသားများနှင့် ရင်ဘောင်တန်း ကြိုးစားခွင့် အနေအထားရပါက ယနေ့ခေတ် လူမှုအသိုက်အဝန်းတွင် ပြောင်းလဲ ပစ်ရမည့် လတ်တလော မြင်သာသော ယုံကြည်မှုများနှင့် စိတ်နေစိတ်ထားများထဲမှ အချို့မှာ မည်သည်တို့ ဖြစ်သနည်း။

၃ ။ အောက်ပါတို့မှာ ဗဟာအွလ္လာဘုရားရှင်၏ ကျွန်မ်းဓမ္မခန်များထဲမှ ကောက်နုတ်ချက်အနည်းစု ဖြစ်ရာ သင်တို့ အလွတ်ကျက်မှတ်ချင်ပါလိမ့်မည်။

**“ထာဝရဘုရားသခင်၏ ရှေ့တော်မှောက်တွင် အမျိုးသမီးနှင့် အမျိုးသားများသည် တန်းတူညီမျှ ရှိထား၍ နောင်အမြဲအစဉ် တန်းတူညီမျှရှိပေလိမ့်မည်။”**[၃၄]

**“တစ်မျိုးတစ်စားတည်းသော မြေမှုန့်မှ အသင်တို့အားလုံးအား ငါအရှင်သည် အဘယ့်ကြောင့် ဖြစ်တည်စေတော်မူသည်ကို အသင်တို့ မသိကြသလော။ အသင်တို့ မည်သူတစ်ဦးတစ်ယောက်မျှ အခြားတစ်ဦးထက် သာမည်ဟု မထင်ရန်ဖြစ်၏။”**[၃၅]

**“ဤနေ့ရက်တော်တွင် ထွတ်မြတ်တော်မူသော ကျေးဇူးတော်၏ လက်တော်(အရှင်)သည် ဂုဏ်ဒြပ် အားလုံးကို ဖယ်ရှားပစ်လိုက်လေပြီ။ ထာဝရဘုရားရှင်၏ အမှုထမ်းယောကျ်ားများနှင့် အရှင်၏ အမှုထမ်း အမျိုးသမီးတို့အား တန်းတူရည်တူဖြစ်သည်ဟု မှတ်ယူထားကုန်၏။”**[၃၆]

## အခန်း (၁၁)

လေ့လာရန် သင်တို့ကို တောင်းဆိုထားသည့် နောက်ဆုံး ဟောပြောချက်မှာ မသင်မနေရ ပညာရေး အကြောင်းဖြစ်သည်–

ပညာရေးကို မြှင့်တင်ပေးခြင်းဟာ ကျနော်တို့ခေတ်ရဲ့ အရေးတကြီး အလိုအပ်ဆုံး အရာဖြစ်ပါတယ်။ ဘယ်နိုင်ငံမှ ပညာရေးကို အဓိက အလေးထားတဲ့အရာတွေထဲက တစ်ခုအနေနဲ့ မလုပ်ရင် သာသာဝပြောမှုကို မအောင်မြင်နိုင်ပါဘူး။ လူမျိုးတစ်မျိုး ကျဆင်းလာရခြင်းရဲ့ အဓိက အကြောင်းကတော့ အသိပညာကို လက်လှမ်းမီခွင့် မရှိတာကြောင့်ပါ။

ပညာရေးကို ကလေးငယ်ဘဝကတည်းက စတင်ရမယ်။ ဒါဟာ သူတို့ သားသမီးတွေကို ပညာ သင်ကြားပေးဖို့၊ သူတို့ ကိုယ်ကျင့်တရားတွေကို ဝိညာဏနဲ့ စာရိတ္တနဲ့ဆိုင်တဲ့ ဥပဒေတွေနဲ့အညီ ပိုသန့်စင်လာဖို့၊ သူတို့ကို အနုပညာနဲ့ သိပ္ပံပညာတွေမှာ လေ့ကျင့်ပေးဖြစ်အောင် သေချာစေဖို့ စတာတွေဟာ မိခင်၊ ဖခင်တွေ အစွမ်းကုန်လုပ်ရမဲ့ တာဝန်ပါ။ မိခင်တွေကတော့ ပထမဆုံး ပညာပေးသူတွေ ဖြစ်ပါတယ်။ သူတို့ သားသမီးတွေကို အသိပညာရင်ခွင်မှာ ပျိုးထောင်ပေးကြရတာ။ ကလေးတိုင်းကို ပညာသင်ကြားပေးရမယ်။ ဒါဟာ လျစ်လျူရှုလို့ ရနိုင်တဲ့ ကိစ္စမဟုတ်ပါဘူး။ မိဘတွေက လိုအပ်တဲ့ အသုံးစရိတ်ကို တတ်နိုင်တယ်ဆိုရင်တော့ သူတို့က စိုက်ထုတ်ရမယ်။ မတတ်နိုင်ရင်တော့ ရပ်ရွာက ကလေးရဲ့ ပညာရေးအတွက် ငွေကြေးထောက်ပံ့ပေးရမယ်။

ပညာရေးက လူတိုင်းဆီမှာ အကောင်းတကာ့ အကောင်းဆုံးကို အောင်မြင်လိုတဲ့ ဆန္ဒကို ပျိုးထောင် ပေးသင့်တာ။ ကျနော်တို့က လူနဲ့ဆိုင်တဲ့ ပြီးပြည့်စုံမှုကို နှစ်သက်ခုံမင်ပြီး အဲဒါကို မက်မက်မောမောနဲ့ လုပ်သင့်ကြတယ်။ အထူးသဖြင့် ဝိညာဏအသွင် ထူးခြားဖို့၊ လူ့ကမ္ဘာရဲ့ စင်ကြယ်တဲ့ ကိုယ်ကျင့် တရားတွေကြောင့် ထင်ရှားကျော်ကြားတာ– ဥပမာ ရိုးသားမှု၊ သစ္စာရှိမှု၊ လူ့လောကအတွက် အမှုထမ်းရွက်မှု၊ မေတ္တာတရားနဲ့ တရားမျှတမှုတွေ– စတာတွေကို ဆန္ဒပြင်းပြင်းပြပြ ရှိကြရမယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးနဲ့ စည်းလုံးညီညွတ်မှုကို တိုးမြှင့်ဖို့နဲ့ သင်ယူမှုကို ပြုစုပျိုးထောင်ပေးတဲ့ မိမိတို့ရဲ့ ကြိုးစားအားထုတ်မှုတွေကြောင့်မို့ ထူးခြားထင်ရှားဖို့ အားထုတ်ကြိုးပမ်းကြရမယ်။ လူတွေကို အဲ့ဒီလို လမ်းကြောင်းအပေါ် လျှောက်လှမ်းဖို့ လမ်းပြပေးတာက ပညာရေးနှင့်ဆိုင်တဲ့ တကယ့်တာဝန်ပဲ ဖြစ်ပါတယ်။

၁ ။ ဤဟောပြောချက်ကို သင်တို့အဖွဲ့အတွင်း လေ့လာပြီးနောက် သင်တို့ သူငယ်ချင်းများတွင် ပညာရေးနှင့်ပတ်သက်၍ ရှိထားသည့် စိတ်ပူမှုအချို့ကို ရွေးထုတ်ဖို့ ကြိုးစားပါ။ အထက်ပါ အယူအဆများက သူတို့၏ စိတ်ပူမှုကို မည်သို့ ဖြေရှင်းပေးပါသနည်း။

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

၂။ ဘဟာအွလ္လာဘုရားရှင်၏ ကျွန်မ်းစမ္မခန်များထဲမှ အောက်ပါ ကောက်နုတ်ချက်တစ်ခု သို့မဟုတ် ထို့ထက်ပို၍ အလွတ်ကျက်မှတ်ရန် အကြံပြုပါသည်–

**"လူတစ်ယောက်အား အသိပညာ သို့မဟုတ် ကျွမ်းကျင်မှု မပါရှိဘဲ ပစ်ထားသည်ကို အလိုမရှိပေ။ အကြောင်းဟူမူ ထိုသို့ဆိုလျှင် သူသည် အပင်ဖို(မြုံသောအပင်)သာ ဖြစ်ပေ၏။"**[၃၇]

**"အသင်တို့၏ စိတ်ဓာတ်များနှင့် စိတ်ဆန္ဒများကို ကမ္ဘာမြေပေါ်ရှိ လူသားများနှင့် မှီတင်းနေထိုင်သူများ၏ ပညာရေးအတွက် ပုံအပ်ထားကြကုန်လော့ . . . ။"**[၃၈]

**"အနုပညာရပ်များ၊ လက်မှုပညာရပ်များနှင့် သိပ္ပံပညာရပ်များသည် ဖြစ်တည်ခြင်း၏ကမ္ဘာလောကကို တိုးတက်စေပြီး ယင်း၏ မြင့်မားမှုကို ဖြစ်စေသည်။"**[၃၉]

**"ကေန်အမှန် အသိပညာသည် လူသားအတွက် စစ်မှန်သည့် ဘဏ္ဍာရတနာဖြစ်ပြီး သူ့အတွက် ဂုဏ်ကျက်သရေ၊ သနားကရုဏာ၊ ပျော်ရွှင်ခြင်း၊ မြင့်မားခြင်း၊ ရွှင်လန်းခြင်းနှင့် ဝမ်းမြောက်ခြင်းတို့၏ အရင်းခံတစ်ခု ဖြစ်ပေ၏။"**[၄၀]

## အခန်း (၁၂)

ငြိမ်းချမ်းရေးသည် လူတိုင်း၏ စိတ်ထဲတွင်ရှိသည့် အကြောင်းအရာဖြစ်သည်။ ငြိမ်းချမ်းမှုတည်ဆောက်ရေးမှာ အရေးအကြီးဆုံးနှင့် မဖြစ်မနေ အရေးပါသည်။ ယခု သင်တို့သည် ရှေ့ဘက်ရှိ ဟောပြောချက်များထဲတွင် ဖော်ပြထားသော စည်းမျဉ်းများအပေါ်တွင် စဉ်းစားတွေးခေါ်ထားသဖြင့် တစ်ကမ္ဘာလုံးနှင့်ဆိုင်သည့် ငြိမ်းချမ်းရေးဆိုသည့် မေးခွန်းအပေါ် စဉ်းစားသုံးသပ်ပါက အကျိုးရှိလိမ့်မည်။

စစ်မက်ကို ဖယ်ရှားရန် လက်တွေ့ဆန်သည့် အဆင့်များကို ဆောင်ရွက်ရေးမှာ အစိုးရများအပေါ်တွင် များစွာမူတည်သည်မှာ မှန်သည်။ နိုင်ငံများကြားဝယ် များမြောင်လှသည့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်သည့် ပုံစံများအဖြစ် အငြင်းပွါးမှုများကို ကြေအေးရန်နှင့် လက်နက်လျှော့ချရန်တို့အတွက် နိုင်ငံရေးသဘောတူညီချက်များမှာ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန်အတွက် မရှိမဖြစ် အရေးပါသည်။ သို့သော် ထိုသို့သော အတိုင်းအတာများက မည်မျှအရေးပါစေကာမူ အကယ်၍ အစောပိုင်းတွင် ဆွေးနွေးခဲ့သော စည်းမျဉ်းများကို တစ်ကမ္ဘာလုံးတွင် အခြေမချနိုင်ပါက ကြာရှည်ခံသည့် ငြိမ်းချမ်းရေးကို ပေါ်ပေါက်စေလိမ့်မည်မဟုတ်ပေ။ ကိုယ့်ကိုယ်ကို မေးကြည့်သင့်သည်မှာ လူတို့က ပကတိအစစ်အမှန်ကို မစူးစမ်းမလေ့လာဘဲ အမှန်တရားသည် တစ်ခုတည်းဖြစ်သည်ကို နားလည်မလာလျှင် ခေတ်ကာလ စွဲမြဲလာခဲ့သော မုန်းတီးမှုများမှာ ဆက်ပြီး မြဲမနေဘူးလား။ ကျွန်ုပ်တို့အားလုံးမှာ လာရင်းဇစ်မြစ် တူကြသည်။ ဘုရားရှင်က အရှင်၏ အလင်းတော်ရအရှင်များအားဖြင့် ကျွန်ုပ်တို့အား ကြည့်ရှုစောင့်ရှောက်ပြီး လေ့ကျင့်ပေး၏။ ၎င်းတို့၏ တရားဒေသနာများမှာ ချစ်ခြင်းမေတ္တာနှင့် မိတ်သဟာဖြစ်ခြင်း၏ တူညီသည့် အခြေခံအုတ်မြစ်အပေါ်တွင် တည်ထား၏။ ဘာသာတရားသည် တစ်မျိုးတည်းဟု အသိအမှတ်ပြုလိုက်သည့်အခါမှသာလျှင် ဘာသာရေး

ပဋိပက္ခမှာ ရပ်တန့်၍ ဘာသာတရား၏ အလင်းရောင်က ငြိမ်းချမ်းရေးအတွက် လမ်းကို ထွန်းလင်းပြသပေးလိမ့်မည်။ ထို့ပြင် ထပ်၍ မေးသင့်သည်မှာ တစ်ခုစီက ငြိမ်းချမ်းရေးအတွက် အလွန်အားကြီးသော အဟန့်အတားဖြစ်သည့် မသိနားမလည်ခြင်းဆိုသည့် တိမ်တိုက်တို့ကို ပြယ်လွင့်သွားစေရန်နှင့် မျက်စိမှိတ်အယူစွဲမှုတိုင်း၏ မှားယွင်းမှုကို သရုပ်ပြရန် သိပ္ပံပညာနှင့် ဘာသာတရားတို့က သဟဇာတဖြစ်ဖြစ် အလုပ်လုပ်ရန် မလိုအပ်ဘူးလား။ နောက်ထပ် မေးသင့်သည်မှာ ချမ်းသာသူနှင့် ဆင်းရဲသားအကြား လက်ရှိ လွန်လွန်ကဲကဲဖြစ်သော ကွာဟချက်ကို ကမ္ဘာ၏ နေရာထောင့်အစုံတွင် မဖြေရှင်းပါလျှင် ငြိမ်းချမ်းသည့် ကမ္ဘာကို တည်ဆောက်နိုင်ပါသလား။ ထို့ပြင် အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူရင်ဘောင်တန်း၍ လူတို့၏ ကြိုးစားအားထုတ်မှု နယ်ပယ်အားလုံးတွင် လှုပ်ရှားဖို့ ခွင့်မပြုမချင်း သမိုင်းကြောင်းတွင် များစွာ ပုံပေါ်ထားသည့် အကြမ်းဖက်မှုမှာ ငြိမ်းချမ်းရေးနှင့် အစစ်အမှန် သာယာဝပြောရေးကို လမ်းပေးလာလိမ့်မည် မဟုတ်ပေ။ ပေါ်ထွက်လာနေသည့် မျိုးဆက်များကို ထိုသို့သော စည်းမျဉ်းများနှင့်အညီ တစ်ကမ္ဘာလုံးအသွင် ပညာပေးကြရမည်။ သို့မဟုတ်ပါက ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်မှန်သမျှမှာ လွင့်လွင့်စင်သွားလိမ့်မည်။ သင်တို့သည် ဘဟာအွလ္လာဘုရားရှင်၏ အောက်ပါ မိန့်မှာချက်များကို အလွတ်ကျက်မှတ်ချင်ပါလိမ့်မည်။ သို့မှသာ လူ့လောက၏ အနာဂတ်အတွက် စိတ်ပူသူများနှင့် ၎င်းတို့ကို ဝေမျှပေးနိုင်လိမ့်မည်–

> **“လူ့မျိုးနွယ်၏ ကောင်းကျိုးချမ်းသာ၊ ၎င်း၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့သည် ၎င်း၏ စည်းလုံးညီညွတ်မှုကို အခိုင်အမာ မတည်ဆောက်မချင်း ရရှိလာနိုင်မည်မဟုတ်ပေ။”**[၄၁]

## REFERENCES


1. *Gleanings from the Writings of Bahá'u'lláh* (Wilmette: Bahá'í Publishing Trust, 1983, 2017 printing), CIX, par. 2, p. 243.
2. Ibid., CXXXII, par. 1, p. 325.
3. Ibid., XXXIV, par. 5, p. 89.
4. *Tablets of Bahá'u'lláh Revealed after the Kitáb-i-Aqdas* (Wilmette: Bahá'í Publishing Trust, 1988, 2005 printing), no. 11.1, p. 161.
5. Bahá'u'lláh, *The Kitáb-i-Íqán: The Book of Certitude* (Wilmette: Bahá'í Publishing Trust, 2003, 2018 printing), par. 151, p. 131.
6. *Gleanings from the Writings of Bahá'u'lláh*, XXVIII, par. 2, p. 77.
7. Ibid., XXIV, par. 1, p. 66.
8. Ibid., CXI, par. 1, p. 246.
9. Ibid., XLIII, par. 6, p. 106.
10. Ibid., CX, par. 1, p. 244.
11. *Tablets of Bahá'u'lláh Revealed after the Kitáb-i-Aqdas*, no. 15.4, p. 220.
12. *Gleanings from the Writings of Bahá'u'lláh*, XCV, par. 1, pp. 219–20.
13. *Tablets of Bahá'u'lláh Revealed after the Kitáb-i-Aqdas*, no. 9.13, p. 141.
14. Ibid., no. 5.13, p. 51.
15. *Gleanings from the Writings of Bahá'u'lláh*, CXII, par. 1, pp. 247–48.
16. Ibid., CXXXII, par. 3, p. 326.
17. Ibid., CXI, par. 1, p. 246.
18. *Tablets of Bahá'u'lláh Revealed after the Kitáb-i-Aqdas*, no. 7.20, p. 90.
19. Ibid., no. 6.25, pp. 66–67.
20. Bahá'u'lláh, cited by Shoghi Effendi, *The Advent of Divine Justice* (Wilmette: Bahá'í Publishing Trust, 2006, 2018 printing), par. 42, p. 41.
21. *Tablets of Bahá'u'lláh Revealed after the Kitáb-i-Aqdas*, no. 3.23, p. 27.
22. Bahá'u'lláh, *The Hidden Words* (Wilmette: Bahá'í Publishing Trust, 2003, 2012 printing), Persian no.80,p.51.
23. *Tablets of Bahá'u'lláh Revealed after the Kitáb-i-Aqdas*, no. 6.19, p. 64.
24. Ibid., no. 6.37, p. 71.
25. Bahá'u'lláh, in *Ḥuqúqu'lláh—The Right of God: A Compilation of Extracts from the Writings of Bahá'u'lláh and 'Abdu'l-Bahá and from Letters Written by and on Behalf of Shoghi Effendi and the Universal House of Justice*, compiled by the Research Department of the Universal House of Justice (Wilmette: Bahá'í Publishing Trust, 2007), no. 16, p. 16.
26. *Gleanings from the Writings of Bahá'u'lláh*, CXVIII, par. 2, p. 283.
27. Ibid., CXVII, par. 1, p. 282.
28. Bahá'u'lláh, cited by Shoghi Effendi, *The Promised Day Is Come* (Wilmette: Bahá'í Publishing Trust, 1996, 2018 printing), par. 279, p. 187.
29. *Gleanings from the Writings of Bahá'u'lláh*, CXVII, par. 1, p. 282.
30. *Tablets of Bahá'u'lláh Revealed after the Kitáb-i-Aqdas*, no. 4.11, p. 36.
31. Ibid., no. 6.3, p. 57.
32. Ibid., no. 6.3, p. 58.
33. *The Hidden Words*, Persian no. 5, pp. 23–24.
34. Bahá'u'lláh, in *Women: Extracts from the Writings of Bahá'u'lláh, 'Abdu'l-Bahá, Shoghi Effendi and the Universal House of Justice*, compiled by the Research Department of the Universal House of Justice (Wilmette: Bahá'í Publishing Trust, 1986, 1997 printing), no. 54, p. 26.
35. *The Hidden Words*, Arabic no. 68, p. 20.
36. Bahá'u'lláh, in the compilation *Women*, no. 3, p. 3.
37. Bahá'u'lláh, in *Excellence in All Things: A Compilation of Extracts from the Bahá'í Writings*, compiled by the Research Department of the Universal House of Justice (London: Bahá'í Publishing Trust, 1981, 1989 printing), no. 5, p. 2.
38. *Gleanings from the Writings of Bahá'u'lláh*, CLVI, par. 1, p. 378.
39. Bahá'u'lláh, *Epistle to the Son of the Wolf* (Wilmette: Bahá'í Publishing Trust, 1988,2016 printing), p. 26.
40. *Tablets of Bahá'u'lláh Revealed after the Kitáb-i-Aqdas*, no. 5.13, p. 52.
41. *Gleanings from the Writings of Bahá'u'lláh*, CXXXI, par. 2, p. 324.



# Deepening Themes

## အသိနက်ရှိုင်းရေး အနှစ်သာရများ

**ရည်ရွယ်ချက်**

ဝိညာဏအသွင် ထူးခြားသည့် အကြောင်းအရာများကို စကားပြောဆိုရန်အတွက်
မိတ်ဆွေသူငယ်ချင်းများနှင့် အိမ်နီးချင်းများထံသို့ လည်ပတ်သည့် အလေ့အကျင့် ဖွံ့ဖြိုးရန်

## အခန်း (၁)

ဤတတိယအပိုင်းသည် ဒုတိယပိုင်းကဲ့သို့ပင် ကျွန်ုပ်တို့အား အဓိပ္ပါယ်ရှိ၍ စိတ်အားတက်စေသော စကားပြောဆိုမှုများထဲ ဝင်ရောက်နိုင်စေမည့် စွမ်းဆောင်နိုင်ရည်များ ဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သည်။ ဒုတိယပိုင်းတွင် ကျွန်ုပ်တို့၏အလေးထားမှုမှာ ဝိညာဏစည်းမျဉ်းများကို ရည်ညွှန်းအသုံးပြု၍ စကားပြောဆိုမှု အဆင့်ကို မြှင့်တင်ဖို့ ဖြစ်လာသည့် အခါအခွင့်များစွာအပေါ်တွင် အလေးပေးခဲ့သည်။ ဤနေရာတွင် အလေးထားမှုမှာ ရပ်ရွာလူထု၏ရှင်သန်နေထိုင်မှုအတွက် အဓိကကျသည့် အကြောင်းအရာများကို အတူတကွ ဆန်းစစ်ရန် မိတ်ဆွေသူငယ်ချင်းများနှင့် အိမ်နီးချင်းများ၏ အိမ်များသို့ အလည်သွားသည့်အပေါ်တွင် လှည့်ထားသည်။

ကမ္ဘာတစ်လွှားရှိ ကျေးရွာများနှင့် ရပ်ကွက်များတွင် မိတ်ဆွေသူငယ်ချင်းအုပ်စုများသည် အပြန်အလှန် ဆက်စပ်နေသော လုပ်ဆောင်ချက်အစုများဖြစ်သည့် ပုံမှန်စုပေါင်းဆုတောင်းပွဲများ၊ ကလေးများ၏ ဝိညာဏ ပညာရေးအတွက် သင်တန်းများ၊ တက်လူငယ်တွေ့ဆုံပွဲများ၊ လေ့လာဝိုင်းများ၊ လူငယ်ကမ့်ပ်များနှင့် စီမံချက် မျိုးစုံတို့တွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြသည်။ ဤလုပ်ငန်းပုံစံက ဒေသတစ်ခုတွင် အမြစ်တွယ် လာသောကြောင့်လည်းကောင်း တိုးလာသည့် ဦးရေတို့က အမှုထမ်းအလုပ်များတွင် သူတို့ကိုယ်တိုင် နှစ်မြှုပ် လာသောကြောင့် မိတ်ဆွေသူငယ်ချင်း နယူကလီးယပ်(အစုအဝေး)မှာ ဦးရေနှင့် အင်အားပါ ကြီးထွား တိုးတက်လာသည်။ ကျေးရွာ သို့မဟုတ် ရပ်ကွက်ထဲရှိ ပို၍ ပို၍များသော အိမ်များဆီ စနစ်တကျ လည်ပတ်သည့်အစီအစဉ်မှာ ယခုအရှိန်ရနေသည့် ရပ်ရွာထူထောင်ရေး လုပ်ငန်းစဉ်၏ အရေးပါသည့် အစိတ်အပိုင်းဖြစ်သည်။ ဤလည်ပတ်မှုများတွင် အကြောင်းအရာမျိုးစုံကို ပြောဆိုကြသည်။ ဥပမာ ဘဟာအီ ကလေးသင်တန်းဆရာ တစ်ယောက်က ကလေးငယ်များ၏ မိဘများနှင့်အတူ သူတို့ပညာရေးအတွက် ဆက်စပ်သော အကြောင်းအရာများကို ဆွေးနွေးရန် မကြာခဏ တွေ့ဆုံရမည်။ ရှေ့ဆောင်လူငယ်များနှင့် နည်းပြများအဖြစ် အမှုထမ်းရွက်သူများက လူတစ်ယောက်ဘဝ၌ ဤအာမခံချက်ရှိသော အရွယ်များနှင့် ဆက်နွယ်သော စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဆွေးနွေးရန် တက်လူငယ်များနှင့် လူငယ်များ၏ အိမ်များသို့ အလားတူ လည်ပတ်မှုမျိုးကို လုပ်ကြသည်။ မိသားစုတစ်ခု၏ အဖွဲ့ဝင်များနှင့်အတူ သူတို့အတွက် သာသနာ့အသိပညာကို မြှင့်တင်ပေးမည့် အကြောင်းအရာများအပေါ် ပြောဆိုသည့် စကားပြောမှုများမှာလည်း အညီအမျှ အရေးကြီးသည်ကို သက်သေပြထားသည်။ အားလုံးခြုံလိုက်လျှင် ရပ်ရွာတစ်ခုအတွင်း ပေါ်ပေါက်လာသော ရောင်းရင်းစိတ်၏ ယဉ်ကျေးမှုအပေါ် ထိုကဲ့သို့ လည်ပတ်မှုများ၏ အကျိုးသက်ရောက် မှုကို ပိုပိုကဲကဲ မခန့်မှန်းနိုင်ပေ။

# အခန်း (၂)

ဤအပိုင်း၏ ရည်ရွယ်ချက်အတွက် ကျွန်ုပ်တို့သည် စိတ်ကူးပုံဖော်ထားသော ရပ်ကွက်တစ်ခုကို ကြည့်ကြမည်။ ထိုအထဲတွင် အထက်တွင်ဖော်ပြထားသော လုပ်ငန်းစဉ်မှာ တိုးတက်နေသည်။ အိမ်တစ်အိမ်သို့ လည်ပတ်ချိန်တွင် ပွင့်လာနိုင်သည့် စကားပြောဆိုမှု အမျိုးအစားများကို လေ့လာဆန်းစစ်ရန် ဆိုသည့် အခြေအနေဖြင့် ၎င်းကို ကျွန်ုပ်တို့ အသုံးပြုလိမ့်မည်။

အဲလီဂျန်ဒရာသည် တတိယနှစ် တက္ကသိုလ်ကျောင်းသူ တစ်ယောက်ဖြစ်သည်။ ကျောင်းသား တစ်ယောက်ဖြစ်သည့် သူ့မောင်လေးနှင့် သူသည် ကျွန်ုပ်တို့ စဉ်းစားပုံဖော်ထားသည့် ရပ်ကွက်တွင် မိဘများ နှင့်အတူ သူတို့ မွေးဖွားကြီးပြင်းခဲ့သည့်အိမ်တွင် နေကြသည်။ သူတို့လေးယောက်နှင့် ရပ်ကွက်ထဲသို့ မကြာခင်က ပြောင်းလာသည့် လူငယ် ဇနီးမောင်နှံတို့က ဆုတောင်းပတ္ထနာပြုရန် အပတ်စဉ် တွေ့ဆုံကြ၍ သူတို့ ပတ်ဝန်းကျင်ရှိ လူဦးရေ ၈၀၀၀ အတွင်း၌ ဆောင်ရွက်နေသည့် လုပ်ငန်းများ၏ တိုးတက်မှုကို ဆွေးနွေး ကြသည်။ အခြား သုံးယောက်မှာ ဤအပတ်စဉ် တွေ့ဆုံပွဲများကို တစ်ချိန်မဟုတ်တစ်ချိန် ပါဝင်နေကြ၍ သူတို့ကိုယ်တိုင်၏ အမှုထမ်းအလုပ်များကို စနစ်တကျ စတင်စဉ်းစားရုံမကဘဲ ရပ်ရွာထူထောင်ရေး လုပ်ငန်းစဉ်တစ်ခုလုံးကိုလည်း စဉ်းစားကြသည်- ၎င်းတို့မှာ လွန်ခဲ့သည့် ခြောက်လက စတင်ခဲ့သည့် ကလေးသင်တန်းဆရာတစ်ယောက်နှင့် အဲလီဂျန်ဒရာ၏ အစ်ကို၏ အကူအညီဖြင့် တက်လူငယ်တစ်ဖွဲ့၏ ကြိုးစားမှုများကို လမ်းပြပေးနေသည့် ဆယ့်ခုနစ်နှစ်အရွယ် လူငယ်နှစ်ယောက်ဖြစ်သည်။ အဲလီဂျန်ဒရာ၏ အစ်ကိုမှာ သူတို့ ငယ်စဉ်က သူတို့အဖွဲ့၏ ရှေ့ဆောင်လူငယ်ဖြစ်၍ သူ့မိဘများထံ ပုံမှန် လာလည်သူဖြစ်သည်။

ကျွန်ုပ်တို့ လေ့လာဆန်းစစ်မည့် ပထမဆုံး စကားပြောဆိုမှုအစုမှာ အဲလီဂျန်ဒရာနှင့် ရပ်ကွက်ထဲတွင် လူသိများပြီး အလေးစားခံရသည့် ဆန်ချက်ဇ် မိသားတို့အကြား ပြောဆိုမှုဖြစ်သည်။ ဇနီးမောင်နှံနှစ်ဦးမှာ အသက်ခြောက်ဆယ်အရွယ်များ ဖြစ်ကြပြီး သူတို့ သားသမီးများကို ပြုစုပျိုးထောင်ရင်း အဲလီဂျန်ဒရာ၏ အိမ်မှ လမ်းအနည်းငယ်ခြားသည့် နေရာတွင် နေထိုင်ကြသည်။ မစ္စတာနှင့် မစ္စက် ဆန်ချက်ဇ်တို့မှာ စာတတ် ကြသည်။ သို့သော် ကျောင်းပညာရေး မသင်ခဲ့ရပေ။ သူတို့ သဘောကျသည့် ကျယ်ကျယ်ပြန့်ပြန့် လေးစား ခံရမှုမှာ အပေးအကမ်း ရက်ရော၍ ဖြူစင်သည့် လုပ်ရပ်များဖြင့် ရပ်တည်လာသည့် ဘဝတစ်လျောက်လုံးတွင် အတွေ့အကြုံမှရလာသည့် ဉာဏ်အမြော်အမြင်ကြောင့် ဖြစ်သည်။ သူတို့က ဘဟာအီတရားဒေသနာတော် များကို အချိန်တစ်ခုအထိ သတိပြုမိထားသည်။ သို့သော် မကြာခင်ကမှ စိတ်အားထက်ထက်သန်သန်ဖြင့် ၎င်းတို့ကို စူးစမ်းလေ့လာရန် ဆုံးဖြတ်ခဲ့ကြသည်။ လွန်ခဲ့သည့်တစ်ပတ်ကမှ သူတို့က သာသနာဝင်ထုနှင့် လက်တွဲလိုသည့် ဆန္ဒကြောင့် အဲလီဂျန်ဒရာ၏ မိဘများကို ဆက်သွယ်ခဲ့သည်။ သူတို့ကို ကြိုဆိုမည့် စုစည်းပွဲတစ်ခုကို စီစဉ်ထားပြီးဖြစ်သည့်အပြင် အဲလီဂျန်ဒရာက သူတို့၏ သာသနာ့အသိပညာကို မြင့်မား လာစေဖို့ ကူညီပေးရန် အနှစ်သာရအတွဲစဉ်လိုက်ကို မျှဝေပေးရန် သူတို့ထံ ပုံမှန်လည်ပတ်မည်ဟု သဘောတူ ထားသည်။ လည်ပတ်မှုများအကြောင်းကို လေ့လာခြင်းဖြင့် သင်တို့သည် ဤအနှစ်သာရများကို လေ့လာ ဆန်းစစ်နိုင်ကြ၍ တစ်ချိန်တည်းမှာပင် ထိုအခါအခွင့်များရှိ စကားပြောဆိုမှု၏ သက်ဝင်လှုပ်ရှားမှုများ အပေါ်တွင် သုံးသပ်နိုင်ကြလိမ့်မည်။

# အခန်း ၃

အဲလီဂျန်ဒရာသည် မစ္စတာ၊ မစ္စက် ဆန်ချက်ဇ် တို့နှင့် ပထမဆုံး စကားပြောဆိုမှုကို အောက်တွင် ပေးထားသော ဘုရားရှင်၏ အစဉ်ထာဝရတည်မြဲသော ပဋိညာဉ်သစ္စာတော်ဆိုသည့် အကြောင်းအရာ ရှင်းလင်းချက်အပေါ်တွင် အခြေခံရန် စီမံထားသည်။

> အရာအားလုံးကို ဖြစ်တည်ပေးတဲ့သူက တစ်ဆူတည်းဖြစ်တဲ့ နှိုင်းယှဉ်ဘက်မရှိတဲ့ ဘုရားရှင်ပါ။ ဘဟာအွလ္လာဘုရားရှင် ဟောကြားပြထားတာက (ထာဝရ)ဘုရားရှင်ရဲ့ အနှစ်သာရကို လူ့စိတ်နဲ့ နားလည်ဖို့ မဖြစ်နိုင်ပါဘူးတဲ့။ ဘာဖြစ်လို့လဲဆိုရင် အကန့်အသတ်ရှိတဲ့အရာက အကန့်အသတ်မဲ့တဲ့ အရာကို နားမလည်နိုင်တာကြောင့်ပါ။ ထိုဘုရားရှင်ကို ကိုယ်စားပြု ညွှန်းဆိုတာတွေကလည်း သူတို့တွေရဲ့ ကိုယ်တိုင်စိတ်ကူးယဉ် စဉ်းစားမှုတွေပါ။ (ထာဝရ)ဘုရားရှင်က လူသားလည်း မဟုတ်သလို စကြဝဠာအတွင်းမှာ ပျံ့နှံ့နေတဲ့ အင်အားရုပ်လောက်သာလည်း မဟုတ်ပါဘူး။ ကျွန်မတို့ကို ဖြစ်တည်ပေးတဲ့ ပင်မအရင်းအမြစ် ဘုရားရှင်ကို မဖြစ်မနေ ရည်ညွှန်းထားတဲ့ ကောင်းကင်ဘုံရဲ့ ဖခမည်းတော်၊ ကောင်းကင်ဘုံရဲ့ တန်ခိုးစွမ်းအား၊ ကြီးမားလှသော ဝိညာဉ်တော် စတာတွေဟာ ထိုဘုရားရှင့် အမည်နာမတွေနဲ့ ဂုဏ်အင်လက္ခဏာတွေကို လူရဲ့နှုတ်လျှာက ဖော်ပြတဲ့ စကားလုံးတွေဖြစ်ပြီး ထိုဘုရားရှင်ကို ဖော်ပြနိုင်ဖို့ လုံးလုံး မလုံလောက်ကြပါဘူး။
>
> ဖုံးကွယ်နေသော ဓမ္မစကာ်ဒေသနာတော်များကျွန်မ်းမှာ ကျွန်မတို့ ဖတ်ရတာက-
>
> **"အို . . . လူသား၊ ငါအရှင်သည် အသင့်အားဖြစ်ထွန်းစေခြင်းတွင် ချစ်နှစ်သက်တော်မူသောကြောင့် အသင့်အား ဖြစ်ထွန်းစေ၏။ သို့ဖြစ်၍ ငါအရှင်သည် အသင်၏ အမည်နာမကိုခေါ်၍ အသက်ဓါတ် အားဖြင့် အသင့်ဝိညာဉ်တွင် ဖြည့်စွမ်းရန်အလို့ငှာ ငါအရှင်အား ချစ်မြတ်နိုးလော့။"**[၁]
>
> ဒီစာပိုဒ်ထဲမှာ ဘဟာအွလ္လာဘုရားရှင် မိန့်မှာထားတာက (ထာဝရ)ဘုရားရှင်ရဲ့ မေတ္တာတရားဟာ ကျွန်မတို့ ဖြစ်တည်လာရတဲ့ တကယ့်အကြောင်းရင်းပါ။ ဒီမေတ္တာတရားကို ကျွန်မတို့ အမြဲသတိရှိကြရမှာ။ ဒါက ကျွန်မတို့ကို ကာကွယ်ပေးတယ်၊ ဆက်တိုက် ပံ့ပိုးကူညီပေးတယ်၊ ဘဝကို အသက်ဓာတ်နဲ့ ဖြည့်ပေးတယ်။ ခက်ခဲတဲ့အချိန် ဒါမှမဟုတ် လွယ်ကူတဲ့အချိန်၊ ဝမ်းနည်းချိန် ဒါမှမဟုတ် ပျော်ရွှင်ချိန်တွေမှာ အဲဒီဘုရားရှင်ရဲ့ မေတ္တာတရားဟာ ကျွန်မတို့ကို အမြဲပွေ့ဖက်ထားမယ် ဆိုတာကို သတိရကြရလိမ့်မယ်။
>
> အဲဒီဘုရားရှင်ရဲ့ မေတ္တာတရားကြောင့် ကျွန်မတို့ကို ဖြစ်တည်ပေးလိုက်တာမို့ (ထာဝရ)ဘုရားရှင်ဟာ ကျွန်မတို့နဲ့ ပဋိညာဉ်တစ်ခုကို ချုပ်ဆိုထားတယ်လို့ ဘဟာအီတရားဒေသနာတော်တွေအရ သိရှိရတယ်။ "ပဋိညာဉ်"ဆိုတဲ့ စကားလုံးကတော့ လူနှစ်ယောက် ဒါမှမဟုတ် ဒီထက်များတဲ့ လူတွေကြားမှာထားတဲ့ သဘောတူညီချက် ဒါမှမဟုတ် (အပြန်အလှန်)ကတိကဝတ်လို့ အဓိပ္ပါယ် ရပါတယ်။ ထာဝရမြဲတဲ့ ပဋိညာဉ်အရ အလုံးစုံကို ပေးကမ်းမစတဲ့ ဖြစ်တည်ပေးသူဘုရားရှင်ဟာ ကျွန်မ တို့ကို ဘယ်တော့မှ ပစ်မထားဘဲ သူရဲ့ အလိုဆန္ဒတော်နဲ့ ရည်ရွယ်ချက်တော်တွေကို ထိုဘုရားရှင်ရဲ့ အလင်းတော်ရအရှင် တစ်ပါးပါးကတစ်ဆင့် သူ့အချိန်နဲ့သူ သိရှိအောင် လုပ်ပေးပါတယ်။

“အလင်းတော်ရသည်” ဆိုတဲ့ ကြိယာစကားလုံးကတော့ ယခင်တုန်းက မသိထားတာတစ်ခုခုကို အလင်းပြပေးဖို့ ဖွင့်ပြဖို့လို့ ဆိုလိုပါတယ်။ အလင်းတော်ရ ဘုရားရှင်တွေဟာ (ထာဝရ)ဘုရားရှင်ရဲ့ နှုတ်ကပါဠ်တော်ကို ကျွန်မတို့အတွက် ဖွင့်ပြပေးတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ဖြစ်ပါတယ်။ သူတို့က တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ ပညာပေးသူတွေဖြစ်ပြီး (ထာဝရ)ဘုရားရှင်ရဲ့ အလိုဆန္ဒတော်နဲ့အညီ ဘယ်လို နေထိုင်ရမယ်၊ စစ်မှန်တဲ့ ပျော်ရွှင်မှုကို ဘယ်လိုရရှိနိုင်မယ်ဆိုတာတွေကို ဟောကြား ပေးကြတာ။ ဒီအလင်းတော်ရအရှင်တွေထဲမှာ အဖြာဟံအရှင်၊ ခရစ်ရှနား၊ မိုးဇက်၊ ဇိုရိုအက်စတာ၊ ဗုဒ္ဓ၊ သခင်ခရစ်တော်၊ မူဟာမက်နဲ့ လူ့သမိုင်းစဉ်ရဲ့ ဒီနေ့ခေတ်အတွက် (ထာဝရ)ဘုရားရှင်ရဲ့ အမြွာ အလင်းတော်ရ ဘုရားရှင်နှစ်ပါးဖြစ်တဲ့ ဘာဗ်ဘုရားရှင်နဲ့ ဘဟာအွလ္လာဘုရားရှင်တို့ပါပဲ။

ဒါ့ကြောင့်မို့ (ထာဝရ)ဘုရားရှင်ရဲ့ အစဉ်တည်မြဲတဲ့ ပဋိညာဉ်သစ္စာတော်မှာ ဘုရားရှင့်အပိုင်းက အမြဲဖြည့်ဆည်းပေးနေတာ။ ကျွန်မတို့ကိုယ်ကို မေးရမဲ့မေးခွန်းကတော့ “ပဋိညာဉ်သစ္စာတော်မှာ ကိုယ့်ရဲ့အပိုင်းကို ဘယ်လို ဖြည့်ဆည်းရမလဲ”ဆိုတာပါ။ ဘာသာအားလုံး ကျွန်မ်းစာတွေမှာ တွေ့ရတဲ့ အဖြေကတော့ (ထာဝရ)ဘုရားရှင်ရဲ့ အလင်းတော်ရဘုရားရှင်ကို အသိအမှတ်ပြုပြီး ထိုဘုရားရှင်ရဲ့ တရားဒေသနာများကို လိုက်နာရမယ်လို့ ဆိုထားပါတယ်။ ဒီဖြေဆိုချက်က ကျွန်မတို့ ဘဝတွေရဲ့ တကယ့်ရည်ရွယ်ချက်ကို ညွှန်ပြထားတယ်။ ဒီရည်ရွယ်ချက်ကတော့ ဘုရားရှင်ကို သိရှိဖို့နဲ့ ကိုးကွယ် ဝတ်ပြုဖို့ပါပဲ။ ဝတ်မပျက်ဆုတောင်းအတိုမှာ ကျွန်မတို့ မြွက်ဆိုထားတာက-

**“အို ဘုရားသခင်၊ ကိုယ်တော်သည် ကျွန်တော်မျိုးကို ကိုယ်တော့်အား သိကျွမ်းရန်နှင့် ကိုးကွယ် ဝတ်ပြုရန် ဖန်ဆင်း၍ထားကြောင်းကို ကျွန်တော်မျိုး သက်သေဝန်ခံပါ၏။ ကျွန်တော်မျိုးသည် ယခုအချိန်၌ ကျွန်တော်မျိုး၏ တန်ခိုးမဲ့ခြင်းအခြေနှင့် ကိုယ်တော်၏ စွမ်းအားဗလတန်ခိုးတော်ကို လည်းကောင်း၊ ကျွန်တော်မျိုး၏ ဆင်းရဲနွမ်းပါးခြင်းနှင့် ကိုယ်တော်၏ ကြွယ်ဝချမ်းသာခြင်းကို လည်းကောင်း သက်သေဝန်ခံပါ၏။**

**“ကိုယ်တော်မှတစ်ပါး ကိုးကွယ်ထိုက်သော ဘုရားမရှိ။ ကိုယ်တော်သည် ဘေးအန္တရာယ်အပေါင်းမှ ကင်တင်တော်မူသောအရှင်၊ မိမိအလိုအလျောက် တည်ရှိတော်မူသောအရှင် ဖြစ်တော်မူပါပေ သတည်း။”**[၂]

အလင်းတော်ရဘုရားရှင်တွေက တစ်ဆင့်မှလွဲလို့ (ထာဝရ)ဘုရားရှင်ကို သိဖို့ မဖြစ်နိုင်တာကြောင့် ကျွန်မတို့ဘဝတွေရဲ့ ရည်ရွယ်ချက်ကို ပေါက်ရောက်အောင်မြင်ဖို့ နည်းလမ်းကတော့ ထိုဘုရားရှင် တွေကို အသိအမှတ်ပြုပြီး သူတို့ရဲ့ တရားဓမ္မတွေကို လိုက်နာဖို့ပဲ ရှိတာပါ။ ဒီနေ့မှာတော့ ငြိမ်းချမ်းရေးနဲ့ တရားမျှတမှုဟာ ကမ္ဘာမြေပေါ်မှာ တည်ဆောက်လိမ့်မယ်လို့ မြင့်မြတ်တဲ့ ကျွန်မ်းစာအုပ်တွေအားလုံးမှာ ပေးထားတဲ့ ကတိကဝတ်ကို ပြည့်မြောက်တဲ့အချိန်မှာ နေထိုင်ခွင့်ရတဲ့ သနားကြင်နာမှုအတွက် ကျွန်မတို့ နှလုံးသားတွေမှာ ကျေးဇူးတင်ရှိမှုတွေနဲ့ ပြည့်နေပါတယ်။ ဘဟာအွလ္လာဘုရားရှင် မြွက်ဟကြေညာထားတာက-

**“ဤနေ့ရက်တော်သည် ထာဝရဘုရားရှင်၏ အကောင်းမွန်ဆုံးသော ပေးကမ်းမစမှုများကို လူသားတို့ အပေါ်သို့ သွန်းလောင်းချပေးသည့် အခါသမယပင် ဖြစ်ပေတော့၏။ ထိုဘုရားရှင်၏ တန်ခိုးစွမ်းအား အကြီးမားဆုံးသော ကျေးဇူးတော်ကို ဖြစ်တည်ထားသမျှ အရာခပ်သိမ်းအတွင်းသို့ သွတ်သွင်းပေး**

**ထားသည့် အခါသမယလည်း ဖြစ်ပေ၏။ ကမ္ဘာပေါ်ရှိလူသား အားလုံးတို့အား ၎င်းတို့၏ ကွဲပြား ခြားနားမှုများကို ပြန်လည်သင့်မြတ်လာစေရန်နှင့် ထိုဘုရားရှင်၏ ဂရုစိုက်ခြင်း၊ ချစ်ကြင်နာခြင်း ဟူသည့် အပင်တော်၏ အရိပ်အောက်တွင် ပြည့်ဝသော စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းမှုတို့ဖြင့် မှီတင်းနေထိုင်ကြရန် တာဝန်ပေးထားတော်မူ၏။”**[၃]

ကျွန်ုပ်တို့၏ ဇာတ်ကြောင်းကို မဆက်မီ အထက်ပါ ရှင်းပြချက်ကို ဖတ်၍ သင်တို့အဖွဲ့ထဲရှိ အခြားသူများနှင့် စာတစ်ပိုဒ်ပြီး တစ်ပိုဒ်အပေါ်တွင် စဉ်းစားသုံးသပ်ပါ။ သင်တို့ တစ်ဦးစီက ထိုအယူအဆများကို သဘာဝကျကျ သက်သောင့်သက်သာနှင့် ပြောပြနိုင်သည်အထိ တစ်ဦးနှင့် တစ်ဦး မေးခွန်းများမေး၍ အတူတကွ ဖြေဆိုပါ။ ကောက်နုတ်ချက်များကို အလွတ်ရအောင် မှတ်ယူထားခြင်းကလည်း အထူးအရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုမ်းဒေသနာများမှ စာပိုဒ်များကို ဤကဲ့သို့ ဆွေးနွေးမှုမျိုးများတွင် မျှဝေပေးခြင်းမှာ မဖြစ်မနေအရေးပါသည်။ အောက်ပါ လေ့ကျင့်ခန်းများက ဤအခန်းတွင် ချပြထားသော အယူအဆများနှင့် ပေးထားသော ကောက်နုတ်ချက်များ၏ အဓိပ္ပါယ်တို့ကို စဉ်းစားရာတွင် သင်တို့အား ကူညီပေးပါလိမ့်မည်-

၁။ သင်တို့သည် တစ်ယောက်ယောက်အား ထာဝရဘုရားရှင်သည် မသိနိုင်သည့် အနှစ်သာရဖြစ်သည်ကို မည်သို့ ရှင်းပြမည်နည်း။ အထက်တွင်ပါသည့် ပထမဆုံးစာပိုဒ်က ဤအကြောင်းတွင် သင်တို့အတွက် အကူအညီဖြစ်သင့်သည်။

______________________________________________

______________________________________________

______________________________________________

______________________________________________

၂။ (ထာဝရ)ဘုရားရှင်က ကျွန်ုပ်တို့အား အဘယ့်ကြောင့် ဖြစ်တည်ပေးပါသနည်း။

______________________________________________

______________________________________________

၃။ “ပဋိညာဉ်သစ္စာ”ဆိုသည့် စကားလုံးမှာ မည်သည်ကို ဆိုလိုသနည်း။

______________________________________________

၄။ (ထာဝရ)ဘုရားရှင်က လူတို့နှင့် ပြုလုပ်ထားသော အစဉ်တည်မြဲသည့် ပဋိညာဉ်သစ္စာတော်တွင် မည်သည်ကို ကတိပြုထားပြီးဖြစ်ပါသနည်း။

______________________________________________

______________________________________________

၅။ ကျွန်ုပ်တို့ အသက်ရှင်ရသည့်ဘဝများ၏ ရည်ရွယ်ချက်မှာ မည်သည့်အရာဖြစ်သနည်း။

______________________________________________

______________________________________________

၆ ။ အကယ်၍ (ထာဝရ)ဘုရားရှင်၏ အနှစ်သာရကို ဘယ်အခါမှ မသိရှိနိုင်ပါလျှင် ကျွန်ုပ်တို့ ဘဝများ၏ ရည်ရွယ်ချက်က (ထာဝရ)ဘုရားရှင်ကို သိရှိရန်ဖြစ်သည်ဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်း။

______________________________

______________________________

၇ ။ “အလင်းတော်ရသည်”ဆိုသည့် စကားလုံးမှာ မည်သည်ကို ဆိုလိုပါသနည်း။

______________________________

______________________________

၈ ။ (ထာဝရ)ဘုရားရှင့် အလင်းတော်ရအရှင်မြတ်များ၏ အမည်အချို့ကို ဖော်ပြပါ။

______________________________

______________________________

______________________________

၉ ။ ပဋိညာဉ်သစ္စာတော်ထဲ၌ မိမိတို့ အပိုင်းကဏ္ဍကို ဖြည့်ဆည်းမည်ဆိုလျှင် မည်သည်ကို လုပ်ဖို့ လိုပါသနည်း။

______________________________

______________________________

၁၀ ။ အောက်ပါ စာကြောင်းများကို ကွက်လပ်ဖြည့်ပါ။

(က) ဤနေ့ရက်တော်တွင် ထာဝရဘုရားရှင်၏ ______________ ကို လူသားတို့အပေါ်သို့ သွန်းလောင်းချပေးသည့် အခါသမယပင် ဖြစ်ပေတော့၏။

(ခ) ဤနေ့ရက်တော်တွင် ထိုဘုရားရှင်၏ ______________ ကို ဖြစ်တည်ထားသမျှ အရာခပ်သိမ်းအတွင်းသို့ သွတ်သွင်းပေးထားသည့် အခါသမယလည်း ဖြစ်ပေ၏။

(ဂ) ဤနေ့ရက်တော်တွင် ကျွန်ုပ်တို့သည် မိမိတို့၏ ကွဲပြားခြားနားမှုများကို ______________ ______________ နှင့် ______________ ______________ တွင် ပြည့်ဝသော စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းမှုတို့ဖြင့် ______________ ______________ ။

၁၁ ။ ဘဟာအွလ္လာဘုရားရှင်က ကမ္ဘာ့လူသားတို့အား မည်သည်ကို လုပ်ရန် တောင်းဆိုထားသနည်း။

______________________________

______________________________

## အခန်း (၄)

အဲလီဂျန်ဒရာက မစ္စတာနဲ့ မစ္စက် ဆန်ချက်ဇ်တို့ကို ဝေမျှပေးရန် စီစဉ်ထားသည့် အနှစ်သာရနှင့် ဆိုင်သည့် အကြောင်းအရာကသာ သူ့စိတ်ထဲတွင် ရှိနေသည့် အရာဟုတ်ပါဘူး။ ၎င်းအပြင် ဤဇနီးမောင်နှံနှင့် အားကောင်းသည့် မိတ်ဆွေနှောင်ကြိုးကို တည်ဆောက်ရန်လည်း မျှော်မှန်းထားသည်။ ကိုယ်တွေ့ အတွေ့အကြုံအရ မျက်စိမှိတ်အယူအစွဲနှင့် တင်းစီးသော (ကျေးဇူးရှင်)စိတ်နေစိတ်ထား ထိုနှစ်ခုစလုံး၏ ဆိုးဝါးသော သက်ရောက်မှုများကိုလည်း သူ သိထားသည်။ သူက ဤသည်တို့ကို သဘာဝကျကျ ရှောင်ရှား လိမ့်မည်။ သူ၏ ပညာသင်ကြားမှုမြင့်မားခြင်းက သူ၏ နှိမ့်ချမှုကိုလည်း မလျော့နည်းစေပေ။ သူ့နှလုံးသား ထဲတွင် ဆန်ချက်ဇ်တို့ကို တကယ်ချစ်ခြင်းနှင့် လေးစားမှုမှလွဲ၍ ဘာမှမရှိပေ။ ပထမဆုံး အနှစ်သာရကို မည်သို့ သူ ရှင်းပြရမည်ကို စဉ်းစားသည့်အခါ ဤပြောဆိုမှုက သီတင်းပတ်များစွာအထိ ပွင့်လင်းလာမည့် ဆက်တိုက် စကားပြောဆိုမှု၏ အစဟု သူ့ကိုယ်သူ သတိပေးထားသည်။ အယူအဆများကို အစီအစဉ်တကျ ရှင်းရှင်း လင်းလင်းဖြင့်ပြောပြရန် အရေးကြီးသော်လည်း ဇနီးမောင်နှံနှစ်ဦး၏ တုန့်ပြန်မှုကို နားထောင်ရန် အချို့နေရာ များတွင် ရပ်ပေးသင့်သည်ဟု လက်ခံထားသည်။ “မကြောက်အောင်တော့ ကြိုးစားရမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဆက်တိုက် ဆက်ပြီး စကားပြောနေမယ်ဆိုရင် အပြန်အလှန်စကားပြောတာက ပုံပေါ်လာဖို့ ဘာအခွင့်အလမ်းမှ ရှိမှာမဟုတ်ဘူး”ဟု သူ့ကိုယ်သူ ပြောဖြစ်သည်။ အဲလီဂျန်ဒရာက သူ၏ လည်ပတ်မှုကို ဤအကြောင်းများဖြင့် အချိန်တစ်ခုအထိ ဆက်တိုက် စဉ်းစားမိသည်။ အကယ်၍ သင်တို့သည် သူ့နေရာတွင် ဖြစ်မည်ဆိုလျှင် အောက်ပါတို့အနက် မည်သည်တို့က သင်တို့စိတ်ထဲဝင်လာရန် သင့်တော်သည့် အတွေးအခေါ် များဟု မှတ်ယူမည်နည်း။

_____ မစ္စတာ ဆန်ချက်ဇ်တို့အား သာသနာတော်အကြောင်း ညွှန်ကြားပြသပေးပြီး သူတို့အတွက် ငါ သင်ကြားပေးသမျှကို သင်ယူရရှိအောင် လုပ်ပေးရမှာက ငါ့ အလုပ်ပဲ။

_____ ဒီအံ့သြစရာကောင်းတဲ့ ဇနီးမောင်နှံနဲ့တွေ့ပြီး ကျွန်မ်းဓမ္မခန်တွေထဲက စာပိုဒ်တွေကို သူတို့အား ဝေမျှပေးနိုင်တာဟာ ကောင်းလိုက်တဲ့ အခွင့်အလမ်းပဲ။

_____ ဒီလည်ပတ်မှုက အရေးကြီးတယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ သိပ်တော့ မကြာလောက်ဘူးလို့ ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တခြား လုပ်စရာတွေ ရှိသေးတယ်။

_____ ကောက်နုတ်ချက်တွေက သူတို့အတွက် တအား ခက်ခဲလိမ့်မယ်။ ရိုးရှင်းတဲ့ အယူအဆ နှစ်ခုလောက် ကိုတော့ ရှင်းပြတာကောင်းမယ်။ အရေးကြီးတာက သူတို့ကို ချစ်ခြင်းမေတ္တာ ပြဖို့ပါပဲ။

_____ ဒီအရွယ်မှာ ဆန်ချက်ဇ်တို့ များများစားစား မသင်ယူနိုင်ကြတော့ဘူး။

_____ ပြောတဲ့အကြောင်းကို သူတို့နဲ့ဆွေးနွေးပြီး ကောက်နုတ်ချက်တွေအပေါ် စဉ်းစားသုံးသပ်တဲ့အခါ သူတို့ရဲ့ ထိုးထွင်းအမြင်တွေကို နားထောင်ဖို့အတွက် သွားလည်ချင်နေလှပြီ။

_____ သူတို့က စာဖတ်နိုင်တယ်။ အကြောင်းအရာကို မိတ်ဆက်ပေးလိုက်ပြီး ကောက်နုတ်ချက်တွေကို သူတို့ဟာသူတို့ လေ့လာဖို့ ထားထားလိုက်ရုံပဲ။

—— အယူအဆတွေကို ချပြတဲ့အခါ မကြာမကြာ ရပ်ပေးရမယ်။ ဒါမှ ကောက်နုတ်ချက်တွေကို အတူ လေ့လာပြီး ဆွေးနွေးနိုင်မယ်။

—— အနှစ်သာရတစ်ခုလုံးကို ကြားဖြတ်မခံဘဲ ပြောပြပြီး အဆုံးမှာ သူတို့ မေးစရာရှိအုံးမလားလို့ မေးကြည့်ဖို့ မျှော်လင့်တာပဲ။

ထိုလည်ပတ်မှုမျိုးကို ကြိုတင်ပြင်ဆင်ရာတွင် သင်တို့တွင် ရှိထားမည့် သို့မဟုတ် ရှိမထားချင်သည့် အခြား သဘောထားများကို စဉ်းစားကြည့်ပေးပါ။

## အခန်း (၅)

ဆန်ချက်ဇ်တို့ အိမ်သို့ အဲလီဂျန်ဒရာ၏ ပထမဆုံး လည်ပတ်မှုမှာ အဆင်ပြေသည်။ ဇနီးမောင်နှံက သူ၏ ကြောက်စိတ်ကို သတိထားမိပြီး သူတို့၏ နွေးထွေးမှုနှင့် ကြင်နာမှုတို့ဖြင့် သူ့ကို စိတ်သက်သောင့် သက်သာဖြစ်အောင် လုပ်ပေးသည်။ သူတို့က ဂရုတစိုက်နားထောင်ပြီး ဆွေးနွေးမှုထဲမှာ အပြည့်အဝပါဝင်ရင်း ကောက်နုတ်ချက်တွေအပေါ် အထူးအာရုံစိုက်ပေးသည်။ အခက်အခဲကြုံရသည့် အချိန်မှာ မစ္စက် ဆန်ချက်ဇ်က "အဒေါ်တို့က ဘဟာအီသာသနာဝင်ထုံနဲ့ လက်တွဲလိုက်တာနဲ့ သခင်ခရစ်တော်ကို မေ့လိုက်ရတာမျိုးလား"ဟု တအံ့တသြဖြင့် မေးလိုက်ချိန်တွင် ဖြစ်သည်။ အဲလီဂျန်ဒရာက အဖြေကိုတော့ သိထားသည်။ သို့သော် ၎င်းကို ပုံဖော်ဖို့ သူ အချိန်ယူရသည်။ မစ္စတာဆန်ချက်ဇ်က ပြုံးလိုက်ပြီး "သခင် ခရစ်တော်အပေါ်ထားသည့် ဦးလေးရဲ့ ချစ်မြတ်နိုးမှုက ဘဟာအီတရားဒေသနာတွေကို သိပြီးကတည်းက တကယ်ပိုပြီး တိုးလာတာ"လို့ ပြောရင်း သူ့ကို ကူညီပေးသည်။ "ကမ္ဘာတစ်လွှားမှာ ရှိတဲ့ လူတွေလည်း ဒီလိုပဲ ဖြစ်ကြတာ"လို့ အတွေးတွေကို စုစည်းပြီး အဲလီဂျန်ဒရာကဖြည့်ပြောလိုက်သည်။ "ဘဟာအွလ္လာဘုရားရှင်ဟောကြားတဲ့ (ထာဝရ)ဘုရားရှင်ရဲ့ စည်းလုံးညီညွတ်မှု၊ ဘာသာတရားရဲ့ စည်းလုံးညီညွတ်မှုနဲ့ လူ့လောကရဲ့ စည်းလုံးညီညွတ်မှုအကြောင်း တွေကြောင့် မိုးဇက်၊ ခရစ်တော်၊ ခရစ်ရှနား၊ ဗုဒ္ဓ၊ ဇိုရိုအက်စတာနဲ့ မူဟာမက်အရှင်တို့အပေါ်ထားတဲ့ သူတို့ရဲ့ ချစ်မြတ်နိုးမှုက ပိုပြီး အားကောင်းလာကြတာ။"

အဲလီဂျန်ဒရာ၏လည်ပတ်မှုကို အကျိုးဖြစ်စေသည့် လည်ပတ်ချိန်အတွင်း ပြသခဲ့သည့် အရည်အသွေး များနှင့် စိတ်နေစိတ်ထားအချို့အကြောင်းကို သင့်အဖွဲ့အတွင်း ဆွေးနွေးရန် ခေတ္တအချိန်ယူပါက အသုံးဝင် လိမ့်မည်။ သင်တို့ စဉ်းစားဖို့လိုသည့်အထဲမှ အရေးအပါဆုံးမှာ နှိမ့်ချမှုဖြစ်သည်။ နှိမ့်ချမှုအားလုံး၏ အခြေခံ အုတ်မြစ်မှာ (ထာဝရ)ဘုရားရှင် ရှေ့မှောက်တွင် နှိမ့်ချခြင်းဖြစ်သည်။ ၎င်းမှနေ၍ အရှင်၏ ဖြစ်တည်ထား သူများရှေ့တွင် နှိမ့်ချမှုမှာ ထွက်လာသည်။ (ထာဝရ)ဘုရားရှင်နှင့် အရှင်၏ အလင်းတော်ရအရှင်မြတ်များ အကြောင်း ပြောသည့်အချိန်ထက် နှိမ့်ချမှုက ပိုအရေးကြီးသည့်အချိန် မရှိပေ။ ဘဟာအွလ္လာဘုရားရှင်၏ အောက်ပါ မိန့်မှာချက်များကို သုံးသပ်ဆင်ခြင်ပြီး ၎င်းတို့ကို အလွတ်ရစေရန် ကြိုးစားအားထုတ်ပါ-

**"ထာဝရဘုရားသခင်၏ ချစ်မြတ်နိုးသူများသည် မည်သည့်နေရာတွင် စုစည်းကြသည်ဖြစ်စေ၊ မည်သူနှင့် တွေ့ကြုံရသည်ဖြစ်စေ ဘုရားရှင်အပေါ်ထားရှိသော သူတို့၏ စိတ်နေစိတ်ထားနှင့် အရှင့်အား ချီးမွမ်းထောမနာပြု၍ ဂုဏ်ပြုချီးကျူးသည့် ဆင်ယင်ကျင်းပမှုများတွင် မည်သို့သော**

ရှိသေကျိုးနွံမှုနှင့် နှိမ့်ချမှုကို ပြသရမည်ဆိုသော် သူတို့ ဖဝါးအောက်မှ ဖုန်မှုန့်ဒြပ်စင်တိုင်းသည်ပင် သူတို့ရိုးကျိုးဝတ်ပြုမှု၏ နက်ရှိုင်းမှုကို သက်သေပြနေရမည်။ ဤမြင့်မြတ်သော သူမွန်သူမြတ်တို့၏ ပြောဆိုနှီးနှောမှုသည် မည်သို့သောစွမ်းအားမျိုးဖြင့် ရှိနေရမည်ဆိုသော် ဤဒြပ်စင်များသည်ပင် ၎င်း၏အကျိုးသက်ရောက်မှုကြောင့် သက်ဝင်လှုပ်ရှားလာစေရမည်။ သူတို့အချင်းချင်း မည်သို့ ပြုမူဆက်ဆံသင့်သည်ဆိုသော် သူတို့ခြေချထားသည့် ကမ္ဘာမြေကြီးကပင် 'ငါသည် သင့်ထက်ပို၍ အလေးပေးနှစ်သက်ခြင်းခံရလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ထွန်ယက်စိုက်ပျိုးသူ လူတို့က ငါ့အပေါ်ချထားသည့်ဝန်ကို ထမ်းဆောင်ရာတွင် မည်မျှသည်းခံသည်ကို ကြည့်လော့။ ငါသည် ကျေးဇူးတော်အပေါင်း၏ အရင်းမြစ်ဖြစ်တော်မူသော ဘုရားရှင်က ယုံကြည် အပ်နှင်းထားသည့် အတိုင်း ကောင်းချီးမင်္ဂလာကို အရာရာတိုင်းအား အဆက်မပြတ် ပေးအပ်နေသည့် ကိရိယာတစ်ခုပင် ဖြစ်သည်။ ငါ့အားပေးသော ဂုဏ်ပြုမှုနှင့် ငါ့ကြွယ်ဝမှုနှင့်ဆိုင်သည့် မရေမတွက်နိုင်သော အထောက်အထားများဖြစ်သည့် ဖန်ဆင်းထားသမျှအားလုံး၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် ချမ်းသာကြွယ်ဝမှုရှိသော်ငြားလည်း ငါ၏ ရိုကျိုးနှိမ့်ချမှုအတိုင်းအတာကို ကြည့်လော့။ လူတို့၏ ခြေဖဝါးအောက်တွင် အနင်းခံနိုင်ရန် ငါကိုယ်ငါခွင့်ပြုထားသည့် ဤမျှလောက်သော ကျိုးနွံမှုကို ရှုကြည့်လော့ . . .' ဟူသည့် စကားတို့ဖြင့် သူတို့အား ပြော၍မရနိုင်သည့် အဆင့်ခြေအထိ ပြုမူဆက်ဆံကြရမည်။"[၄]

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မိမိတို့ ဘဝတူ လူသားများရှေ့တွင် နှိမ့်ချမှုမှာ (ထာဝရ)ဘုရားရှင့်ရှေ့တော်မှောက် နှိမ့်ချမှုမှနေ၍ ထွက်လာသည်။ အချို့သော အနှစ်သာရများအပေါ် မိမိတို့၏ အတူတကွ နားလည်မှုကို မြှင့်တင်ရန်အတွက် မိတ်ဆွေတစ်ဦး သို့မဟုတ် အိမ်နီးချင်းတစ်ဦး၏အိမ်သို့ သွားလည်ချိန်တွင် ဤတူညီသည့် နှိမ့်ချမှုဖြင့်ပင် ဆုတောင်းပတ္ထနာပြုသော စိတ်နေစိတ်ထားကို ခံယူထားကြသည်။ စကားပြောချိန်တွင် မိမိတို့၏ အတွေးများကို (ထာဝရ)ဘုရားရှင်ဘက်သို့ မကြာမကြာ လှည့်၍ မိမိတို့၏ စိတ်များနှင့် နှလုံးသားများအပြင် ရှိနေသူများ၏ စိတ်နှင့် နှလုံးသားများကိုပါ ထွန်းလင်းပေးရန် တောင်းခံကြသည်။ ဤရည်ရွယ်ချက်ကို စိတ်ထဲထည့်ထား၍ ဆုတောင်းပတ္ထနာများထဲမှ အလွတ်ကျက်မှတ်နိုင်မည့် စကားစုများနှင့် စာကြောင်းများစွာ ရှိသည်။ အောက်ပါတို့မှာ အနည်းစုသာ ဖြစ်သည်-

**"ကျွန်တော်မျိုးတို့၏ နှလုံးသားများကို ထွန်းလင်းတောက်ပစေတော်မူ၍ သိမြင်နိုင်စွမ်းသော မျက်စေ့နှင့် ကြားနိုင်စွမ်းသော နားတို့ကို ချပေးသနားတော်မူပါ။"[၅]**

**"အို ဘုရားသခင်၊ အရှင်၏ အကန့်အသတ်မရှိသော ပေးကမ်းမစမှုများကို ချပေးတော်မူ၍ အရှင့် လမ်းညွှန်ပြသခြင်း၏ အလင်းရောင်ကို ထွန်းလင်းတောက်ပစေတော်မူပါ။"[၆]**

**"စစ်မှန်သော သိနားလည်ခြင်း၏ ဂိတ်တံခါးများကို ဖွင့်လှစ်ပေးတော်မူ၍ ယုံကြည်ခြင်း၏ အလင်းရောင်ကို လင်းဝင်းထွန်းတောက်စေတော်မူပါ။"[၇]**

**"အို အရှင်၊ ကျွန်တော်မျိုးတို့၏ စက္ခုအာရုံကို ထွန်းလင်းတောက်ပစေတော်မူပါ။ သို့မှသာ ကျွန်တော်မျိုးတို့သည် အရှင်၏ အလင်းရောင်ကို ရှုမြင်နိုင်ကြပါကုန်အံ့။"[၈]**

"ကျွန်တော်မျိုးသည် အရှင့်ထံပါးသို့ လုံးလုံးလျားလျား မျက်နှာမူထားလျက် ကျွန်တော်မျိုး၏ နှလုံးသား၊ စိတ်ဓာတ်နှင့် နှုတ်လျှာတို့ဖြင့် အရှင့်ထံပါးတွင် လုံးလုံးလျားလျား ထက်သန်စွာ လျှောက်တောင်းလိုသည်ကား အရှင်၏ ထွတ်မြတ်သော စည်းလုံးညီညွတ်ခြင်း၏ စက်ဝန်းတော် ဖြစ်တော်မူသော ဤစက်ဝန်းတွင် ကိုယ်တော်၏ အလိုဆန္ဒတော်နှင့် ဆန့်ကျင်သည့် အရာခပ်သိမ်းကုန်တို့မှနေ၍ ကျွန်တော်မျိုးအား ကာကွယ်စောင့်ရှောက်ပေးတော်မူပါ . . .။"[၆]

## အခန်း (၆)

ဆန်ချက်ဇ်တို့အိမ်သို့ သွားလည်ပြီး အစဉ်တည်မြဲသော ပဋိညာဉ်သစ္စာတော်အကြောင်းကို သူတို့နှင့် စကားပြောဆိုရခြင်းကြောင့် အဲလီဂျန်ဒရာ၏ နှလုံးသားမှာ ပျော်ရွှင်မှုဖြင့် ပြည့်နေသည်။ "နောက်တစ်ခေါက် သွားလည်ရင် ဘဟာအွလ္လာဘုရားရှင်၏ ဖြစ်တော်စဉ်အကြောင်း သူတို့၏ အသိပညာကို မြှင့်တင်ပေးဖို့ အခွင့်အလမ်းကောင်း ဖြစ်လိမ့်မယ်"ဟု သူ တွေးမိသည်။ အောက်ပါ အကြောင်းအရာမှာ သူ အသုံးပြုမည့် တင်ပြချက်ဖြစ်သည်-

> ဘဟာအွလ္လာဘုရားရှင်ကို ၁၈၁၇ ခုနှစ်၊ နိုဝင်ဘာလ (၁၂) နေ့မှာ ပါရှားပြည်ရဲ့ မြို့တော် တဟီရန်တွင် ဖွားမြင်တော်မူခဲ့ပါတယ်။ ငယ်စဉ် ကလေးဘဝကတည်းက အရှင်ဟာ သူမတူအောင် ထူးခြားလှတဲ့ အရည်အသွေးတွေ ပြသခဲ့ပြီး သူ့ကို ကြီးကျယ်ခမ်းနားမှုအတွက် ရည်ရွယ်ထားတယ်လို့ သူ့မိဘတွေက နားလည်ခဲ့ကြတယ်။ ဘုရင့်နန်းရင်ပြင်မှာ ထင်ရှားတဲ့ အမတ်ကြီးတစ်ဦးဖြစ်တဲ့ ဘဟာအွလ္လာဘုရားရှင်ရဲ့ ဖခမည်းတော်ဟာ သူ့သားတော်ကို အတော့်ကို ချစ်မြတ်နိုးလှတယ်။ တစ်ည သူ့အိပ်မက်ထဲမှာ ဘဟာအွလ္လာဘုရားရှင်ဟာ အဆုံးမရှိ ကျယ်ပြောလှတဲ့ သမုဒ္ဒရာထဲမှာ ရေကူးခပ်နေပြီး သူ့ခန္ဓာကိုယ်ဟာ ရေပြင်ကျယ်တစ်ခုလုံးကို ထိန်ထိန်လင်းပြီး တောက်ပသွားစေတယ်။ ဦးခေါင်းတော်ဝန်းကျင်မှာလဲ အရှင့်ရဲ့ ပိတုန်းရောင်ဆံကေသာ အရှည်တွေဟာ လင်းဖြာနေပြီး ဘက်ပေါင်းစုံကို ဖြာကျနေတာ။ ငါးတွေက အရှင်ရဲ့ ပတ်ချာလည်မှာ စုလာကြပြီး တစ်ကောင်စီက ဆံတော်စ အစွန်းတစ်ခုစီကို ကိုက်ထားကြတယ်။ ငါးတွေက များလွန်းပေမဲ့လည်း ဘဟာအွလ္လာဘုရားရှင်ရဲ့ ဦးခေါင်းတော်မှ ဆံတော်တစ်မျှင်ပင်လျှင် ကျွတ်ပါမသွားခဲ့ပါဘူး။ အရှင်ဟာ လွတ်လွတ်လပ်လပ် အဟန့်အတားမရှိပဲ ကူးခပ်နေတာမို့ ငါးတွေအားလုံးက အရှင့်နောက်ကိုလိုက်ပါ ခဲ့ကြတယ်။ ဘဟာအွလ္လာဘုရားရှင်ရဲ့ ဖခမည်းတော်ဟာ ဉာဏ်ပညာအရာမှာ ကျော်ကြားလှတဲ့ လူတစ်ယောက်ဆီသွားပြီး အိပ်မက်ကို ရှင်းပြဖို့ မေးခဲ့ပါတယ်။ အစအဆုံးမရှိတဲ့ သမုဒ္ဒရာဟာ ကမ္ဘာလောကကြီးဖြစ်တယ်လို့ သူ့ကိုရှင်းပြတယ်။ နောက်ပြီး တစ်ပါးတည်းနဲ့ တစ်ကိုယ်တည်းဖြစ်တဲ့ ဘဟာအွလ္လာဘုရားရှင်ဟာ ဒီကမ္ဘာကြီးကို အုပ်ချုပ်စိုးမိုးဖို့ အောင်မြင်လိမ့်မယ်။ ငါးအုပ်ကြီးဟာ သူရဲ့ နှိုးဆော်မှုကြောင့် ကမ္ဘာလူတွေကြားမှာ ပေါ်ပေါက်လာမဲ့ ဝရုန်းသုန်းကား အခြေအနေကို ကိုယ်စား ပြုတယ်။ အရှင်ဟာ အနန္တတန်ခိုးတော်အရှင်ရဲ့ မပျက်မယွင်းတဲ့ ကာကွယ်စောင့်ရှောက်မှုကို ရရှိလိမ့်မယ်။ ဒီဝရုန်းသုန်းကားမှုက အရှင့်ကို ထိခိုက်စေမှာ မဟုတ်ပါဘူးလို့ သူ့ဖခမည်းတော်ကို ရှင်းပြခဲ့ပါတယ်။

ဘဟာအွလ္လာဘုရားရှင် သက်တော် ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ် ရောက်တဲ့အချိန်မှာတော့ အရှင့်ရဲ့ ဉာဏ်ပညာနဲ့ သင်ယူတတ်မြောက်မှုတွေကြောင့် ဘုရင့်နန်းတော်မှာ ထင်ပေါ်ကျော်ကြားလာခဲ့တယ်။ သူ့ခမည်းတော် ကွယ်လွန်ချိန်မှာ အသက်အရွယ် နှစ်ဆယ့်နှစ်နှစ် ရှိခဲ့ပြီး သူ့ဖခမည်းတော်ရာထူးကို အစိုးရက ဘဟာအွလ္လာဘုရားရှင်ကို ပေးခဲ့တယ်။ ဒါပေမဲ့ အရှင်က မိမိရဲ့အချိန်တွေကို ကမ္ဘာလောကရဲ့ အမှုအရေးကိစ္စတွေအတွက် ကိုင်တွယ်တဲ့နေရာမှာ သုံးဖို့ ရည်ရွယ်ချက်မရှိခဲ့ပါဘူး။ ဒါကြောင့်မို့ သူ့အတွက် ထာဝရဘုရားရှင် ချမှတ်ထားတဲ့ လမ်းကို လိုက်လျှောက်ဖို့ နန်းတော်နဲ့ မှူးကြီးမတ်ရာတွေကို စွန့်ခွါခဲ့တယ်။ ဖိနှိပ်ခံရသူတွေ၊ နာမကျန်းသူတွေနဲ့ ဆင်းရဲသားတွေကို ကူညီပေးဖို့ မိမိရဲ့ အချိန်တွေကို နှစ်မြှုပ်ခဲ့တာပါ။ ဒါကြောင့်မို့ သိပ်မကြာခင်မှာ တရားမျှတမှုရဲ့ အကြောင်းရင်းကို အောင်လံတံခွန်စိုက်သူဟု အရှင့်ကို လူသိများခဲ့ပါတယ်။

သက်တော် နှစ်ဆယ့်ခုနစ်နှစ် ရောက်တဲ့အချိန်မှာ လူ့လောကအနေနဲ့ ကြာရှည်စွာ စောင့်ဆိုင်းလာခဲ့တဲ့ ငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်မှုနဲ့ တရားမျှတမှုတွေကို ထာဝရဘုရားရှင်ရဲ့ အလင်းတော်ရ အရှင်က ယူဆောင်လာမဲ့ နေ့ရက်တော်၊ အသစ်သော နေ့ရက်တော်ရဲ့ အရုဏ်ဦးကို မြွက်ဟကြေညာတဲ့ ဘာဗ်ဘုရားရှင်ရဲ့ ကျွန်မိဖမ္မခန်အချို့ကို စာချွန်တော် အထူးပေးပို့သူကတစ်ဆင့် လက်ခံရရှိခဲ့ပါတယ်။ ဘဟာအွလ္လာဘုရားရှင်က ဘာဗ်ဘုရားရှင်ရဲ့ မင်္ဂလာသတင်းတော်ကို ချက်ချင်းလက်ခံခဲ့ပြီး ဘာဗ်ဘုရားရှင်ရဲ့ အထက်သန်ဆုံး နောက်လိုက်တွေထဲက တစ်ဦးဖြစ်လာခဲ့တယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ ပါရှား ပြည်သူတွေကို အုပ်ချုပ်သူတွေဟာ သူတို့ကိုယ်တိုင်ရဲ့ အတ္တဆန္ဒတွေကြောင့် စုံလုံးကန်းနေတာမို့ ဘာဗ်ဘုရားရှင်ရဲ့ နောက်လိုက်တွေကို ရက်စက်ကြမ်းကြုတ်မှုတွေနဲ့ အပြတ်ရှင်းဖို့ အကွက်ချခဲ့ကြတယ်။ အရှင့်ရဲ့ မြင့်မြတ်မှုကြောင့် ထင်ပေါ်ကျော်ကြားပေမဲ့လည်း ဘဟာအွလ္လာဘုရားရှင်ကိုလည်း အလွတ်မပေးခဲ့ပါဘူး။ ဘာဗ်ဘုရားရှင် ပွင့်တော်မူကြောင်း ကြေညာပြီးလို့ ရှစ်နှစ်စွန်းစွန်းနဲ့ ဘာဗ်ဘုရားရှင်ကိုယ်တိုင် အသက်ပေးလှူပြီးလို့ နှစ်နှစ်ရှိချိန်မှာတော့ ဘဟာအွလ္လာဘုရားရှင်ကို တွင်းနက်ကြီး(Black Pit)လို့ခေါ်တဲ့ မဲမှောင်တဲ့ မြေအောက်အကျဉ်းတိုက်ထဲမှာ ထောင်နန်းစံစေခဲ့တယ်။ အရှင်ရဲ့လည်ပင်းတော်မှာ ချည်ထားတဲ့သံကြိုးတွေဟာ လေးလံလွန်းလှတာမို့ အရှင်ရဲ့ဦးခေါင်းကိုပင် မထူနိုင်ခဲ့ပါဘူး။ ဒီနေရာမှာ ဘဟာအွလ္လာဘုရားရှင်ဟာ ဆိုးရွားလှတဲ့ အကျပ်အတည်းတွေနဲ့ ကြောက်မက်ဖွယ်ရာ လေးလတာကို ဖြတ်သန်းခဲ့ရတယ်။ ဒါပေမဲ့ ဒီမြေအောက် အကျဉ်းတိုက်ထဲမှာပဲ ထာဝရဘုရားရှင်ရဲ့ ဝိညာဉ်တော်နဲ့ အရှင်ရဲ့ ဝိညာဉ်တော်ကို ဖြည့်ပေးလိုက်ပြီး အရှင်ဟာ ခေတ်ကာလအားလုံးရဲ့ ဗျာဒိတ်တော်ထားခဲ့တဲ့ အလင်းတော်ရ ဘုရားရှင်ဖြစ်တယ်လို့ အရှင့်ကို ဖွင့်လှစ်ပြခဲ့တယ်။ ဒီမဲမှောင်တဲ့ အကျဉ်းတိုက်ကနေ ဘဟာအွလ္လာဘုရားရှင်ရဲ့ (ဘာနုရာဇာမည်သော)နေမင်းဟာ ဖြစ်တည်မှုတစ်ခုလုံး အပေါ်ကို ထိန်လင်းပေးဖို့ ပေါ်ထွက်လာခဲ့ပါတော့တယ်။

တွင်းနက်ကြီးထဲမှာ လေးလကြာပြီးတဲ့အခါ ဘဟာအွလ္လာဘုရားရှင်ရဲ့ ပစ္စည်းဥစ္စာများကို အပြောင်ရှင်းပြီး အရှင်နဲ့ အရှင့်မိသားစုကိုလဲ ပြည်နှင်ဒဏ်ပေးခဲ့ပါတယ်။ အသည်းခိုက်အောင် အေးလှတဲ့ ဆောင်းတွင်းမှာ ပါရှားပြည်ရဲ့ အနောက်ဘက် တောင်ကြောတွေတစ်လျှောက် အော်တိုမန်အင်ပါယာရဲ့ မြို့ဖြစ်တဲ့ ယခုတော့ အီရတ်ရဲ့ မြို့တော် ဘဂ္ဂဒက်မြို့ဆီ ခရီးနှင်ခဲ့ကြရတယ်။ အဲဒီ ကံကြမ္မာထွေပြောတဲ့မြို့ဆီ သူတို့ သွားရာလမ်းတစ်လျှောက်မှာ နှင်းနဲ့ ရေခဲတွေဖုံးနေတဲ့ မြေပေါ်ကို ကီလိုမီတာ(မိုင်ပေါင်း)ရာချီ လျှောက်ခဲ့ရတဲ့ သူတို့တွေရဲ့ ဒုက္ခခံစားရပုံကိုတော့ ဘာစကားလုံးနဲ့မှ ပြောပြဖို့ မလုံလောက်ပါဘူး။
ဘဟာအွလ္လာဘုရားရှင်ရဲ့ ထင်ပေါ်ကျော်ကြားမှုဟာ ဘဂ္ဂဒက်မြို့နဲ့ အဲဒီနေရာမှာရှိတဲ့ အခြားမြို့တွေအထိ မကြာခင်ပျံ့နှံ့သွားပြီး ပိုများသထက်များတဲ့ လူတွေက ဒီပြည်နှင်ဒဏ်ခံရတဲ့ အကျဉ်းသား

အရှင်သူမြတ်ထံမှ ကောင်းခြင်းမင်္ဂလာတွေ ရရှိကြဖို့ အရှင့် အိမ်တံခါးဆီ တဖွဲဖွဲ ရောက်လာကြတယ်။ ဒါပေမဲ့ အရှင့်ရဲ့ ကျော်ကြားမှုကို မနာလိုတဲ့ လူနည်းနည်းလဲ ရှိသေးတယ်။ အဲဒီသူတွေထဲက ဘဟာအွလ္လာဘုရားရှင်ရဲ့ ချစ်ကြင်နာတဲ့ စောင့်ရှောက်မှုအောက်မှာ ကြီးပြင်းခဲ့ပြီး အရှင်နဲ့ အဖေတူ အမေကွဲ ညီတော်သူ မီရဇာ ယာဟ်ယာ ပါပါတယ်။ မီရဇာ ယာဟ်ယာရဲ့ အကောက်ကြံမှုက ဘာဗ်ဘုရားရှင်ရဲ့ နောက်လိုက်တွေကြားမှာ စည်းလုံးမှုကို ပျက်စေပြီး ဘဟာအွလ္လာဘုရားရှင်ကိုလဲ အတော့်ကို စိတ်ထိခိုက်စေတယ်။ တစ်ညမှာတော့ ဘယ်သူ့ကိုမှမပြောဘဲ ဘဟာအွလ္လာဘုရားရှင်ဟာ အိမ်ကထွက်သွားခဲ့ပြီး ခူဒစ်စတန်တောင်တွေဆီသွားခဲ့တယ်။ အဲဒီနေရာမှာ ဆုတောင်းပတ္ထနာပြုရင်း တရားဘာဝနာပွါးရင်း တစ်ကိုယ်ရေတည်း နေထိုင်တော်မူခဲ့တယ်။ အရှင်ဟာ ဂူသေးသေးလေးထဲမှာ နေပြီး အရိုးရှင်းဆုံး အစားအစာတွေနဲ့ပဲ ရပ်တည်တော်မူခဲ့တာ။ အဲဒီနေရာမှာရှိတဲ့လူတွေက အရှင့်ရဲ့ ဇစ်မြစ်ကို မသိကြသလို အရှင့်ရဲ့ အမည်ကိုလည်း တစ်ယောက်မှ မသိကြဘူး။ ဒါပေမဲ့ အဲဒီနောက် အဲဒီနေရာမှာရှိတဲ့ လူတွေဟာ တဖြည်းဖြည်းနဲ့ "နာမည်မရှိတဲ့ ပုဂ္ဂိုလ်ထူး"၊ သူ့ကို ဘုရားသခင် ပေးထားတဲ့ အသိပညာရှိတဲ့ သူတော်စင်ကြီးဆိုပြီး စတင်ပြောလာကြတယ်။ ဒီမြင့်မြတ်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ရဲ့ သတင်းက ဘဟာအွလ္လာဘုရားရှင်ရဲ့ အကြီးဆုံးသားတော် အဗ္ဗဒွလ်ဘဟာအရှင်ထံ ရောက်ရှိတဲ့အခါ အရှင်ဟာ သူချစ်မြတ်နိုးရတဲ့ ဖခမည်းတော်ရဲ့ အမှတ်လက္ခဏာတွေဆိုတာ ချက်ချင်း သိလိုက်တယ်။ ဘဂ္ဂဒက်ကို ပြန်လာဖို့ ဘဟာအွလ္လာဘုရားရှင်ထံ လျှောက်ထားတဲ့ စာတွေကို အထူးစာချွန်တော်ပို့သူက တစ်ဆင့်ပို့ခဲ့တယ်။ ဒါကို ဘဟာအွလ္လာဘုရားရှင်က လက်ခံ လိုက်တာကြောင့်မို့ နှစ်နှစ်ကြာတဲ့ နာနာကျင်ကျင် ခွဲခွါရတဲ့ ကာလကို အဆုံးသတ်စေခဲ့တယ်။

ဘဟာအွလ္လာဘုရားရှင် မရှိချိန်မှာ ဘာဘီသာသနာဝင်ထုရဲ့ အခြေအနေတွေက အလျှင်အမြန် ကျဆင်းခဲ့တယ်။ အဲဒီတောင်တန်းတွေဆီကနေ အရှင် ပြန်လာပြီးနောက် ဘဂ္ဂဒက်မှာ ခုနစ်နှစ် နေခဲ့ချိန်အတွင်း ဘဟာအွလ္လာဘုရားရှင်ဟာ ဒုက္ခရောက်ပြီး စိတ်ရှုပ်ထွေးနေတဲ့ ဘာဗ်ဘုရားရှင်ရဲ့ နောက်လိုက်တွေဆီမှာ စိတ်ဓာတ်အသစ်ကို သွင်းပေးခဲ့တယ်။ အရှင်ကိုယ်တိုင်ရဲ့ ကြီးမြင့်တဲ့ အဆင့်အခြေကို မကြေညာရသေးပေမဲ့လို့ အရှင့် မိန့်မြွက်စကားတွေရဲ့ တန်ခိုးစွမ်းအားတွေနဲ့ ဉာဏ်ပညာတွေက များပြားလာတဲ့ ဘာဘီဦးရေရဲ့ သစ္စာခံမှုနဲ့ ဘဝနယ်ပယ်စုံမှ လူအများရဲ့ သဘော ကျွန်မှုကို စတင်အောင်မြင်ခဲ့တယ်။ ဒါပေမဲ့ တစ်ယူသန်တဲ့ မွတ်စလင် ဘာသာရေး ခေါင်းဆောင် တွေဟာ လူများစွာအပေါ် ဘဟာအွလ္လာဘုရားရှင်ရဲ့ အကြီးအကျယ် ဩဇာသက်ရောက်တာ မြင်ရတာကို မခံစားနိုင်ဘူး။ သူတို့က အာဏာပိုင်တွေကို စောဒကတက်ပြီးတက်ရင်း နောက်ဆုံး ဘဟာအွလ္လာဘုရားရှင်ကို အရှင်၏ မွေးရပ်မြေမှ ပိုပြီးဝေးတဲ့နေရာ၊ ခုတစ်ကြိမ်မှာတော့ ကွန်စတန်တီနိုပယ်(အစ္စတန်ဘူ)ထိအောင် ဖယ်ရှားလိုက်ဖို့ ပါးရှားအစိုးရနဲ့ အော်တိုမန် အင်ပါယာရဲ့ အရာရှိအချို့ ပူးပေါင်းကြံစည်တဲ့အထိရောက်အောင် လုပ်ခဲ့ကြတယ်။

၁၈၆၃ ခုနှစ် ဧပြီလဟာ ဘဂ္ဂဒက်မြို့နေလူထုအတွက် အတော် ကြေကွဲရတဲ့ လတစ်လပါ။ သူတို့ ပိုတိုးပြီး ချစ်မြတ်နိုးလာတဲ့ အရှင်ဟာ သူတို့မြို့ကနေ ထွက်ခွါပြီး ဘယ်နေရာ ခရီးဆုံးမှန်း သူတို့ မသိတဲ့ဆီကို သွားရတော့မှာကြောင့်ပါ။ အရှင် မထွက်ခွါမီလေးတင်မှာပင် ဘဟာအွလ္လာဘုရားရှင်က မြို့ပြင်နားရှိ ဥယျာဉ်တစ်ခုဆီ ပြောင်းရွှေ့ပြီး တဲထိုး၍ နောက်ဆုံး လာနှုတ်ဆက်သူ ဧည့်သည် တစ်သီးကြီးကို ဆယ့်နှစ်ရက်တာ လက်ခံတွေ့ဆုံခဲ့ပါတယ်။ ဘာဗ်ဘုရားရှင်ရဲ့ နောက်လိုက်တွေက ဒီဥယျာဉ်ကို သူတို့ရဲ့ လေးလံတဲ့နှလုံးသားတွေနဲ့ လာခဲ့တယ်။ အချို့သူတွေက အရှင့် ပြည်နှင်ဒဏ် ခရီးစဉ်ရဲ့ နောက်တစ်ဆင့်မှာ ဘဟာအွလ္လာဘုရားရှင်နဲ့ အတူလိုက်ခွင့်ရပေမဲ့ လူများစွာမှာ နေရစ်ခဲ့ရပြီး အရှင်နဲ့ အနီးကပ် နေထိုင်ရမဲ့ အခွင့်ကို ဆုံးရှုံးခဲ့ရတယ်။ ဒါပေမဲ့ ထာဝရဘုရားရှင်က

ဒီအခြေအနေကို ဝမ်းနည်းစရာတစ်ခုအနေနဲ့ မဖြစ်စေချင်ဘူး။ အရှင့်ရဲ့ အကန့်အသတ်မရှိတဲ့ ပေးကမ်းမစတဲ့ တံခါးမတွေဟာ တအားကျယ်ကျယ် ပွင့်သွားပြီး ဘဟာအွလ္လာဘုရားရှင်ဟာ သူ့ဝန်းကျင်မှာ စုရုံးနေသူတွေကို မိမိဟာ ဘာဗ်ဘုရားရှင် ဗျာဒိတ်ထားတော်မူတဲ့ ထာဝရဘုရားရှင် ပွင့်ပေါ်စေမည့်အရှင်- ဘုရားရှင်ဖြစ်တော်မူကြောင်းကို ကြေညာတော်မူခဲ့ပါတယ်။ ဝမ်းနည်းစရာက အနားသတ်မရှိတဲ့ ပျော်ရွှင်မှုကို နေရာပေးရတော့တယ်။ နှလုံးသားတွေကို စိတ်အားတက်စေခဲ့ပြီး အရှင့်ရဲ့ မေတ္တာတရား မီးတောက်နဲ့ နာမ်ဝိညာဉ်တွေကို ထိန်လင်းစေခဲ့တယ်။ ဧပြီလရဲ့ ဒီဆယ့်နှစ်ရက်တာကိုတော့ ဘဟာအွလ္လာဘုရားရှင်က အရှင်ရဲ့ ကမ္ဘာတစ်ခုလုံးကို လွှမ်းခြုံတဲ့ ပွင့်တော်မူကြောင်း ကြေညာတဲ့ နှစ်ပတ်လည်နေ့၊ ရဇ္ဇဝန်ပွဲတော်နေ့အဖြစ် နေရာတိုင်းမှာ ကျင်းပကြပါတယ်။

ကွန်စတန်တီနိုပယ်ဟာ အော်တိုမန်အင်ပါယာရဲ့ ရုံးစိုက်ရာမြို့ ဖြစ်ပါတယ်။ တစ်ခါ ဒီနေရာမှာ လေးလကျော်လောက် ဘဟာအွလ္လာဘုရားရှင်ရဲ့ ကြီးမားလှသော ဉာဏ်တော်နဲ့ ကိုယ်တော်ရှင်ရဲ့ ဆွဲငင်အားတွေဟာ ပိုများလာတဲ့ လူဦးရေတို့ကို စတင်ဆွဲဆောင်မှု ဖြစ်ပါတော့တယ်။ ဒါနဲ့ တစ်ယူသန်တဲ့ မွတ်စလင် ဘာသာရေးခေါင်းဆောင်တွေက "သူ့ကို ကွန်စတန်တီနိုပယ်မှာ ဆက်ပြီး မနေစေရတော့ဘူး"လို့ ရေရွတ်ရင်း အရှင့်အား အဒရီယာနိုပယ်မြို့ကို ပြည်နှင်ဒဏ်ပေးဖို့ အာဏာပိုင်တွေကို နားချခဲ့ကြတယ်။ အဒရီယာနိုပယ်မှာလည်း လေးနှစ်ခွဲလောက် နေခဲ့ပြီး ဘဟာအွလ္လာဘုရားရှင်ဟာ ကမ္ဘာ့ ထီးဆောင်မင်းဘုရင်တွေနဲ့ အုပ်ချုပ်သူတွေထံ စာသဝဏ်လွှာများ ရေးသားပေးပို့ခဲ့ပြီး ဖိနှိပ်ချုပ်ချယ်တဲ့ နည်းလမ်းတွေကို စွန့်ပယ်ပြီး သူတို့ ပြည်သူလူထုရဲ့ ကောင်းစားရေးအတွက် ကိုယ့်ကိုယ်ကို ပုံအပ်ထားဖို့ တောင်းဆိုခဲ့ပါတယ်။ အဲဒီနောက်မှာတော့ အရှင့် ရန်သူတွေဟာ အရက်စက်ဆုံး အပြစ်ပေးမှုကို ဉာဏ်ထွင်ခဲ့ကြပါတယ်။ အရှင်နဲ့ အရှင့်မိသားစုကို အင်ပါယာတစ်ခုလုံးမှာ အဲဒီအချိန်က အဆိုးရွားဆုံးဖြစ်တဲ့ အပြစ်ဒဏ်ပေးတဲ့(ကိုလိုနီ)အရပ်-အက္ကာကို ပြည်နှင်ဒဏ်ပေးဖို့ပါပဲ။ "အဲဒီ အကျဉ်းထောင်မြို့ရဲ့ ကြမ်းတမ်းတဲ့ အခြေအနေတွေ အောက်မှာ သူဟာ သေချာပေါက် ပျက်စီးသွားမှာပဲ"လို့ ထာဝရဘုရားရှင် ကိုယ်တော်တိုင် ဆွဲထားတဲ့ အစီအမံကို ရပ်တန့်အောင်လုပ်နိုင်လိမ့်မယ် ထင်ထားတဲ့ စိတ်ဓာတ်အားနည်းသူတွေက တွေးခဲ့ကြတယ်။

အက္ကာမှာ ဘဟာအွလ္လာဘုရားရှင် ဒုက္ခခံစားခဲ့ရတဲ့ ကျပ်တည်းမှုတွေကတော့ များလွန်းတာကြောင့် ပြန်ပြောပြဖို့ ခက်လှပါတယ်။ အရှင်ဟာ သက်သောင့်သက်သာရှိမဲ့ အရာမှန်သမျှ မရှိခဲ့သလို နေ့ရောညပါ ရန်သူတွေက ဝန်းရံထားတယ်။ ဒါပေမဲ့ အကျဉ်းချထားတဲ့ အခြေအနေတွေဟာ တဖြည်းဖြည်း ပြောင်းလဲလာတယ်။ အက္ကာမှာ နေထိုင်သူတွေနဲ့ အဲဒီအစိုးရဟာ သူတို့မြို့ကို ပြည်နယ်ဒဏ် အပေးခံရတဲ့ ဘဟာအီအဖွဲ့ငယ်ရဲ့ အပြစ်မရှိတာကို နားလည်ခဲ့ကြတယ်။ တစ်ခါ လူအများစုက အရှင်ရဲ့ ကြီးမားတဲ့ အဆင့်အခြေကို နားမလည်ခဲ့ဘူးဆိုရင်တောင်မှ လူတွေဟာ ဒီထူးကဲလှတဲ့ ပုဂ္ဂိုလ်မြတ်ရဲ့ ဉာဏ်တော်နဲ့ မေတ္တာတရားတွေကြောင့် ဆွဲဆောင်ခံကြရတယ်။ ကိုးနှစ်လောက် ကြာပြီးချိန်မှာတော့ အကျဉ်းထောင်မြို့ရဲ့ တံခါးတွေဟာ ဘဟာအွလ္လာဘုရားရှင်နဲ့ အရှင့်ရဲ့ နောက်လိုက်တွေအတွက် ပွင့်လာခဲ့တယ်။ အရှင်ရဲ့ချစ်လှစွာသောသားတော် အဗ္ဗဒွလ်ဘဟာအရှင်က သူ့ရဲ့ ဖခမည်းတော်အတွက် မြို့နံရံတွေရဲ့ အပြင်ဘက်မှာ နေထိုင်ဖို့ ခံ့ညားထည်ဝါတဲ့ နေရာတစ်ခုကို ရအောင် လုပ်နိုင်ခဲ့ပြီး၊ နောက်ဆုံးမှာ ဘဟာအွလ္လာဘုရားရှင်အတွက် အရှင့်ရဲ့ ကျန်တဲ့ ဆယ့်သုံးနှစ်တာကို အတော် ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုတို့နဲ့ နေနိုင်စေဖို့အတွက် ကျေးလက် နေရာမှာ အိမ်တစ်အိမ်ကို ငှါးရမ်းဖို့ အဗ္ဗဒွလ်ဘဟာအရှင်အတွက် ဖြစ်လာခဲ့တယ်။ ကျွန်မတို့ အခုတော့ အဲဒီအိမ်ကို ဘာ့ဟ်ဂျီ စံအိမ်လို့ သိကြပြီး အဲဒီစံအိမ်မှာပဲ ဘဟာအွလ္လာဘုရားရှင်ဟာ ၁၈၉၂

ခုနစ် မေလထဲမှာ အရှင်ရဲ့ ကြီးမြင့်ထွတ်ခေါင်ခြင်းနဲ့ ဘုန်းတန်ခိုး၏ အမြင့်ဘုံနန်းဆီ ပျံလွန်ကြွမြန်တော် မူခဲ့ပါတယ်။

ဘဟာအွလ္လာဘုရားရှင်ဟာ တစ်ကမ္ဘာလုံး ငြိမ်းချမ်းသာယာရေးနဲ့ ပေါင်းသင်းမိတ်သဟာဖြစ်ရေး ဆိုတဲ့ အောင်လံတံခွန်ကို လွှင့်ထူခဲ့ပြီး ထာဝရဘုရားရှင်ရဲ့ နှုတ်ကပါဌ်တော်ကို ဖွင့်ပြတော်မူခဲ့တယ်။ အရှင့်ကို ဆန့်ကျင်တိုက်ခိုက်ဖို့ အရှင့် ရန်သူတွေက သူတို့ရဲ့ အင်အားတွေကို ပူးပေါင်းခဲ့ကြပေမဲ့ တီဟီရန် မြေအောက် အကျဉ်းတိုက်ထဲ သံကြိုးတွေအောက် ခံရချိန်မှာ ထာဝရဘုရားရှင်က အရှင့်ကို ကတိပြုတော်မူခဲ့တဲ့အတိုင်း သူတို့အပေါ်မှာ အောင်မြင်မှုရခဲ့ပါတယ်။ အရှင် ကိုယ်တိုင်ရဲ့ အသက်တာ တစ်လျှောက်မှာ အရှင်ရဲ့ မင်္ဂလာသတင်းတော်ဟာ လူထောင်ပေါင်းများစွာရဲ့ နှလုံးသားတွေကို ပြန်လည် ရှင်သန်စေခဲ့တယ်။ နောက်ပြီး ဒီနေ့မှာတော့ အရှင့်ရဲ့ တရားဓမ္မတွေဟာ ကမ္ဘာလုံးမှာ ဆက်ပြီး ပျံ့နှံ့နေပါပြီ။ လူတို့ကို တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ အကြောင်းရင်းတော်၊ ဘုံတူညီတဲ့ သာသနာတစ်ခုရဲ့အောက်မှာ စည်းလုံးလာစေဖို့ဆိုတဲ့ အရှင့်ရဲ့ အဆုံးစွန် ရည်မှန်းချက် ပန်းတိုင်ကို မအောင်မြင်စေဖို့ ဘယ်အရာကမှ အရှင့်ကို ဟန့်တားလို့ မရနိုင်ပါဘူး။

ဘဟာအွလ္လာဘုရားရှင့် ဖြစ်တော်စဉ်၏ အထက်ပါ အကြောင်းအရာသည် အတော် ရှည်လျားသည်။ အောက်ပါ လေ့ကျင့်ခန်းကို ဆက်ပြီးမဆောင်ရွက်ခင် ထိုအကြောင်းအရာကို သင်ယူရရှိပြီး သက်သောင့် သက်သာဖြင့် ပြောပြနိုင်သည်အထိ သင်တို့အဖွဲ့ထဲတွင် စာတစ်ပိုဒ်ပြီး တစ်ပိုဒ်ကို ဖတ်၍ တစ်ဦးနှင့်တစ်ဦး မေးခွန်းများမေးပါ။ အောက်ပါ မြေပုံက ဘဟာအွလ္လာဘုရားရှင်၏ ပြည်နှင်ဒဏ်ခရီး လမ်းကြောင်းကို စိတ်ထဲ မှတ်မိစေရန်နှင့် လမ်းကြောင်းတစ်လျှောက် တွေ့ကြုံရသည့် အဖြစ်အပျက်များကို သတိရစေရန်အတွက် အကူအညီဖြစ်စေပါလိမ့်မည်။



၁။ အထက်ပါ အကြောင်းအရာကို အခြေခံ၍ အောက်တွင် ပေးထားသည့် ကွက်လပ်ထဲ၌ ဘဟာအွလ္လာဘုရားရှင်၏ ဖြစ်တော်စဉ်နှင့် ဆက်နွယ်သော အဓိကအဖြစ်အပျက်များကို အစဉ်လိုက် ချရေးပါက သင်တို့အတွက် အထောက်အကူရသည်ကို တွေ့ရလိမ့်မည်။

၂။ ဘဟာအွလ္လာဘုရားရှင်၏ ဖြစ်တော်စဉ်ကို ဆွေးနွေးရာတွင် အဖြစ်အပျက် အစဉ်လိုက်အပြင် အလေးအနက်ထားဖို့လိုသည့် အနှစ်သာရများစွာရှိသည်။ အထူးအရေးအကြီးဆုံးမှာ လူသားတို့အပေါ် ထားသည့် အရှင်၏ မေတ္တာတရားကြောင့် အရှင်ခံယူခဲ့သည့် ဆင်းရဲဒုက္ခများအပေါ် စဉ်းစားသုံးသပ်ရန်နှင့် ဆန့်ကျင်တိုက်ခိုက်မှုများ ရင်ဆိုင်ရချိန်တွင် အရှင့်သာသနာတော်က အောင်မြင်ခဲ့သည့် ထူးကဲသော အောင်မြင်မှုများအပေါ်တွင်လည်း စဉ်းစားသုံးသပ်ကြရမည်။ ဤစကားလုံးများက ကျွန်ုပ်တို့၏ စိတ်ဓာတ်များနှင့် နှလုံးသားများအပေါ်တွင် ကမ္ပည်းတင်ထားနိုင်ပါစေ-

**“လူသားတစ်ရပ်လုံးအား အနှောင်အဖွဲ့မှ လွတ်မြောက်စေခြင်း အလို့ငှာ ရှေးကာလ၏ အလုကျက်သရေတော်ရှင်သည် သံကြိုးတို့ဖြင့် ချည်နှောင်ခြင်းကို သဘောတူခံယူတော်မူခဲ့၍၊ ကမ္ဘာတစ်ခုလုံးကို စစ်မှန်သောလွတ်လပ်မှု ရစိမ့်သောငှာ ဤအလွန်အခိုင်ခံ့ဆုံးဖြစ်တော်မူသော ခံတပ်တော်အတွင်းဝယ် အကျဉ်းသားပြုခြင်းကို ခံယူတော်မူခဲ့ပေ၏။ ကမ္ဘာ့လူသားအပေါင်းတို့ ရှည်ကြာစွဲမြဲသော ဝမ်းမြောက်ဝမ်းသာရှိမှုကို ရရှိကြ၍ ပျော်ရွှင်မှုဖြင့် ပြည့်တင်းစေရန်အလို့ငှါ အရှင်သည် ကြေကွဲဝမ်းနည်းခြင်း၏ ခွက်ဖလားကို အကုန်အစင် သောက်သုံးခဲ့ပေ၏။ ဤသည်တို့ကား သင်တို့၏ ဘုရားရှင်၊ ကြင်နာတော်မူသောအရှင်နှင့် သနားကရုဏာ အကြီးမားဆုံး ဖြစ်တော်မူသော ဘုရားရှင်၏ သနားကြင်နာခြင်းပေတည်။ အို ထာဝရဘုရားရှင်၏ စည်းလုံး ညီညွတ်ခြင်းကို လက်ခံယုံကြည်သူတို့၊ အသင်တို့ မြင့်မားနိုင်စေရန်အလို့ငှါ ငါဘုရားရှင်တို့သည် ဂုဏ်အသရေနိမ့်ကျခြင်းကို ခံယူတော်မူခဲ့ပြီး အသင်တို့ သာယာဝပြော၍ ဖွံ့ဖြိုးစည်ပင်စေရန်အလို့ငှါ ငါဘုရားရှင်တို့သည် ဖိစီးနှိပ်စက်မှုမျိုးစုံတို့ကို ဒုက္ခခံယူခဲ့ခြင်း ဖြစ်ပေ၏။ ယိုယွင်းအပျက်စီးဆုံး ဖြစ်သော မြို့ကြီးများအတွင်း၌ မှီတင်းနေထိုင်စေရန်အတွက် ထာဝရဘုရားရှင်နှင့် ပူးပေါင်း ကြကုန်သော သူတို့က အရှင့်အား မည်သို့ အတင်းအကျပ်ပြုခဲ့သည်ကို ကမ္ဘာတစ်ခုလုံးအား အသစ်တည်ဆောက်ရန် ကြွလာတော်မူသော ဘုရားရှင်က ရှုမြင်ရပေ၏!”[၁၀]**

၃။ ဘဟာအွလ္လာဘုရားရှင်၏ ဒုက္ခခံစားရမှုများကို ကျွန်ုပ်တို့ ပြောပြကြသည့်အခါ အရှင့် ရန်သူများ၏ အကူအညီမဲ့သည့် ဒုက္ခသည်တစ်ဦးအဖြစ် အရှင့်ကို မတင်ပြမိစေရန် ဂရုစိုက်သင့်သည်။ လူသားတို့ လွတ်လပ်စေဖို့ အရှင်က သံကြိုးတို့ဖြင့် တုပ်နှောင်ခြင်းကို လိုလိုလားလား ခံယူတော်မူခဲ့သည်။ အရှင့် ဖြစ်တော်စဉ်အကြောင်းမှာ ကြီးမားသည့် ဒုက္ခခံစားမှုအကြောင်းများဖြင့် ပြည့်နေသော်လည်း တကယ့်ပင်ကိုယ်တွင် ထူးထူးကဲကဲ အောင်မြင်မှုများထဲမှ တစ်ခုဖြစ်သည်။ သင်တို့အဖွဲ့ နည်းပြ၏ အကူအညီဖြင့် အရှင့် ဖြစ်တော်စဉ်နှင့်ပတ်သက်၍ သင်တို့၏ လက်ရှိအသိပညာအပေါ် အခြေခံပြီး ဘဟာအွလ္လာဘုရားရှင်၏ ဒုက္ခခံစားမှုများနှင့် အောင်မြင်မှုများအကြောင်းအပေါ်တွင် ပြောဆိုချက် အတိုတစ်ခုကို ပြင်ဆင်ပါ။ အောက်ပါ မေးခွန်းများက သင်တို့အတွက် အထောက်အကူ ဖြစ်နိုင်ပါသည်။

(က) ဘဟာအွလ္လာဘုရားရှင်သည် အဘယ့်ကြောင့် သံကြိုးတို့ဖြင့် ချည်နှောင်ခြင်းကို သဘောတူခဲ့ပါသနည်း။

________________________________________________________

________________________________________________________

(ခ) ဘဟာအွလ္လာဘုရားရှင်သည် အဘယ့်ကြောင့် အကျဉ်းသားပြုခြင်းကို လက်ခံခဲ့ပါသနည်း။

________________________________________________________

________________________________________________________

(ဂ) ဘဟာအွလ္လာဘုရားရှင်သည် အဘယ့်ကြောင့် ကြေကွဲဝမ်းနည်းခြင်း၏ ခွက်ဖလားကို သောက်သုံးခဲ့ပါသနည်း။

________________________________________________________

________________________________________________________

(ဃ) ဘဟာအွလ္လာဘုရားရှင်သည် အဘယ့်ကြောင့် ဂုဏ်အသရေနိမ့်ကျခြင်းကို လက်ခံခဲ့ပါသနည်း။

____________________________________________________

____________________________________________________

(င) ဘဟာအွလ္လာဘုရားရှင်သည် အဘယ့်ကြောင့် ဖိစီးနှိပ်စက်မှုများကို ခံယူခဲ့ပါသနည်း။

____________________________________________________

____________________________________________________

(စ) ဘဟာအွလ္လာဘုရားရှင်သည် လွန်ဆန်နိုင်ရန် စွမ်းအားမရှိ၍သာ ဒုက္ခခံစားရန် လက်ခံခဲ့ပါသလား။

____________________________________________________

____________________________________________________

(ဆ) ဘဟာအွလ္လာဘုရားရှင်သည် အရှင့် ရန်သူများရှေ့တွင် စွမ်းအားမရှိ၍ မဟုတ်ပါလျှင် အရှင်သည့် အဘယ့်ကြောင့် ဒုက္ခခံယူရန် လက်ခံခဲ့ပါသနည်း။

____________________________________________________

____________________________________________________

## အခန်း (၇)

ဆန်ချက်ဇ်တို့အိမ်သို့ အဲလီဂျန်ဒရာ၏ ဒုတိယအခေါက် လည်ပတ်မှုမှာ ပထမတစ်ခုကဲ့သို့ ပျော်စရာကောင်းလှသည်။ သူတို့ ဇနီးမောင်နှံက ဘဟာအွလ္လာဘုရားရှင်၏ ဖြစ်တော်စဉ်အကြောင်းနှင့် အတော်အသင့်အကျွမ်းတဝင်ရှိထားကြပြီး။ သို့သော် သူတို့က အဲလီဂျန်ဒရာ၏ ပြောပြချက်မှ ပို၍သင်ယူဖို့ အားတက်သရောရှိပြီး အရှင်၏ ဒုက္ခခံစားရမှုများအကြောင်းဖြင့် ရင်ထဲ သိသိသာသာ ထိလှသည်။ မစ္စက်ဆန်ချက်ဇ်က "ထာဝရဘုရားရှင်ရဲ့ အလင်းတော်ရာဘုရားရှင်တွေဟာ ခေါင်းဆောင်မှုနဲ့ ကမ္ဘာရဲ့ပါဝါတွေကို ဆာလောင်သူတွေရဲ့လက်ထဲမှာ အမြဲဒုက္ခရောက်ကြရတယ်"ဟု စဉ်းစားမိသည်။ အဲလီဂျန်ဒရာက သူ ကျက်မှတ်ထားသည့် ကောက်နုတ်ချက်ကို သူတို့အား မျှဝေပေးဖို့ သင့်တော်ပြီဟု ဆုံးဖြတ်လိုက်သည်။ ၎င်းကိုပြီးခဲ့သည့်အခန်းတွင် သင်တို့ လေ့လာခဲ့သဖြင့် သိပြီးဖြစ်သည်။ ထိုကောက်နုတ်ချက်ထဲတွင် ကျွန်ုပ်တို့အတွက် ဖိနှိပ်မှုမှ ကင်းဝေးပြီး ကြာရှည်မြဲသည့် ပျော်ရွှင်မှု ရရှိစေဖို့ ဘဟာအွလ္လာဘုရားရှင်က လူသားတို့အတွက်ပဲ ဒုက္ခခံစားမှုတွေကို ကြံ့ကြံ့ခံယူတော်မူခဲ့ကြောင်းကို ပြောပြထားသည်။ သူတို့ သုံးယောက်စလုံးက ထိုနေ့ဆွေးနွေးမှုကြောင့် ရင်ထဲ မှင်တက်နေမိသည်။

သူ၏ နောက်တစ်ကြိမ် လည်ပတ်မှုကို စဉ်းစားကြည့်ရာတွင် အဲလီဂျန်ဒရာသည် အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ အဆင့်အခြေမှာ ဆွေးနွေးဖို့အတွက် သဘာဝကျသည့် အကြောင်းအရာဖြစ်မည်ဟု အမြန် ကောက်ချက်ချသည်။ ဤသည်တို့မှာ ခြုံငုံမိအောင် သူ အသေအချာလုပ်မည့် အချက်များဖြစ်သည်-

ဘဟာအွလ္လာဘုရားရှင်ရဲ့ အကြီးဆုံးသားတော်ဖြစ်တဲ့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ဟာ လူ့သမိုင်းစဉ်မှာ တစ်မူအထူးခြားဆုံး ပုဂ္ဂိုလ်ဖြစ်ပြီး ရှေ့ဘက်ရှိ ဘယ်ဘာသာတရားမှာမှ အရှင်လိုမျိုး ပုဂ္ဂိုလ်ကို ကျွန်မတို့ မတွေ့နိုင်ပါဘူး။ သူဟာ ကလေးဘဝ ရှိသေးချိန်ကတည်းက သူ့ ဖခမည်းတော်ရဲ့ ထွတ်မြတ်တဲ့အဆင့်အခြေကို အသိအမှတ်ပြုခဲ့ပြီး အရှင့်ရဲ့ ပြည်နှင်ဒဏ်ခရီးတွေနဲ့ ဒုက္ခတွေကိုလည်း မျှဝေခံယူခဲ့တယ်။ ဘဟာအွလ္လာဘုရားရှင်ဟာ မိမိ ပျံလွန်ကြွမြန်းပြီးတဲ့နောက်မှာ ဘဟာအီ သာသနာ့ဝင်ထုကို အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ ဂရုစိုက်မှုနဲ့ ကာကွယ်စောင့်ရှောက်မှုအောက်မှာ ထားရစ်ခဲ့တာ။ ဘဟာအွလ္လာဘုရားရှင်က လူသားတို့အတွက် အရှင့်ရဲ့ အမြင့်မားဆုံးဖြစ်တဲ့ (သာသနာ)ဖွင့်ပြတော်မူချက်ကို ပေးထားခဲ့ရုံမကဘူး မိမိရဲ့သားတော်ကြီးကိုပါ ပေးခဲ့တာ။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ အသိပညာနဲ့ ဉာဏ်ပညာအားဖြင့် ကမ္ဘာလောကကို လမ်းပြပေးပြီး ထွန်းလင်းစေလိမ့်မယ်လို့ အရှင်က မိန့်မှာခဲ့ပါတယ်။

အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ ဖြစ်တော်စဉ်နဲ့ မြွက်ဆိုချက်တွေကို ကျွန်မတို့ လေ့လာတဲ့အခါ ဒီဘာသာရေးစနစ်သစ်မှာ အရှင် ရရှိထားတဲ့ ပြိုင်ဘက်ကင်းတဲ့ အဆင့်အခြေထဲမှာ ထိုးထွင်းအမြင် ရရှိကြတယ်။ ဒီအဆင့်အခြေရဲ့ ကဏ္ဍသုံးခုကို ကျွန်မတို့ စိတ်ထဲမှာ စွဲထားဖို့ အရေးကြီးပါတယ်။

ပထမဆုံးတစ်ခုကတော့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ဟာ ဘဟာအွလ္လာဘုရားရှင့် ပဋိညာဉ်သစ္စာတော်ရဲ့ ဗဟိုမဏ္ဍိုင်ရှင်ပါ။ ဘဟာအွလ္လာဘုရားရှင်က မိမိရဲ့နောက်လိုက်တွေနဲ့ ပဋိညာဉ်တစ်ခုကို လုပ်ထားခဲ့ပြီး သူတို့ နှလုံးသားတွေကို အဲဒီ ဗဟိုဘက်လှည့်ထားပြီး သူ့အပေါ်မှာ အပြည့်အဝ သစ္စာရှိကြဖို့ တောင်းဆိုခဲ့တယ်။ အရှင့်ရဲ့သေတမ်းစာနဲ့ ပဋိညာဉ်စာတမ်းမှာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က မိမိကွယ်လွန်ပြီးတဲ့နောက်မှာ အားလုံးမျက်နှာမူရမဲ့ ဗဟိုမဏ္ဍိုင်အဖြစ် ရှော်ဂီအဖန်ဒီအရှင်မြတ်ကို သာသနာထိန်းအဖြစ် ခန့်အပ်ခဲ့တယ်။ ဒီနေ့အချိန်မှာတော့ ဒီဗဟိုမဏ္ဍိုင်ဟာ ကမ္ဘာ့သမာဓိအဖွဲ့ချုပ် ဖြစ်လာပါတယ်။ သမာဓိအဖွဲ့ချုပ်ကို ဘဟာအွလ္လာဘုရားရှင်ရဲ့ ရှင်းလင်းလှတဲ့ အမိန့်တော်၊ အဗ္ဗဒွလ်ဘဟာအရှင်မြတ်နဲ့ ရှော်ဂီအဖန်ဒီအရှင်တို့ ပေးထားတဲ့ ရှင်းလင်းတဲ့ညွှန်ကြားချက်တွေနဲ့အညီ ဖွဲ့စည်းတည်ထောင်ခဲ့တာပါ။ ပဋိညာဉ်သစ္စာတော်ရဲ့ တန်ခိုးစွမ်းအားက ဘဟာအီသာသနာ့ဝင်ထုကို အတူတကွ ပေါင်းစည်းပေးပြီး ကွဲပြားမှုတွေနဲ့ ပြိုကွဲမှုတွေကနေ ကာကွယ်ပေးပါတယ်။

ဒုတိယ အချက်ကတော့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ဟာ ဘဟာအွလ္လာဘုရားရှင့် မိန့်မှာချက်တွေကို အမှားအယွင်းကင်းတဲ့ အနက်အဓိပ္ပါယ်ဖွင့်ဆိုသူ ဖြစ်ပါတယ်။ ဘဟာအွလ္လာဘုရားရှင်ရဲ့ ဖွင့်ပြတော်မူချက်က အလွန်ကျယ်ပြောလှပြီး အရှင့်ရဲ့ မြွက်ဟချက်တွေထဲမှာရှိတဲ့ အဓိပ္ပါယ်တွေဟာ နက်နဲလွန်းလှတာမို့ ဘုရားရှင်ဟာ မိမိကိုယ်တော်တိုင် စေ့ဆော်ပေးမဲ့သူဖြစ်တဲ့ အနက်အဓိပ္ပါယ် ဖွင့်ဆိုသူကို ထားခဲ့ဖို့ လိုမယ်လို့ သိတော်မူခဲ့တယ်။ ဒါကြောင့်မို့ လာမဲ့မျိုးဆက်တွေအတွက် လူလောကဟာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ စာသဝဏ်လွှာများစွာနဲ့ အရှင့် ပြောဟောချက်တွေထဲက အတည်ပြုထားတဲ့ ရေးသားချက်မှတ်တမ်းတွေထဲမှာရှိတဲ့ အရှင့်ရဲ့ အနက်အဓိပ္ပါယ် ဖွင့်ဆိုမှုတွေကို လေ့လာရင်ဖြင့် ဘဟာအွလ္လာဘုရားရှင်ရဲ့ တရားဒေသနာတော်ကို နားလည်နိုင်ကြလိမ့်မယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ် မရှိတဲ့နောက်မှာ သာသနာထိန်းကြီးဟာ ဘဟာအွလ္လာဘုရားရှင်ရဲ့ တရားဒေသနာတွေကို အနက်အဓိပ္ပါယ်ဖွင့်ဆိုသူပါ။ သူနဲ့တင် အနက်အဓိပ္ပါယ်ဖွင့်ဆိုတဲ့ တာဝန်ဟာ ပြီးမြောက်သွားပါပြီ။ ဘဟာအွလ္လာဘုရားရှင့် သာသနာ့စနစ်တော်ရဲ့ ကျန်သမျှအတွက် အရှင့်ရဲ့ မိန့်မှာချက်တွေကို အနက်ပြန်ဆိုဖို့ ဘယ်သူ့မှာမှ အခွင့်အာဏာ မရှိတော့ပါဘူး။

အတိတ်မှာ ဘာသာတိုင်းဟာ သူ့ရဲ့ မြင့်မြတ်တဲ့ ကျွန်မ်းတော်တွေထဲက စာပိုဒ်တွေကို မျိုးစုံ အနက်အဓိပ္ပါယ် ဖွင့်ဆိုကြတာကြောင့် ဂိုဏ်းဂဏကွဲမှုတွေနဲ့ ဒုက္ခရောက်ကြရတယ်။ ဒါပေမဲ့လို့ ဒီဘာသာရေးစနစ်မှာတော့ ဘဟာအွလ္လာဘုရားရှင်ရဲ့ မိန့်ဆိုချက်တစ်ခုရဲ့ အဓိပ္ပါယ်ကို မသေချာဘူး ဆိုရင် လူတိုင်းဟာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်နဲ့ သာသနာထိန်းကြီးတို့ရဲ့အနက်ပြန်ဆိုချက်တွေဘက် မျက်နှာမူနိုင်တယ်။ တကယ်လို့ မသေချာတာက ကျန်နေသေးတယ်ဆိုရင်တော့ ရှင်းရှင်းလင်းလင်း ဖြစ်ဖို့ ကမ္ဘာ့သမာဓိအဖွဲ့ချုပ်ဘက်ကို သူ မျက်နှာမူနိုင်တယ်။ ဒါဆိုရင် တရားဒေသနာတော်တွေရဲ့ အဓိပ္ပါယ်နဲ့ ပတ်သက်လို့ ပဋိပက္ခဖြစ်စရာ မရှိတော့ဘဲ သာသနာ့ရဲ့ စည်းလုံးညီညွတ်မှုကိုလည်း ကာကွယ်ပြီးသား ဖြစ်သွားပါတယ်။

တတိယအနေနဲ့ကတော့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ဟာ သူ့ဖခမည်းတော်ရဲ့ တရားဒေသနာတော် တွေကို ပြီးပြည့်စုံတဲ့ စံပြသူတော်စင်ဖြစ်ပါတယ်။ ကျွန်မတို့က အဲသလို ပြီးပြည့်စုံတဲ့အဆင့် ဒီဂရီမျိုးကို ရောက်ဖို့ ဘယ်တော့မှ မမျှော်မှန်းနိုင်ပေမဲ့ ကျွန်မတို့ မျက်လုံးတွေရဲ့ရှေ့မှာ အရှင်ကို အမြဲတမ်းထားပြီး အရှင့်ရဲ့ စံနမူနာကို လိုက်လျှောက်ဖို့ ကြိုးစားအားထုတ်ကြရမှာပါ။ ကျွန်မ်းဓမ္မခန် တွေထဲမှာ ချစ်ခြင်းမေတ္တာအကြောင်း ကျွန်မတို့ ဖတ်ရှုတဲ့အခါ အဗ္ဗဒွလ်ဘဟာအရှင်မြတ် ဘက်ကို မျက်နှာမူပြီး ကြည့်လိုက်မယ်ဆိုရင် ချစ်ခြင်းမေတ္တာနဲ့ ကြင်နာမှုတွေရဲ့ တကယ့်အနှစ်သာရကို မြင်ရလိမ့်မယ်။ တစ်ခါ ဖြူစင်သန့်ရှင်းမှု၊ တရားမျှတမှု၊ ဖြောင့်မတ်မှန်ကန်မှု၊ ပျော်ရွှင်မှုနဲ့ ပေးကမ်းရက်ရောမှုတွေ အကြောင်း ဖတ်တဲ့အခါမှာလဲ အရှင့်ဘက်မျက်နှာမူပြီး အရှင့်ရဲ့ ဘဝဖြစ်စဉ် ကို စဉ်းစားကြည့်လိုက်ရင် အရှင်ဟာ ဒီအရည်အသွေးတွေကို အပြည့်ဝဆုံးအထိ ဘယ်လို ထင်ရှားပြသခဲ့တယ်ဆိုတာကို တွေ့ရပါလိမ့်မယ်။

အဗ္ဗဒွလ်ဘဟာအရှင်မြတ် ဘဝအသက်တာရဲ့ အမှတ်အသားကတော့ အရှင့်ရဲ့ အမှုထမ်းရွက်ခြင်း ဆိုတာ သေချာပေါက်ပါပဲ။ အဗ္ဗဒွလ်ဘဟာဆိုတဲ့ အမည်ရဲ့ အဓိပ္ပါယ်ကိုက "ဘဟာအရှင်ရဲ့ ကျေးကျွန်"လို့ အဓိပ္ပါယ်ရပြီး သူ့အတွက် ဂုဏ်ပြုကြတဲ့ အခြားအရာအားလုံးထက် ဒီဘွဲ့အမည်ကို အရှင်က ပိုပြီး လိုလားနှစ်သက်တော်မူတယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ အောက်ပါ စကားလုံး တွေက အမှုထမ်းရွက်လိုတဲ့ အရှင်ရဲ့ ထက်ထက်သန်သန် စိတ်ဆန္ဒကို ပြသထားပါတယ်-

**"ငါအရှင်၏ အမည်နာမသည် အဗ္ဗဒွလ်ဘဟာဖြစ်၏။ ငါအရှင်၏ အရည်အချင်းသည် အဗ္ဗဒွလ်ဘဟာဖြစ်၏။ ငါအရှင်၏ အစစ်အမှန်သည် အဗ္ဗဒွလ်ဘဟာဖြစ်၏။ ငါအရှင်၏ ချီးကျူးမှုသည် အဗ္ဗဒွလ်ဘဟာဖြစ်၏။ ကျက်သရေရှိလှစွာသော ပြီးပြည်စုံတော်မူသည့် ဘုရားရှင် (ဘဟာအွလ္လာဘုရားရှင်)ကို အမှုထမ်းရွက်ရသည့် အဆင့်အခြေသည် ငါအရှင်၏ အသရေတင့်လှ၍ ပြိုးပြိုးပြက်ပြက်လင်းလက်သည့် မကိုဋ်ဦးရစ်ပင် ဖြစ်ပေ၏။ လူသားမျိုးနွယ် အားလုံးအတွက် ကျေးကျွန်အဖြစ် အမှုထမ်းရွက်ရခြင်းသည် ငါအရှင်၏ ထာဝစဉ်တည်မြဲသော ဘာသာတရား ဖြစ်ပေ၏ . . . ။ အဗ္ဗဒွလ်ဘဟာမှလွဲ၍ ငါအရှင့်တွင် အခြားသော အမည်နာမ၊ ဘွဲ့၊ ဖော်ပြချက်၊ ချီးကျူးဂုဏ်ပြုချက်ဟူ၍ မရှိထားသကဲ့သို့ ဘယ်အခါမှလည်း ရှိလိမ့်မည်မဟုတ်ပေ။ ဤသည်ကား ငါအရှင်၏ အလိုဆန္ဒပင်တည်း။ ဤသည်ကား ငါအရှင်၏ အကြီးမားဆုံး တောင့်တချက်ပင်တည်း။ ဤသည်ကား ငါအရှင်၏ ထာဝရအသက်တာပင်တည်း။ ဤသည်ကား ငါအရှင်၏ အစဉ်ထာဝရ တည်မြဲသော ဂုဏ်ကျက်သရေပင်တည်း။"**[၁၁]

အဲလီဂျန်ဒရာက ဆန်ချက်ဇ်တို့ဆီ သူ၏ နောက်တစ်ကြိမ်လည်ပတ်မှုတွင် မျှဝေပေးဖို့ စီစဉ်ထားသည့် အရာမှာ တစ်မူအထူးခြားဆုံးသော ပုဂ္ဂိုလ်မြတ်အကြောင်းကို မိတ်ဆက်ပေးဖို့ထက် တခြားမဟုတ်သည်မှာ ရှင်းလင်းသည်။ ဤဘာသာရေးစနစ်တွင် အဗ္ဗဒုလ်ဘဟာအရှင်မြတ် ရရှိထားသော အဆင့်အခြေအပေါ် သူတို့၏ သဘောကျနှစ်ခြိုက်မှုမှာ လာမည့်နှစ်များတွင် ဆက်လက်ကြီးမားလာလိမ့်မည်။ သင်တို့ကိုယ်တိုင်၏ ဘဝတွင် အမှုထမ်းလမ်းကြောင်းပေါ် လျှောက်လှမ်းသည့်အခါ အရှင်၏ စံနမူနာကို စိတ်ထဲ သတိတရရှိ၍ အရှင်၏ စကားလုံးများအပေါ်တွင် စဉ်းစားသုံးသပ်ရသည့် အခွင့်အလမ်းများစွာ ရှိလာလိမ့်မည်။ ရှေ့ဘက် အပိုင်းတွင် သင်တို့ကိုယ်တိုင် အရှင့် မြွက်ဟချက်များထဲမှ အချို့နှင့် အကျွမ်းတဝင်ရှိထားပြီးဖြစ်၍ အရှင်၏ စာသဝဏ်လွှာများနှင့် အများပြည်သူအတွက် ပြောဟောချက်များထဲတွင် ချပြထားသော အယူအဆများကို အရှင် လုပ်ခဲ့သည့်အတိုင်း ပြောပြဖို့ သင်ယူရန် တိုက်တွန်းပါသည်။ ယခုအတွက် အရှင့်အဆင့်အခြေအပေါ် သင်တို့၏ လက်ရှိနားလည်မှုကို ခိုင်မာတောင့်တင်းစေရန် အထက်တွင် ဖော်ပြထားသည့် အဓိက အချက်များကို သင်တို့အဖွဲ့၏ အခြားအဖွဲ့ဝင်များနှင့်အတူ တိုင်ပင်ဆွေးနွေးပြီး ၎င်းတို့ကို ကောင်းစွာ ပြောပြဖို့ လေ့ကျင့်သင့်သည်။ ကောက်နုတ်ပေးထားသည့် စာပိုဒ်အပေါ် စဉ်းစားသုံးသပ်ခြင်းသည် အမှုထမ်း လမ်းကြောင်းပေါ် တိုးတက်လျှောက်လှမ်းမည့် သင်တို့၏ ကြိုးပမ်းအားထုတ်မှုများကို စေ့ဆော်အားပေး လိမ့်မည်။

## အခန်း (၈)

မစ္စတာနှင့် မစ္စက် ဆန်ချက်ဇ်တို့ထံ လည်ပတ်မှုများ စတင်ခဲ့ချိန်ကတည်းက အဲလီဂျန်ဒရာ၏ စိတ်ထဲတွင် တောက်လျှောက်ရှိနေသည့် မေးခွန်းတစ်ခုမှာ ရပ်ကွက်အတွင်း ရပ်ရွာထူထောင်ရေး လုပ်ငန်းစဉ် အတွက် ခိုင်မြဲ၍ တက်ကြွသော ဇာတ်ဆောင်များ ဖြစ်လာစေရန် မည်သည့် အကြောင်းအရာများက သူတို့ကို အများဆုံး ကူညီပေးပါ့မလဲ ဆိုတာပင်ဖြစ်သည်။ တစ်ဖက်တွင် ဆုတောင်းပတ္ထနာ၊ ဝိညာဉ်၏ ထာဝရရှင်သန်ပုံနှင့် ဘုရားရှင်၏ ချစ်ခြင်းမေတ္တာတွင် ခိုင်မာမြဲမြံခြင်းတို့ကို သူတို့နှင့် ဆွေးနွေးရန် မျှော်လင့် ထားသည့်အကြောင်းမှာ သူတို့၏ ဝိညာဏအသက်တာကို အဆက်မပြတ် အင်အားဖြည့်ပေးရမှာမို့ ဖြစ်သည်။ အခြားတစ်ဖက်တွင် တဖြည်းဖြည်း ဖွံ့ဖြိုးလာနေသည့် ရပ်ရွာလူထုမျိုးကို သူတို့ အမြင်ရရှိ၍ ၎င်းပုံပေါ်လာရေး အတွက် တန်ဖိုးရှိသည့် ဆောင်ရွက်ချက်များကို သူတို့ လုပ်နိုင်သည်ဟု သိရှိစေရန်မှာ အရေးကြီးလိမ့်မည်။ အဗ္ဗဒုလ်ဘဟာအရှင်မြတ်၏ အဆင့်အခြေအကြောင်း မစ္စတာ၊ မစ္စက်ဆန်ချက်တို့နှင့်အတူ စကား ပြောချိန်တွင် အဲလီဂျန်ဒရာသည် နောက်တစ်ခေါက် လည်ပတ်မှု၏ အကြောင်းအရာက ဘာဖြစ်သင့်သည်ကို တဖြည်းဖြည်း သဘောပေါက်လာသည်။ "လူတွေကို စည်းလုံးညီညွတ်စေမဲ့ သာသနာရဲ့ ရည်ရွယ်ချက်ကို သူတို့ အများကြီး ရှင်းရှင်းလင်းလင်း ရှိကြတယ်"လို့ သူတွေးမိသည်။ "ဒါကြောင့်မို့ အခု တို့တွေ လေ့လာ ဆန်းစစ်ဖို့ ဖြစ်နိုင်တဲ့ အကြောင်းအရာကတော့ စည်းလုံးညီညွတ်တဲ့ ရပ်ရွာလူထုကို ဘယ်လို တည်ဆောက်ပြီး ဘယ်လို ထိန်းသိမ်းရမလဲ ဆိုတာပဲ ဖြစ်မယ်။"

အဲလီဂျန်ဒရာက သူ၏ လေးကြိမ်မြောက် လည်ပတ်မှုကို သူငယ်ချင်း အုပ်စုသေးသေးလေးက ရပ်ကွက်ထဲမှာ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ဆောင်ချက်တွေကို ပြောပြပြီး စတင်လိုက်တယ်။ "ကျွန်မတို့ရဲ့ ဦးရေတွေ တိုးလာတာနဲ့ ကျွန်မတို့အားလုံး ထမ်းရွက်ရမဲ့ စိန်ခေါ်မှုအကြီးဆုံး တာဝန်ဝတ္တရားကတော့

ကျွန်မတို့တွေရဲ့ ပြောစကားတွေ၊ အတွေးအခေါ်တွေနဲ့ လုပ်ရပ်တွေမှာ ပိုပိုပြီး စည်းလုံးညီညွတ်လာဖို့ပါပဲ။ ဦးတို့ အဒေါ်တို့ သဘောကျွန်မယ်ဆိုရင် စည်းလုံးညီညွတ်မှုအကြောင်းကို ဒီနေ့ ကျွန်မတို့ အတူတူ လေ့လာဆန်းစစ် ကြတာပေါ့”လို့ သူက ရှင်းပြတယ်။

“ဒို့ ရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်မှုက ဘယ်လို အရေးကြီးလဲဆိုတာကို မြင်နိုင်ပါတယ်”လို့ မစ္စက် ဆန်ချက်ဇ်က ပြန်ဖြေတယ်။

“ဒါ့အပြင် ကျန်တာတွေထက် ဘဟာအွလ္လာဘုရားရှင့် တရားဒေသနာတော်တွေထဲက ဒို့နှလုံးသားတွေကို ပထမဆုံး ဆွဲဆောင်ခဲ့တာက ဒီဘုရားရှင်ရဲ့ စည်းလုံးညီညွတ်မှုဆိုတဲ့ အကြောင်းပါ” မစ္စက် ဆန်ချက်ဇ်က ပြောပြတယ်။

“အယူအဆတွေ အတော်များများကို ရွေးထားတယ်။ အဲဒါ တစ်ခုစီအတွက်လဲ ကောက်နုတ်ချက် တစ်ခုစီ ရှာထားတယ်”လို့ အဲလီဂျန်ဒရာက ပြောပြတယ်။ “အဆင်ပြေမယ်ဆိုရင် အဲဒါတွေ တစ်ခုချင်းစီ သွားပြီး ဆွေးနွေးကြတာပေါ့။”

အောက်ပါတို့မှာ အဲလီဂျန်ဒရာ ပြင်ဆင်ထားသည့် အယူအဆများ စာရင်းဖြစ်သည်-

- ကျွန်မတို့ ရပ်ရွာလူထုဟာ တကယ် စည်းလုံးညီညွတ်ဖို့ဆိုရင် ကျွန်မတို့ တစ်ဦးစီက ပဋိပက္ခ ဖြစ်ခြင်းနှင့် (သဘောထား)တင်းမာခြင်းတို့ကို ရှောင်ရှားကြရမည်။ ဘဟာအွလ္လာဘုရားရှင်က ဖော်ပြထားသည်မှာ–

  **“ဤနေ့ရက်တော်တွင် ထာဝရဘုရားရှင်၏ အချစ်တော်သားများကြားဝယ် စိတ်ဝမ်းကွဲခြင်းနှင့် ပဋိပက္ခဖြစ်ခြင်း၊ (သဘောထား)တင်းမာခြင်း၊ သူစိမ်းဆန်ခြင်းနှင့် စိမ်းကားခြင်းတို့ထက် ဤ(သာသနာ)အကြောင်းရင်းတော်ကို မည်သည့်အရာကမျှ ပိုပြီး မထိခိုက်စေနိုင်ပေ။ ဘုရားရှင်၏ ဘုန်းတန်ခိုးတော်နှင့် ထိုအရှင်၏ အချုပ်အခြာစိုးပိုင်တော်မူသော အကူအညီ အားဖြင့် ထိုအရာတို့ကို ရှောင်ရှားကြပါကုန်။ စည်းလုံးစေတော်မူသော အရှင်၊ အလုံးစုံတို့ကို သိကျွမ်းတော်မူသောအရှင်၊ ဉာဏ်ပညာအပေါင်းဖြင့် ပြည့်စုံတော်မူသော အရှင်၊ အရှင်၏ နာမတော်ဖြင့် လူ့နှလုံးသားများကို အတူတကွ ပေါင်းစည်းစေရန် ကြိုးပမ်းအားထုတ် ကြပါကုန်။”**[၁၂]

- ဘုရားရှင့်အပေါ် ထားသည့် မိမိတို့ ချစ်မြတ်နိုးခြင်း၏ ထင်ဟပ်ချက်ဖြစ်သည့် ချစ်ခြင်းမေတ္တာဖြင့် ရပ်ရွာအတွင်းရှိ လူတိုင်းကို ကျွန်မတို့ ချစ်မြတ်နိုးကြရမည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ပြောပြထားသည်မှာ-

  **“ပြည့်ဝသော စည်းလုံးညီညွတ်မှုဖြင့် ရပ်တည်ကြပါလေ။ မည်သည့်အခါမျှ တစ်ဦးကိုတစ်ဦး စိတ်မဆိုးကြလေနှင့်။ . . . လူသားများအား ထာဝရဘုရားသခင်အတွက် ချစ်ကြပါကုန်၊ သူတို့ကို ချစ်ခင်ခြင်းကြောင့် မဖြစ်ပါစေနှင့်။ ဘုရားရှင်ကြောင့်သာ ချစ်ခြင်းဖြစ်လျှင် အသင်တို့သည် ဒေါသထွက်ခြင်းနှင့် သည်းမခံနိုင်ခြင်းတို့ ဖြစ်မည်မဟုတ်ပေ။ လူသားဟူသမျှသည် ပြည့်ဝမည် မဟုတ်ပေ။ လူသားတိုင်း၌ ချို့ယွင်းချက်များ ရှိကြသည်သာဖြစ်၏။ သို့ဖြစ်ရကား အသင်တို့သည် လူသားများကိုသာ ကြည့်နေပါက အစဉ်အမြဲ စိတ်မချမ်းမြေ့မှု ဖြစ်ရလိမ့်မည်။ သို့သော်**

**အသင်တို့သည် ထာဝရဘုရားသခင်ဘက်သို့ ကြည့်ရှုလျှင် ၎င်းတို့အား ချစ်မြတ်နိုးနိုင်ပြီး ကြင်ကြင်နာနာရှိပေလိမ့်မည်။ ဘုရားသခင်၏ ကမ္ဘာသည် ပြီးပြည့်စုံခြင်းနှင့် အလုံးစုံ သနားကြင်နာခြင်း၏ ကမ္ဘာဖြစ်ပေသည်။"[၃၃]**

- တစ်ဦးအပေါ် တစ်ဦးထားသည့် ချစ်ခြင်းမေတ္တာဖြင့်ပင် ကျွန်ုပ်တို့ အကြားမှာ တင်းမာမှုတွေ ပေါ်ပေါက်လာပါက အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ ဤဩဝါဒကို ချက်ချင်း သတိရသင့်သည်-

**"အသင်တို့ တစ်ဦးစီတို့သည် အသင်တို့ နှလုံးသားများထဲမှ အတွေးအခေါ်များအားလုံးကို ချစ်ခြင်းမေတ္တာနှင့် စည်းလုံးညီညွတ်မှုအပေါ်တွင် အာရုံစိုက်ထားကြရန် အသင်တို့အားလုံးအား ငါအရှင် တိုက်တွန်းလို၏။ စစ်မက်၏ အတွေးအခေါ် ပေါ်ပေါက်လာပါက ၎င်းကို ပို၍ အင်အားကောင်းသော ငြိမ်းချမ်းရေး အတွေးအခေါ်ဖြင့် ဆန့်ကျင်ပစ်ပါလေ။ မုန်းတီးခြင်း၏ အတွေးအခေါ်ကိုလည်း ပို၍ စွမ်းအားကောင်းသော ချစ်ခြင်းမေတ္တာ၏ အတွေးအခေါ်ဖြင့် ဖျက်ဆီးပစ်ရမည်။ စစ်မက်၏ အတွေးအခေါ်များသည် သဟဇာတဖြစ်ခြင်း၊ ကောင်းကျိုး(သုခ) ချမ်းသာရှိခြင်း၊ ငြိမ်းငြိမ်းအေးအေးရှိခြင်းနှင့် ရောင့်ရဲကျေနပ်ခြင်း စသည်အားလုံးတို့အတွက် ပျက်စီးမှု သယ်ယူလာပေ၏။**

**"မေတ္တာတရားနှင့်ဆိုင်သည့် အတွေးခေါ်များကသာ ညီရင်းအစ်ကိုစိတ်၊ ငြိမ်ချမ်းခြင်း၊ မိတ်သင်္ဂဟဖြစ်ခြင်းနှင့် ပျော်ရွှင်မှုကို တည်ဆောက်ပေး၏။"[၃၄]**

- ထို့ပြင် ၎င်းတို့ကို ထိန်းချုပ်ရန် ကြိုးပမ်းမှုမှန်သမျှကို လုပ်ကြသဖြင့် အကယ်၍ ကျွန်ုပ်တို့ရဲ့ တပ်မက်မှုတွေက ကျွန်ုပ်တို့ကို အနိုင်ယူသွားပြီး အခြားသူများနှင့် ပဋိပက္ခဖြစ်တာကို တွေ့ရပြီ ဆိုလျှင် ဘဟာအွလ္လာဘုရားရှင်ရဲ့ ဒီစကားလုံးတွေနဲ့ ကိုယ့်ကိုယ်ကို သတိပေးသင့်တယ်-

**"အကယ်၍ အသင်တို့ကြားတွင် ကွဲလွဲမှုများ ပေါ်ပေါက်လာပါက သင်တို့၏ မျက်နှာရှေ့တွင် ရပ်တည်နေတော်မူသော ငါဘုရားရှင်အား ကြည့်ရှုလော့။ ငါဘုရားရှင်၏ နာမတော်အားဖြင့် လည်းကောင်း ငါအရှင်၏ ပေါ်လွင်ထင်ရှား၍ တောက်ပခံ့ညားတော်မူသော (သာသနာ) အကြောင်းရင်းတော်ကို အသင်တို့ ချစ်မြတ်နိုးသည့် အမှတ်အသားတစ်ခုအနေနှင့်လည်းကောင်း တစ်ဦးနှင့်တစ်ဦး အပြစ်များ မျက်ကွယ်ပြုကြပါကုန်။"[၃၅]**

- အခြားသူများ၏ ချီးကျူးထိုက်သည့် အရည်အသွေးများအပေါ် အာရုံထား၍ အတင်းအဖျင်း ပြောခြင်းမှ လုံးလုံး ရှောင်ရှား၍ သူတို့၏ အပြစ်များကို မျက်ကွယ်ပြုသည့် ဝိညာဏစည်းမျဉ်း စည်းကမ်းသည် မညီညွတ်မှုကို ကာကွယ်သည့် အထိရောက်ဆုံး အတိုင်းအတာဖြစ်သည်။ တစ်ဦးနှင့်တစ်ဦးချစ်သည့်အခါ အတင်းအဖျင်းပြောလိုစိတ်ကို ကျော်လွှားရန် ပို၍ လွယ်ကူသည်။ မိမိတို့ ချစ်ခင်သူများအပေါ် အပြစ်မမြင်လိုဘဲ အပြစ်ကို ပိတ်ဖုံးသည့် မျက်လုံးဖြင့် သူတို့အပေါ် ကြည့်ရှုရန်မှာ အခက်အခဲမရှိသည်ကို ကျွန်ုပ်တို့ သတိရသင့်သည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ပြောပြထားသည်မှာ-

"ချို့တဲ့သောမျက်စေ့သည် ချို့ယွင်ချက်များကိုသာမြင်၏။ အပြစ်များကို ဖုံးကွယ်ပေးသော မျက်စေ့သည် နာမ်ဝိညာဉ်ကို ဖြစ်တည်ပေးသည့် ဖန်ဆင်းရှင်ဘက်သို့ကြည့်၏။ ထိုအရှင်သည် ၎င်းတို့အား ဖန်ဆင်းတော်မူခဲ့၏။ လေ့ကျင့်ပေးခဲ့၏။ ထောက်ပံ့ပေးခဲ့၏။ ၎င်းတို့အား စွမ်းရည်ကို လည်းကောင်း၊ အသက်ရှင်ခြင်းကိုလည်းကောင်း၊ အကြားအမြင်ကိုလည်းကောင်း ပေးခဲ့၏။ သို့ဖြစ်သောကြောင့် ၎င်းတို့သည် ဘုရားရှင်၏ ခံ့ညားခြင်းအသရေတော်ကို ဖော်ပြသည့် အမှတ်လက္ခဏာများ ဖြစ်ကြကုန်၏။ သင်တို့သည် လူတိုင်းအား ချစ်ရမည်။ သနားကြင်နာရမည်။ ဆင်းရဲနွမ်းပါးသောသူများအား စောင့်ရှောက်ထောက်ပံ့ရမည်။ အားနည်းသော သူများအား ကာကွယ်ပေးရမည်။ မကျန်းမာသူများအား ကုသပေးရမည်။ မသိနားမလည်သူများအား သင်ကြားပြသပေး၍ ပညာသင်ကြားပေးရမည်။"[၁၆]

ဘဟာအွလ္လာဘုရားရှင်က ကျွန်မတို့ကို တိုက်တွန်းဩဝါဒပေးထားသည်မှာ-

"အို - ငါအရှင့်ပလ္လင်တော်၏အခြွေအရံ မကောင်းမှုအကုသိုလ်ကို နားလည်းမထောင်၊ ကြည့်လည်းမကြည့်လေနှင့်။ ကိုယ့်ကိုကိုယ်လည်း ယုတ်ညံ့အောင်မလုပ်နှင့်။ ညည်းညူခြင်း၊ ငိုကြွေးခြင်းလည်းမပြုလေနှင့်။ သူတစ်ပါး၏ မကောင်းကြောင်းကိုလည်း မပြောလေနှင့်။ သို့မှသာ သင်၏မကောင်းကြောင်း သူများပြောဆိုသည်ကို အသင်ကြားရမည်မဟုတ်။ သူတစ်ပါးတို့၏ အပြစ်အနာအဆာကိုလည်း ပုံကြီးမချဲ့လေနှင့်။ သို့မှသာ သင့်အပြစ်များကိုလည်း ကြီးထွားသည်ဟု ထင်ကြလိမ့်မည်မဟုတ်၊ တဒင်္ဂထက်ပင်လျှင် တိုတောင်းလှသော သင့်ဘဝနေ့ရက်တာများတွင် အသင့်စိတ်သည် အပြစ်မစွန်းငြိခြင်း၊ အသင့်နှလုံးသားသည် မညစ်နွမ်းခြင်း၊ အသင့်အတွေးအခေါ်သည် သန့်ရှင်း၍၊ အသင့်သဘော သဘာဝသည် မြင့်မြတ်ခြင်းနှင့် အတူတကွ နေထိုင်သွားလော့။ သို့မှသာ လွတ်လပ်၍ ကျေနပ်စွာဖြင့် အသင်သည် ဤမမြဲသောခန္ဓာအား အချိန်တန်လျှင် စွန့်လွှတ်နိုင်မည်။ ၎င်းအပြင် အသိနက်နဲသော သုခဘုံသို့ တက်လှမ်းပြီး ထာဝရနိုင်ငံတော်တွင် စွဲမြဲစွာအစဉ် နေထိုင်နိုင်အံ့။"[၁၇]

ထို့ပြင် အရှင်က ပြောပြထားသည်မှာ-

"အို တိုင်းတစ်ပါးသို့ ထွက်ခွါသွားကြသူအပေါင်းတို့! ငါအရှင်အား တသအောက်မေ့ရန် ရည်ရွယ်ထားသောနှုတ်လျှာကို တစ်ပါးသူအား မကောင်းပြောခြင်းဖြင့် မညစ်ညမ်းစေနှင့်။ အတ္တ၏မီးသည် အကယ်၍ အသင့်အား နိုင်နင်းလျှင် မိမိ၏ အပြစ်များကိုသာ သတိရပြီး ငါအရှင့် သတ္တဝါများ၏ အပြစ်များကို အမှတ်မရလေနှင့်။ အကြောင်းကား အသင်တို့ လူတိုင်းသည် တစ်ပါးသူတို့၏ အကြောင်းကို သိသည်ထက် မိမိ၏ အကြောင်းကို မိမိ ပိုမို၍သိ၏။"[၁၈]

- စည်းလုံးညီညွတ်မှုဆိုတာ ပဋိပက္ခနဲ့ စိတ်ဝမ်းကွဲမှု မရှိရုံသာမဟုတ်သလို ချစ်ခြင်းမေတ္တာ ဆိုတာလည်း စကားလုံးတွေနဲ့ ပြရုံမဟုတ်ပေ။ တစ်ဦးနဲ့တစ်ဦးထားတဲ့ ကျွန်မတို့ရဲ့ ချစ်ခြင်းမေတ္တာကို ရပ်ရွာလူထုအတွက် အမှုထမ်းရွက်မှုအဖြစ် ပြောင်းလဲတဲ့အခါနဲ့ ကျွန်မတို့ရဲ့ လုပ်ဆောင်ချက်တွေကို ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ အပြန်အလှန် ကူညီပံ့ပိုးပေးတဲ့ စိတ်ဓာတ်နဲ့ အုပ်စိုးထားတဲ့

အခါမှသာ ကျွန်မတို့ကြားမှာ စစ်မှန်တဲ့ စည်းလုံးညီညွတ်မှုရှိတယ်လို့ ပြောနိုင်လိမ့်မယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ် ကျွန်မတို့ကို တောင်းဆိုထားတာကတော့-

**“အသင်သည် တစ်ဒင်္ဂမျှပင် အနားမယူလေနှင့်။ တစ်ခဏမျှပင် သက်သာမှုကို မရှာဖွေလေနှင့်။ ထို့ထက် နှလုံးသားဖြင့်ရော ဝိညာဉ်ဖြင့်ပါ အလုပ်လုပ်ပါကုန်။ သို့မှသာ အသင်သည် ဆွေသဟာများထဲမှ တစ်ယောက်သောသူကိုပင်လျှင် နှစ်မြုပ်စွာ အမှုထမ်းရွက်ပေးနိုင်၍ လင်းဝင်းတောက်ပသောနှလုံးသား တစ်ခုကိုပင်လျှင် ပျော်ရွှင်မှုနှင့် ဝမ်းမြောက်မှုတို့ကို ဆောင်ကြဉ်းပေးနိုင်ပါအံ့။ ဤသည်ကား စစ်မှန်သည့် ပေးသနားမှုဖြစ်၍ ယင်းအားဖြင့် အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ သင်းကျစ်(နဖူး)တော်သည် လင်းလက်တောက်ပတုံအံ့။ အသင်သည် ယင်းတွင် ငါအရှင်၏ အပေါင်းအဖော်နှင့် ဘဝဖော် ဖြစ်ပါစေသော်။”[၁၉]**

ထို့ပြင် အရှင်က ဖော်ပြထားသည်မှာ–

**“လူ့လောက၏ အထွတ်အထိပ် လိုအပ်ချက်ကား အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အပြန်အလှန် ပံ့ပိုးပေးခြင်းဖြစ်၏။ လူသားကြားတွင် မိတ်သဟာဖြစ်ခြင်းနှင့် စည်းလုံးညီညွတ်ခြင်း၏ နှောင်ကြိုးတို့သည် ပို၍ ခိုင်မာတောင့်တင်းလေလေ လူ့ဘောင်လောက၏ လုပ်ဆောင်မှု နယ်ပယ်အားလုံးတို့တွင် အကျိုးဖြစ်ထွန်းခြင်းနှင့် အောင်မြင်ခြင်း၏ စွမ်းအား(ပါဝါ) များလည်း ပို၍ကြီးမားလေလေ ဖြစ်ပေလိမ့်မည်။”[၂၀]**

- အောင်မြင်တဲ့ ရပ်ရွာလူထုရဲ့ ဆောင်ရွက်ချက်အတွက် အရေးအကြီးဆုံးကတော့ ကိစ္စရပ်အားလုံးကို ပွင့်ပွင့်လင်းလင်းနဲ့ မေတ္တာပါတဲ့ တိုင်ပင်ဆွေးနွေးမှုပါ။ တိုင်ပင်ဆွေးနွေးမှုအားဖြင့် အကြောင်းရပ်တစ်ခုကို ကျွန်မတို့ တစ်ဦးစီကကြည့်တဲ့ နည်းလမ်းပေါင်းစုံက အတူပေါင်းစပ်သွားပြီး မိမိတို့ရဲ့ စုပေါင်းအလုပ်တွေမှာ ဘယ်လမ်းကြောင်းကို လိုက်ရမလဲဆိုတာ တွေ့ရှိကြတယ်။ တိုင်ပင်ဆွေးနွေးမှုအားဖြင့် ကျွန်မတို့ရဲ့ အတွေးအခေါ်တွေ စည်းလုံးလာပြီး၊ အတွေးအခေါ်တွေနဲ့ အမြင်တွေ စည်းလုံးသွားတာမို့ မိမိတို့ ရပ်ရွာဒေသတွေရဲ့ တိုးတက်ရေးအတွက် ထိရောက်တဲ့ အစီအမံတွေကို ဖန်တီးနိုင်ကြပါတယ်။ တိုင်ပင်ဆွေးနွေးသူတွေအတွက် အဗ္ဗဒွလ်ဘဟာအရှင်မြတ် မှာကြားထားတာက-

**“သူတို့ အတူတကွ တိုင်ပင်ဆွေးနွေးကြသည့်အခါ သူတို့အတွက် အဓိကလိုအပ်ချက်များကား ရည်ရွယ်ချက် သန့်ရှင်းမှု၊ ဝိညာဏ ထွန်းလင်းမှု၊ ဘုရားရှင်မှလွဲ၍ ကျန်သည့်အရာမှန်သမျှမှ သံယောဇဉ်ပြတ်ကင်းမှု၊ ဘုရားရှင်၏ ထွတ်မြတ်သော မွှေးရနံ့များအားဖြင့် ဆွဲဆောင်ခံရမှု၊ အရှင့် အချစ်တော်သားများကြားဝယ် နှိမ့်ချမှုနှင့် နိမ့်ကျမှု၊ အခက်အခဲများရှိချိန်တွင် စိတ်ရှည်မှုနှင့် ကြာရှည်ဒုက္ခခံမှု၊ အရှင်၏ မြင့်မြတ်သော ခံ့တံခါးဝဝယ် အမှုထမ်းသည့်စိတ်တို့ ဖြစ်သည်။ သူတို့အနေဖြင့် ဤဂုဏ်အင်လက္ခဏာများရရှိဖို့ ကျေးဇူးပြည့်ဝစွာဖြင့် ကူညီပေးခံရပါက ဘဟာအရှင်၏ မမြင်နိုင်သော နိုင်ငံတော်မှ အောင်မြင်မှုကို သူတို့ထံ ချပေးပေအံ့။”[၂၁]**

- အတွေးအခေါ် စည်းလုံးညီညွတ်မှုကို လက်တွေ့အလုပ် စည်းလုံးညီညွတ်မှုဘက် မပြောင်းမချင်း အတွေးအခေါ် စည်းလုံးညီညွတ်မှုဟာ မပြည့်မြောက်ပါဘူး။ စည်းလုံးညီညွတ်မှုနဲ့ လုပ်တယ်ဆိုတာဟာ တစ်ခုတည်းကိုပဲ ကျွန်မတို့အားလုံး လုပ်ရမယ်လို့ မဆိုလိုပါဘူး။ လုပ်ရမှာက စည်းလုံးညီညွတ်တဲ့ လက်တွေ့အလုပ်ထဲမှာ ရပ်ရွာလူထုတစ်ခုအတွင်းက လူတွေရဲ့ အစွမ်းအစမျိုးစုံကို အပြည့်အဝ အသုံးပြုဖို့ပါ။ အဲဒီမှာ ကျွန်မတို့ရဲ့ စွမ်းအားတွေ များပြားသွားပြီး ကျွန်မတို့ အရေအတွက်က နည်းနေသေးတယ်ဆိုရင်တောင် ကမ္ဘာမှာရှိတဲ့ အကြီးမားဆုံးနဲ့ အင်အားအကောင်းဆုံး အဖွဲ့အစည်းတွေက အောင်မြင်အောင် မလုပ်နိုင်တဲ့ အရာတွေကိုတောင် အောင်မြင်အောင် လုပ်နိုင်ပါတယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ် မိန့်မှာထားတာကတော့–

  **"သန့်ရှင်းမြင့်မြတ်သော ဝိညာဉ်(လူ)များသည် ကောင်းကင်ဘုံ၏ စွမ်းအားများကို အသုံးပြု၍ ဝိညာဏ၏ အရည်အသွေးများဖြင့်နိုးထကြကုန်၍ အဆင့်ဆင့်(rank on rank)တစ်လုံးတစ်စည်းတည်းဖြင့် ချီတက်ကြသည့် အချိန်အခါမှန်သမျှတွင် ဤလူတစ်ဦးချင်းတို့သည် တစ်ထောင်အလားပင် ဖြစ်သွားလျက် ထိုအင်အားကြီးလှသော သမုဒ္ဒရာ၏ တလိမ့်လိမ့်တက်လာသော လှိုင်းတံပိုးတို့သည် အထက်ဘုံနန်းမှ ဗိုလ်ခြေအပေါင်း၏ စစ်သည်တော်များအလား ဖြစ်သွားကြပေအံ့။"**[၂၂]

အထက်ပါတို့ကို သင်တို့ အဖွဲ့အတွင်း ပါဝင်သူများနှင့်အတူ ဂရုတစိုက်ဖတ်ပြီး အကြောင်းအရာကို တစ်ချက်ပြီးတစ်ချက် ဆွေးနွေးပြီးတဲ့အခါ ရှေ့ဘက် သုံးခုကို ဆောင်ရွက်ခဲ့သလို ဤအနှစ်သာရကို ပြောပြဖို့ လေ့ကျင့်ရာတွင် အချင်းချင်း ကူညီပေးချင်ပါလိမ့်မည်။ အောက်ပါ လေ့ကျင့်ခန်းများက သင်တို့၏ ကြိုးပမ်းမှုများအတွက် အထောက်အကူဖြစ်တာကို တွေ့ရပါလိမ့်မည်။

၁ ။ အောက်ပါ စာကြောင်းများကို ကွက်လပ်ဖြည့်ပါ။

(က) ဤနေ့ရက်တော်တွင် ထာဝရဘုရားရှင်၏ အချစ်တော်သားများကြားဝယ် ______________ ______________ နှင့် ပဋိပက္ခဖြစ်ခြင်း၊ (သဘောထား)တင်းမာခြင်း၊ သူစိမ်းဆန်ခြင်းနှင့် စိမ်းကားခြင်းတို့ထက် ဤ(သာသနာ)အကြောင်းရင်းတော်ကို မည်သည့်အရာကမျှ ပိုပြီး မထိခိုက်စေနိုင်ပေ။

(ခ) ဤနေ့ရက်တော်တွင် ထာဝရဘုရားရှင်၏ အချစ်တော်သားများကြားဝယ် စိတ်ဝမ်းကွဲခြင်းနှင့် ______________________________ ၊ (သဘောထား)တင်းမာခြင်း၊ သူစိမ်းဆန်ခြင်းနှင့် စိမ်းကားခြင်းတို့ထက် ဤ(သာသနာ)အကြောင်းရင်းတော်ကို မည်သည့်အရာကမျှ ပိုပြီး မထိခိုက်စေနိုင်ပေ။

(ဂ) ဤနေ့ရက်တော်တွင် ထာဝရဘုရားရှင်၏ အချစ်တော်သားများကြားဝယ် စိတ်ဝမ်းကွဲခြင်းနှင့် ပဋိပက္ခဖြစ်ခြင်း ၊ (သဘောထား)တင်းမာခြင်း၊ သူစိမ်းဆန်ခြင်းနှင့် စိမ်းကားခြင်းတို့ထက် ဤ(သာသနာ)အကြောင်းရင်းတော်ကို ______________________ ပိုပြီး မထိခိုက်စေနိုင်ပေ။

(ဃ) ဤနေ့ရက်တော်တွင် ထာဝရဘုရားရှင်၏ အချစ်တော်သားများကြားဝယ် စိတ်ဝမ်းကွဲခြင်းနှင့် ပဋိပက္ခဖြစ်ခြင်း၊ (သဘောထား)တင်းမာခြင်း၊ ______________________________ နှင့် စိမ်းကားခြင်းတို့ထက် ဤ(သာသနာ)အကြောင်းရင်းတော်ကို မည်သည့်အရာကမျှ ပိုပြီး မထိခိုက်စေနိုင်ပေ။

(င) ဤနေ့ရက်တော်တွင် ထာဝရဘုရားရှင်၏ အချစ်တော်သားများကြားဝယ် စိတ်ဝမ်းကွဲခြင်းနှင့် ပဋိပက္ခဖြစ်ခြင်း၊ ______________________________ ၊ သူစိမ်းဆန်ခြင်းနှင့် စိမ်းကားခြင်းတို့ထက် ဤ(သာသနာ)အကြောင်းရင်းတော်ကို မည်သည့်အရာကမျှ ပိုပြီး မထိခိုက်စေနိုင်ပေ။

(စ) ဤနေ့ရက်တော်တွင် ထာဝရဘုရားရှင်၏ အချစ်တော်သားများကြားဝယ် စိတ်ဝမ်းကွဲခြင်းနှင့် ပဋိပက္ခဖြစ်ခြင်း၊ (သဘောထား)တင်းမာခြင်း၊ သူစိမ်းဆန်ခြင်းနှင့် ______________________ တို့ထက် ဤ(သာသနာ)အကြောင်းရင်းတော်ကို မည်သည့်အရာကမျှ ပိုပြီး မထိခိုက်စေနိုင်ပေ။

(ဆ) ဤနေ့ရက်တော်တွင် ထာဝရဘုရားရှင်၏ အချစ်တော်သားများကြားဝယ် စိတ်ဝမ်းကွဲခြင်းနှင့် ပဋိပက္ခဖြစ်ခြင်း၊ (သဘောထား)တင်းမာခြင်း၊ သူစိမ်းဆန်ခြင်းနှင့် စိမ်းကားခြင်းတို့ထက် ____ ______________________________________________ ကို မည်သည့်အရာကမျှ ပိုပြီး မထိခိုက်စေနိုင်ပေ။

၂။ ဒုတိယ ကောက်နုတ်ချက်ထဲတွင် အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ကျွန်ုပ်တို့အား ပြောပြထားသည်မှာ-

(က) ကျွန်ုပ်တို့သည် ပြည့်ဝသော စည်းလုံးညီညွတ်မှုဖြင့် ________________________ ကြိုးရမည်။

(ခ) ကျွန်ုပ်တို့သည် မည်သည့်အခါမျှ ______________________________ ကြိုးရပေ။ . . .

(ဂ) ကျွန်ုပ်တို့သည် လူသားများအား ______________________________ ချစ်ကြရမည်။ သူတို့ကို ချစ်ခင်ခြင်းကြောင့် မဖြစ်ရပေ။

(ဃ) __________________________________ ချစ်ခြင်းဖြစ်လျှင် ကျွန်ုပ်တို့သည် _______________ _______________ နှင့် ___________________________ တို့ ဖြစ်မည် မဟုတ်ပေ။

(င) လူသားဟူသမျှသည် _______________________________ ။

(စ) ကျွန်ုပ်တို့သည် လူသားများကိုသာ ကြည့်နေပါက အစဉ်အမြဲ _________________________ _______________________________ ။

(ဆ) ကျွန်ုပ်တို့သည် ____________________________ ဘက်သို့ ကြည့်ရှုလျှင် လူတို့ကို _________ ____________________________________________________ ။

၃။ တတိယကောက်နုတ်ချက်ထဲတွင် အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ပြောပြထားသည်မှာ-

(က) ကျွန်ုပ်တို့ တစ်ဦးစီတို့သည် မိမိတို့၏ နှလုံးသားများထဲမှ အတွေးအခေါ်များ အားလုံးကို ________________________________ နှင့် _______________________________ အပေါ်တွင် အာရုံစိုက်ထားကြရမည်။

(ခ) စစ်မက်၏ အတွေးအခေါ် ပေါ်ပေါက်လာပါက ၎င်းကို ______________________________ __________________________________ ပစ်ရမည်။

(ဂ) မုန်းတီးခြင်း၏ အတွေးအခေါ်ကိုလည်း _____________________________________________ _____________________________________________________________________ ။

(ဃ) စစ်မက်၏ အတွေးအခေါ်များသည် ________________________________ ၊ ____________ _______________________ ၊ ___________________________________ နှင့် ____________ ___________________ စသည်အားလုံးတို့အတွက် ပျက်စီးမှု သယ်ယူလာသည်။

(c) မေတ္တာတရားနှင့်ဆိုင်သည့် အတွေးခေါ်များကသာ _________________________ ၊ ______ ____________________ ၊ ___________________________ နှင့် ______________________ တို့ကို တည်ဆောက်ပေး၏။

၄ ။ သင်ကိုယ်တိုင်နှင့် ရပ်ရွာတွင်းရှိ အခြားသူများကြားတွင် ကွဲပြားမှုများ ပေါ်ပေါက်လာသည်ကို တွေ့ရသည့်အခါ မည်သည်ကို သင် လုပ်သင့်သနည်း။

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

၅ ။ သင့် ရပ်ရွာဒေသထဲ၌ စည်းလုံးညီညွတ်မှုဆီ ရောက်ရှိအောင် သင့်ကို ကူညီပေးနိုင်မည့် ဝိညာဏ စည်းမျဉ်းကို ဖော်ပြပါ။

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

၆ ။ အောက်ပါတို့အနက် မည်သည်တို့က စည်းလုံးညီညွတ်မှုကို ဖြစ်စေပါသနည်း။

____ အခြားသူများ၏ ချို့ယွင်းချက်များကို ကြည့်ရှုနေသည်

____ အခြားသူများ၏ အပြစ်များကို မျက်ကွယ်ပြုထားသည်

____ နောက်လူတစ်ယောက်၏ ချို့ယွင်းချက်များကို သူငယ်ချင်းတစ်ယောက်အား မှတ်ချက်ပေးနေသည်

____ နောက်လူတစ်ယောက်ကို ဆိုးသည်ဟု မြင်စေရန် ဖြစ်စဉ်ကို အကျယ်ချဲ့သည် သို့မဟုတ် ပြောင်းပစ်သည်

____ အခြားသူများ၏ အပြစ်များကို စဉ်းစားနေသည်

၇ ။ လူတစ်ချို့က အမှားလုပ်ချိန်တွင် သူတို့ကို ဝေဖန်ပြောဆိုပြီး ထိုအမှားမျိုးကိုပင် အခြားသူများက လုပ်သည့်အခါ ထိုသူတို့ကို အဘယ့်ကြောင့် မဝေဖန်ပါသနည်း။

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

၈ ။ လူတွေက တစ်ယောက်နှင့်တစ်ယောက် မကောင်းပြောနေသည့် အခြေအနေထဲတွင် စည်းလုံးညီညွတ်မှုရှိရန် ဖြစ်နိုင်ပါသလား။

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

______________________________________________________________________

______________________________________________________________________

၉။ တစ်ယောက်ယောက်အကြောင်း လိမ်လည်ပြောခြင်းမှာ သေချာပေါက် မှားသည်။ သို့သော် သူတကယ်လုပ်သည့်အရာ တစ်ခုခုအတွက် သူ့အကြောင်းကို အခြားသူများအား ပြစ်တင်ဝေဖန် ပြောပြတာကရပါသည်။

______________________________________________________________________

၁၀။ အခြားသူများအကြောင်း အတင်းအဖျင်းပြောခြင်း(gossiping)၊ မကောင်းပြောခြင်း(backbiting)နှင့် ပြစ်တင်ဝေဖန်ခြင်း(criticizing)တို့အကြား ခြားနားချက်မှာ မည်သည့်အရာ ဖြစ်သနည်း။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

၁၁။ အတင်းအဖျင်းပြောခြင်း(gossiping)၊ မကောင်းပြောခြင်း(backbiting)နှင့် ပြစ်တင်ဝေဖန်ခြင်း (criticizing) တို့က ရပ်ရွာဒေသတစ်ခုအပေါ် မည်သည့် သက်ရောက်မှုများ ရှိသနည်း။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

၁၂။ ကျွန်ုပ်တို့၏ ဘဝများထဲမှနေ၍ ဤအလေ့အကျင့်များကို မည်သို့ ရှင်းပစ်နိုင်ပါသနည်း။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

၁၃။ ရှေ့တွင် ရှိနေသော်လည်း သူတို့အကြောင်း ကျွန်ုပ်တို့ ပြောပြီဆိုလျှင် မည်သည့်အရာ ဖြစ်မည်နည်း။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

၁၄။ (သူတစ်ပါး)မကောင်းကြောင်းကို ကလေးများရှေ့တွင် ပြောသည့်အခါ သူတို့အပေါ် မည်သည့် သက်ရောက်မှုရှိမည်နည်း။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

၁၅ ။ အတင်းအဖျင်း ပြောလိုစိတ်နှင့် (သူတစ်ပါး) မကောင်းပြောလိုစိတ်တို့သည် မည်သည့် အရာမှ လာသနည်း။

________________________________________________

________________________________________________

________________________________________________

၁၆ ။ ဘဟာအွလ္လာဘုရားရှင်က ကျွန်ုပ်တို့အား ဩဝါဒပေးထားသည်မှာ "အတ္တ၏မီးသည် အကယ်၍ အသင့်အား နိုင်နင်းလျှင် ________________________________

________________________________ ကို အမှတ်မရလေနှင့်။

အကြောင်းကား အသင်တို့ လူတိုင်းသည် ________________ ကို ________

________________ ကို ________________ သိ၏။

၁၇ ။ ချစ်ခြင်းမေတ္တာကို စကားလုံးများဖြင့်သာ ပြသရုံမဟုတ်ပေ။ နောက်ထပ် မည်သည့်အရာ လိုပါသေးသနည်း။

________________________________________________

________________________________________________

၁၈ ။ စည်းလုံးညီညွတ်မှု၊ ချစ်ခြင်းမေတ္တာတို့နှင့် ပတ်သက်၍ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ကျွန်ုပ်တို့ကို တောင်းဆိုထားသည်မှာ "အသင်သည် တစ်ဒဂ်မျှပင် ________________ ။ တစ်ခဏမျှပင် ________________ ။ ထို့ထက် ________________ ဖြင့်ရော ________________ ဖြင့်ပါ ________________ ။ သို့မှသာ အသင်သည် ဆွေသဟာများထဲမှ တစ်ယောက်သောသူကိုပင်လျှင် ________________ လင်းဝင်းတောက်ပသော နှလုံးသားတစ်ခုကိုပင်လျှင် ________________ နှင့် ________________ တို့ကို ဆောင်ကြဉ်းပေးနိုင်ပါအံ့။"

၁၉ ။ ထို့နောက် အရှင်က ထပ်၍ ဖော်ပြထားသည်မှာ - "လူ့လောက၏ အထွတ်အထိပ် လိုအပ်ချက်ကား ________________ နှင့် ________________ ဖြစ်၏။ လူသားကြားတွင် ________________ နှင့် ________________ ၏ နှောင်ကြိုးတို့သည် ပို၍ခိုင်မာတောင့်တင်းလေလေ လူ့ဘောင်လောက၏ လုပ်ဆောင်မှုနယ်ပယ်အားလုံးတို့တွင် ________________ နှင့် ________________ ၏ စွမ်းအား(ပါဝါ)များလည်း ပို၍ကြီးမားလေလေ ဖြစ်ပေလိမ့်မည်။"

၂၀ ။ အောင်မြင်သော ရပ်ရွာလူထု ဆောင်ရွက်ချက်အတွက် အရေးအကြီးဆုံး အဓိကသော့ချက်မှာ မည်သည့်အရာ ဖြစ်သနည်း။

________________________________________________

________________________________________________

၂၁ ။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က တိုင်ပင်ဆွေးနွေးသူများအား ပြောပြထားသည်မှာ "သူတို့ အတူတကွ တိုင်ပင်ဆွေးနွေးကြသည့်အခါ သူတို့အတွက် အဓိကလိုအပ်ချက်များကား ________________

__________ ၊ ______________________________ ၊ ______________________________________

_______________________ ၊ ______________________________________________________

______________၊ အရှင့် အချစ်တော်သားများကြားဝယ် __________________ နှင့် ____________၊ အခက်အခဲများရှိချိန်တွင် ___________________ နှင့် _____________________________၊ အရှင်၏ မြင့်မြတ်သော ခံ့တံခါးဝဝယ် ________________________________ တို့ ဖြစ်သည်။ သူတို့အနေဖြင့် ဤ ဂုဏ်အင်လက္ခဏာများ ရရှိဖို့ ကျေးဇူးပြည့်ဝစွာဖြင့် ကူညီပေးခံရပါက ဘဟာအရှင်၏ မမြင်နိုင်သော နိုင်ငံတော်မှ _____________________ ကို _________________________________။”

၂၂။ စည်းစည်းလုံးလုံးဖြင့် အလုပ်လုပ်သည့် စွမ်းအား(ပါဝါ)နှင့် ပတ်သက်၍ အဗ္ဗဒ္ဒုလ်ဘဟာအရှင်မြတ်က ကျွန်ုပ်တို့အား ပြောပြထားသည်မှာ “သန့်ရှင်းမြင့်မြတ်သော ဝိညာဉ်(လူ)များသည် ____________ _________________________ ကို အသုံးပြု၍ ________________________________________ ဖြင့် နိုးထကြကုန်ပြီး အဆင့်ဆင့်(rank on rank) ______________________________ ဖြင့် ___________ ____________________ အချိန်အခါမှန်သမျှတွင် ဤလူ _________________ တို့သည် ___________ ________________ အလားပင် ဖြစ်သွားလျက် ထိုအင်အားကြီးလှသော သမုဒ္ဒရာ၏ တလိမ့်လိမ့် တက်လာသော လှိုင်းတံပိုးတို့သည် ___________________________ မှ _____________________ ၏ ______________________________အလား ဖြစ်သွားကြပေအံ့။”

## အခန်း (၉)

အဲလီဂျန်ဒရာက မစ္စတာနှင့် မစ္စက် ဆန်ချက်ဇ်တို့ထံ လေးကြိမ်မြောက် လည်ပတ်ချိန်တွင် သူတို့၏ မြေးဖြစ်သူသည် အနီးနားက အထက်ကျောင်းကို တက်နေရင်း သူတို့နှင့်အတူ နေထိုင်သည့် ဘိရ်ထရစ်စ်နှင့် တွေ့ရသဖြင့် ဝမ်းသာမိသည်။ ဘိရ်ထရစ်စ်သည် စည်းလုံးညီညွတ်မှုအကြောင်းကို တအား စိတ်ဝင်စားပြီး ဆွေးနွေးမှုထဲ အားတက်သရော ပါဝင်သည်။ စကားပြောဆိုမှုက ပြီးတော့မည့်အချိန်တွင် မစ္စက် ဆန်ချက်ဇ်က လူတိုင်းအတွက် ကော်ဖီနှင့် ကိတ်မုန့်တို့ကို ချပေးသည်။ သို့ကြောင့်လည်း အဲလီဂျန်ဒရာအတွက် ဘိရ်ထရစ်စ်ကို နဲနဲပိုသိဖို့ အခွင့်အရေးပေးလိုက်သလိုဖြစ်ပြီး သူနဲ့ နောက်နေ့တွေ့ပြီး ရပ်ကွက်ထဲမှာ လုပ်နေတဲ့ ရပ်ရွာထူထောင်ရေး ကြိုးပမ်းမှုတွေအကြောင်း စကားပြောဖို့ ချိန်းလိုက်တယ်။ “သူက ပင်မသင်ခန်းစာ အစီအစဉ်ကို လေ့လာဖို့ စိတ်ဝင်စားနိုင်တယ်” အဲလီဂျန်ဒရာ သူ့ဟာသူ တွေးနေမိတယ်။ “သူ ပထမစာအုပ်အနည်းငယ်ကို ပုံမှန်နှုန်းနဲ့ တောက်လျှောက် လေ့လာဖို့ ငါ ကူညီပေးနိုင်တယ်။ အဲဒါပြီးရင် ကလေးသင်တန်း စချင် စနိုင်တယ် ဒါမှမဟုတ် ရပ်ကွက်ထဲမှာ ဖွဲ့ထားတဲ့ တက်လူငယ်အဖွဲ့မှာ ငါ့ကို ကူညီပေးနိုင်မယ်။ အဲဒါဆိုရင် သူ့ကို ရှေ့ဆောင်လူငယ်အဖြစ် အမှုထမ်းဖို့ ပြင်ဆင်ပေးမဲ့ စာအုပ် ၅ အထိ တောက်လျှောက် ရောက်သွားပြီဆိုရင် ဒီအဖွဲ့ကို တဖြည်းဖြည်း သူ တာဝန်ယူလာနိုင်မယ်။” ခေါင်းစဉ်အချို့ကို ဆွေးနွေးသည့်အပေါ် အလေးထားသည့် လူငယ်တွေအတွက် တွေ့ဆုံပွဲများစွာကိုလဲ အဲလီဂျန်ဒရာ တက်ပြီး

ဖြစ်နေတာမို့ ဒီတွေ့ဆုံပွဲတွေက အင်စတီကျူသင်ခန်းစာတွေထဲမှာ လူငယ်များစွာ ပါဝင်လေ့လာတဲ့အထိ ရှိခဲ့တယ်။ နောက်နေ့မှာ ဘိရ်ထရစ်စ်နဲ့ စကားပြောတဲ့အခါ ဒီအလားတူ အယူအဆတွေအတိုင်း လုပ်ကြည့်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဤသည်မှာ စကားပြောဆိုမှုကို ဘယ်လို ဖွင့်လိုက်သလဲဆိုရင်-

> အစ်မတို့ အားလုံးက ကမ္ဘာကြီးကို ပိုကောင်းတဲ့ နေရာတစ်ခုဖြစ်တာကို မြင်ချင်ကြတယ်။ နောက်ပြီး တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေးကို တည်ဆောက်ပြီး လူ့မိသားစုက ညီညီညွတ်ညွတ်နဲ့ နေထိုင်တဲ့ အနာဂတ်ကို မျှော်လင့်ထားကြတယ်။ အဲဒီ အနာဂတ်မျိုးက အိပ်မက်တော့ မဟုတ်ပါဘူး။ ဒို့တွေက ကမ္ဘာကြီး ပိုမိုကောင်းမွန်ဖို့အတွက် ကြိုးပမ်းမှုတွေကို ပိုပိုပြီး လုပ်လာပြီဆိုရင် အဲလိုဖြစ်အောင် တည်ဆောက်နိုင်ပါတယ်။ ဒို့တွေ နှလုံးသားရဲ့ အနက်စူးစူးထဲမှာ ကိုယ်နေထိုင်တဲ့ ရပ်ရွာဒေသတွေကို အမှုထမ်းပေးချင်တဲ့ ဆန္ဒက တစ်ဦးစီမှာ ရှိကြတယ်။ ဘာလိုလဲဆိုတော့ အများကောင်းစားရေး အတွက် ကိုယ်ကျိုးကင်းတဲ့ အလုပ်တွေလုပ်ဖို့ ဒို့များရဲ့ စွမ်းရည်ကို ဖွံ့ဖြိုးအောင် လုပ်ရမယ်။
>
> လူ့လောကအတွက် ဒို့ အမှုထမ်းရွက်ပေးတာကိုတော့ ဒို့ အတူတူလျှောက်ကြမဲ့အမှုထမ်းလမ်းကြောင်း အနေနဲ့ စဉ်းစားကြည့်မယ်ဆိုရင် ရမယ်။ ဒီလမ်း(ကြောင်း)ကတော့ အားလုံးအတွက် ဖွင့်ပေးထားတာပါ။ ဒို့ တစ်ဦးစီက အဲဒီလမ်းကြောင်းထဲ ဝင်ဖို့ ရွေးချယ်ကြရတယ်၊ နောက်ပြီး အဲဒီအပေါ်မှာ ကိုယ်ပိုင်နှုန်းနဲ့ ဆက်လျှောက်ကြရတယ်။ ဒီလမ်းကြောင်းကို ဒို့ တစ်ယောက်တည်းတော့ မလျှောက်ပါဘူး။ သူငယ်ချင်းတွေနဲ့ အတူတူတွဲပြီး အမှုထမ်းကြတယ်၊ အတူတူ သင်ယူကြတယ်၊ တစ်ယောက်နဲ့ တစ်ယောက် လက်တွဲကူညီပေးကြတယ်။ လျှောက်လိုက်တဲ့ ခြေလှမ်းတိုင်းက ကြီးကြီးမားမား ပျော်ရွှင်မှုနဲ့ သေချာမှုတွေကို ရစေသလို ဒို့ လုပ်တဲ့ ကြိုးပမ်းမှုတိုင်းကလည်း ထွတ်မြတ်တဲ့ အတည်ပြုချက်တွေကို သယ်ယူပေးတယ်။

ဘိရ်ထရစ်စ်က သူ နားထောင်နေသမျှကို သဘောကျသွားပြီး ဒီအတိုချုပ် ပြောပြပြီးတဲ့နောက်မှာ ရွှင်ရွှင်ပျပျ စကားပြောဆိုမှုလဲ ဆက်သေးသည်။ ဆက်ပြီး မပြောသေးခင် ဤနေရာတွင် ခေတ္တရပ်၍ သူငယ်ချင်းအသစ် နှစ်ယောက်အကြားရှိ အပြန်အလှန် ဆက်ဆံရေး၏ သဘာဝအပေါ် သုံးသပ်ကြည့်ကြပါစို့။ အဲလီဂျန်ဒရာက ဘိရ်ထရစ်စ်ကို အင်စတီကျူ လုပ်ငန်းစဉ်ထဲ ပါဝင်ဖို့ ဖိတ်ခေါ်ဖြစ်အောင် အနှစ်သာရရှိတဲ့ စကားပြောဆိုမှုကို ဆက်ပြီးလုပ်ဖို့ ဆုံးဖြတ်ထားသည်။ အင်စတီကျူက ပို့ချပေးသည့် သင်ခန်းစာအစီအစဉ် ရှိသည်ဟု ရိုးရိုးရှင်းရှင်းပြောပြီး ၎င်းတို့ကို တက်ရောက်ဖို့ သူ့ကို ဖိတ်ရုံလေးဖြင့် အဘယ့်ကြောင့် အဲလီဂျန်ဒရာအတွက် မလုံလောက်ပါသနည်း။

## အခန်း (၁၀)

အဲလီဂျန်ဒရာနှင့် ဘိရ်ထရစ်စ်တို့၏ စကားပြောဆိုမှုမှာ နှစ်နာရီမျှ ကြာသည်။ အောက်ပါတို့မှာ အဲလီဂျန်ဒရာက သူ့သူငယ်ချင်းအသစ်ကို မျှဝေပေးသည့် နောက်ထပ် အယူအဆများစွာ ဖြစ်သည်။ သူ့အနေနှင့် ကြားပြတ်မခံဘဲ အကြာကြီး ပြောပြနေတာ မဟုတ်သည်ကို ကျွန်ုပ်တို့ နားလည်ထားကြသည်။ နှစ်နာရီကြာ အချိန်ကို ဤစာပိုဒ်များတွင် ချပြထားသော အယူအဆများအပေါ်တွင် အတူတကွ ပြောဆိုရင်း ကုန်လွန်ကြသည်-

ဒို့တွေက ငယ်ရွယ်ကြတယ်၊ စွမ်းအင်တွေရှိတယ်၊ စိတ်အားထက်သန်မှုတွေလည်း ရှိတယ်။ ဒို့တွေမှာ ဘာမှ ပူပန်စရာမရှိဘူးလို့ လူတွေက ထင်ကြတာ။ ဒါပေမဲ့ တကယ်တော့ ဆန့်ကျင်ဘက်ပဲ။ လူ့လောကရဲ့ အကျဉ်းအကျပ်တွေအတွက် ဒို့ စိတ်ပူကြတယ်၊ လူမှုအသိုက်အဝန်း တကယ်ပြောင်းလဲတာကို မြင်ချင်တာ။ ဒါ့အပြင် ဒို့တွေကိုယ်တိုင်ရဲ့ ဘဝနဲ့ဆိုင်တဲ့ ပညာရေး၊ အလုပ်အကိုင်၊ သူငယ်ချင်းတွေနဲ့ မိသားစုအကြောင်းတွေကိုလဲ စဉ်းစားရတာပဲ။ နှစ်စဉ် ဒို့က အရွယ်ပိုကြီးလာသလို တာဝန်ဝတ္တရားတွေကိုလဲ ပိုပြီး ထမ်းလာတာကို တွေ့ရတယ်။ မိဘတွေက ဒို့ဆီက အများကြီး မျှော်လင့်ထားကြတယ်။ တစ်ခါ တစ်ခါ အစ်မရဲ့ တာဝန်ဝတ္တရားတွေအားလုံးကို စဉ်းစားကြည့်လိုက်ရင် စိတ်ဟုန်သွားတာပဲ။ ဒါနဲ့ ဘဟာအီကျွန်မ်းဓမ္မခန်တွေထဲက အလွတ်ကျက်ထားတဲ့ ကောက်နုတ်ချက်ဖြစ်တဲ့ "လူ့ဘဝတွင် နွေဦးပေါက်ရာသီချိန်ရှိရာ ၎င်းကို အံ့မခန်းဘွယ်ရာ ဘုန်းကျက်သရေဖြင့် ချပေးထားသည်။ လူငယ်ဘဝသည် အင်အားနှင့် ထက်သန်မှုတို့ဖြင့် ပုံပေါ်လျှက်ရှိပြီး လူ့ဘဝ၏ အကောင်းဆုံးအချိန်ဖြစ်သည်မှာ ထင်ရှားသည်"ဆိုတာကို သတိရမိတယ်။

ညီမကို မျှဝေပေးချင်တာကတော့ ကမ္ဘာပေါ်က ဒို့လို နေရာဒေသတွေမှာရှိတဲ့ လူငယ်တော်တော်များများဟာ သူတို့ရဲ့ စွမ်းအင်တွေကို ရည်ရွယ်ချက်နှစ်မျိုးဘက်ကို ဦးတည့်ပေးနိုင်တယ်ဆိုတာကို နားလည်သဘောပေါက်နေကြပြီ။ ဒီရည်ရွယ်ချက် နှစ်မျိုးကတော့ သူတို့ကိုယ်တိုင်ရဲ့ အသိဉာဏ်နဲ့ ဝိညာဏအသက်ဓာတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကြဖို့နဲ့ လူမှုအသိုက်အဝန်း အသွင်ပြောင်းလဲရေးအတွက် ဆောင်ရွက်ပေးကြဖို့ပါ။ ဒို့များ ရည်ရွယ်ချက်ရဲ့ ဒီနှစ်ပိုင်းက အပြန်အလှန် ချိတ်ဆက်နေတာပါ။ ဒို့ကိုယ်တိုင်ရဲ့ စွမ်းဆောင်နိုင်ရည်တွေကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ထားရင် အခြားသူတွေကိုလဲ ကောင်းကောင်း အမှုထမ်းပေးနိုင်မယ်၊ တစ်ဦးနဲ့တစ်ဦး ကူညီပေးရင်း လူငယ်တစ်ဦးစီဟာ ပိုဖွံ့ဖြိုးလာသလို ဒို့တွေ ပိုင်ဆိုင်တဲ့ အရည်အသွေးတွေလဲ ပိုအားကောင်းလာတယ်။

အရင်က အစ်မ ပြောပြခဲ့တဲ့ အမှုထမ်းလမ်းကြောင်းဆိုတဲ့ အယူအဆက ဒီမှာ ဝင်လာပြီ။ အဲဒီလမ်းကြောင်းပေါ် လျှောက်တယ်ဆိုတာက ဒို့ ဘဝတွေထဲမှာ တစ်ခုခုကို ထပ်ထည့်ရုံသာ မဟုတ်ဘူး။ ဒါက ဒို့ လုပ်သမျှ အရာရာတိုင်းကို အဓိပ္ပါယ်ရှိစေတယ်။ ရပ်ရွာကို အမှုထမ်းပေးတာက ဒို့ ပညာရေးရဲ့ ရည်ရွယ်ချက်ကို ကောင်းကောင်းနားလည်စေဖို့၊ အနာဂတ်အကြောင်း ဒို့ရဲ့အတွေးအခေါ်တွေကို ရှင်းရှင်းလင်းလင်းရှိစေဖို့၊ ဒို့မိသားစုတွေရဲ့ ကောင်းကျိုးချမ်းသာ ရရှိအောင် လုပ်ပေးဖို့လိုတဲ့ အရည်အသွေးတွေ ဖွံ့ဖြိုးအောင် ကူညီပေးတယ်။ ဒါက ဒို့တွေရဲ့ သူငယ်ချင်းစိတ်ကိုလဲ အားကောင်းစေတယ်။ ဒို့ စွမ်းအင်တွေကို အရေးမပါတဲ့ အရာတွေကို လုပ်တဲ့နေရာမှာ မလေလွင့်အောင် ဒို့ကို ကာကွယ်ပေးတယ်။

ဒို့တွေရဲ့ ဝိညာဏအသက်ခေတ်နဲ့ အသိဉာဏ် ကြီးထွားဖွံ့ဖြိုးရေးအကြောင်းကို စဉ်းစားကြည့်ရင် ဒို့ကို သက်ရောက်လွှမ်းမိုးထားတဲ့ အင်အားရပ်တွေကိုလဲ သတိထားမိမှ ဖြစ်မယ်။ အဲဒါတွေထဲက အချို့ဆိုရင် အသိပညာအင်အား၊ တရားမျှတမှုအင်အားနဲ့ ချစ်ခြင်းမေတ္တာ အင်အားတွေဟာ တည့်မတ်တဲ့လမ်းဆီ ဒို့ကို ရွေ့လျားစေပြီး အဲဒါတွေနဲ့ ကိုယ့်ကိုယ်ကို အံဝင်ခွင်ကျဖြစ်အောင် ဒို့ သင်ယူကြရတာ။ အခြား အားတွေကတော့ ရုပ်ဝါဒနဲ့ ကိုယ့်ကိုယ်ကို ဗဟိုထားတဲ့ အားတွေဟာ ဆန့်ကျင်ဘက် ရွေ့စေတာကြောင့်မို့ အဲဒါတွေကို ခုခံကာကွယ်ထားရမယ်။ အကောင်းတကာ့ အကောင်းဆုံးကို ရရှိအောင်မြင်ဖို့ အားထုတ်ကြရမယ်။ နောက်ပြီး ဒို့တွေရဲ့ ကြိုးပမ်းအားထုတ်မှု တွေကိုလဲ ထွတ်မြတ်တဲ့ အတည်ပြုချက်နဲ့ အားပေးခံရလိမ့်မယ်။

အဲဒီနောက် လူမှုအသိုက်အဝန်း အသွင်ပြောင်းလဲစေမဲ့ ဒို့တွေရဲ့ ဆောင်ရွက်ချက်တွေအကြောင်း စဉ်းစားကြည့်တဲ့အခါ အကြမ်းဖက်မှု၊ ဆင်းရဲမွဲတေမှုနဲ့ ဒုက္ခစုံလင်တဲ့ ကမ္ဘာကို ငြိမ်းချမ်းမှု၊ သာယာဝပြောမှုနဲ့ သဟဇာတဖြစ်တဲ့ ကမ္ဘာအဖြစ် အသွင်ပြောင်းလဲလာဖို့ရာ ရုပ်ပိုင်းရော ဝိညာဏ ပိုင်းရော နှစ်ခုစလုံးရဲ့ တိုးတက်မှုကို စဉ်းစားရမှာ။ ဝိညာဏပိုင်း တိုးတက်မှုရှိအောင် မလုပ်ဘူးဆိုရင် လူအားလုံးအတွက် ရုပ်ပိုင်း တိုးတက်ရေးက ဖြစ်လာမှာမဟုတ်ဘူး။ ဒီနှစ်ခုစလုံးက ယှဉ်တွဲသွားမှသာ ကမ္ဘာကြီး ပိုမိုကောင်းလာဖို့ ဖြစ်လာလိမ့်မယ်။ အစ်မ အလွတ်ကျက်ထားတဲ့ နောက်ထပ် ကောက်နုတ်ချက်တစ်ခု ရှိသေးတယ်- “ရုပ်ပိုင်း ယဉ်ကျေးမှုသည် မီးအိမ်နှင့်တူ၏။ ဝိညာဏပိုင်း ယဉ်ကျေးမှုသည်ကား ထိုမီးအိမ်၏ အလင်းရောင်ပင်ဖြစ်၏။ ရုပ်ပိုင်း ယဉ်ကျေးမှုနှင့် ဝိညာဏပိုင်း ယဉ်ကျေးမှုတို့ ပေါင်းစည်းညီညွတ်သည့်အခါတွင် ကျွန်ုပ်တို့သည် အလင်းရောင်နှင့်မီးအိမ်ကို အတူတကွ ရရှိထား၍ ရလဒ်မှာလည်း ပြီးပြည့်စုံပေအံ့။”

အမှုထမ်းလမ်းကြောင်းကို ဒို့ လျှောက်လှမ်းတယ်ဆိုတာ အထူးသဖြင့် ကလေးတွေ၊ တက်လူငယ်တွေ စတဲ့ အုပ်စုတွေအတွက် အသိပညာတွေ၊ ကျွမ်းကျင်မှုတွေနဲ့ ဝိညာဏအရည်အသွေးတွေ ရရှိလာအောင် သူတို့ကို ကူညီပေးရင်း အလုပ်လုပ်ဖို့ သင်ယူကြရတာပါ။ ဒို့ ရပ်ရွာဒေသတွေရဲ့ စည်းလုံးညီညွတ်မှုကိုလဲ အာရုံစိုက်ထားဖို့ သင်ယူကြရတယ်။ ရပ်ရွာဒေသတစ်ခု တိုးတက်ရေးကို လုပ်ပေးချင်တဲ့ လူတွေ၊ မိသားစုတွေနဲ့ အဖွဲ့အစည်းတွေဟာ ပူးပေါင်းလုပ်ကြရမှာ။ သူတို့ဆီမှာ ဘုံတူအမြင်နဲ့ ဘုံတူ ရည်ရွယ်ချက်ကို တည်ဆောက်ထားရမယ်။ ပဋိပက္ခဆန်တဲ့ နည်းလမ်းတွေ ကိုတော့ နောက်မှာ ထားခဲ့ရမယ်။

အဲဒီနောက် လူငယ်တွေဖြစ်တဲ့ ဒို့တွေဟာ အခြားသူတွေနဲ့ သဟဇာတဖြစ်ဖြစ် အပြန်အလှန် ဆက်ဆံတတ်တဲ့ အလေ့အကျင့်တွေ ဖွံ့ဖြိုးဖို့ အရေးကြီးတယ်။ ဒို့တွေ သူငယ်ချင်းဖြစ်တယ်ဆိုတာက လုပ်တဲ့ အလုပ်မှာ တစ်ဦးနဲ့တစ်ဦး လက်တွဲကူညီပေးတာ၊ တစ်ဦးစီရဲ့ ဆောင်ရွက်ချက်ကို လက်ခံပေးတာ၊ တစ်ဦးနဲ့တစ်ဦး အားပေးတာ ပံ့ပိုးပေးတာ၊ အချင်းချင်းရဲ့ အားသာချက်တွေကို ကြည့်တာ၊ တစ်ဦးနဲ့တစ်ဦး အသုံးဝင်တဲ့ အကြံဉာဏ်တွေ တောင်းတာ ပေးတာ၊ တစ်ဦးချင်းရဲ့ အောင်မြင်မှုတွေကို ပျော်ပျော်ရွှင်ရွှင်ရှိတာတွေ ပါပါတယ်။ အမှုထမ်းလမ်းကြောင်းပေါ် လျှောက်လှမ်းတယ်ဆိုတာ ဒို့တွေ လက်တွေ့ လုပ်ရမယ်၊ ဒို့ လုပ်တဲ့ လက်တွေ့အလုပ်တွေအပေါ် ပြန်ပြီး သုံးသပ်ရမယ်၊ အတူတကွ တိုင်ပင်ဆွေးနွေးပြီး လေ့လာကြရမယ်။

ပြီးခဲ့တဲ့ ဆယ်စုနှစ် အနည်းစုမှာတော့ ဘဟာအီသာသနာဝင်ထုက ကမ္ဘာ့နိုင်ငံတိုင်းမှာ လက်တွေ့ကျကျ သင်ယူတဲ့ တကယ့်ထူးခြားတဲ့ အဖွဲ့အစည်းမျိုးကို ထူထောင်တဲ့နေရာမှာ အောင်မြင်ခဲ့တယ်။ ဒါတွေကိုတော့ အင်စတီကျူလို့ ခေါ်တာပေါ့။ ဒီအင်စတီကျူတွေဟာ ရပ်ရွာကို အမှုထမ်းရွက်ဖို့ ဒို့တွေရဲ့ စွမ်းဆောင်နိုင်ရည်တွေကို အားကောင်းစေမဲ့ သင်ခန်းစာတွေကို ပို့ချ

ပေးတာ။ ဒီသင်ခန်းစာတွေကို လေ့လာပြီဆိုရင် အမှုထမ်းလမ်းကြောင်းပေါ် အတူဆက်ပြီး လျှောက်လှမ်းဖို့အတွက် လိုအပ်တဲ့ ဝိညာဏထိုးထွင်းအမြင်တွေနဲ့ လက်တွေ့ကျတဲ့ ကျွမ်းကျင်မှုတွေ ဒို့တွေမှာ ရရှိလာတယ်။ အဲဒီဟာတွေ ဆက်ပြီး တိုးတက်သွားတဲ့အခါမှာတော့ ပိုပြီး များမြောင် ရှုပ်ထွေးတဲ့ အမှုထမ်းအလုပ်တွေကို လုပ်နိုင်တဲ့ ဒို့ရဲ့ စွမ်းရည်ကလဲ ကြီးထွားဖွံ့ဖြိုးလာတယ်။ ဒီလမ်းကြောင်းတစ်လျှောက်လုံးမှာတော့ ဒို့ထက် ပိုပြီး အတွေ့အကြုံရှိသူတွေက ဒို့ကို လက်တွဲ ကူညီပေးသလို အချိန်ကျလာရင် ဒို့တွေထက် အတွေ့အကြုံ နည်းသေးသူတွေကို ဒို့က သဘာဝကျကျ လက်တွဲကူညီပေးလာရမှာ။ အစကတည်းကတော့ ဒို့များဟာ တစ်ကိုယ်ရေနဲ့ လူမှုရေးရာ အသွင် ပြောင်းလဲဖို့ လုပ်ကြတဲ့ ဇာတ်ဆောင်တွေအားလုံး ဖြစ်တာမို့ ဒို့တွေ ကိုယ်တိုင်ရဲ့ သင်ယူမှုအတွက်နဲ့ ရပ်ရွာအတွက် အမှုထမ်းရွက်ပေးရမဲ့ တာဝန်ဝတ္တရားကိုပါ ထက်ထက်သန်သန် လုံးပမ်းနေကြတာ။

"ဇာတ်ဆောင်တစ်ယောက် ဖြစ်တယ်" ဆိုတာကတော့ အတွေးအခေါ်ပါပါ လက်တွေ့လုပ်လိုတဲ့ စိတ်ရှိဖို့၊ ဒို့တွေရဲ့ ကြိုးပမ်းမှုတွေမှာ ဇွဲရှိဖို့၊ အဆင့်တိုင်းမှာ အသိပညာကို ရရှိဖို့နဲ့ အသုံးချဖို့လို့ ဆိုလိုတယ်။ ဇာတ်ဆောင်ဆိုတာက အကျိုးခံစားမှုတွေကို ထိုင်ပြီး ဘာမှမလုပ်ဘဲ ယူနေသူ မဟုတ်ဘူး။ တိုးတက်မှုအတွက် တက်တက်ကြွကြွ လုပ်ပေးသူပါ။ ဇာတ်ဆောင်တစ်ယောက် ဖြစ်ဖို့ဆိုတာက သူဟာ တီထွင်ကြံဆမှုပါတဲ့ စည်းကမ်းကျတဲ့ စတင်ကြိုးပမ်းမှုကို လေ့ကျင့်ဖို့ သင်ယူရတယ်။ အင်စတီကျူ သင်ခန်းစာတွေက ရပ်ရွာထူထောင်ရေး လုပ်ငန်းစဉ်မှာ ဇာတ်ဆောင်တွေဖြစ်မဲ့ ဒို့တွေရဲ့ စွမ်းရည်ကို မြှင့်ပေးဖို့ ကူညီပေးတယ်။

အထက်ပါ စာပိုဒ်များတွင်ပါသည့် အယူအဆများအပေါ် စဉ်းစားသုံးသပ်ကြည့်ရန် ခေတ္တအချိန်ယူ သင့်သည်။ ဤအခန်း၏ အစတွင် ဖော်ပြခဲ့သည့်အတိုင်း အယူအဆများကို တစ်ခုပြီးတစ်ခု ရိုးရိုးသာ ချပြမည်မဟုတ်ဘဲ ၎င်းတို့ကို စဉ်းစားဖို့ ဘိရ်ထရစ်စ်အတွက် အခွင့်အလမ်းများစွာ ရဖို့ သေချာအောင် လုပ်လိမ့်မည်။ သင်တို့အဖွဲ့ထဲတွင် စာပိုဒ်တိုင်းကို ဆွေးနွေးဖို့ အခွင့်အလမ်း ရရှိပြီး အယူအဆများကို ကိုယ်တိုင် ကောင်းစွာပြောပြနိုင်ဖို့ သင်ယူပြီးနောက် အဲလီဂျန်ဒရာက ရူဟီအင်စတီကျူ၏ သင်ခန်းစာ အချို့အကြောင်း စကားအနည်းအကျဉ်း ပြောပြပြီး စာအုပ် ၁ ကို လေ့လာဖို့ ဘိရ်ထရစ်စ်ကို ဖိတ်ခေါ်ရာတွင် ကိုယ့်ကိုယ်ကို စိတ်ချလက်ချဖြစ်သည့် နေရာအထိ စကားပြောဆိုမှုက ဖွံ့ဖြိုးလာပါ သလားဆိုတာကို သင်တို့ စဉ်းစားကြည့်ချင်လိမ့်မည်။ အကယ်၍ သင်တို့သာ သူ့နေရာမှာဖြစ်လျှင် ဘာပြောမည်ကို အောက်တွင် ပေးထားသည့် ကွက်လပ်ထဲ၌ ချရေးပါ။ စာအုပ် ၁ နှင့် စာအုပ် ၂ အကြောင်းကို မည်သို့ ပြောပြ၍ ၎င်းတို့က တောင်းဆိုထားသည့် အမှုထမ်းအလုပ်များအကြောင်းကို မည်သို့ ပြောပြမည်နည်း။ လာမည့်စာအုပ်များတွင် ဆောင်ရွက်ရမည့် အထူးသဖြင့် ကလေးများ၏ ဝိညာဏ ပညာရေးအတွက် သင်တန်းများ သင်ကြားပေးရေးနှင့် ရှေ့ဆောင်လူငယ်အနေနှင့် တက်လူငယ်တစ်ဖွဲ့ကို လမ်းပြပေးရေးတို့ကို အတိုချုပ် ရည်ညွှန်းပြောပြခြင်းက ဘိရ်ထရစ်စ်အတွက် အနာဂတ်တွင် ဘယ်အမှုထမ်းအလုပ်ကို ထမ်းရွက်မည်ဆိုသည့် အမြင်ရဖို့ သေချာပေါက် အကူအညီ ဖြစ်စေလိမ့်မည်။ အဲလီဂျန်ဒရာက ဘိရ်ထရစ်စ်ကို စာအုပ် ၁ လေ့လာဖို့ ဖိတ်ခေါ်ရာတွင် ထပ်ထည့်မည့်အရာများနှင့် အလားတူစွာပင် ဤအမှုထမ်းအလုပ်နှစ်ခုအကြောင်း စာကြောင်း အနည်းငယ် ရေးသားရာတွင် သင်တို့အဖွဲ့၏ နည်းပြက သင်တို့ကို ကူညီပေးနိုင်ပါသည်။

________________________________________

________________________________________

________________________________________

________________________________________

## အခန်း (၁၁)

ဆန်ချက်ဇ်တို့ အိမ်သို့ အဲလီဂျန်ဒရာ နောက်တစ်ခေါက် အလည်မသွားခင် သီတင်းနှစ်ပတ် ကုန်လွန်သွားပြီ။ ထိုအချိန်အတွင်း၌ ဘီရ်ထရစ်စ်သည် ရက်တိုစီမံချက်၌ ပါဝင်နိုင်ခဲ့ပြီး စာအုပ် ၁ ၏ ပထမနှစ်ပိုင်းကို ပြီးသွားခဲ့သည်။ ယခုတွင် သူသည် ရပ်ကွက်အတွင်း တစ်ပတ်နှစ်ကြိမ် တွေ့ဆုံသည့် သူငယ်ချင်း ငါးယောက် အုပ်စုဖြင့် တတိယပိုင်းကို ဆက်လေ့လာနေသည်။ အဲလီဂျန်ဒရာက ဆန်ချက်ဇ်မိသားစုနှင့် ဆုတောင်းပတ္ထနာအကြောင်း စကားပြောဖို့ အခွင့်အလမ်း ပွင့်ပြီဟု စဉ်းစားပြီး သူ့ကို ကူညီပေးနိုင်မလားဆိုတာ ဘီရ်ထရစ်စ်ကို မေးကြည့်သည်။ သင်တို့ကိုယ်တိုင် စာအုပ် ၁ ၏ ဒုတိယပိုင်းကို လေ့လာပြီးထားသဖြင့် အဲလီဂျန်ဒရာနှင့် ဘီရ်ထရစ်စ်တို့က ထိုလည်ပတ်မှုအတွင်း ခြုံငုံမိမည့် အကြောင်းအရာကို ဤနေရာတွင် သင်တို့အတွက် အနှစ်ချုပ်ပေးရန် မလိုအပ်ပေ။ ထိုအပိုင်းကို ပြန်နွှေးပြီးနောက် ဤအကြောင်းအရာကို ဆွေးနွေးရာတွင် ပြောပြဖို့ ကြိုးစားမည့် အဓိကအချက်များကို ထုတ်ထားသင့်သည်။ သင်တို့၏ အယူအဆများကို ချရေးရန် အောက်တွင် ကွက်လပ်ပေးထားသည်။

## အခန်း (၁၂)

ဆန်ချက်ဇ် မိသားစုဆီ အဲလီဂျန်ဒရာ၏ လည်ပတ်မှုက လာမည့်သီတင်းပတ်အချို့အထိ ဆက်သွား၍ ဆုတောင်းပတ္ထနာပြုခြင်း၏ ထူးခြားပုံအပေါ် သူတို့ ပြောဆိုမှုမှနေ၍ ဝိညာဉ်၏ အသက်တာ၊ ဝိညာဏ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘုရားရှင် ဥပဒေများနှင့် ပညတ်ချက်များကို လိုက်နာခြင်း၊ အရှင်၏ ချစ်ခြင်းမေတ္တာတွင် မြဲမြဲမြံမြံရှိခြင်းဆိုသည့် အကြောင်းအရာများစွာကို သဘာဝကျကျ ဆွေးနွေးသည့် အခွင့်အလမ်း ရရှိထားသည်။ တစ်ခါမှာဆိုရင် အုပ်ချုပ်စီမံပုံ အစီအစဉ်ရှိ အဖွဲ့အစည်းများအကြောင်း အထူးသဖြင့် ဒေသ သာသနာ့အကျိုးဆောင်အဖွဲ့များနှင့် နိုင်ငံလုံးဆိုင်ရာအဖွဲ့ချုပ်များအကြောင်း နဲနဲပြောဆိုကြသည်။ ဤတစ်ဆက်တည်း လည်ပတ်မှုတစ်ခုစီအတွင်း ခြုံငုံမိသည့် အကြောင်းအရာကို ကျွန်ုပ်တို့ စဉ်းစားဖို့ မလိုပေ။ ယခု ကျွန်ုပ်တို့ မျှော်မှန်းပုံဖော်ထားသည့် ယခုကဲ့သို့ ထိုစကားပြောဆိုမှုအတွဲစဉ်များထဲ ပါဝင်သူများကြားတွင် မကြာခဏ ပေါ်ပေါက်တတ်သည့် မေးခွန်းနှစ်ခု ရှိသည်။ ပထမတစ်ခုမှာ သာသနာဝင်ထုက ကျင်းပသည့် စုစည်းပွဲများ၏ သဘာဝနှင့်ဆိုင်ပြီး ဒုတိယတစ်ခုမှာ ငွေကြေးဆိုင်ရာ ရင်းမြစ်များနှင့် ပတ်သက်သည်။ ဤစုစည်းပွဲများ၏အကြောင်းကို ဤအခန်းတွင် အထူးသဖြင့် ဆယ့်ကိုးရက်ပွဲတော်အကြောင်းကို ကြည့်ရှု၍ နောက်အခန်းတွင် ငွေကြေးကဏ္ဍများအကြောင်းကို ကြည့်ကြမည်။

ထို့နောက် အောက်ပါအချက်များက ဆယ့်ကိုးရက်ပွဲတော် အကြောင်းကို စကားပြောဆိုဖို့အတွက် အခြေခံကို ပုံစံချပေးနိုင်သည်-

- ဘဟာအီသာသနာဝင်ထုအတွင်း၌ စုစည်းပွဲများကို ဆုတောင်းပတ္ထနာပြုရန်၊ လေ့လာရန်၊ အထူးပွဲတော်များကိုကျင်းပရန်၊ သာသနာဝင်ထု၏ အမှုအရေးကိစ္စများနှင့် လူမှုအသိုက်အဝန်းကို အမှုထမ်းရွက်ဖို့ တိုင်ပင်ဆွေးနွေးရန်၊ လက်တွေ့လုပ်မည့် အစီအမံများကို ဆွေးနွေးရန် စသည့် ရည်ရွယ်ချက် မျိုးစုံအတွက် ပြုလုပ်ကြသည်။ ဘဟာအွလ္လာဘုရားရှင်က အောက်ပါ ကတိကဝတ်ကို ပေးထားသည်-

  **“ငါအရှင်၏ အသက်တာနှင့် ငါအရှင်၏ (သာသနာ)အကြောင်းရင်းတော်အားဖြင့် တိုင်တည်၍ဆိုအံ့။ ထာဝရဘုရားသခင်၏ မိတ်ဆွေများဝင်ရောက်ပြီး ၎င်းမှနေ၍ ဘုရားရှင်ကို ချီးမွမ်း၍ ထောမနာပြုပို့ကြသဖြင့် သူတို့၏ရွတ်ဆိုသံ ပေါ်ထွက်ရာ နေရာထိုင်ခင်းမှန်သမျှ၏ ဝန်းကျင်ပတ်လည်တွင် စစ်မှန်သော သာသနာဝင်တို့၏ ဝိညာဉ်များနှင့် အလေးပေးခံရသော အိန်ဂျယ်များအားလုံး ဝန်းရံနေပေအံ့။”[၂၃]**

- မိတ်ဆွေများအကြားရှိ စုစည်းပွဲများတွင် ဘုရားသခင်၏ နှုတ်ကပါဌ်တော်ကို နားထောင်ရခြင်းဖြင့် နှလုံးသားများကို ပျော်ရွှင်စေပြီး စည်းလုံးညီညွတ်ခြင်း၏ နှောင်ကြိုးများကို အားကောင်းစေသည်။ ဘဟာအွလ္လာဘုရားရှင်က ကျွန်ုပ်တို့အား တိုက်တွန်းသြဝါဒ ပေးထားသည်မှာ-

  **“သာသနာဝင်မိတ်ဆွေများသည် မည်သည့်နေရာတွင် ရှိကြသည်ဖြစ်စေ တွေ့ဆုံပွဲများဖြင့် အတူတကွစုစည်းကြပြီး ၎င်းအတွင်း၌ ဉာဏ်အမြော်အမြင်ရှိစွာနှင့် အပြောအဆို ပိုင်နိုင်စွာဖြင့် ပြောဆို၍ ဘုရားရှင်၏ ဓမ္မခန်ပါဒများကို ရွတ်ဖတ်ကြရန် ပြဋ္ဌာန်းသတ်မှတ်ထား၏။ အဘယ့်ကြောင့်နည်းဟူမူ ချစ်ခြင်းမေတ္တာ မီးတောက်ကို ထွန်းညှိပေးပြီး ယင်းကို တဟုန်းဟုန်း တောက်စေမှာ ထာဝရဘုရားရှင်၏ နှုတ်ကပါဌ်တော်များ ဖြစ်ခြင်းကြောင့် ပင်တည်း။”[၂၄]**

  အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ရေးသားထားသည်မှာ-

  **“စုစည်းပွဲများကို ကျင်းပ၍ ကောင်းကင်ဘုံဆိုင်ရာ တရားဒေသနာတော်များကို ရွတ်ဖတ်သရဇ္ဈာယ်၍ ကျူးရင့်သီဆိုကြကုန်လော့။ ဤသို့ဖြင့် ယင်းနိုင်ငံသည် အမှန်တရား၏ အလင်းရောင်ဖြင့် ထွန်းလင်းတောက်ပလာနိုင်၍ ထိုနယ်မြေသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အတည်ပြုချက်များအားဖြင့် ပျော်ရွှင်ဖွယ်ကောင်းသော ဗိမာန်ဘုံအလားပင် ဖြစ်လာပြီး လူ့ကမ္ဘာလောက၏ တစ်မျိုးတည်းဖြစ်ခြင်းဟူသည့် သံစဉ်တေးသွားသည် အရှေ့ရပ်နှင့် အနောက်ရပ် တစ်လွှားရှိ နားများအထိ ရောက်ရှိနေပေတော့၏။”[၂၅]**

- ဘဟာအီတွေ့ဆုံပွဲများ အားလုံးထဲမှ ဆယ့်ကိုးရက်ပွဲတော် အကြောင်းကို အထူးဖော်ပြထိုက်သည်။ ဘဟာအီပြက္ခဒိန်တွင် ဆယ့်ကိုးလရှိပြီး တစ်လစီတွင် ဆယ့်ကိုးရက်ရှိသည်။ ဒေသတိုင်းတွင် ဘဟာအီများက ဘဟာအွလ္လာဘုရားရှင် ကိုယ်တော်တိုင် သတ်မှတ်ထားသည့် ဤတွေ့ဆုံပွဲအတွက် တစ်လတစ်ကြိမ် စုစည်းတွေ့ကြသည်။

**“သင်တို့သည် ရေဖြင့်သာ ဧည့်ခံကျွေးမွေးရသည်ဖြစ်စေ လတိုင်းတွင် တစ်ကြိမ် ပွဲတော်တစ်ခု ကျင်းပရန် ကေန်အမှန် ပြဋ္ဌာန်းသတ်မှတ် ထားပေ၏။ အဘယ့်ကြောင့် ဟူမူ ထာဝရဘုရားသခင်သည် လောကီဆိုင်ရာနှင့် ကောင်းကင်ဘုံဆိုင်ရာ နည်းလမ်းနှစ်ခုဖြင့် နှလုံးသားများကို ပေါင်းစည်းပေးရန် ရည်ရွယ်ထားတော်မူသောကြောင့်ပင်တည်း။”[၂၆]**

- ၁၉ရက်ပွဲတော်တွင် အပိုင်းကဏ္ဍသုံးခု ပါရှိသည်။ ပထမဆုံးကဏ္ဍသည် ဝတ်ပြုရှိခိုးသည့်ကဏ္ဍဖြစ်ပြီး ဤကဏ္ဍတွင် ဆုတောင်းပတ္တနာများကို ရွတ်ဖတ်သရဇ္ဈာယ်ကြပြီး ထွတ်မြတ်သောကျွန်မ်းဓမ္မခန်များထဲမှ စာပိုဒ်များကို ဖတ်ကြသည်။ ဒုတိယကဏ္ဍသည် စီမံအုပ်ချုပ်မှုကဏ္ဍဖြစ်ပြီး ဤအချိန်တွင် သာသနာ့ဝင်ထု၏ ကိစ္စရပ်များကို ဆွေးနွေးတိုင်ပင်ကြသည်။ တတိယကဏ္ဍသည် လူမှုရေးရာ အပိုင်းဖြစ်သည်။

- ဆယ့်ကိုးရက်ပွဲတော်၏ ဝတ်ပြုရှိခိုးသည့်ကဏ္ဍ၏ အရေးကြီးပုံကို အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ အောက်ပါ စကားလုံးများမှ လျှပ်တစ်ပြက်အမြင်ကို ရရှိကြသည်။

  **“အို ရှေးကာလ အလှကျက်သရေတော်ရှင်၏ သစ္စာရှိအမှုထမ်းအပေါင်းတို့! ခေတ်စက်ဝန်းတိုင်းနှင့် (ဘာသာရေး)စနစ်တိုင်းတွင် (စားသည့်)ပွဲတော်ကို အလေးပေးထားပြီး မြတ်နိုးကြကုန်၍ ထာဝရဘုရားသခင်အား ချစ်မြတ်နိုးသူများအတွက် စားသောက်ဖွယ် စားပွဲတည်ခင်းသည်ကို ချီးမွမ်းဖွယ်လုပ်ရပ်တစ်ခုအဖြစ် မှတ်ယူထားကြပေ၏။ ယင်းကို မြင့်မားစွာ ချီးကျူးထားချိန်ဖြစ်သည့် ဤနှိုင်းယှဉ်၍မရသော ဘာသာရေးစနစ်တွင်၊ ခေတ်သမယ၏ အရက်ရောဆုံးဖြစ်သော ဤခေတ်၏ ယနေ့အချိန်တွင်လည်း ဤသည်ကား ထိုသို့ပင် အထူးတလည်ဖြစ်လှပေ၏။ အဘယ့်ကြောင့်ဆိုသော် ထာဝရဘုရားရှင်အား ချီးမွမ်းထောမနာပြု၍ ကိုးကွယ်ဝတ်ပြုရန်ကျင်းပသည့် ယင်းသို့သော စုစည်းပွဲများထဲတွင် ယင်းကို အမှန်တကယ် ရေတွက်ထားသောကြောင့်ဖြစ်ပေ၏။ ဤနေရာတွင် မြင့်မြတ်သည့် ဓမ္မခန်ပါဒများ၊ ကောင်းကင်ဘုံဆိုင်ရာ မော်ကွန်းရတုများနှင့် ချီးမွမ်းသြဘာစာများကို အသံနေအသံထားဖြင့် ရွတ်ဆိုကြကုန်၍ နှလုံးသားများကို နိုးကြားလှုပ်ရှားစေကာ ယင်းကိုယ်တိုင်ဆီမှနေ၍ မျောပါသွားကြကုန်၏။”[၂၇]**

- ပွဲတော်၏ စီမံအုပ်ချုပ်မှုကဏ္ဍတွင် စုစည်းနေကြသူများက ရပ်ဝေးရပ်နီးမှ ဘဟာအီသာသနာ့ဝင်များ၏ လုပ်ဆောင်ချက် အစီရင်ခံစာများကို နားထောင်ကြပြီး သူတို့ကိုယ်တိုင်၏ ဒေသတွင်းရှိ သာသနာ့ကိစ္စရပ်များနှင့် လူမှုအသိုက်အဝန်း ကောင်းကျိုးချမ်းသာ ရရှိရေးအတွက် သူတို့၏ ဆောင်ရွက်ချက်များကို တိုင်ပင်ဆွေးနွေးကြသည့်အပြင် ကမ္ဘာ့သမာဓိအဖွဲ့ချုပ်ထံမှ ရရှိသည့် လမ်းညွှန်မှုများဖြင့် အကျွမ်းတဝင်ရှိလာလျက် သူတို့ အစီအမံများ၏ တိုးတက်မှုအပေါ် ပြန်လည်သုံးသပ်ကြ၍ သာသနာ့အဖွဲ့အစည်းများအား အကြံအဉာဏ်များကို ပေးကြသည်။ ဆယ့်ကိုးရက်ပွဲတော်တွင် တိုင်ပင်ဆွေးနွေးမှုများမှာ အရေးအကြီးဆုံးဖြစ်သည်။ အကြောင်းမှာ ဤနည်းလမ်းဖြင့် လူတိုင်းသည် ကမ္ဘာ့ဘဟာအီသာသနာ့ဝင်ထု၏ ကိစ္စရပ်များထဲတွင် ပါဝင်နိုင်ခြင်းကြောင့် ဖြစ်သည်။

- ပွဲတော်၏ လူမှုရေးရာကဏ္ဍနှင့် ပတ်သက်လျှင် ဤအချိန်သည် ရဲဘော်ရဲဘက်စိတ်နှင့် ဧည့်ဝတ်ကျေပွန်မှုတို့အတွက် အချိန်ဖြစ်သည်။ တေးသီချင်းများကို သီဆို၍ အားတက်ဖွယ်

ပြောဟောချက်များ လုပ်၍ ကလေးများ၏ တင်ဆက်မှုများလည်း လုပ်ကြသည်။ အချုပ်အားဖြင့် ဂရုတစိုက် ရွေးထုတ်ထားသော ယဉ်ကျေးမှုဆိုင်ရာ တင်ဆက်ပြသမှုများက ကျက်သရေရှိပြီး ကြည်နူးဖို့ကောင်းသဖြင့် ၎င်းတို့ကို ပွဲတော်၏ ဤကဏ္ဍအတွက် အားဖြည့်ပေးရန် အသုံးပြုနိုင်ပါသည်။

- ဆယ့်ကိုးရက်ပွဲတော်သည် သာသနာ့ အုပ်ချုပ်စီမံပုံ၏ ထူးခြားသော အသွင်လက္ခဏာရပ် ဖြစ်သည်။ ၎င်းက ဝတ်ပြုရှိခိုးခြင်း၊ အုပ်ချုပ်စီမံခြင်းနှင့် သာသနာ့ဝင်ထုအသက်တာ၏ လူမှုရေးရာကဏ္ဍများကို အတူစုစည်းပေးထားသည်။ ဤကဏ္ဍအားလုံးကို အညီအမျှ အလေးပေးသင့်သည်။ ပွဲတော်၏အောင်မြင်မှုမှာ ဤအစိတ်အပိုင်း သုံးခုအကြား မှန်ကန်သည့် ဟန်ချက်ညီမှုအပေါ်တွင် မူတည်သည်။ ၁၉၈၉ ခုနှစ် ဩဂုတ်လတွင် ရေးသားထားသည့် သဝဏ်လွှာတစ်စောင်ထဲတွင် ကမ္ဘာ့သမာဓိအဖွဲ့ချုပ်က ဖော်ပြထားသည်မှာ-

**“ဘဟာအွလ္လာဘုရားရှင်၏ ကမ္ဘာ့အစီစဉ်သည် လူမှုအသိုက်အဝန်း၏ အစိတ်အပိုင်း(ယူနစ်) အားလုံးကို လွှမ်းခြုံထားပေသည်။ ယင်းသည် အသက်ရှင်သန်မှုနှင့်ဆိုင်သည့် ဝိညာဏပိုင်း၊ စီမံအုပ်ချုပ်ရေးနှင့် လူမှုရေးရာ လုပ်ငန်းစဉ်များကို ပေါင်းစပ်ပေးထားသည်။ လူတို့၏ မျိုးစုံဖြစ်နေသော ပုံစံအတိုင်းပင် လူ့လောက၏ ပြသချက်သည် ယဉ်ကျေးမှုသစ်တစ်ရပ် တည်ဆောက်ရေးဆီသို့ ရေးရှုစေလေသည်။ ဆယ့်ကိုးရက်ပွဲတော်သည် လူ့အဖွဲ့စည်း၏ တကယ့်အခြေခံရှိ ဤအစိတ်အပိုင်းများအားလုံးကို လွှမ်းခြုံထားသည်။ ကျေးရွာ၊ မြို့ကြီး၊ မြို့ငယ်စသောနေရာများတွင် လုပ်ဆောင်ခြင်းဖြင့် ၎င်းသည် ဘဟာရှင်၏ လူသားများအားလုံး ပါဝင်သည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ်သည်။ ၎င်းက စည်းလုံးညီညွတ်မှုကို တိုးမြှင့်ပေးရန်၊ တိုးတက်မှုကို သေချာစေရန်နှင့် ပျော်ရွှင်မှုကို မြှင့်တင်ပေးရန် ရည်ရွယ်ထားပေသည်။”**[၂၈]

- ထိုသို့ အရေးကြီးသော ဆယ့်ကိုးရက်ပွဲတော်ကို မြန်မြန်ပေါင်းစပ် ဆောင်ရွက်၍ မရနိုင်ပေ။ ဆုတောင်းပတ္ထနာပြု၍ စဉ်းစားသုံးသပ်ခြင်းဖြင့် လူတစ်ဦးချင်းက ပွဲတော်အတွက် သူကိုယ်တိုင် ဝိညာဏဆိုင်ရာ ပြင်ဆင်မှုများကို လုပ်ထားရမည်။ ထို့ပြင် ပွဲတော်အချိန်အတွင်းမှာပင် လူတိုင်းက နှလုံးသားနှင့် စိတ်တို့ဖြင့် ပါဝင်၍ ဝတ်ပြုရှိခိုးသည့် ကဏ္ဍတွင် ကျွန်မ်းစာပိုဒ်များကို ရွတ်ဖတ်၍ဖြစ်စေ သို့မဟုတ် ရွတ်ဖတ်သွားသည့် စာပိုဒ်များကို နားထောင်ရုံသက်သက်ဖြင့်ဖြစ်စေ ပါဝင်ကြရမည်။ အစီရင်ခံ တင်ပြသည်၊ လမ်းညွှန်ချက်များ နားထောင်သည် သို့မဟုတ် အကြံပြု၍ဖြစ်စေ ပါဝင်ရမည်။ အိမ်ရှင်အဖြစ် ဆောင်ရွက်၍ဖြစ်စေ သို့မဟုတ် အိမ်ရှင်၏ ဧည့်ဝတ်ကျေပွန်မှုကို ပျော်ရွှင်မှု၊ လင်းဝင်းမှုတို့ဖြင့် ရိုးရှင်းစွာ သုံးဆောင်၍ဖြစ်စေ ပါဝင်ရမည်။ ဆယ့်ကိုးရက်ပွဲတော်နှင့်ပတ်သက်၍ ထိုစာထဲမှာပင် ကမ္ဘာ့သမာဓိအဖွဲ့ချုပ်က ဖော်ပြထားသည်မှာ-

**“ပွဲတော်အတွက် ပြင်ဆင်ခြင်း၏ အရေးကြီးသော အစိတ်အပိုင်းများထဲတွင် ဖတ်ကြားရမည်တို့ကို ဂရုတစိုက် ရွေးချယ်ထားခြင်း၊ စာဖတ်ကောင်းမွန်သူများကို ကြိုတင်၍ တာဝန်ပေးထားခြင်း၊ ဝတ်ပြုရှိခိုးသည့် အစီအစဉ်ကို တင်ပြခြင်းနှင့် ဆောင်ရွက်ခြင်း နှစ်ခုစလုံးတွင် သိမ်မွေ့တင့်တယ်သည့် ခံစားတတ်မှုတို့ ပါဝင်သည်။ ပွဲတော်ကျင်းပသည့် ဝန်းကျင်ကို အလေးထားခြင်းသည် အတွင်းဘက်ဖြစ်စေ သို့မဟုတ် အပြင်ဘက်ဖြစ်စေ ၎င်းမှာ တွေ့ကြုံရမှုကို များစွာ သက်ရောက်လွှမ်းမိုးစေသည်။ သန့်ရှင်းသပ်ရပ်မှု၊ နေရာထိုင်ခင်းကို လက်တွေ့ဆန်ပြီး**

အလှဆင်သည့် နည်းလမ်းများဖြင့် စီစဉ်ခြင်း အားလုံးက အရေးပါသော အစိတ်အပိုင်းအဖြစ် ပါဝင်သည်။ အချိန်မှန်မှုသည်လည်း ကြိုတင်ပြင်ဆင်မှုကောင်းသည့် အတိုင်းအတာတစ်ခု ဖြစ်သည်။

"ပွဲတော်၏အောင်မြင်မှုသည် သာသနာဝင်တစ်ဦးစီ၏ ကြိုတင်ပြင်ဆင်မှုနှင့် ပါဝင်မှု၏ အရည်အသွေး အပေါ်တွင် များစွာ မူတည်သည်။ ချစ်မြတ်နိုးရသော မာစတာ (အဗ္ဗဒွလ်ဘဟာအရှင်မြတ်)က အောက်ပါအကြံပြုချက်ကို ပေးထားသည် 'သင်တို့သည် ဆယ့်ကိုးရက်တစ်ကြိမ် တွေ့ဆုံပွဲများကို ကြီးစွာ အလေးဂရုပြုကြကုန်လော့။ သို့မှသာ ဤပွဲတော်များတွင် ဘုရားရှင်၏ အချစ်တော်သားများနှင့် သနားကရုဏာတော်ရှင်၏ အစေအပါး တို့သည် ဘုရားရှင့်နိုင်ငံတော်ဘက်သို့ မျက်နှာမူကြကုန်၍ ဆုတောင်း၊ ကျွန်မ်းစာများကို ရွတ်ဖတ်သီဆိုပြီး ဘုရားရှင်၏ အကူအညီကို တောင်ခံကြလျက် တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်စွာ (အားပါးတရ) နှစ်သက်မြတ်နိုးလာပြီးလျှင် ဖြူစင်မှုနှင့် မြင့်မြတ်မှုတို့တွင်လည်းကောင်း ဘုရားရှင်အား ကြောက်ရွံ့ခြင်းတွင်လည်းကောင်း တပ်မက်မှုနှင့် အတ္တစိတ်တို့ကို ခုခံရာတွင် လည်းကောင်း ကြီးထွားရင့်သန်လာကြကုန်ရာ၏။ ဤသို့ဖြင့် သူတို့သည် ဤဒြပ်စင်လောကမှ သူတို့ကိုယ်တိုင် ကင်းကွာလာကြကုန်၍ နာမ်ဝိညာဉ်၏ စိတ်ဇောအဟုန်တွင် သူတို့ကိုသူတို့ နှစ်မြှုပ်ထားကြကုန်အံ့။'"[၂၉]

အခါတိုင်းကဲ့သို့ပင် သင်တို့သည် အထက်ပါအယူအဆများကို အကြိမ်များစွာဖတ်၍ သင်တို့ အဖွဲ့အတွင်း ဆွေးနွေးပါ။ သို့မှသာ ၎င်းတို့ကို သက်တောင့်သက်သာဖြင့် ပြောပြရန် သင်ယူရရှိမည်။ အောက်ပါ လေ့ကျင့်ခန်းများက ဆယ့်ကိုးရက်ပွဲတော်၏ အသွင်ထူးခြားမှုထဲတွင် ထိုးထွင်းအမြင်ရစေရန် သင်တို့အား ကူညီပေးလိမ့်မည်။

၁။ ဘုရားရှင်အား ချီးမွမ်း၍ ထောမနာပြုပို့ရန် ကျွန်ုပ်တို့ အတူတကွ စုစည်းကြသည့် နေအိမ်တိုင်းကို မည်သည်တို့ဖြင့် ပုံပေါ်နေမည်ဟု ဘဟာအွလ္လာဘုရားရှင်က အာမခံထားပါသနည်း။

______________________________________________________

______________________________________________________

၂။ ဒုတိယ ကောက်နုတ်ချက်ထဲတွင် ဘဟာအွလ္လာဘုရားရှင်က ကျွန်ုပ်တို့အနေဖြင့် စုစည်းပွဲများတွင် အတူတကွ စုစည်းကြသည့်အခါ မိမိတို့က ____________________ နှင့် __________ __________________ ဖြင့် ပြောဆို၍ ______________________ ကို ရွတ်ဖတ်ကြရန် မိန့်မှာထားသည်။ အဘယ့်ကြောင့်ဆိုသော် ____________________ ကို ______________________ ၎င်းကို ________________________

ထာဝရဘုရားရှင်၏ နှုတ်ကပါဌ်တော်များ ဖြစ်သောကြောင့်ပင်ဖြစ်သည်။

၃။ တတိယ ကောက်နုတ်ချက်ထဲတွင် အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ကျွန်ုပ်တို့အား စုစည်းပွဲများကို ကျင်းပ၍ ကောင်းကင်ဘုံဆိုင်ရာ တရားဒေသနာတော်များကို ရွတ်ဖတ်သရဇ္ဈာယ်၍ ကျူးရင့် သီဆိုကြရန် အကြံပြုထားသည်။ ထိုအခါ

– ကျွန်ုပ်တို့ နေထိုင်သည့် နိုင်ငံသည် ____________________ ၏ ____________________ ဖြင့် ______________________________ မည်။

– ကျွန်ုပ်တို့ အခြေချနေထိုင်သည့် နယ်မြေသည် ____________________ ၏ __________ ____________________ အားဖြင့် ______________________________ ____________________ မည်။

၄ ။ ဘဟာအီပြက္ခဒိန်တွင် လပေါင်း မည်မျှရှိသနည်း။

______________________________

၅ ။ တစ်လစီတွင် ရက်မည်မျှ ရှိသနည်း။

______________________________

၆ ။ ဘဟာအီများကြားတွင် တစ်လတစ်ကြိမ် မည်သည့် အထူးစုစည်းပွဲကို လုပ်သနည်း။

______________________________________________________________________

______________________________________________________________________

၇ ။ ဆယ့်ကိုးရက်ပွဲတော်၏ ကဏ္ဍသုံးခုမှာ မည်သည်တို့ ဖြစ်သနည်း။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

၈ ။ ဆယ့်ကိုးရက်ပွဲတော်၏ ကဏ္ဍများကို မည်သည့် အစီအစဉ်အတိုင်းမဆို ကျင်းပပါသလား။

____________________________________________________________

၉ ။ ပွဲတော်ရှိ ဝတ်ပြုရှိခိုးသည့်ကဏ္ဍ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

၁၀ ။ ပွဲတော်ရှိ စီမံအုပ်ချုပ်မှုကဏ္ဍ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

၁၁ ။ ပွဲတော်ရှိ လူမှုရေးကဏ္ဍ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

_______________________________________________

_______________________________________________

_______________________________________________

_______________________________________________

၁၂ ။ အောက်ပါတို့အနက် မည်သည့် ခေါင်းစဉ်များက ပွဲတော်၏ စီမံအုပ်ချုပ်မှုကဏ္ဍအတွင်း ဆွေးနွေးရန် သင့်တော်ပါမည်နည်း။

_____ သာသနာဝင်ထု ဆောင်ရွက်ချက်များအတွက် ရန်ပုံငွေ လိုအပ်ချက်များ

_____ နိုင်ငံ့ လက်ရွေးစင် ဘောလုံးအသင်း၏ ရမှတ်များ

_____ ဘဟာအီသာသနာဝင်ထုအတွင်းမှ သာသနာဝင်နှစ်ဦး၏ သဘောကွဲမှုကို ဖြေရှင်းရန် နည်းလမ်းရှာခြင်း

_____ ရပ်ရွာအတွင်း ဘဟာအီကလေးသင်တန်းများ၏ တိုးတက်မှု

_____ သာသနာဝင်ထုအတွင်းမှ သာသနာဝင်တစ်ဦးက ဤသီတင်းပတ်၏ အစောပိုင်းတွင် လေ့လာထားသည့် ကျွန်မ်းဓမ္မခန်များထဲမှ စာတစ်ပိုဒ်၏ အဓိပ္ပါယ်

_____ ရပ်ရွာတွင်းရှိ တက်လူငယ်အစီအစဉ်၏ သက်ဝင်လှုပ်ရှားမှု

_____ လူငယ်များအတွက် ပွင့်လာသည့် ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းများ

_____ တက်လူငယ် အဖွဲ့များ၏ ခက်ခဲရှုပ်ထွေးလာသည့် အမှုထမ်း စီမံချက်များအတွက် သာသနာဝင်ထုက လုပ်နိုင်မည့် ပံ့ပိုးကူညီမှု

_____ အင်စတီကျူက တိုးမြှင့်ဆောင်ရွက်ထားသည့် ပညာရေးအစီအစဉ်ထဲရှိ ကလေးများနှင့် တက်လူငယ်များ၏ မိဘများထံ လည်ပတ်မှုများ

_____ ရပ်ရွာလူထု၏ စုပေါင်းရှိခိုးသည့် လက္ခဏာရပ်ကို ခိုင်မာတောင့်တင်းရေး

_____ ရပ်မြင်သံကြားတွင် ထုတ်လွှင့်ထားသည့် ရှိုးပွဲအစီအစဉ်များ

_____ လေ့လာဝိုင်းများတွင် ပျော်ရွှင်ဖွယ်ကောင်း၍ စည်းကမ်းကျသည့် ဝန်းကျင်ကို ပျိုးထောင်ရာမှ ရရှိထားသည့် ထိုးထွင်းအမြင်များ

_____ လာမည့် နေ့ထူးနေ့မြတ်ပွဲတော် ကျင်းပမည့်အကြောင်း

_____ ရပ်ရွာထူထောင်ရေး လုပ်ငန်းစဉ်မှနေ၍ ပေါ်ပေါက်လာသည့် လူမှုရေးရာလုပ်ငန်း၏ ကနဦး ကြိုးပမ်းမှုများ

၁၃ ။ အောက်ပါ မေးခွန်းကို သင်တို့ အဖွဲ့နှင့် ဆွေးနွေးပါ-

ပွဲတော်၏ ကဏ္ဍသုံးခုအကြား ဟန်ချက်ညီမှုမှာ အဘယ့်ကြောင့် အရေးကြီးပါသနည်း။

၁၄ ။ ယခု အောက်ပါ မေးခွန်းနှစ်ခုကို ဆွေးနွေးပါ။

(က) သင်တို့က အိမ်ရှင်ဖြစ်ပါက ပွဲတော်အတွက် မည်သို့ ပြင်ဆင်မည်နည်း။

(ခ) သင်တို့က ပွဲတော်တွင် ပါဝင်သူသာဖြစ်ပါက ပွဲတော်အတွက် မည်သို့ ပြင်ဆင်မည်နည်း။

# အခန်း (၁၃)

သာသနာအကြောင်း စကားပြောဆိုမှုများတွင် မကြာခဏ ပေါ်ပေါက်တတ်သည့် ဒုတိယမေးခွန်းမှာ ဘဟာအီသာသနာဝင်ထုက ၎င်း၏ ငွေကြေးလိုအပ်ချက်များကို မည်သို့ ဖြည့်ဆည်းသလဲဆိုသည့် မေးခွန်း ဖြစ်သည်။ ထိုသို့ သိလိုစိတ်များကို ဖြည့်ဆည်းပေးရန် သင်တို့အား ကူညီပေးနိုင်မည့် အချက်အနည်းငယ်ကို ဤနေရာတွင် ပေးထားပါသည်-

- ဘဟာအီသာသနာဝင်ထုက သူ့တို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဖို့ အသုံးပြုတဲ့ ကိရိယာကတော့ ဘဟာအီရန်ပုံငွေပဲ ဖြစ်ပါတယ်။ အဲဒါကို အဆင့်အမျိုးမျိုးဖြစ်တဲ့ ဒေသအဆင့်၊ နိုင်ငံအဆင့်၊ တိုက်ကြီးအဆင့်နဲ့ အပြည်ပြည်ဆိုင်ရာအဆင့်မှာရှိတဲ့ သာသနာ့အဖွဲ့ အစည်းတွေက စီမံကွပ်ကဲပါတယ်။ ဘဟာအီတွေက သူတို့ သာသနာတော် တိုးတက်အောင် ဆောင်ရွက်တဲ့ ကြိုးပမ်းမှုတွေအတွက် ကုန်ကျခံမှုတွေကို သူတို့ကိုယ်တိုင် သယ်ပိုးရမယ်လို့ ယုံကြည်ထားကြ ပါတယ်။ ဒါကြောင့်မို့ ရန်ပုံငွေဟာ သာသနာဝင်များဆီကလာတဲ့ လှူဒါန်းမှု တွေကို လက်ခံတာပါ။

- ရန်ပုံငွေ ပေးလှူတာဟာ စေတနာအလျောက် လုပ်ရတဲ့ အလုပ်ပါ။ ဒီလို လှူတာက လှူဒါန်းသူနဲ့ သာသနာ့အဖွဲ့အစည်းတွေကြားမှာရှိတဲ့ ကိစ္စမျိုးအနေနဲ့ လျှို့ဝှက်ရပါတယ်။ လှူဒါန်းသူတွေရဲ့ အမည်တွေနဲ့ လှူတဲ့ ပမာဏတွေကို မကြေညာပါဘူး။ ပေးလှူဖို့အတွက် သာသနာဝင်တွေ အပေါ်မှာ ဘာဖိအားမှ မပေးပါဘူး။ သာသနာ့အဖွဲ့အစည်းတွေက သာသနာဝင်ထုကို ယေဘုယျ မေတ္တာရပ်ခံချက်တွေကိုပဲလုပ်ပြီး ရန်ပုံငွေရဲ့ အရေးပါမှုကို သတိပေးရင်း သူ့ရဲ့ လိုအပ်ချက် တွေကို ချပြပါတယ်။ မကြာမကြာဆိုသလို သာသနာဝင်ထုက သူကိုယ်တိုင်အတွက် လှူဒါန်းမယ့် ရည်မှန်းချက်တွေကို ချပါလိမ့်မယ်။ ဒါပေမဲ့ လူတစ်ဦးစီအတွက် ပမာဏတွေကို ဘယ်တော့မှ သတ်မှတ်မပေးသလို ငွေကြေးကိုလည်း မတောင်းခံပါဘူး။ တစ်ယောက်စီက အကျုံးဝင်တဲ့ စည်းမျဉ်းတွေအပေါ် သူ့ရဲ့ နားလည်မှုနဲ့အညီ ဘယ်လောက် ပေးလှူရမယ်ဆိုတာကို ဆုံးဖြတ်ဖို့ ပေးထားပါတယ်။

- ကျွန်ုပ်တို့ တည်ဆောက်ဖို့ ကြိုးစားနေတဲ့ ယဉ်ကျေးမှုက ရုပ်ပိုင်းရော ဝိညာဏပိုင်းပါ သာယာဝပြောတဲ့ ယဉ်ကျေးမှု ဖြစ်ပါလိမ့်မယ်။ ချမ်းသာကြွယ်ဝမှုဆိုတာ အချို့ အခြေအနေ တွေနဲ့ ကိုက်ညီမှသာ လက်ခံနိုင်တာ။ ရိုးသားတဲ့ အလုပ်နဲ့ ချမ်းသာမှုကို ရရှိသင့်တယ်။ ဒါကို လူတွေ ကောင်းစားရေးအတွက် အသုံးပြုသင့်တာ။ ဒ့ါအပြင် ရပ်ရွာလူထုတစ်ခုလုံးကို စိတ်ဓာတ် မြှင့်ပေးသင့်တယ်။ လူအနည်းစုက တအားချမ်းသာနေချိန်မှာ လူအများစုက ဘဝရဲ့ အခြေခံ လိုအပ်ချက်တွေကို ချို့တဲ့နေတာက လက်ခံနိုင်စရာမရှိဘူး။ ဘဟာအွလ္လာဘုရားရှင်က မိန့်မှာ ထားတာကတော့-

  **"လူသားတို့တွင် အကောင်းဆုံးသော သူများကား အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် တစ်ခုခုနှင့် စားသောက်နေထိုင်သူများဖြစ်ပြီး မိမိအတွက်လည်းကောင်း မိမိနှင့် နီးစပ်သူများ အတွက်လည်းကောင်း ကမ္ဘာအားလုံးတို့၏ အရှင်သခင်၊ ထာဝရဘုရားရှင်အား ချစ်မြတ်နိုး ခြင်းဖြင့် ငွေကြေးကို (တရားသဖြင့်) သုံးစွဲသူများ ဖြစ်ကြကုန်၏။"**[၃၀]

“. . . အသင်တို့သည် ကောင်းမြတ်၍ အံ့မခန်းသော အသီးများကို သီးပေးကြရမည်။ သို့မှသာ အသင်တို့နှင့်တကွ အခြားသူများသည် ယင်းအသီးတို့မှ အကျိုးဖြစ်ထွန်းနိုင်မည်။ အသင်တို့ အားလုံး လူတိုင်းလူတိုင်းတွင် လက်မှုပညာများနှင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ ရှိရန် အဓိကလိုအပ်သည်။ အကြောင်းမူကား အို အသိဉာဏ်ရှိသူ လူတို့၊ ချမ်းသာကြွယ်ဝခြင်း၏ လျှို့ဝှက်ချက်သည် အလုပ်အကိုင်တွင် ရှိ၏။”[၃၀]

အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ရှင်းပြထားသည်မှာ-

“လူသားထုတစ်ရပ်လုံး ချမ်းသာကြွယ်ဝလျှင် ချမ်းသာကြွယ်ဝမှုမှာ ချီးကျူးထိုက်ဆုံး ဖြစ်ပေတော့၏။ သို့သော်လည်း လူအနည်းစုတို့က ချမ်းသာမှုများကို လွန်လွန်ကဲကဲ ရှိထားချိန်တွင် အခြားသူများက ဆင်းတောင့်ဆင်းရဲဖြစ်၍ ထိုသို့သော ကြွယ်ဝချမ်းသာမှုမှနေ၍ မည်သည့် အသီးအပွင့် သို့မဟုတ် အကျိုးကျေးဇူး မရရှိပါလျှင် ၎င်းမှာ ထိုပိုင်ဆိုင်သူအတွက် ဝန်ထုပ်ဝန်ပိုးသာ ဖြစ်ချေတော့၏။”[၃၁]

- မတရားမှုနဲ့ စိတ်ပျက်မှုတို့မှ ကင်းလွတ်တဲ့ လူမှုအသိုက်အဝန်းကို တည်ဆောက်ဖို့ဆိုရင် ကျွန်ုပ်တို့အားလုံး ရက်ရက်ရောရောရှိပြီး ပေးကမ်းကြရမယ်။ ကျွန်ုပ်တို့ရဲ့ ငွေကြေးရင်းမြစ်တွေက မဆိုစလောက်ဖြစ်ပေမဲ့ လူ့လောက တိုးတက်ရေးဆီ တစ်ခုခုကိုတော့ ပေးလှူသင့်ကြတယ်။ ဘာဖြစ်လို့လဲဆိုရင် စစ်မှန်တဲ့ သာယာဝပြောမှုဆိုတာ ပေးကမ်းမှုနဲ့ပဲ ရနိုင်တာကြောင့်ပါ။ ပေးကမ်းရက်ရောခြင်းဟာ လူ့ဝိညာဉ်ရဲ့ အရည်အသွေးဖြစ်ပါတယ်။ ဒါက မိမိတို့ရဲ့ ရုပ်ပစ္စည်းအခြေအနေနဲ့ ဘာမှ မဆိုင်ပါဘူး။ ဖုံးကွယ်နေသောဓမ္မစကားဒေသနာတော်များ ကျမ်းထဲမှာ ဘဟာအွလ္လာဘုရားရှင် မိန့်မှာထားတာကတော့-

“ပေးကမ်းခြင်းသည်လည်းကောင်း ရက်ရောခြင်းသည်လည်းကောင်း ငါအရှင်၏ သိက္ခာပုဒ်များ ဖြစ်ရာ အကြင်သူသည် ငါအရှင့် သိက္ခာပုဒ်များဖြင့် မိမိကိုယ်ကို ဆင်မြန်းလျှင် ထိုသူသည် ကောင်းပေစွ။”[၃၂]

- မိမိတို့ ပိုင်ဆိုင်တဲ့ ချမ်းသာကြွယ်ဝမှုရဲ့ စစ်မှန်တဲ့ ဇစ်မြစ်မှာ ခပ်သိမ်းကုန်တို့ကို ပေးသနားတော်မူသောအရှင်၊ ထာဝရဘုရားရှင်ဆိုတာကို ကျွန်ုပ်တို့ သတိရသင့်တယ်။ ထိုဘုရားရှင်က ကျွန်ုပ်တို့ ရှင်သန် ရပ်တည်ရေးအတွက် ပစ္စည်းဥစ္စာတွေကို ပေးသနားတယ်။ ကျွန်ုပ်တို့ကို တိုးတက်အောင်လဲ လုပ်ပေးတယ်။ ဒါ့အပြင် မိမိတို့က ရန်ပုံငွေကို ပေးလှူတဲ့အခါ အရှင် ပေးထားတဲ့အထဲက တစ်စိတ်တစ်ပိုင်းကိုပဲ အရှင်ရဲ့ အကြောင်းရင်းတော်အတွက် အသုံးပြုကြတာပါ။ ဒါကြောင့်မို့ ဘဟာအီတွေအတွက်တော့ ရန်ပုံငွေပေးလှူတာက ရက်ရောလိုက်တဲ့ ကိစ္စသက်သက်သာ မဟုတ်ပါဘူး။ ဒါဟာ ဝိညာဏ ပေးကမ်းမှုဖြစ်ပြီး တစ်ဦးစီရဲ့ ကြီးလှတဲ့ တာဝန်ဝတ္တရားလဲ ဖြစ်ပါတယ်။ သာသနာထိန်းကြီးက ကျွန်ုပ်တို့ကို အကြံပြုထားတာက-

“၎င်းတွင် ရှိသမျှတို့ကို အဆက်မပြတ် ကုန်စင်အောင် ပေးအပ်၍၊ မမြင်ရသည့် ရင်းမြစ်မှနေ၍ ၎င်းအား အမြဲမပြတ် ပြန်၍ဖြည့်ဆည်းပေးခံရသည့် ရေတံခွန် သို့တည်းမဟုတ် စမ်းချောင်းကဲ့သို့ ကျွန်ုပ်တို့ အလားတူ ဖြစ်ကြရမည်။ ဆင်းရဲမှာကို ကြောက်သည့်စိတ်ကြောင့် အဟန့်အတား မဖြစ်ဘဲ ချမ်းသာကြွယ်ဝမှုအားလုံးနှင့် ကောင်းမှုအားလုံးတို့၏ ပင်မရင်းမြစ်ဖြစ်တော်မူသော

**ဘုရားရှင်၏ မပျက်ယွင်းသော ပေးသနားမှုကို မှီခိုအားထားလျက် မိမိတို့ လူသားအချင်းချင်း ကောင်းစားရေးအတွက် စဉ်ဆက်မပြတ် ပေးဝေခြင်းမှာ ဤသည်ကား အစစ်အမှန် ရှင်သန်နေထိုင်မှု၏ လျှို့ဝှက်ချက်ပင် ဖြစ်ပေတော့၏။"**[၃၄]

သင်တို့သည် ဤနေရာတွင်ပါရှိသည့် အယူအဆများထဲမှ အချို့ကို ဤသင်ခန်းစာအစီအစဉ်ရှိ ရုပ်ပစ္စည်း ဥစ္စာခနေအကြောင်း ဖော်ပြထားသည့် နောက်ပိုင်း သင်ခန်းစာထဲတွင် ပိုပြီး နက်နက်နဲနဲ စဉ်းစားရမည့် အခွင့်အလမ်းကို ရလိမ့်မည်။ ယခုတွင် အခါတိုင်းလိုပင် အထက်ပါ အကြောင်းအရာကို တစ်ချက်ချင်း ဆွေးနွေး၍ အောက်ပါ လေ့ကျင့်ခန်းများကို လုပ်ပါ။ သို့မှသာ အယူအဆများကို သဘာဝကျကျ၊ သက်တောင့်သက်သာဖြင့် ပြောပြရန် သင်ယူရရှိမည်။

၁။ ကောက်နုတ်ချက်များအပေါ် အခြေခံ၍ အောက်ပါ စာကြောင်းများကို ကွက်လပ်ဖြည့်ပါ။

(က) ဘဟာအွလ္လာဘုရားရှင်က ကျွန်ုပ်တို့အား မိန့်မှာထားသည်မှာ ကျွန်ုပ်တို့သည် ____________ ____________________________________________________ နှင့် ______________________ _____________________ ဖြစ်ပြီး _____________________ လည်းကောင်း ________________ _______________________________ အတွက်လည်းကောင်း သုံးစွဲကြရမည်။

(ခ) ကျွန်ုပ်တို့သည် ______________________________________အသီးများကို သီးပေးကြရမည်။ သို့မှသာ ကျွန်ုပ်တို့နှင့်တကွ အခြားသူများသည် ________________ တို့မှ ________________ ______________________ ။

(ဂ) ကျွန်ုပ်တို့ တစ်ဦးချင်းသည် __________________________ နှင့် _________________________ ______________________ ။ အကြောင်းမှာမူ __________________________ ၏ ___________ ________________ သည် ___________________________ တွင် ရှိသောကြောင့်ဖြစ်သည်။

(ဃ) အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ရှင်းပြထားသည်မှာ __________________________________ ချမ်းသာကြွယ်ဝလျှင် ______________________________ မှာ __________________________ ____________________ ။

(င) အကယ်၍ ___________________________ တို့က ______________________ ကို ___________ _________________ ရှိထားချိန်တွင် ______________________ က ____________________ ______________________ ထိုသို့သော ကြွယ်ဝချမ်းသာမှုမှနေ၍ မည်သည့် ______________ _________________ သို့မဟုတ် _____________________________________________________ ၎င်းမှာ _______________________ အတွက် ______________________သာ ဖြစ်သည်။

(စ) ဘဟာအွလ္လာဘုရားရှင်က မိန့်ဆိုထားသည်မှာ "________________________________ သည် လည်းကောင်း _____________________________________ သည်လည်းကောင်း ငါ့အရှင်၏ သိက္ခာပုဒ်များဖြစ်ရာ အကြင်သူသည် ငါ့အရှင့် ___________________________ ဖြင့် _________ ______________________________ ထိုသူသည် ကောင်းပေစွ။"

(ဆ) ထို့ပြင် ကျွန်ုပ်တို့ကို အားပေးတိုက်တွန်းထားသည်မှာ ကျွန်ုပ်တို့သည် မိမိတွင် ရှိသမျှတို့ကို ____________________________________________ ၊ ______________________ ______________ ငင်းအား ____________________________________________ ________________ သို့တည်းမဟုတ် ________________________ ကဲ့သို့ အလားတူ ဖြစ်ကြရမည်။

(ဇ) ___________________________________ ကြောင့် ___________________ မဖြစ်ဘဲ _________________________ နှင့် _______________________ တို့၏ ပင်မရင်းမြစ် ဖြစ်တော်မူသော ဘုရားရှင်၏ ___________________________ မှုကို မှီခိုအားထားလျက် မိမိတို့ လူသားအချင်းချင်း ________________ အတွက် စဉ်ဆက်မပြတ် ပေးဝေငှခြင်းမှာ ဤသည်ကား အစစ်အမှန် ရှင်သန်နေထိုင်မှု၏ _________________ ပင် ဖြစ်ပေတော့၏။

၂။ အထက်ပါ တင်ပြချက်တွင် ပါရှိသည့် အယူအဆများကို အစဉ်လိုက် ချရေးပါ။

____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________
____________________________________________________________________________

# အခန်း (၁၄)

လုပ်ဆောင်ချက်တို့ဖြင့် ပျားပန်းခတ်နေသည့် ရွာတစ်ရွာ သို့မဟုတ် ရပ်ကွက်တစ်ခုတွင် ပွင့်လာနိုင်သည့် စကားပြောဆိုမှု အမျိုးအစားများထဲတွင် ထိုးထွင်းအမြင် ရရှိစေရန် ကျွန်ုပ်တို့သည် လူငယ်တက္ကသိုလ် ကျောင်းသူတစ်ဦးဖြစ်သည့် အဲလီဂျန်ဒရာ၏ ကြိုးပမ်းမှုများကို ထပ်ကြပ်ကြည့်ခဲ့သည်။ သီတင်းပတ်များစွာကြာသည့် လည်ပတ်မှု အတွဲစဉ်များတစ်လျှောက် သူသည် မစ္စတာ၊ မစ္စက် ဆန်ချက်ဇ်တို့နှင့် အကြောင်းအရာများစွာအပေါ် ဆွေးနွေးမှုများ လုပ်ခဲ့ရာ ၎င်းတို့က သူတို့၏ သာသနာ့ အသိပညာကို တိုးတက်မြင့်မားအောင် ကူညီပေးပြီး သူတို့ သက်ဝင်ယုံကြည်သည့် တရားဒေသနာတော်များအတွက် သူတို့၏ နှစ်မြုပ်မှုကိုလည်း အားကောင်းအောင် ကူညီပေးမည်ဟု သူက မျှော်လင့်ထားသည်။ နောက်ဆုံးတွင် ပိတ်ကားပေါ် ဆန်ချက်ဇ်တို့၏ ဘိရ်ထရစ်စ် ရောက်လာတာက နောက်ထပ် စကားပြောဆိုမှုတစ်မျိုးကို ကျွန်ုပ်တို့အား ဆန်းစစ်နိုင်စေပြီး ဤတစ်ခုမှာ နှစ်ယောက်စလုံးက မိမိတို့ ရပ်ရွာဒေသတွေကို ဘယ်လို အမှုထမ်းပေးနိုင်မလဲဆိုတာ သင်ယူဖို့ စိတ်အားထက်သန်သည့် လူငယ်နှစ်ဦးအကြား ပြောဆိုမှုဖြစ်သည်။ ထိုအကြောင်းကို ဆက်သွား၍ လေ့ကျင့်ခန်းများကို ဆောင်ရွက်ခဲ့သဖြင့် ကျွန်ုပ်တို့သည် ဆက်စပ်သည့် အကြောင်းအရာများအပေါ် အသိပညာ ပိုတိုးလာသည့်အပြင် ဤနေရာတွင် ကျွန်ုပ်တို့ စဉ်းစားနေသည့် စကားပြောဆိုမှုများကို ရေရှည်မြဲစေရန် အချို့သော ဝိညာဏအရည်အသွေးများ၊ စိတ်နေစိတ်ထားများနှင့် ကျွမ်းကျင်မှုများလည်း လိုအပ်သည်ကို တွေ့ထားပြီးဖြစ်သည်။

ဤအပိုင်း၏ ဤအခန်းနှင့် နောက်လာမည့် အခန်းတွင် အမျိုးအစား မတူသည့် အကြောင်းအရာများကို ကျွန်ုပ်တို့ လေ့လာဆန်းစစ်ကြမည်။ ၎င်းမှာ အင်စတီကျူက တိုးမြှင့်ဆောင်ရွက်နေသည့် ပညာရေးအစီအစဉ်ထဲတွင် ပါဝင်နေသည့် ငယ်ရွယ်သူများ၏ မိဘများထံ သွားသည့် လည်ပတ်မှုများအတွင်း ပြောဆိုသည့် ဆွေးနွေးမှုအကြောင်းဖြစ်သည်။ ဖော်ပြထားပြီးဖြစ်သည့်အတိုင်း ကလေးများအတွက် သင်တန်းများ သင်ကြားပေးခြင်းနှင့် ရှေ့ဆောင်လူငယ်အနေနှင့် တက်လူငယ်တစ်ဖွဲ့ကို လမ်းပြပေးခြင်းတို့မှာ လာမည့် သင်ခန်းစာများဖြစ်သည့် စာအုပ် ၃ နှင့် ၅ အသီးသီးတို့တွင် ဖော်ပြထားသည့် အမှုထမ်းအလုပ်များဖြစ်သည်။ သင်တို့ကိုယ်တိုင်၏ အစောပိုင်း အရွယ်တွင် ၎င်းတို့တွင် ပါဝင်ခဲ့သည် မပါဝင်ခဲ့သည့်အပေါ် မူတည်၍ ထိုရည်ညွှန်းထားသည့် အစီအစဉ်နှစ်ခုဖြင့် အကျွမ်းတဝင် ရှိနိုင်သလို၊ အကျွမ်းတဝင် မရှိနိုင်ပေ။

တက်လူငယ်များ၏ မိဘများနှင့်အတူ ဆက်တိုက် စကားပြောဆိုဖို့အတွက် အခြေခံအဖြစ် မကြာခဏ ဖွဲ့တည်သည့် အကြောင်းအရာကို ပထမဆုံး ကြည့်ကြပါစို့။ ကျွန်ုပ်တို့၏ ဖြစ်ရပ်ကို ထားရစ်ပြီးကတည်းက အချိန်အချို့ ကုန်သွားပြီး ဘိရ်ထရစ်စ်လည်း အခု စာအုပ် ၂ ကို လေ့လာနေသည်ဟု စိတ်ကူးကြည့်ကြမည်။ အဲလီဂျန်ဒရာ၏ အကူအညီနှင့် အဖွဲ့တစ်ဖွဲ့ ဖွဲ့တော့မည့် တက်လူငယ်များ၏ မိဘများထံ အလည် သွားသည့်အခါ သူ့ကို တွဲပြီး ကူညီပေးပါလားဟု သူငယ်ချင်းဖြစ်လာတဲ့ ဘိရ်ထရစ်စ်ကို မေးသည်။ ဘိရ်ထရစ်စ်ကလည်း ထက်ထက်သန်သန် လက်ခံလိုက်သည်။

အဲလီဂျန်ဒရာက သူမျှော်မှန်းထားသမျှကို ဘိရ်ထရစ်စ်အား ရှင်းပြသည်။ "ဒို့ အလည်သွားတိုင်း မိဘတွေကို သူတို့ သား ဒါမှမဟုတ် သမီးက တက်ဖို့ စိတ်ဝင်စားနေတဲ့ အစီအစဉ်အကြောင်းကို မိတ်ဆက်ပေးပြီး ဒါဟာ ရပ်ကွက်ထဲမှာ ရှေ့ကို တိုးတက်နေတဲ့ ရပ်ရွာထူထောင်ရေး လုပ်ငန်းစဉ်ရဲ့ အစိတ်အပိုင်းဆိုတာကို ပြောပြီး စကြမယ်။ ဒါပြီးရင် ဒီအစဉ်အတွက် အဓိကကျတဲ့ အနှစ်သာရအချို့နဲ့ အယူအဆအချို့ကို သူတို့နဲ့ လေ့လာဆန်းစစ်ကြမယ်။ ဒါဟာ လည်ပတ်မှုအတွဲစဉ်တွေထဲက ပထမဆုံး တစ်ခုပေါ့။ ဒို့ မျှော်လင့်ထားတာက အချိန်တိုင်လာတာနဲ့ စကားပြောဆိုမှုက ဆက်တက်တဲ့အခါ မိသားစုက

လူငယ်အဖွဲ့ကို တက်တက်ကြွကြွနဲ့ ပံ့ပိုးပေးရုံမကဘဲ ရပ်ရွာထဲမှာ တက်လူငယ်တွေရဲ့ ဝိညာဏစွမ်းအား မြှင့်တင်ရေးကို တိုးမြှင့်ဆောင်ရွက်သူတွေတောင် ဖြစ်လာလိမ့်မယ်။"

အဲလီဂျန်ဒရာနှင့် ဘိရ်ထရစ်စ်တို့က မိသားစုတစ်စုစီနှင့် ပြောဆိုရန် သူတို့ စီစဉ်ထားသည့် အချက်အချို့ကို ဆက်၍ ဆွေးနွေးကြသည်။ ပထမဆုံး လည်ပတ်မှုတွင် အနည်းအကျဉ်းသာ ခြုံငုံမိနိုင်၍ ကျန်သမျှကို နောက်ဆက်တွဲ စကားပြောဆိုမှုများတွင် ပြောရမည်ကို သိထားသဖြင့် အရေးကြီးသည်ဟု တွေးမိသမျှ အယူအဆအားလုံးကို ချရေးရန် သူတို့ ဆုံးဖြတ်ကြသည်။ ဤသည်တို့မှာ တက်လူငယ်များ၏ အလားအလာကောင်းများအကြောင်းကို သူတို့ စာရင်းချရေးထားသည့် အချက်များဖြစ်သည်-

- လူတစ်ယောက်ရဲ့ ဘဝမှာ အသက် ၁၂ နှစ်နဲ့ ၁၅ နှစ်ကြား သုံးနှစ်ဟာ အလွန် အရေးပါတဲ့ အရွယ်တွေ ဖြစ်တယ်- ကလေးဘဝကနေ ရင့်ကျက်မှုဘက် အကူးအပြောင်း အဆင့်ပါ။

- ဒီအရွယ်လူငယ်တွေကို "တက်လူငယ်"လို့ ကျွန်မ မကြာခဏ သုံးကြတယ်။ သူတို့ဟာ ကလေးတွေ မဟုတ်ကြတော့ဘူး။ ဒါပေမဲ့ လူငယ်အရွယ်လဲ အပြည့်အဝ မရောက်ကြသေးဘူး။

- ကံဆိုးချင်တော့ ဒီတက်လူငယ်အရွယ်ကို စိတ်လိုက်မာန်ပါ လုပ်တယ်၊ ဂျစ်ကန်ကန် လုပ်တယ်၊ ကိုယ့်ကိုယ်ကိုပဲ စိတ်ဝင်စားတယ်၊ ဆက်တိုက် အကျဉ်းအကြပ်ထဲ ရောက်တတ်တယ်ဆိုတဲ့ ပုံစံတွေကို ကျယ်ကျယ်ပြန့်ပြန့် လေသံဟစ်ထားတဲ့ မှားယွင်းမှု ရှိနေတယ်။ ဒါပေမဲ့ ကျွန်မတို့က သူတို့ကို မတူညီတဲ့ အမြင်နဲ့ မြင်မိတယ်။ ဘဝရဲ့ ဒီအချိန်တိုလေးအတွင်းမှာ ကျွန်မတို့ အားလုံးဟာ ခန္ဓာကိုယ်ပိုင်း၊ စိတ်ခံစားမှုနဲ့ စိတ်ပိုင်းဆိုင်ရာတွေမှာ အလျင်အမြန် ပြောင်းလဲမှုတွေကို တွေ့ကြုံကြရတယ်ဆိုတာ မှန်ပါတယ်။ နောက်ပြီး ရလာဒ်အနေနဲ့ ဆန့်ကျင်ဘက် လုပ်တာတွေပင် ပြနိုင်တယ်ဆိုလဲ မှန်ပါတယ်။ ဒါပေမဲ့ ဒီအရွယ်ဟာ အလားအလာ များစွာနဲ့ အာမခံချက်များစွာ ရှိထားတဲ့ အရွယ်ပဲဖြစ်ပါတယ်။

- ကျွန်မတို့ကိုယ်တိုင်လဲ သိပ်မကြာခင်တုန်းက တက်လူငယ်တွေပဲမို့ ဒီပြောင်းလဲမှုတွေကြောင့် ကျွန်မတို့ကို ဘယ်လို သက်ရောက်ခဲ့သလဲဆိုတာ မှတ်မိနေပါတယ်။ တစ်ခါတစ်ခါ သတ္တိရှိပေမဲ့ တစ်ခါတစ်လေကျတော့ ရှိုးတိုးရှန့်တန့် ဖြစ်တယ်။ တစ်ခါတစ်လေ လူမှုရေး အတော်သိတတ်ပေမဲ့ ကျန်အချိန်တွေမှာ အလွန် ရှက်ကြတာ။ အာရုံစိုက်ခံရတာကို မျှော်လင့်ပေမဲ့ တစ်ယောက်တည်း နေချင်တဲ့စိတ်အကြောင်းလဲ ပြောမိတယ်။ ကျွန်မတို့မှာ ဘယ်ဟာတွေက ကောင်းသလဲဆိုတာရယ်၊ ဘယ်လို အစွမ်းအစတွေနဲ့ စွမ်းဆောင်ရည်တွေ ရှိသလဲဆိုတာကို နားလည်ချင်ခဲ့တာ။ အခြားသူတွေက ကျွန်မတို့ကို ဘယ်လို မြင်သလဲဆိုတာနဲ့ ကျွန်မတို့ အယူအဆတွေကို သူတို့က ဘယ်လို ထင်သလဲဆိုတာတွေက ကျွန်မတို့အတွက် အများကြီး အရေးကြီးခဲ့တာ။

- ဒီအပြုအမူမျိုးတွေဟာ ခဏပဲဆိုတာကိုတော့ သဘောပေါက်ဖို့ အရေးကြီးတာပါ။ လူတစ်ယောက်ဘဝမှာ ဒီနှစ်တွေအတွင်းမှာပဲ စိတ်ရဲ့ အချို့စွမ်းအားတွေက အလျင်အမြန် ဖွံ့ဖြိုးတာ။ လူဖြစ်လာရတာနဲ့ ပတ်သက်လို့ အခြေခံကျတဲ့ မေးခွန်းတွေအတွက် အဖြေတွေကို စပြီး ရှာကြတယ်။ ကျွန်မတို့ ပတ်ဝန်းကျင်မှာ ဘာတွေဖြစ်နေသလဲဆိုတာ စူးစမ်းပြီး ကိုယ့်ကို သင်ပေးသမျှကိုလဲ အလွန် မေးခွန်းထုတ်တယ်။ ဒ့ါအပြင် လူကြီးတွေက လုပ်ဖို့ ပြောသမျှကို အရင်ကလို အလိုအလျောက် လက်ခံဖို့ သိပ်ဆန္ဒမရှိဘူး။ အထူးသဖြင့် သူတို့ ပြောတာတွေနဲ့ လုပ်တာတွေက တခြားစီ ဖြစ်နေတဲ့အခါမျိုးပေ့ါ။

- တကယ်လို့ လူငယ်တွေရဲ့ ပေါ်ထွက်လာတဲ့ စွမ်းအား(ပါဝါ)တွေကို အကျိုးရှိရှိ အသုံးပြုဖို့ သူတို့ကို ကူညီပေးမယ်ဆိုရင် သူတို့ကို ကလေးတွေလို ဆက်ဆံတာမျိုးကိုတော့ ရှောင်ရလိမ့်မယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ဒီအရွယ်ကို ဘယ်လို ဖော်ပြထားသလဲဆိုရင်-

  **"များမကြာမီအချိန်၌ သူသည် လူငယ်ဘဝထဲသို့ ဝင်ရောက်သွားပြီး ယခင်က အခြေအနေများနှင့် လိုအပ်ချက်များကို မြင့်မားလာသည့် သူ၏ဒီဂရီအတိုင်းအတာအရ လိုအပ်ချက်အသစ်များဖြင့် ပုံသွင်းလာသည်။ သူ၏ စူးစမ်းရှာဖွေလိုသည့် စွမ်းရည်များသည်လည်း ပိုကျယ်ပြန့်လာပြီး ခိုင်မာလာသည်။ သူ၏အသိဉာဏ် စွမ်းရည်များကို လေ့ကျင့်ပေး၍ နိုးကြားသွားစေသည်။ ကလေးဘဝ၏ အကန့်အသတ်များနှင့် ဝန်းကျင်တို့သည်လည်း သူ၏စွမ်းအင်များနှင့် အောင်မြင်မှုများကို ဆက်လက် ကန့်သတ်ထား၍ မရတော့ပေ။"[၃၇]**

- ဘဟာအီသာသနာရဲ့ အုပ်ချုပ်တဲ့ အဖွဲ့အစည်း ကမ္ဘာ့သမာဓိအဖွဲ့ချုပ်က တက်လူငယ်များနဲ့ အလုပ်လုပ်တဲ့အခါ ကျွန်မတို့ ချမှတ်ဆောင်ရွက်တဲ့ ချဉ်းကပ်မှုအကြောင်းကို ဒီလို ပြောပြထားပါတယ်-

  **"တစ်ကမ္ဘာလုံးဆိုင်ရာ ကမ္ဘာ့လမ်းကြောင်းများက ဤအရွယ်အုပ်စုကို ပြဿနာရှာသည့် အရွယ်အဖြစ် ပုံရိပ်မြင်နေကြပြီး ရုပ်ပိုင်းနှင့် စိတ်ခံစားမှုအပိုင်းတွင် ခက်ခဲသည့်အခြေအနေထဲ နစ်မွန်းနေကြ၍ တုန့်ပြန်နားထောင်မှုလည်းမရှိ၊ ကိုယ်ထင်ရာလုပ်တတ်သည့် အရွယ်အဖြစ် မြင်ထားကြသဖြင့် ဘဟာအီသာသနာဝင်ထုကမူ ယင်း၏ အသုံးပြုသည့် စကားအသုံးအနှုန်းနှင့် ယင်းအသုံးချသည့် ချဉ်းကပ်မှုမှာ (ဂျူနီယာရ)တက်လူငယ်များသည် ထိုသို့မဟုတ်ဘဲ ကိုယ်ကျိုးမငဲ့ခြင်း၊ တရားမျှတမှုအပေါ် စူးစူးရှရှ မြင်တတ်ခြင်း၊ ကမ္ဘာလောကအကြောင်းကို သင်ယူလိုစိတ်ပြင်းပြပြီး ပိုကောင်းသည့်ကမ္ဘာ တည်ဆောက်ရေးအတွက် လုပ်ပေးလိုသည့်ဆန္ဒရှိသည်ကို တွေ့မြင်ရခြင်းကြောင့် ကမ္ဘာ့အမြင်နှင့် ဆန့်ကျင်ဘက်လားရာသို့ ဆုံးဖြတ်ချက်ခိုင်မာစွာဖြင့် ရွေ့လျားလျက်ရှိသည်။"[၃၈]**

အဲဒီနောက် အဲလီဂျန်ဒရာနှင့် ဘိရ်ထရစ်စ်တို့က သူတို့ အာရုံစိုက်မှုကို ဝိညာဏစွမ်းအား မြှင့်တင်ပေးရေး အစီအစဉ်အကြောင်းဘက်ကိုပဲ လှည့်ပြီး ၎င်း၏ သွင်ပြင်လက္ခဏာရပ်အချို့ကို ရွေးထုတ်ဖို့ ကြိုးစားထားသည်-

- အသက် ၁၂ နှစ်နဲ့ ၁၅ နှစ်ကြား အရွယ်တွေက သူတို့ရဲ့ အတွေးအခေါ်တွေကို ပြောပြလို့ရမယ်၊ စီမံမှုတွေမှာ အတူလုပ်နိုင်မယ်၊ အားကစား ကစားမယ် စသဖြင့် အဲလိုရှိမဲ့ သူငယ်ချင်းအုပ်စုမျိုးကို လိုချင်ကြတာ။ ဒီအတွက်ပဲ အစီအစဉ်က "တက်လူငယ်အဖွဲ့"ဆိုတဲ့ အနှစ်သာရနဲ့ တည်ဆောက်ထားတာပါ။ တစ်ဖွဲ့စီကို "ရှေ့ဆောင်လူငယ်"တစ်ဦးက လမ်းပြပေးပါတယ်။ သူကတော့ သူတို့ထက် ပိုကြီးတဲ့ လူငယ်ဖြစ်ပြီး သူတို့အတွက် သူငယ်ချင်းအစစ်တစ်ယောက်အနေနဲ့ လူငယ်တွေရဲ့ စွမ်းရည်တွေကို ဖွံ့ဖြိုးလာအောင် ကူညီပေးပါတယ်။
- အဖွဲ့တွေက ပုံမှန်တွေ့ကြတယ်။ သူတို့ရဲ့ တွေ့ဆုံပွဲတွေမှာ တက်လူငယ်တွေဟာ အနှစ်သာရတွေကို စူးစမ်းလေ့လာဖို့ သင်ယူကြသလို အယူအဆတွေကို ဖြတ်တောက်မှာ၊ လှောင်ပြောင်ခံရမှာ ကြောက်တဲ့စိတ်မရှိဘဲနဲ့ ပြောပြဖို့ကိုလဲ သင်ယူကြတာ။ နားထောင်ဖို့၊

စကားပြောဖို့၊ စဉ်းစားသုံးသပ်ဖို့၊ ခွဲခြမ်းစိတ်ဖြာဖို့၊ ဆုံးဖြတ်ချက်တွေ ချဖို့၊ အဲဒါတွေကို လက်တွေ့လုပ်ဖို့ သူတို့ကို အားပေးတိုက်တွန်းတယ်။

- မကောင်းတဲ့ အင်အားရပ်တွေက တက်လူငယ်တွေရဲ့ စဉ်းစားပုံနဲ့ ပြုမူပုံတွေကို အများကြီး သက်ရောက်တဲ့ အချိန်အခါမှာ ကျွန်မတို့ နေထိုင်ကြရတယ်။ ရှေ့ဆောင်လူငယ်တွေက ဒီအင်အားရပ်တွေကို သူတို့ ကျော်လွှားနိုင်ဖို့ ကူညီပေးကြပါတယ်- လူမှုအဖွဲ့အစည်းရဲ့ စာရိတ္တ ယိုယွင်းပျက်စီးမှုကနေ သူတို့ကိုယ်ကို ကာကွယ်ပေးရုံမကပါဘူး၊ ကမ္ဘာလောက ပိုမိုတိုးတက် ကောင်းမွန်ဖို့အတွက် အလုပ်လုပ်ဖို့ကိုလဲ ကူညီပေးပါတယ်။

- တက်လူငယ် အစီအစဉ်က လူ့ဝိညာဉ်မှာ ရှိရင်းစွဲဖြစ်တဲ့ စွမ်းအားတွေကို ပျိုးထောင်ပေးဖို့ ကြိုးပမ်းထားပါတယ်။ ဒီစွမ်းအားတွေက တက်သစ်စအရွယ်မှာ ကြီးသထက် ကြီးမားတဲ့ ဒီဂရီတွေနဲ့ ဒါတွေကိုယ်တိုင် စပြီး ပေါ်လွင်လာတာ။ အထူးအရေးကြီးတာကတော့ အတွေးအခေါ်နဲ့ စကားအပြောအဆို စွမ်းအားတွေပါ။ လူငယ်တွေဟာ ကမ္ဘာလောကအကြောင်း နက်နဲတဲ့ အယူအဆတွေကို ပြောပြဖို့နဲ့ အဲဒါ ပြောင်းလဲလာတာကို သူတို့ ဘယ်လိုမျိုး မြင်ချင်သလဲဆိုတာကို ရှင်းရှင်းလင်းလင်း ပြောပြဖို့ လိုအပ်တဲ့ အသုံးအနှုန်းတွေ ဖွံ့ဖြိုးရမယ်။

- တက်လူငယ်တွေဟာ ရည်ရွယ်ချက်ရှိတဲ့ ဘဝတစ်ခုအတွက် အခြေခံကျတဲ့ အနှစ်သာရတွေရဲ့ အဓိပ္ပါယ်ကို စဉ်းစားသုံးသပ်ဖို့ စိတ်အားသန်ကြတယ်။ ပျော်ရွှင်မှု၊ မျှော်လင့်ချက်၊ အကောင်းတကာ့ အကောင်းဆုံး ဆိုတာတွေကတော့ အဲဒီအထဲက နမူနာ အနည်းအကျဉ်းပါ။ စိတ်မကောင်းစရာက လူတွေဟာ ဒီအယူအဆတွေကို အပေါ်ယံဆန်တဲ့ နည်းလမ်းတွေနဲ့ ပြောတတ်ကြတယ်။ အဲဒီ အနှစ်သာရတွေအပေါ်မှာ နက်နက်နဲနဲ နားလည်မှုရပြီး နေ့စဉ် ရှင်သန်မှုမှာ လက်တွေ့ပြသမှုကို ဘယ်လို တွေ့ရပြီဆိုတာကို အသိအမှတ်ပြုတာက ကောင်းမွန်တဲ့ စာရိတ္တ ဖွဲ့တည်မှု(structure)ကို တည်ဆောက်ရေးနဲ့ လူမှုအဖွဲ့အစည်းရဲ့ မကောင်းတဲ့ အင်အားရပ်တွေကို တောင့်ခံရေးအတွက် နုပျိုတဲ့ စိတ်တွေကို ကူညီပေးနိုင်တယ်။

- အနှစ်သာရတွေကို နားလည်မှုဟာ အသိဉာဏ် ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ် အရေးပါပါတယ်။ တက်လူငယ်တွေဟာ ကျောင်းမှာ တစ်ခါတစ်လေ အခက်အခဲကြုံရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပေးချင်တဲ့ အနှစ်သာရတွေကို မိမိရရဖြစ်အောင် လုံလုံလောက်လောက် ကူညီပေးမခံရဘဲ ဘာသာရပ်မျိုးစုံနဲ့ဆိုင်တဲ့ အချက်အလက်တွေ အများကြီးကို သင်ယူဖို့ သူတို့ကို မျှော်လင့်ထားတဲ့အတွက်ကြောင့်ပါ။ တက်လူငယ် အစီအစဉ်က စာရိတ္တ၊ သင်္ချာ၊ သိပ္ပံ စတာတွေနဲ့ဆိုင်တဲ့ အယူအဆတွေကို လေးလေးနက်နက် စဉ်းစားဖြစ်အောင် သူတို့ကို အားပေးလှုံ့ဆော်ထား တဲ့အပြင် ဒါက ကျောင်းမှာ သူတိုရဲ့ ဆောင်ရွက်ချက်ကို သေချာပေါက် တိုးတက်စေပါတယ်။

- တက်လူငယ်တွေဟာ အကြောင်းအရာတွေကို အဓိပ္ပါယ်ရှိအောင် လုပ်ချင်စိတ် ကြီးကြီးမားမား ရှိကြတယ်။ သူတို့ဝန်းကျင်မှာ ဖြစ်နေတာတွေရဲ့ အကြောင်းရင်းတွေကိုလဲ နားလည်ချင် ကြတယ်။ အဲဒါကို အောင်မြင်ဖို့ကတော့ သူတို့ရဲ့ ရုပ်မျက်စိနဲ့ ကြည့်နိုင်ရုံတင်မကဘူး၊ ဝိညာဏ မျက်စိနဲ့လဲ ကြည့်နိုင်ရလိမ့်မယ်။ ဒါကြောင့်မို့ ဒီအစီအစဉ်ရဲ့ အရေးကြီးတဲ့ ရည်ရွယ်ချက်ကတော့ ဝိညာဏသိမြင်ခံစားစိတ်ကို မြှင့်တင်ပေးဖို့ပါ- ဒီဟာက ဝိညာဏအင်အားရပ်တွေကို အသိအမှတ် ပြုနိုင်ပြီး ကြုံရတဲ့ အခြေအနေမှာ လိုက်ဖက်မဲ့ ဝိညာဏစည်းမျဉ်းတွေကို ရွေးချယ်နိုင်တဲ့ စွမ်းဆောင်ရည်ပဲ ဖြစ်ပါတယ်။

- ဒီအစီအစဉ်က စာရိတ္တတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ ဝိညာဏ သိမြင်ခံစားစိတ်နဲ့ အပြောအဆို စွမ်းအားတွေ ဖွံ့ဖြိုးရေးဆိုတဲ့ သူ့ရဲ့ ရည်ရွယ်ချက်မျိုးစုံကို စာအုပ် အတွဲစဉ်ရဲ့ အကူအညီနဲ့ ပေါက်ရောက်အောင်မြင်စေတယ်။ ဒီစာအုပ်တွေမှာ ကမ္ဘာ့နေရာစုံက လူငယ်တွေရဲ့ ဘဝ အကြောင်းနဲ့ဆိုင်တဲ့ ရိုးရှင်းတဲ့ ဖြစ်ရပ်တွေ ပါပါတယ်။ ဒီစာအုပ်တွေကို လေ့လာတာ၊ အဲဒါတွေရဲ့ အကြောင်းအရာကို ဆွေးနွေးတာ၊ လိုအပ်တဲ့ လေ့ကျင့်ခန်းတွေကို ဖြည့်စွက်တာတွေအပြင် တက်လူငယ်တွေက အားကစားတွေမှာ ပါဝင်ကစားကြသလို အနုပညာတွေနဲ့ လက်မှုပညာ တွေကိုလဲ သင်ယူကြရတယ်။
- ရှေ့ဆောင်လူငယ်တွေရဲ့ အကူအညီနဲ့ ဒီအဖွဲ့တွေဟာ အစီအစဉ်ရဲ့ အဓိကအစိတ်အပိုင်းဖြစ်တဲ့ အမှုထမ်းစီမံချက် အတွဲစဉ်တွေကိုလဲ စီစဉ်ပြီး လုပ်ကြရတယ်။ ဒီစီမံချက်တွေကနေ တက်လူငယ်တွေက ရပ်ရွာလူထုနဲ့ အဲဒါရဲ့ လိုအပ်ချက်တွေကို စဉ်းစားဖို့၊ တိုင်ပင်ဆွေးနွေးဖို့၊ သူတို့ကိုယ်တိုင်နဲ့ ရပ်ရွာထဲမှာ ရှိတဲ့ အခြားသူတွေကြားမှာ ပူးပေါင်းဆောင်ရွက်တတ်ဖို့ စတာတွေကို သင်ယူကြတယ်။
- ဒီစာအုပ်တွေက ကာမိထားတဲ့ အကြောင်းအရာတွေကတော့ မျိုးစုံပါပဲ။ တစ်အုပ်စီက တက်လူငယ်တွေရဲ့ ဝိညာဏစွမ်းအား မြှင့်တင်ရေးအတွက် မဖြစ်မနေ အရေးပါတဲ့ အကြောင်းအရာ တစ်ခုစီကို အလေးပေးထားတာ။ ဥပမာ– ပထမဆုံး စာအုပ်ဆိုရင် "အတည်ပြုခြင်း" ဆိုတဲ့ အကြောင်းကို ချပြထားတယ်။ ဒါကတော့ မြင့်မြတ်တဲ့ ရည်မှန်းချက် တွေကို အောင်မြင်ဖို့ ကျွန်မတို့ လုပ်တဲ့ ကြိုးစားမှုတွေကို ဘုရားရှင်က ကူညီပေးတယ်ဆိုတာပါ။ နောက်တစ်အုပ်ကတော့ "မျှော်လင့်ချက်"အကြောင်းပါ- အခက်ခဲဆုံး အချိန်တွေမှာတောင် အနာဂတ်ကို မျှော်လင့်ချက်နဲ့ ဘယ်လို ကြည့်ရမလဲဆိုတာကို ပြောပြထားပါတယ်။ နောက်တစ်အုပ်က "အကောင်းတကာ့ အကောင်းဆုံး" ဆိုတာကို သုံးသပ်ပြ ထားတယ်။ "ပျော်ရွှင်မှု" ဆိုတာက နောက်ထပ် ဖြစ်ရပ်တစ်ခု၊ "စကားလုံးရဲ့ စွမ်းအား" ကလဲ နောက်ထပ် စဉ်းစားသုံးသပ်ရမဲ့ အကြောင်းပါပဲ။ သင်္ချာနဲ့ဆိုင်တဲ့ အနှစ်သာရတွေကို ချပြထားတဲ့ စာအုပ်တွေ ထဲမှာ တစ်အုပ်ကဆိုရင် အစီအစဉ်ကျတဲ့ စိတ်တစ်ခုရဲ့ အလေ့အထတွေကို လေ့လာဆန်းစစ် ထားတယ်။ သိပ္ပံနဲ့ဆိုင်တဲ့ နယ်ပယ်ဆိုရင် လူတစ်ယောက်ရဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ဝိညာဏပိုင်း စတဲ့ ကျန်းမာမှုနဲ့ဆိုင်တာတွေကို ဂရုစိုက်တဲ့အပေါ်မှာ အလေးပေးထားတဲ့ စာအုပ်တစ်အုပ်လဲ ရှိတယ်။ ဒါ့အပြင် တက်လူငယ်တွေ သုံးနှစ်အတွင်းမှာ လေ့လာရမဲ့ စာအုပ် တစ်ဒါဇင် ဒါမှမဟုတ် အဲဒီကျော်ကျော် ရှိတယ်။

အဲလီဂျန်ဒရာနဲ့ ဘိရ်ထရစ်စ်တို့က အကယ်၍ မိဘများက ထိုစာအုပ်တွေကို တစ်ချက် ကြည့်ချင်လျှင် ပြနိုင်ဖို့ နှစ်အုပ်လောက် ယူသွားဖို့ စီစဉ်ထားကြသည်။ သင်တို့က ထိုစာအုပ်များနှင့် အကျွမ်းတဝင် မရှိသေးလျှင် ဤဖြစ်ရပ်များထဲက ဖြစ်နိုင်သမျှ များများကို ဖတ်ဖို့ အချိန်ယူပါက အထောက်အကူဖြစ်လိမ့်မည်။ ထိုအခါ ရပ်ရွာအတွင်း ပွင့်လင်းတိုးတက်လာသည့် စကားပြောဆိုမှုမျိုးစုံကို ကောင်းစွာ ထပ်ကြပ်လိုက်နိုင်လိမ့်မည်။ တစ်ချိန်တည်းမှာပင် လေ့လာနေသည့် သင်တို့အဖွဲ့ထဲရှိ အခြားသူများနှင့် အထက်တွင် ချပြထားသော အယူအဆများကို အပြည့်အဝ ဆွေးနွေးကြရန် တိုက်တွန်းပါသည်။ ၎င်းတို့ကို စာအုပ် ၅ ထဲတွင် ပိုပြီး နက်နက်ရှိုင်းရှိုင်း ဖော်ပြထားသည်။ ထိုစာအုပ်ကို လေ့လာပြီးနောက် တက်လူငယ်တစ်ဖွဲ့၏ ရှေ့ဆောင်လူငယ်အဖြစ် လုပ်ဖို့ ဆုံးဖြတ်လျှင် ၎င်း အဖွဲ့ဝင်များ၏ မိသားစုများဆီ စနစ်တကျ လည်ပတ်၍ ဤအယူအဆများနှင့် အလားတူ အယူအဆများကို သူတို့နှင့် ဆွေးနွေးရလိမ့်မည်။ ယခု၌ပင် ဘိရ်ထရစ်စ်ကဲ့သို့ သင်တို့သည် မိမိဒေသရှိ တက်လူငယ်များ၏ မိသားစုများဆီ လည်ပတ်မှုအကြိမ် အနည်းငယ်တွင် အတွေ့အကြုံရှိသူ တစ်ယောက်ယောက်နှင့် တွဲ၍ လုပ်ချင်ပါလိမ့်မည်။

# အခန်း (၁၅)

နောက်တစ်နေ့တွင် အဲလီဂျန်ဒရာနှင့် ဘိရ်ုထရစ်စ်တို့က ရပ်ကွက်ထဲတွင် အသစ်ဖွဲ့ထားသည့် အဖွဲ့သစ်ကို တက်မည့် တက်လူငယ်သုံးဦး၏ အိမ်သို့ လည်ပတ်ကြသည်။ မိဘများက ဝိညာဏစွမ်းအား မြှင့်တင်ရေး အစီအစဉ်အကြောင်း စကားပြောဆိုမှုတွင် ပါဝင်ကြသည့် စိတ်အားထက်သန်မှုကို တွေ့ရသဖြင့် ဘိရ်ုထရစ်စ်က ပျော်နေသည်။ အဲလီဂျန်ဒရာကို တက်လူငယ်အဖွဲ့မှာ ကူညီပေးစေချင်ပြီး မျှော်လင့်တာက နောက်နှစ်တွေအတွင်းမှာ သူကိုယ်တိုင် အဖွဲ့သစ်တစ်ဖွဲ့၏ ရှေ့ဆောင်လူငယ်အဖြစ် ထမ်းရွက်ရန် သင်ယူချင်သည်ကို နေ့လည်ခင်း အဆုံးမှာ သဘောပေါက်လိုက်သည်။ ထိုအချိန်တွင် အင်စတီကျူစာအုပ် အနည်းငယ်ကို ပြီးမြောက်ရမည်ကိုလည်း သူ တကယ် နားလည်ထားသည်။ သို့သော် ဤအထိ ရောက်လာသည့် ပုံမှန်နှုန်းဖြင့်ပင် သူတို့၏ လေ့လာမှုကို ရှေ့ဆက်ရန်လည်း စိတ်ပိုင်းဖြတ်ထားသည်။

အဲလီဂျန်ဒရာ၏ အဆက်မပြတ် ကူညီမှုနှင့် တိုက်တွန်းအားပေးမှုတို့ဖြင့် ဘိရ်ုထရစ်စ်သည် အမှုထမ်းလမ်းကြောင်းပေါ် ရှေ့ဆက်လျှောက်ထားသည်။ ထို့နောက် လအနည်းငယ် ကြာပြီးသည့်နောက်တွင် စာအုပ် ၃ ကို ပြီးတော့မည့်အချိန် သူ၏ ဖြစ်စဉ်ကို တစ်ဖန် ပြန်၍ ကောက်ကြပါစို့။ သူ့ လေ့လာဝိုင်း၏ နည်းပြက ကလေးသင်တန်းဆရာဖြစ်သည့် မာရီဘယ်လ်အား ဘိရ်ုထရစ်စ်နှင့် သူ့ လေ့လာသူများကို သူနှင့်တွဲပြီး လုပ်ဖို့ ဖိတ်ခေါ်ခိုင်းလိုက်သည်။ အပြန်အလှန်အားဖြင့် အဆင့် ၁ အတွက် အသစ်ဖွဲ့ထားသည့် သင်တန်းရှိ ကလေးငယ်များ၏ မိဘများဆီလည်း လာကြမည်။ ဘိရ်ုထရစ်စ်သည် စာအုပ် ၃ ကို လေ့လာရာမှ များစွာ သင်ယူထားသည်ဟု ခံစားမိသည်။ ဤစာအုပ်မှ ရရှိထားသည့် ထိုးထွင်းအမြင်တွေက ရှေ့ဆောင်လူငယ်အဖြစ် ထမ်းရွက်မည့် သူ၏ စွမ်းရည်ကို မြှင့်ပေးလိမ့်မည်ဟု အဲလီဂျန်ဒရာက အကြိမ်အနည်းငယ် ပြောပြထားသဖြင့် သူ သိထားသည်။

သူတို့ အတူတူ ဆုံမိသည့်အခါ မာရီဘယ်လ်က သူတို့ အမ်မာ၏ မိခင်ဆီ လည်မည့်အကြောင်း ဘိရ်ုထရစ်စ်ကို ပြောသည်။ "အမ်မာက သင်ယူတာကို သဘောကျတဲ့ ပျော်ပျော်နေတတ်တဲ့ ကလေးမလေးပါ" မာရီဘယ်လ်က မှျဝေပေးသည်။ "သူ့ မိဘတွေဆီ အစ်မ တစ်ကြိမ်တော့ သွားလည်ရင်း ဘဟာအီ ကလေးသင်တန်းရဲ့ သဘာဝကို ရှင်းပြခဲ့တယ်။ သူတို့က အမ်မာကို တက်ခွင့်ပေးရလို့ ပျော်နေကြတယ်။ မအေဖြစ်သူက သင်တန်းအကြောင်း ပိုနားထောင်ဖို့ စိတ်ဝင်စားတယ် ပြောတာကြောင့်မို့ သူ့ဆီ ပြန်သွားပြီး အစ်မတို့ သင်ပေးတဲ့ သင်ခန်းစာမှာပါတဲ့ ပညာရေးနဲ့ဆိုင်တဲ့ အယူအဆတွေကို နဲနဲ ပြောပြမယ်လို့ ကတိပေးခဲ့တယ်။ အစ်မကိုယ်တိုင်အတွက် မှတ်စုအချို့တော့ ရေးထားသေးတယ်။ ဆန္ဒရှိမယ်ဆိုရင် အဲဒါတွေကို အတူတူကြည့်ပြီး စကားပြောကြတာပေါ့"။ ဘိရ်ုထရစ်စ် သဘောတူသည်။ ဤသည်တို့မှာ သူတို့ ဆွေးနွေးကြသည့် မှတ်စုများ ဖြစ်သည်-

- သင်တန်းမှာ အမ်မာ တက်မှာမို့ ဘယ်လောက် ဝမ်းသာတယ်ဆိုတာကို ပထမဆုံး မစ္စက် မာတီနက်ဇ်ကို ပြောပြပြီး သူ့သမီးရဲ့ အံ့သြစရာကောင်းတဲ့ အရည်အသွေးတွေကို ဖော်ပြပေးမယ်။
- ဘဟာအွလ္လာဘုရားရှင်ရဲ့ ကျွန်မ်းဓမ္မခန်တွေထဲက ဒီကောက်နုတ်ချက်ကို သူ့အား ဖတ်ပြပြီး ဆွေးနွေးမှုကို စတာက အကောင်းဆုံး ဖြစ်ပုံပေါ်တယ်-

**"လူသားသည် တန်ဖိုးမခန့်မှန်းနိုင်သော ရတနာများဖြင့် ပြည့်နှက်နေသည့် ရတနာတွင်း တစ်တွင်း ဖြစ်ကြောင်းကို မှတ်ယူပါလေ။ ပညာရေးတစ်ခုတည်းဖြင့်သာလျှင် ၎င်း၏ ဘဏ္ဍာ ရတနာများကို ဖွင့်ထုတ်နိုင်စေ၍ လူ့လောကအား ယင်းတို့အားဖြင့် အကျိုးဖြစ်ထွန်း စေနိုင်မည်။"**[၃၇]

- အဲဒီနောက် ဒီဖော်ပြချက်က ဆရာတစ်ယောက်အနေနဲ့ အစ်မ အပေါ်မှာ ဘယ်လောက်အထိ သက်ရောက်လွှမ်းမိုးမှုရှိသလဲဆိုတာ နဲနဲ မျှဝေပေးနိုင်မယ်။ ပြောပြမှာကတော့ သင်တန်းမှာ တက်တဲ့ ကလေးတွေကို ကြည့်မိတိုင်း သူတို့ကို တန်ဖိုးဖြတ်မရတဲ့ ရတနာတွေ ပြည့်နေတဲ့ ရတနာတွင်းတွေအဖြစ် စဉ်းစားမိလိုက်ရင် နှလုံးသားထဲ အပျော်တွေ စီးသွားတယ်ဆိုတာကို ပြောမယ်။ သူတို့ တစ်ဦးစီက ကောင်းကင်ဘုံနဲ့ဆိုင်တဲ့ အရည်အသွေးတွေကို ပြသတဲ့ အလားအလာတွေ ရှိကြတယ်။ သူတို့ တစ်ဦးစီမှာ ရှာဖွေကြည့်ပြီး ဖွံ့ဖြိုးအောင် လုပ်ရမဲ့ အစွမ်းအစတွေ ရှိတယ်။ သူတို့ တစ်ဦးစီဟာ လူမှုအဖွဲ့အစည်းရဲ့ တန်ဖိုးရှိတဲ့ အဖွဲ့ဝင်တွေ ဖြစ်လာဖို့နဲ့ ကမ္ဘာကြီး ပိုမိုကောင်းမွန်အောင် လုပ်ပေးနိုင်ဖို့ ရှင်သန်ကြီးထွားနိုင်ကြတယ်။

- နောက်ပြီးတော့ ပညာရေးက ကလေးတိုင်းမှာ ဖွင့်ထုတ်ပေးဖို့ ကြိုးစားရမဲ့ ကျောက်မျက်ရတနာ နမူနာအနည်းငယ်ကို ပြောပြကောင်း ပြောပြမယ်။ အစ်မက စိတ်ရဲ့ စွမ်းအားအချို့ကို ပြောပြနိုင်မယ်- ဥပမာ သဘာဝရဲ့ ဥပဒေသတွေကို ရှာဖွေတွေ့ရှိတာ၊ အနုပညာနဲ့ဆိုင်တဲ့ လှပတဲ့ လုပ်ရပ်တွေ ထုတ်လုပ်နိုင်တာ၊ မြင့်မြတ်တဲ့ အတွေးအခေါ်တွေကို ပြောပြတာ စတာတွေပေ့ါ။ ကလေးတွေဟာ သင့်လျော်မှန်ကန်တဲ့ ပညာရေးကို ရတဲ့အခါ ဒီစွမ်းအားတွေအားလုံး စတင်ဖွံ့ဖြိုးနိုင်တယ်လို့ အစ်မ ပြောပြမယ်။ ဒါပေမဲ့ ဒီလို ဖြစ်ဖို့ဆိုရင် ငယ်ငယ်ကတည်းက အချို့ လက္ခဏာရပ်တွေကို သူတို့ ရရှိထားရမယ်။ ဥပမာ အာရုံစိုက်တတ်အောင်၊ လိုအပ်တဲ့အခါ ကြိုးကြိုးစားစား လုပ်တတ်အောင်၊ သူတို့ လုပ်နေတဲ့အပေါ်မှာ အာရုံရှိအောင် သူတို့ သင်ယူကြ ရမယ်။ သူတို့ဟာ အခြားသူတွေရဲ့ ကောင်းကျိုးချမ်းသာရှိဖို့ကို စိတ်ပူပေးသူနဲ့ ရပ်ရွာလူထုကို အမှုထမ်းရွက်ချင်သူတွေအဖြစ် ကြီးပြင်းလာရမှာ။ ဒ့ါကြောင့် ငယ်ငယ်ရွယ်ရွယ်မှာ သူတို့ရဲ့ စာရိတ္တဖွံ့ဖြိုးရေးကို လုပ်ပေးဖို့ ဘာ့ကြောင့် အရေးကြီးသလဲ ဆိုတာ တွေ့ရမှာပါ။

- ဒီနေရာမှာ မစ္စက် မာတီနက်ဇ်ကို သူ့သမီး ဘယ်လို လူမျိုး ဖြစ်စေချင်သလဲဆိုတာ သူရဲ့ အယူအဆ အနည်းအကျဉ်းကို မေးကြည့်ဖို့ အကောင်းဆုံး နေရာပဲ။ အမ်မာမှာ ရှိထားဖို့ အရေးကြီးတယ်လို့ သူ ထင်တဲ့ စာရိတ္တလက္ခဏာတွေထဲက အချို့က ဘာတွေလဲ။

- သူ ပြောတဲ့ လက္ခဏာရပ်တွေထဲက အချို့က သေချာပေါက် ဝိညာဏအရည်အသွေး အမျိုးအစားထဲ ပါမှာ။ ဒါက အစ်မ မိတ်ဆက်မဲ့ နောက်ထပ် အကြောင်းအရာပါ။ လူတစ်ယောက် ပိုင်ဆိုင်ထားသင့်တဲ့ လက္ခဏာရပ်အချို့ ရှိတယ်လို့ အစ်မ ပြောမယ်။ ဒါတွေက လူအဖြစ် ရပ်တည်ဖို့အတွက် အခြေခံကျတယ်။ ဒါတွေဟာ လူရဲ့ ဝိညာဉ်က ပိုင်ဆိုင်တယ်။ ကျွန်မတို့ နှလုံးသား မှန်ကြေးမုံတွေကို ပြောင်လက်အောင် တိုက်ထားတဲ့အခါ အဲဒါတွေ ဖွံ့ဖြိုးလာတာမို့ ဘုရားရှင်ရဲ့ လက္ခဏာရပ်တွေကို ထင်ဟပ်နိုင်တယ်။ ဒါတွေကိုတော့ ဝိညာဏအရည်အသွေး

တွေလို့ ခေါ်တာပေါ့။ အဆင့် ၁ ကျွန်မတို့ရဲ့ သင်တန်းမှာ သင်တဲ့ သင်ခန်းစာတွေက ဒီအရည်အသွေးတွေအပေါ်မှာ အများဆုံး အလေးပေးထားတာ။

- အစ်မ ဆက်ပြီး ပြောမယ်လို့ စဉ်းစားထားတယ်။ နောက်ပြီး စာအုပ် ၃ ရဲ့ အဆင့် ၁ သင်ခန်းစာတွေထဲမှာ ဖော်ပြထားတဲ့ ဝိညာဏအရည်အသွေး အနည်းငယ်ကို ရေတွက်ပြပြီး လိုက်ဖက်တဲ့ ကောက်နုတ်ချက်တွေကို မျှဝေပေးမယ်။ အမ်မာဟာ ဒီကောက်နုတ်ချက်တွေကို အလွတ်ကျက်ရမယ်ဆိုတာ ရှင်းပြပြီး သူ ရတဲ့ ဆုတောင်းပတ္ထနာတွေအပြင် အဲ့ဒါတွေကိုလည်း ဖတ်ပြခိုင်းနိုင်တယ်ဆိုတာ ရှင်းပြမယ်-

  – ချစ်ခြင်းမေတ္တာ

    **"အို အဆွေ! အသင့် စိတ်နှလုံး၏ ဥယျာဉ်တွင် မေတ္တာ၏ နှင်းဆီမှတပါး အခြား မည်သည့်အရာကိုမျှ မစိုက်ပျိုးလေနှင့် . . ။"**[၃၈]

  – တရားမျှတမှု

    **"တရားမျှတမှု၏ လမ်းတွင် လျှောက်လှမ်းလော့။ ဤလမ်းကား အမှန်တကယ် ဖြောင့်တန်းသော လမ်းပေတည်း။"**[၃၉]

  – အမှန်ပြောဆိုခြင်း

    **"အမှန်ပြောဆိုခြင်းသည် ခပ်သိမ်းသော လူ့ကိုယ်ကျင့်တရား အားလုံးတို့၏ အခြေခံ အုတ်မြစ်ပင် ဖြစ်သည်။"**[၄၀]

  – ပျော်ရွှင်ခြင်း

    **"အို လူသား! ငါအရှင်အား တွေ့ဆုံရန် ထိုက်တန်သူအဖြစ်ကို ရရှိခြင်းကြောင့်လည်းကောင်း ငါအရှင်၏ ကျက်သရေ ထင်ဟပ်ဖော်ပြသူအဖြစ်ကို ရရှိခြင်းကြောင့်လည်းကောင်း အသင် ရွှင်လန်းဝမ်းသာလော့။"**[၄၁]

မာရီဘာယ်လနှင့် ဘီရ်ထရစ်စ်တို့က အထက်ပါ အယူအဆများမှာ တစ်ကြိမ်လည်ပတ်မှုအတွက် လုံလောက်သည်ဟု ဆုံးဖြတ်ထားသည်။ သင်တို့ကိုယ်တိုင်က မကြာမီ စာအုပ် ၃ ကို ဆက်တော့မည်ဖြစ်ပြီး ကလေးများ၏ ဝိညာဏပညာရေးအတွက် ရူဟီအင်စတီကျု၏ ခြောက်နှစ်တာ အစီအစဉ်ကို ပုံဖော်ထားသည့် စည်းမျဉ်းအချို့အပေါ် စဉ်းစားသုံးသပ်ရသည့် အခွင့်အလမ်းကို ရရှိတော့မည်။ ထိုသို့ မတိုင်ခင်၊ ကလေးသင်တန်း ဆရာတစ်ယောက်နှင့်အတူ မိဘအနည်းစုထံ လည်ပတ်ဖို့ အခွင့်အလမ်း ပေါ်လာပါက ဤနေရာတွင် ထုတ်ပေးထားသည့် အယူအဆများက အထောက်အကူဖြစ်သည်ကို သက်သေပြမည်ဖြစ်ပြီး ၎င်းတို့ကို သင်တို့အဖွဲ့အတွင်း တစ်ချက်ချင်း ယခု ဆွေးနွေးပါ။

# အခန်း (၁၆)

ကျွန်ုပ်တို့သည် အစောပိုင်းတွင် အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ အောက်ပါ စကားလုံးများကို ဖတ်ရှုခဲ့သည်- "လူသားကြားတွင် မိတ်သဟာဖြစ်ခြင်းနှင့် စည်းလုံးညီညွတ်ခြင်း၏ နှောင်ကြိုးတို့သည် ပို၍ခိုင်မာတောင့်တင်းလေလေ လူ့ဘောင်လောက၏ လုပ်ဆောင်မှုနယ်ပယ် အားလုံးတို့တွင် အကျိုးဖြစ်ထွန်းခြင်းနှင့် အောင်မြင်ခြင်း၏ စွမ်းအား(ပါဝါ)များလည်း ပို၍ကြီးမားလေလေ ဖြစ်ပေလိမ့်မည်။" ကမ္ဘာ့သမာဓိအဖွဲ့ချုပ်က ကျွန်ုပ်တို့ကို ပြောပြထားသည်မှာ အိမ်များသို့ အလည်အပတ်သွား၍ ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များဆီ ဖိတ်ခေါ်သည့်အခါ ကျွန်ုပ်တို့သည် "ရပ်ရွာလူထုဆိုသည့် စိတ်ဓာတ်ကို ပြုစုပျိုးထောင်ပေးသော ဝိညာဏ သွေးသားစိတ် နှောင်ကြိုးများကို ပုံဖော်နေသည်။" ထို့ကြောင့် ကျွန်ုပ်တို့၏ ကြီးထွားလာနေသည့် သာသနာဝင်ထု၏ ယဉ်ကျေးမှုအပေါ် ဤအလေ့အကျင့်၏ အကျိုးသက်ရောက်မှုကို လျှော့မတွက်သင့်ပေ။

ရှေ့ဘက်အခန်းများတွင် ကျွန်ုပ်တို့သည် အချင်းချင်းအိမ်များသို့ လည်ပတ်ချိန်များအတွင်း ပေါ်ပေါက်နိုင်သည့် မြင်သာသော စကားပြောဆိုမှုများစွာကို ကြည့်ရှုထားပြီး ဖြစ်သည်။ အမှုထမ်းလမ်းကြောင်းပေါ် လျှောက်လှမ်းသည့်အခါ ကျွန်ုပ်တို့ အားလုံးသည် မိမိတို့ တစ်ဦးချင်းနှင့် အများစုပေါင်း နေထိုင်မှုများထဲ၌ ဘဟာအွလ္လာဘုရားရှင်၏ တရားဒေသနာတော်များကို ကျင့်သုံးခြင်းအကြောင်း မိမိတို့၏ ရွာ၊ မြို့ သို့မဟုတ် ရပ်ကွက်အတွင်း ပိုကျယ်ပြန့်သည့် စကားပြောဆိုမှုထဲတွင် ပါဝင်ကြလိမ့်မည်။ တစ်ခါတစ်ရံ ဤသို့ ပါဝင်မှုမှာ ပိုတိုးလာသည့် ဦးရေတို့အတွက် ဤတရားဒေသနာတော်များအပေါ် သူတို့၏ အသိပညာကို ပိုမို နက်ရှိုင်းစေရန် လုပ်ပေးဖို့ စီစဉ်သည့် တကူးတက လည်ပတ်မှုအတွဲစဉ်များဖြင့် ပွင့်လာလိမ့်မည်။ အခြားသော အခါအခွင့် များစွာတို့တွင် အင်စတီကျု၏ ပညာရေးအစီအစဉ်များ၊ ၎င်းတို့၏ ရည်ရွယ်ချက်များနှင့် အကြောင်းအရာတို့မှာ ဆွေးနွေးရသည့် အကြောင်းအရာ ဖြစ်လိမ့်မည်။ ရပ်ရွာထူထောင်ရေး လုပ်ငန်းစဉ်ထဲတွင် ပါဝင်ဆောင်ရွက်စေမည့် ဖိတ်ခေါ်မှုများကို အိမ်နီးချင်းများနှင့် သူငယ်ချင်းများဆီ ပို၍ ပို၍ တိုးချဲ့ဖိတ်ကြားလိမ့်မည်။ ထို့နောက် အနာဂတ်နှင့် သင်တို့ရှေ့ ဆန့်ထွက်လာသည့် အမှုထမ်းလမ်းကြောင်းကို ကြည့်လိုက်သည့်အခါ ဤအပိုင်းတွင် ချပြထားသည့် အကြောင်းအရာကို သင်ယူရရှိရန်၊ အကြောင်းအရာ တစ်ခုစီအပေါ်တွင် စကားပြောဆိုသည့် အတွေ့အကြုံရရှိရန်နှင့် ဘဟာအွလ္လာဘုရားရှင်၏ တရားဒေသနာတော်များထဲတွင် သင်တို့ကိုယ်တိုင်၏ အသိပညာကို ဆက်လက်နက်ရှိုင်းလာစေရန် အစရှိသည်တို့အတွက် ကြိုးပမ်းအားထုတ်မှုမှန်သမျှကို သင်တို့ လုပ်ကြရမည်။ ဤသို့ဖြင့် ဘုရားရှင်၏ နှုတ်ကပါဌ်တော်ကို အခြားသူများအား ဝေမျှပေးရသည့် အဆုံးမရှိ ပျော်ရွှင်မှုမှာ သင့်တို့အတွက် ဖြစ်ပေလိမ့်မည်။

## REFERENCES


1. Bahá'u'lláh, *The Hidden Words* (Wilmette: Bahá'í Publishing Trust, 2003, 2012 printing), Arabic no. 4, p. 4.
2. Bahá'u'lláh, in *Bahá'í Prayers*: *A Selection of Prayers Revealed by Bahá'u'lláh, the Báb, and 'Abdu'l-Bahá* (Wilmette: Bahá'í Publishing Trust, 2002, 2017 printing), p. 4.
3. *Gleanings from the Writings of Bahá'u'lláh* (Wilmette: Bahá'í Publishing Trust, 1983, 2017 printing), IV, par. 1, p. 5.
4. Ibid., V, par. 2, pp. 6–7.
5. 'Abdu'l-Bahá, in *Bahá'í Prayers*, p. 81.
6. Ibid., p. 111.
7. Ibid.
8. From a talk given on 16 August 1912, published in *The Promulgation of Universal Peace: Talks Delivered by 'Abdu'l-Bahá during His Visit to the United States and Canada in 1912* (Wilmette: Bahá'í Publishing, 2012), par. 23, p. 364.
9. 'Abdu'l-Bahá, in *Bahá'í Prayers*, p. 130.
10. *Gleanings from the Writings of Bahá'u'lláh*, XLV, par. 1, pp. 111–12.
11. 'Abdu'l-Bahá, cited by Shoghi Effendi, *The World Order of Bahá'u'lláh: Selected Letters* (Wilmette: Bahá'í Publishing Trust, 1991, 2012 printing), p. 139.
12. *Gleanings from the Writings of Bahá'u'lláh*, V, par. 5, p. 8.
13. From a talk given by 'Abdu'l-Bahá on 5 May 1912, published in *The Promulgation of Universal Peace*, par. 4, p. 128.
14. From a talk given on 21 October 1911, published in *Paris Talks: Addresses Given by 'Abdu'l-Bahá in 1911* (Wilmette: Bahá'í Publishing, 2006, 2016 printing), no. 6.7–8, p. 22.
15. *Gleanings from the Writings of Bahá'u'lláh*, CXLVI, par. 1, p. 357.
16. From a talk given by 'Abdu'l-Bahá on 5 May 1912, published in *The Promulgation of Universal Peace*, par. 4, p. 128.
17. *The Hidden Words*, Persian no. 44, p. 37.
18. Ibid., Persian no. 66, p. 45.
19. From a Tablet of 'Abdu'l-Bahá. (authorized translation)
20. From a talk given by 'Abdu'l-Bahá on 25 September 1912, published in *The Promulgation of Universal Peace*, par. 2, pp. 478–79.
21. *Selections from the Writings of 'Abdu'l-Bahá* (Wilmette: Bahá'í Publishing, 2010, 2015 printing), no. 43.1, p. 125.
22. Ibid., no. 207.3, p. 360.
23. Bahá'u'lláh, in *Bahá'í Meetings: Extracts from the Writings of Bahá'u'lláh, 'Abdu'l-Bahá, and Shoghi Effendi*, compiled by the Research Department of the Universal House of Justice (Wilmette: Bahá'í Publishing Trust, 1976, 1980 printing), p. 3.
24. Ibid.
25. *Tablets of Abdul-Baha Abbas* (New York: Bahá'í Publishing Committee, 1916, 1930 printing), vol. 3, p. 631. (authorized translation)
26. Bahá'u'lláh, in *The Kitáb-i-Aqdas: The Most Holy Book* (Wilmette: Bahá'í Publishing Trust, 1993, 2013 printing), par. 57, p. 41.
27. *Selections from the Writings of 'Abdu'l-Bahá*, no. 48.1, p. 130.
28. From a letter dated 27 August 1989, published in *Messages from the Universal House of Justice, 1986–2001: The Fourth Epoch of the Formative Age* (Wilmette: Bahá'í Publishing Trust, 2010), no. 69.2, pp. 132–33.
29. Ibid., no. 69.9–10, p. 135.
30. *The Hidden Words*, Persian no. 82, p. 51.

31. Ibid., Persian no. 80, p. 51.
32. ‘Abdu’l-Bahá, *The Secret of Divine Civilization* (Wilmette: Bahá’í Publishing, 2007, 2016 printing), par. 46, p. 33.
33. *The Hidden Words*, Persian no. 49, p. 39.
34. Shoghi Effendi, cited in *Bahá’í News*, no. 13 (September 1926), p. 1.
35. From a talk given by ‘Abdu’l-Bahá on 17 November 1912, published in *The Promulgation of Universal Peace*, par. 3, p. 617.
36. From a message dated 21 April 2010, published in *Framework for Action: Selected Messages of the Universal House of Justice and Supplementary Material, 2006–2016* (West Palm Beach: Palabra Publications, 2017), no. 14.16, p. 82.
37. *Gleanings from the Writings of Bahá’u’lláh*, CXXII, par. 1, p. 294.
38. *The Hidden Words*, Persian no. 3, p. 23.
39. *Gleanings from the Writings of Bahá’u’lláh*, CXVIII, par. 1, p. 283.
40. ‘Abdu’l-Bahá, cited by Shoghi Effendi, *The Advent of Divine Justice* (Wilmette: Bahá’í Publishing Trust, 2006, 2018 printing), par. 40, p. 39.
41. *The Hidden Words*, Arabic no. 36, p. 12.